ဆန်းညွှန့်ဦး ဦးလှခင် စီစဉ်သည်

# မြတ်ဗုဒ္ဓ၏

# အောင်ခြင်းရှစ်ပါး

## ဇာတ်တော်များ

ပန်းချီဦးစန်းလှိုင်၏ ဆေးရောင်စုံပုံတော်များဖြင့် ...

၂၀၂၇၁


အမှတ် ၂၆၅/၂၆၇

ဗမ္မရတနာ
စာပေ

ဗိုလ်မြတ်ထွန်းလမ်း၊
ရန်ကုန်မြို့။

[illegible]

[illegible]

ထမ္မာခဆေး - ရန်ကုန်။


ဦးလှခင် (ဆန်းညွန့်ဦး) စီစဉ်သည်

## မြတ်မုနိ၏

# အောင်ခြင်းရှစ်ပါး

## ဇာတ်တော်များ

( မန်းချိ ဦးစန်းလှိုင်၏ ရောင်စုံပုံတော်များဖြင့် )


ပြည်လုံးကျွတ်ဖြန့်ချိရေး

ဆန်းညွန့်ဦး
၁၃၃၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်
[illegible]၊ ☎ ၇၁၆၄၃


F 1

| | |
|---|---|
| ဘာသာရေးစာမူခွင့်ပြုချက် | အမှတ် ၉/၉၀ (၇) |
| မျက်နှာဖုံးနှင့် အတွင်းပုံများ ခွင့်ပြုချက် | အမှတ် ၄၇/၉၀ (၇) |
| အကြိမ် | ပထမ အကြိမ် |
| အုပ်ရေ | ၂၀၀၁ |
| ထုတ်ဝေသောလ | ၁၉၉၀၊ စက်တင်ဘာလ |
| တန်ဖိုး | ၄၁ ကျပ် |
| မျက်နှာဖုံးနှင့် အတွင်းပုံများ | ပန်းချီ ဦးစန်းလှိုင် |
| ထုတ်ဝေသူ | ဦးဘသောင်း (၀၆၀၀ မြ)<br>စေတနာစာပေ<br>အမှတ် ၂၁၊ တိုက် ၂၅၆၊<br>ရန်ကင်းမြို့နယ်။ |
| ပုံနှိပ်သူ | ဦးလှခင် (၀၁၁၂၀ မြ)<br>ဆန်းညွန့်ဦးပုံနှိပ်တိုက်<br>အမှတ် ၁၃၇၊ ဗိုလ်ချုပ်လမ်း<br>ဗိုလ်တထောင်မြို့နယ်။ |

## "အရှုရှာကို အောင်မြင်လိုသူများအတွက်"

လူသားတိုင်းပင်လျှင် အောင်ပန်းကို ဆင်မြန်းလိုကြသည်။ အောင်ပွဲကို ခံနွှဲလိုကြသည်။

အောင်မြင်ခြင်းဟူသည်မှာလည်း လိုချင်တော့တဲ့ မှန်းဆရည်ရွယ်သည့်အတိုင်း အပိတ်အပင် အဆီးအတား အနှောင့်အယှက်မရှိဘဲ ဖြစ်ပေါ်လာခြင်းကို ဆိုလိုပါသည်။

မြတ်စွာဘုရားသည် "ဇိန"ဟူသော အမည်တော်ကို ခံယူခဲ့သည်။ "ဇိန"ဟူသည်မှာ "အောင်နိုင်သူ" "အောင်ပွဲရှင်"ဟု မြန်မာလို ပြန်သင့်ပေသည်။

မြတ်စွာဘုရားသည် "အောင်ခြင်းရှစ်ပါး"ကို အောင်မြင်တော်မူသည်ဟု သိကြသည်။

အမှန်ကား အတိုင်းမသိသော အနန္တအောင်မြင်ခြင်းကို ရရှိတော်မူခြင်းကြောင့် "အနန္တဇိန" ဟူသော ဂုဏ်ပုဒ်ကို ပိုင်ဆိုင်တော်မူခြင်းဖြစ်ပေသည်။

ဤသို့ မရေမတွက်နိုင်သော အောင်ခြင်းများအနက် ဤထင်ရှားသော "အောင်ခြင်းရှစ်ပါး"ကို ဖတ်ရှုလေ့လာခြင်း၊ ဆောင်ထားခြင်း၊ ပွားများကြည်ညိုခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းတို့ဖြင့် (၁) ပြိုင်ဆိုင်ယှဉ်တုအနိုင်လုသည့် ရန်သူ (၂) ဆန့်ကျင်နှောင့်ယှက် နှိပ်စက်ညှဉ်းပန်းသည့် ရန်သူတို့ကို အောင်နိုင်ကြပါစေသတည်း....။

ထုတ်ဝေသူ

## ဓမ္မပူဇာလက်ဆောင်

အောင်ခြင်းရှစ်ပါး စာအုပ်တိုင်းမှာ ပါပါသည်

ဤစာအုပ်တွင် ပါရှိသော ပန်းချီဦးစန်းလှိုင်၏ ဆေးရောင်စုံ ပုံတော်ရှစ်ပုံကို သီးခြား ပူဇော် လိုကြပါသည်ဟု အတန်တန် တောင်းဆိုကြသဖြင့် ပူလစာအုပ်ကို မထိပါးစေဘဲ ပူဇော်နိုင်ကြရန်အတွက် (ပုံတော်၄မျိုးစီကို သီးခြားအိတ်ဖြင့် ထည့်လျက် ဓမ္မပူဇာ လက်ဆောင် အဖြစ် စာအုပ်တိုင်းတွင် ထည့်သွင်းထားပါသည်။)

ပုံတော်တိုင်း၏ကျောဘက်တွင် အနက်အဓိပ္ပာယ်ကင်းဂါထာများကို ဓမ္မပူဇာအဖြစ် ထည့်သွင်းပေးထားပါသည်။ ဂါထာတော်များကို အရအာဂုံကျက်ပါ။

## "အရာရာတွင် အောင်မြင်ကြပါစေ"

(၁) ဤစာအုပ်ပါ= မြတ်စွာဘုရား၏ အောင်ခြင်း ရှစ်ပါး ကို အကြိမ်ကြိမ် ဖတ်ရှုမှတ်သား ပွားများကြည်ညိုခြင်းဖြင့် အ ရာ ရာ တွင် အောင်မြင်ကြပါစေ။

(၂) ဤစာအုပ်ပါ= အောင်ခြင်းရှစ်ပါး ဘုရားရှိခိုး အမျိုးမျိုးမှ ကြိုက်ရာကိုကျက်မှတ်၍ နေ့စဉ် နိစ္စပတ် ရှိခိုးပူဇော်ခြင်းဖြင့် အရာရာတွင် အောင်မြင်ကြပါစေ။

(၃) ဤစာအုပ်ပါ= တောင်တွင်းဆရာတော်ခင်ကြီး ဖျော်စီစဉ် ရေးသားတော်မူသော 'မာရ်လက်နက်ကိုးပါးအောင် ဘုရားရှိခိုး'ကို ကျက်မှတ်ပူဇော်ခြင်းအားဖြင့် လက်နက်အန္တရာယ် အမျိုးမျိုးဘေးမှ မုချ ကင်းလွတ်နိုင်မည်ဟု ယုံကြည်စိတ်ချစေလိုပါသည်၊

လက်နက်ကြီးများ အလယ်၌ အန္တရာယ်ကြီးစွာ ရင်ဆိုင်တွေ့ကြုံရ သော အခါများတွင် ဤ- မာရ်လက်နက်ကိုးပါးအောင် ဘုရားရှိခိုးကို ယုံကြည်စိတ်ချစွာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် အန္တရာယ် အမျိုးမျိုးသာ မက အရာရာဘိုင်းမှာ အောင်မြင်သူများ ဖြစ်ကြပါစေ။

(၄) ဤစာအုပ်ပါ "အင်္ဂုလိမာလ= သစ္စာ ဂါထာ"ကိုလည်း ကျက်မှတ်ဆောင်ထားကြပါ။ မိခင်လောင်းများ သွယ်ကူစွာ မီးဖွားခြင်း အတွက်သာမက၊ သူတစ်ပါး အန္တရာယ်ကိုလည်း ကယ်ဆယ်နိုင်ပြီး မိမိ၌ တွေ့ကြုံလာမည့် ဘေးရန် အန္တရာယ်အသွယ်သွယ်နှင့် ရောဂါဘယ ကင်းပ ချမ်းသာ အောင်မြင်ကြလိမ့်မည်ဟု မုချမသွေ ယုံကြည်ကြပါလေ။

## "ဇအောင်ကြပါစေ"

ဓမ္မပူဇာ လက်ဆောင်ပုံတော်များ၏ ကျောဘက်မှ ဂါထာတော် များကို ကျက်မှတ်ပြီး၊ ဤစာအုပ်တွင်းမှ အနက်ပြန်ဆိုချက်များကို ကျက် မှတ်ပါဦး၊ နေ့စဉ်- ပါဠိ မြန်မာအဓိပ္ပာယ်အားလုံးကို နိစ္စပါတ်ရွတ်ဆို ပူဇော်ကြပါ။

အားရးကြုံလျှင် ဂါထာတော်များကို ပီသစွာ ရွတ် ဆို ကြ ပါ၊ အကျိုးထူးပါလိမ့်မည်။

# အာသီသ-ဆန္ဒမွန်

သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ဆည်းပူး ခဲ့သော ပါရမီအဟုန်ကြောင့် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား စရိုက်နှင့် လျော်ညီစွာ ကယ်ချွတ်တော်မူရာတွင် မရေမတွက်နိုင်သော အောင်ပွဲများ ရှိပါလျက်၊ ဗုဒ္ဓနွယ်ဝင် မြန်မာတို့လောကတွင် ထူးခြားသော အောင်ခြင်းရှစ်ပါးသည်သာ ထင်ထင်ရှားရှား အသိများလျက် မြတ်စွာဘုရား၏ ဂုဏ်တော်ကို ချီးကျူး ပူဇော်ကြပေသည်။

ရှေးအခါက စာပေအခြေခံသင်ကြားရာတွင် အတွင်းအောင်ခြင်း အပြင်အောင်ခြင်း နမက္ကာရတို့ကို စတင် သင်ကြားခဲ့ကြရသည်။ ဆယ်စောင်တွဲ စာအုပ်တိုင်းတွင် "အတွင်းအောင်ခြင်း"၊ "အပြင်အောင်ခြင်း" တို့မှာ မုချပါရမည့် ရှေးသက်ရှိ ညွှန်းတမ်းတစ်ရပ် ဖြစ်ခဲ့ပေသည်။

ဘားမဲ့ဆရာတော် ရေးသားတော်မူသည့် အောင်ခြင်းရှစ်ပါး အချုပ်ဂါထာဖြစ်သည့် မာရံ၊ ယက္ခံ၊ ဂဇံ၊ စောရံ အစရှိသော ဤအချုပ်ဂါထာတော်ကို ပညာရှိအသီးသီးတို့ ပြန်ဆိုကာ မြတ်စွာဘုရားအား ရှိခိုး ပူဇော်ခဲ့ကြပေသည်၊

တဖန်တုံ "လယ်တီ ဦးကောဝိဒ" စာသားရေးပြီး၊ သဟာယဆရာတင် အသံသွင်း၍၊ မေရှင် သီဆိုခဲ့သော "အောင်ခြင်းရှစ်ပါး" ဓာတ်ပြားမှာလည်း တစ်နိုင်ငံလုံး ကြည်ညို ပွားများခဲ့ကြရပေသည်။

အောင်မင်္ဂလာရုပ်ရှင်မှ ၁၉၆၀ ခုနှစ်တွင် အောင်ခြင်းရှစ်ပါး အမည်ဖြင့် ဆေးရောင်စုံ ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူး ပြသခဲ့လေသည်။

ဤမှာဘက်ခေတ်တွင် ဘားမဲ့ဆရာတော်၏ အောင်ခြင်းရှစ်ပါး အချုပ်ဂါထာကို ကြာနီကန်ဆရာတော်ကိုယ်တိုင် အနက်ပြန် ဆို၍ ကက်ဆက်ကြိုးခွေဖြင့် အသံသွင်းထားခဲ့ရာ၊ အချို့အိမ်များမှာ ယနေ့တိုင် ပူဇော်ကြည်ညိုလျက် ရှိကြရပေသည်။

သို့သော်၊ ထိုအသံတို့သည် ဝေး၍ဝေး၍၊ ကွဲ၍ကွဲ၍၊ တိမ်၍ တိမ်၍ သွားကြလေပြီ၊

ယနေ့လူငယ်တို့သည် —

အတွင်းအောင်ခြင်း—အပြင်အောင်ခြင်းတို့ကို သင်ကြားဖူး မည် ဝေးစွ၊ ကြားပင် မကြားဖူးသလောက် ရှိနေကြပေမည်။

အချို့လူကြီးများပင်လျှင် ''အောင်ခြင်းရှစ်ပါး ဆိုတာ ဘာတွေပါလဲ''ဟု မေးလျှင် အတန်ကြာ စဉ်းစား၍ လက်ချိုးရေတွက်ပြီးမှ ဖြေနိုင်သည့်အထိ အောင်ခြင်းရှစ်ပါးသည် တိမ်မြုပ်လာနေပေသည်။

အများအားဖြင့် အောင်ခြင်းရှစ်ပါးကို သိသည့်တိုင်အောင် ''ဘာတွေ ဘယ်လိုအောင်ခဲ့သည်''ဟု သေချာစွာ နသိသူ ပို၍ ရှားလာပြန်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့ ဆန်းညွှန့်ဦးစာအုပ်တိုက်မှ ဦးလှခင်(ဆန်းညွှန့်ဦး) သည် သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသည့် မဟာဗုဒ္ဓဝင်တော်ကြီးနှင့် ဇိနတ္ထပကာသနီ တို့ကို အမှီအကိုးပြု၍ အများရှင်လူတို့ အလွယ်တကူသိရှိမှတ်သား ဗဟုသုတပွားများနိုင်ခြင်းအလို့ငှာ ဤ''အောင်ခြင်းရှစ်ပါး''ရောင်စုံရုပ်စုံကို စီစဉ် ထုတ်ဝေရခြင်း ဖြစ်ပါသည်။

ထို့အပြင် အများရှင်လူ ပြည်သူအပေါင်းတို့ အလွယ်တကူ ကျက်မှတ်နိုင်စေကြစေရန် ''အပြင်အောင်ခြင်း ပါဠိအနက်''နှင့် အောင်ခြင်းရှစ်ပါး ဘုရားရှိခိုး၊ မာရ်လက်နက်ကိုးပါးအောင် ဘုရားရှိခိုး၊ အောင်ခြင်းရှစ်ပါး သီချင်းပါမကျန် မှတ်တမ်းမှတ်စုအဖြစ် နောက်ဆက်တွဲပြုကာ သီးသန့် ဖော်ပြထားပါသည်။

ဤသို့ လေးနက် မွန်မြတ်စွာ ထားရှိအပ်သော စေတနာကြောင့် မိမိသည် ဘဝတိုင်းဘိုဌ် ရန်အပေါင်းကို အောင်မြင်သူဖြစ်ပြီး နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနှင့် ရောက်ရပါစေဟု ပတ္ထနာပြုအပ်ပါသည်။

(လှခင်)

စီစဉ်၊ ရေးသား၊ ထုတ်ဝေသူ

၁၃၅၁ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက် (၇-၃-၉၀) နေ့စွဲ လိုးဝဉ်သို ရေးသား ပြီးစီး အောင်မြင်ပါသည်။

## ဝန်ခံချက်

ဤအောင်ခြင်းရှစ်ပါး ဇာတ်တော်များသည်

သာသနာရေး ဦးစီးဌာနမှ ထုတ်ဝေသည့် မဟာဗုဒ္ဓဝင် အတွဲစုံနှင့် ဇိနတ္ထပကာသနီ တို့ကို အဓိကထား၍ စီစဉ်ထုတ်နုတ် ဖော်ပြအပ်ပါသည်။

မြတ်ဗုဒ္ဓ၏
အောင်ခြင်းရှစ်ပါး
ဇာတ်တော်များ

(၁)

# မာရ်နတ်ကို အောင်တော်မူခန်း

## (၁) မာရ်နတ်ကိုအောင်တော်မူခန်း၊

သက္ကရာဇ်ကောဇာ တစ်ရာ့သုံးခုမှာ လပြည့်နေ့ကဆုန်၊ ရွှေဘုန်းတော် ခြောက်ဖြာ တောက်ကာ မဟာဗောဓိ ညောင်ပင်အောက်မှာ ဘုရားအဖြစ် တရားအစစ်နဲ့ ရွှေပလ္လင်ထက်မှာ၊ ဝံ့ပယ်ချိန်ခါ ပြောင်မာ တင်မေခလာ ဆင်ရတနာစီးလို့ မာရ်နတ်မင်းရယ် အားမာန်တင်းခါ၊ ဝဿဝတီနတ်ပြည်ကလာ စစ်ချီကာရန်တွေ့မူလို့၊ ဘုရားကို ယှဉ်တု ပလ္လင်လုပြန်တာ၊ သည်းခံပါ၍အမျက်မထား၊ ပါရမီ ဆယ်ပါးနဲ့၊ မာရ်နတ်ရန် နင်းနှိမ်ပေတာ၊ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း ပထမပါ။

# (၁) မာရံ

ယော ယာဒိသော၊ အကြင်သို့ သဘော ရှိသော။ ဇိနော၊ ဒေဝပုတ္တ စသည့်အပြား မာရ်ငါးပါးကို၊ တုတ်မား မဆောင်၊ ကြိုးမနှောင်ဘဲ၊ အောင်တော်မူသော မြတ်စွာဘုရားသည်။

မာရ်၊ ဂီရိမေခလာ၊ မည်သာခေါ်တွင်၊နတ်ဆင်ပြောင်ကြီး၊ တက် ကာ စီး လျက်၊ မြည်ဟီ ရိုက် ဟုန်၊ မြေကြီး တုန် မျှ၊ ဗိုလ်ပုံ အုပ်ကျက်၊ နတ်ရဲမက်နှင့်၊ ဝန်းတက် ခြိမ့်ခြိမ့် သဲဖိမ့် ကြွေညာ၊ ချဉ်းကပ်လာ၍၊ ရတနာရောင်ရှင့်၊ ရွှေပလ္လင်ကို လိုချင်သောအား၊ လုပြောလာတုံ၊မာန်ဟုန်တက်ပွား မာရ်နတ်သားကိုလည်းကောင်း။

(ဝါ) လက်ရုံးပေါင်းတစ်ထောင်ကိုပြည့်စုံအောင်ဖန်ဆင်း၍ မုန်ယစ်ခြင်းလွန်စွာနှင့်၊ ဂီရိမေခလာနတ်ဆင်ကို၊ ကိုယ်တိုင်ပင်စီး၍ အသီးသီးသော ဗိုလ်ပါ၊ အဖြာဖြာသော လက်နက်ဖြင့်၊ ဟစ်ကြွေးလျက်လာပြီးလျှင် မျက်မာန်ကြီး ဒေါသဇောနှင့် ရွှေဗောဓိ ရိပ်ခွင်၊ နန်းပလ္လင်ရိပ်သာကို ရအောင်မည်တင်မှတ်၍ ချဉ်းကပ်ကာ စစ်ပြုမွှားသော မိုးနတ်သား မာရ်နတ်မင်းကိုလည်းကောင်း။

အဇိနို၊ တန်ခိုး စက်ရှိန် ဂုဏ် မဟိန်ဖြင့် ချိုးနှိမ် ပယ်နှင် ရှင်းလင်းစင်၍ အောင်မြင်တော်မူလေပြီ။

တေဇသာ၊ ရှစ်ခါရှစ်ဘန် အောင်ပွဲခံ၍ အောင်လုံထူပြီ မြတ်စောထီး၏ ကြီးသောရွှေစက် ထက်သော အာဏာ ဂုဏ်တေဇာ အစွမ်းအားဖြင့်။

မေ-မမ၊ အကျွန်ုပ်အား။

ဇယ မင်္ဂလံ၊ ကိုယ်တွင်းကိုယ်ပ ရှိသမျှဘေးဒဏ် ခပ်သိမ်း ရန်ကို မကျန်မကြွင်း အောင်မြင်ခြင်းမင်္ဂလာသည်။ ဘဝတုံ၊ဖြစ်ပါ စေသတည်း။

## မာရ်နတ်မင်းနှင့်စစ်ခင်းပွဲ (အကျဉ်း)

သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဗောဓိပင်သို့ ကပ်ပြီး အရှေ့အရပ်မှ ရပ်တော်မူ၍ လမ်းတွင် သောတ္ထိယပုဏ္ဏား မြက်ထမ်းသမား လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို အဖျားကကိုင်၍ ကြဲဖြန့်တော်မူလျှင် တစ်ဆယ့်ငါးတောင် အပြန့်ကျယ်သော အပရာဇိတပလ္လင် ပေါ်ပေါက်လာ၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူကာ အာနာပါန ဈာန်ကိုဝင်စား၍ ဘုရားမဖြစ်သေးသမျှ ဤနေရာက မထပြီ ဟု အင်္ဂါလေးပါးရှိသော ဝီရိယဖြင့် နေတော်မူ၏။

ဝသဝတ္တီနတ်ပြည်သား မာရ်နတ်သားသည် ဂိရိမေခလာဆင်ကိုစီး၍ လက်ရုံးများတစ်ထောင်တွင် အဆွမ်းထက်သော လက်နက်များကိုင်ဆောင်ပြီး နတ်စစ်သည်အပေါင်းတို့ကိုလည်း ကြောက်စရာအသွင် အမျိုးမျိုး ဖန်ဆင်းပြီး လှိုင်းလုံးကြီးများကဲ့သို့ လိှမ့်၍လိှမ့်၍ တစ်အားကုန်လာကြသည်။ သို့သော် မာရ်နတ်နှင့်တကွ မာရ်စစ်သည်တို့သည် အနားမကပ်ဝံ့ဘဲ ဝိုင်းရံ၍သာ နေကြကုန်၏။

မြတ်စွာဘုရားသည် ပါရမီဆယ်ပါး ကုသိုလ်တရားတို့ကိုသာ စဉ်းစားဆင်ခြင်၍ နေတော်မူ၏။ မာရ်နတ်သားသည် လက်နက်ကြီးကိုးပါးဖြင့် ပစ်ခတ်၏။ မြတ်စွာဘုရား၏ ရှေ့တော်သို့ ပန်းကုံးကြီးများ၊ ပန်းလုံးကြီးများ၊ ပန်းပွင့်ကြီးများ အဖြစ် ကျလာ၏။ ထိုနောက် မြတ်စွာဘုရားသည် မဟာပထဝီမြေကြီးကို သက်သေတည်သော ခဏ၌ မဟာပထဝီမြေကြီးသည် အမျိုးမျိုးသော အချင်းအရာတို့ ဖြစ်ပေါ်၍ မာရ်စစ်သည်တို့ ကြောက်လန့်တကြား ပြေးလွှားကြရုံမက မာရ်နတ်သားသည်ပင် ဂိရိမေခလာဆင်ကြီးကို ပြန်စောင်း၍မှ မကြည့်နိုင်ပဲ အားသွန်ပြေးလွှား ဝသဝတ္တီသို့ပင် ပြန်ရောက်ကြလေကုန်၏။

ဤသို့လျှင် မြတ်စွာဘုရား အလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၊ နေမဝင်မီပင် ဒေဝပုတ္တမာရ်-ဝသဝတ္တီမာရ်နတ်ကို အောင်မြင်တော်မူလေသတည်း။



## မာရ်နတ်သားကို အောင်မြင်ခြင်း။

(ဘုရားလောင်း၏အဓိဋ္ဌာန်)

ဘုရားလောင်းလည်း သုဇာတာ၏နို့ဃနာဆွမ်းကို ခံတော်မူပြီးလျှင် အနီးဖြစ်သော နေရဥ္ဇရာမြစ်သို့ကပ်တော်မူ၍ရေချိုး တော်မူပြီးမှထန်းသီးမှည့် (အခွံခန့်) ရှိသော ဆွမ်း လုတ် ၄၉ လုတ် ကို ဘုဉ်း ပေး သုံး ဆောင် ၍ ရွှေခွက်ကိုကိုင်ယူခါ....

"ငါသည် ယနေ့ စင်စစ် ဘုရားဖြစ်မည်မှန်မူ ရေညာသို့ ဆန်ပါစေ သတည်း"

ဟု အဓိဋ္ဌာန်၍ ရွှေခွက်ကို နေရဥ္ဇရာမြစ်ကြောသို့ မျှောတော်မူလျှင် ရွှေခွက်သည် ရေစီးကိုဖြတ်လျက် မြစ်လယ်သို့ တည့်တည့်မတ်မတ် သွားပြီးလျှင် မြစ်၏အလယ်ချက်မသို့ရောက်လျှင် ရေညာသို့ ဆန်တက်သွား၍ အတောင်ရှစ်ဆယ်ခန့်ရောက်လျှင် ဝဲဇလုပ်၌နစ်မြုပ်ခါ နဂါးဗိမာန်၏အပါး ရှေးဘုရားတို့ ရွှေခွက်သုံးလုံးကိုထိ၍ ထိုရွှေခွက်အောက်၌ တည်နေ၏။

ကာလနဂါးမင်းသည် ရွှေခွက်ချင်း ထိသံကြား၍ "ဘုရား ခုတင်ခု (ခုဏာခဏ) ပွင့်ပေသည်"ဟု ပြောဆိုကာ များစွာသော ဂါထာတို့ဖြင့် ထောမနာ ချီးမွမ်းစကားကို မြွက်ကြားရွတ်ဆို၍ တလေ၏။

### အာနာပါန ကမ္မဋ္ဌာန်းဖြင့်

ဘုရားအလောင်းတော်သည် နေရဥ္ဇရာ မြစ်ကမ်းအနီး အင်ကြင်းတော၌ နေ့သန့်နေထိုင်တော်မူခါ အာနာပါနကမ္မဋ္ဌာန်း အားထုတ်တော်မူ၍ လောကီစျာန် သမာပတ် ရှစ်ပါး၊ အဘိညာဉ် ငါးပါးကို ဖြစ်စေတော် မူပြီး နတ်ပြဟ္မာတို့ ပန်းခင်းအပ်သော လမ်းခရီးဖြင့် ကြွမြန်းတော်မူခါ နေရဥ္ဇရာမြစ်အတွင်းသို့ သက်ဆင်း၍ ရေချိုးတော် မူပြီးလျှင် မဟာဗောဓိပင်သို့ ရှေးရှုကြွတော်မူလေ၏။

### မြက်ရှစ်ဆုပ် အလှူခံရခြင်း

လမ်းခရီးတွင် ရင်ဆိုင်လာသော သောတ္ထိယမြက်ထမ်းပုဏ္ဏားသည် ဘုရားအလောင်းတော်ကို မြက်ရှစ်ဆုပ်လှူဒါန်းလေ၏။

ဘုရားအလောင်းတော်သည်လည်း မြက်ရှစ်ဆုပ်ကို ယူဆောင်ကာ မဟာဗောဓိပင်သို့ ကပ်ပြီးမှ တောင်အရပ်က ရပ်တော်မူလျှင် ထက်ဝန်း

F 2

ကျင်သောမြေပြင်စကြာဝဠာတို့သည် စောင်းထောင်လာဘိ သကဲ့သို့ ထင်မှတ်၍ "ဤအရပ်ကား ဘုရားဖြစ်ရာမဟုတ်" ဟု ကြံလျက်။

တစ်ဖန် အနောက်အရပ်၊ မြောက်အရပ်တို့ကို အစဉ်အတိုင်းလှည့်၍ ရပ်တော်မူရာတွင် မြေပြင်စကြာဝဠာတို့သည်စောင်းထောင်၍သာ ထင်လာရကား ဘုရားဖြစ်ရာ မျက်နှာ မဟုတ်ချေသေးဟု ကြံတွေးတော်မူလေ၍....

အရှေ့သို့ လှည့်၍ ရပ်တော်မူပြန်လျှင် မြေပြင် ကြံ့ကြံ့ ခံ ရကား ဘုရားအလောင်းတော်သည် "ဘုရားဖြစ်ရာဌာန မှန်ပြီ" ဟု နှလုံးပြု၍ မြက်ရှစ်ဆုပ်ကိုအဖျားကကိုင်၍ကြဲဖြန့်တော်မူလျှင် တစ်ဆယ့်လေးတောင်အပြန့်ကျယ်သော အပရာဇိတပလ္လင်ဖြစ်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူကာ....

အာနာပါန ဈာန်ကို ဝင်စား၍ "ဘုရား မဖြစ်သမျှ ဤနေရာက ငါမထပြီ" ဟု အင်္ဂါလေးပါးရှိသော ဝီရိယဖြင့် နေတော်မူလျှင်....

သိကြားမင်းသည် ဝိဇယုတ္တရ ခရုသင်းကို မှုတ်၍၊ ကာလနဂါးမင်းသည် တစ်ထောင်သော ဂါထာတို့ဖြင့် ကောင်းချီးပေးလျက်၊ ဗြဟ္မာမင်းသည် ထီးဖြူမိုးလျက်၊ သုယာမနတ်မင်းသည် သားမြီးယပ်ကိုခပ်လျက်....

သန္တုသိတ နတ်သားသည် ပတ္တမြားယပ်ဝန်းကို ခပ်လျက်၊ ပဉ္စသိခ နတ်မင်းသည် ဗေလုဝနတ်စောင်းကိုတီးလျက်။

စကြာဝဠာတိုက်တစ်သောင်းရှိ နတ်ဗြဟ္မာအပေါင်းတို့သည် အလွန်မွှေးကြိုင် ရနံ့လှိုင်သော ပန်းဆိုင်းများ၊ နံ့သာ၊ နံ့သာမှုန့် အထုံအမိုး အမွှေးတိုင် စသည်ဖြင့် ပူဇော်လျက်နေကြ၏။

**မာရ်နတ်သားလာပြီ**

ဝသဝတ္တီနတ်ပြည်သားမာရ်နတ်သားသည် အခြံအရံပရိသတ်များစွာဖြင့် အပေါင်းပါ မာရ်စစ်သည် ဗိုလ်ပါတို့ကို စည်းဝေးစေပြီးလျှင် ယူဇနာတစ်ရာ့ငါးဆယ်ရှိသော ဂိရိမေခလာ ဆင်ထက်၌ စီး၍ အသီးသီး လက်နက် ကိုင်သော လက်ရုံး တစ်ထောင်ကို ဖန်ဆင်းလျက် ထိုလက်ရုံး တစ်ထောင်တို့တွင် အစွမ်းထက်သော လက်နက်များ ကိုင်ဆောင်လျက် နတ်စစ်သည်အပေါင်းတို့ကိုလည်း အထူးထူးအပြားပြား ကြောက်မက်ဖွယ်ရာ အသွင်သဏ္ဌာန်အမျိုးမျိုးတို့ကို ဖန်ဆင်းစေပြီး ရေအလျဉ်ကြီးဖိစီး လွှမ်းမိုး၍ လာသကဲ့သို့ မာရ်နတ်စစ်သည်တို့သည် လှိမ့်၍လှိမ့်၍ တစ်အားကုန်ချီတက်လာကြလေသည်။

မာရ်နတ်၏စစ်တပ်ကြီးကား မာရ်နတ်၏ရှေ့မှ တစ်ဆယ့်နှစ် ယူဇနာ၊ လက်ယာဘက်မှ တစ်ဆယ့်နှစ်ယူဇနာ၊ လက်ဝဲဘက်မှ တစ်ဆယ့်နှစ်

ယူဇနာ၊ အထက်၌ ကိုးယူဇနာ၊ အမြင့် အစောက် ထုထယ်ရှိ၍၊ နောက် မျက်နှာသည် စကြဝဠာတိုက်အစွန်းတိုင်အောင် များပြားလေသည်။

ထို မာရ်နတ်စစ်တပ်ကြီး၏ ကြိမ်းမောင်းဟစ်အော် ကြွေးကြော် သောအသံကို ယူဇနာတစ်ထောင် ကွာဝေးသော အရပ်မှစ၍ မြေပြိုသော အသံကဲ့သို့ ကြောက်မက်ဖွယ်ရာ ကြားရလေသည်။

ထိုအခါ စောစောက ပူဇော်လျက်ရှိနှင့်ကြသော သိကြား နတ်မင်း စသည်တို့သည် ဦးတည်ရာအရပ်သို့ ပြေးကြလေ၏။ အလောင်းတော်မြတ် သည် ဆိတ်ငြိမ်သောဗိမာန်ကြီးအတွင်း၌ တစ်ပါးတည်းသာလျှင် ထိုင်နေ တော်မူ၏။

## မာရ်နတ်သား လာရောက်မည်ဆိုလျှင် ကြိုတင်၍ ဖြစ်ပေါ်သော နိမိတ်ဆိုးကြီးများ။

မာရ်နတ်သား လာရောက်မည့် ဆိုလျှင် ဆိုလတံ့သော နိမိတ်ဆိုး ကြီးများ ကြိုတင်၍ ထင်ရှား ဖြစ်ပေါ်လာကုန်၏။

ထိုနိမိတ်ဆိုးကြီးများမှာ....

အလွန်ကြမ်းတမ်း ကြောက်မက်ဖွယ်ကောင်းသည့် အထောင်မက သော ဥက္ကာများကျခြင်း၊ အခိုးထကာ မှောင်အတိကျခြင်း၊ သမုဒ္ဒရာနှင့် တကွ မဟာပထဝီ၊ ဤမြေကြီး ပြင်းထန်စွာတုန်လှုပ်ခြင်း၊ သမုဒ္ဒရာအခိုး ထခြင်း၊ မြစ်အများ ရေဆန်သို့ ပြန်၍ စီးခြင်း၊ တောင်ထွဋ်များပြို၍ မြေသို့ကျခြင်း၊ သစ်ပင်များတိမ်းလဲ၍ မြေသို့ကျခြင်း၊ မုန်တိုင်းလေကြမ်း တိုက်ခတ်ခြင်း၊ ထိုသို့ မုန်တိုင်း လေဆိုး တိုက်ခတ်သဖြင့် ကြောက်မက် ဖွယ်ရာ အသံကြီးများ ဖြစ်ပေါ်ခြင်း၊ နေမင်းလည်း မှောင်အတွင်းသို့ ဝင်ရောက်ခြင်း၊ ကောင်းကင်၌ ခေါင်းပြတ်ကိုယ်များ ဟိုမှသည်မှ သွားလာ လှည့်လည်ခြင်း ဤနိမိတ်ဆိုးကြီးများတို့တည်း။

ထိုသို့နိမိတ်ဆိုးကြီးများ ထင်ရှား ပေါ်ပေါက်ကာ မာရ်နတ်သား လာရောက်သည့် အချိန်၌ ဘုရားအလောင်းတော်သည် ငှက် တကာတို့ အလယ်၌ ဂဠုန်ငှက်မင်းကဲ့သို့ လည်းကောင်း၊ သားကောင် တကာတို့ အလယ်၌ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ လည်းကောင်း ကြောက်ရွံ့ခြင်း အလျဉ်းမရှိပဲ ရဲရင့်စွာ ထိုင်နေတော်မူ၏။

**အနီးသို့ မကပ်နိုင်ရှာကြ**

ဖော်ပြပါ နိမိတ်ဆိုးကြီးများ ထင်ရှား ဖြစ်ပေါ်စဉ်မှာပင် မာရ် နတ်သားသည် လာရောက်၍ မဟာဗောဓိမဏ္ဍိုင်အဝန်းသို့ ဝင်ရောက် ခြင်းငှာ မစွမ်းနိုင်ပဲ ရပ်၍ နေလေသည်။

မာရ်စစ်တပ်ကြီးသည်လည်း အနီးသို့ မကပ်ဝံ့ပဲ အလောင်းတော်သူမြတ်ကို ထက်ဝန်းကျင်မှ ဝိုင်းရံလျက်ထားကြကုန်၏။

မာရ်နတ်သည် မိမိ၏ စစ်တပ်ကို ကြည့်ရှုကာ "လာကြကုန်၊ ဖမ်းကြကုန်"အစရှိသည့် အမိန့်စကား ပြောရုံသာ ပြောကြားနိုင်ပြီး၊ ရဲရဲပူသော သံတွေခဲသို့ ယင်ကောင် မကပ်နိုင်သည့်ပမာ မဟာဗောဓိပင်အနီးသို့ ချဉ်းနင်း ဝင်ရောက်စေခြင်းငှာ မတတ်နိုင်ပဲ မိမိ၏ စစ်တပ်ပရိသတ်ကို တစ်ဖန် ထပ်၍—

အချင်းတို့....သုဒ္ဓေါဒနမင်းကြီးသား ဤသိဒ္ဓတ်မင်းနှင့် တူသောသူ တစ်လူမျှ မရှိချေ။ ငါတို့သည် မျက်နှာရင်ဆိုင် စစ်ပြိုင်ခြင်းငှာ မတတ်နိုင်ကြကုန်၊ ထိုသိဒ္ဓတ်မင်းသားအား နောက်ဘက်(ကျောဘက်)မှ နေ၍သာ စစ်ဆိုးကြကုန်အံ့ 'ဟု ပြောကြားလေသည်။

ဘုရားအလောင်းတော်သည်လည်း ရှေ့၌ ဝဲယာ သုံးမျက်နှာတို့ကို ကြည့်ရှုတော်မူလတ်သည်တွင် ခပ်သိမ်းသော နတ်ပြဟ္မာတို့ ဝေးရာ ရှောင်ရှား ပြေးသွားကြပြီဖြစ်ရကား တစ်စုံတစ်ရာကို မတွေ့မမြင်၊ ဆိတ်သုဉ်း၍ နေသည်ကိုသာ မြင်တော်မူလေ၏။

## ပါရမီဆယ်ပါး ရဲမက်များဖြင့်

တစ်ဖန် မြောက်အရပ်နံပါးဖြင့် မာရ်စစ်သည်ဗိုလ်ပါများ ချီတက်လွှမ်းမိုး၍လာသည်ကို မြင်တော်မူ၍—

ဤမျှ များပြားသော မာရ်နတ်၏ စစ်သားတို့သည် ငါ တစ်ဦးတည်းကို ရည်စူးကာ ကြီးစွာသော လုံ့လ ပြုလာကြ၏။ ဤအရပ်၌ ငါ၏ အမိ သော်လည်းကောင်း၊ အဖ သော်လည်းကောင်း၊ ညီအစ်ကို သော်လည်းကောင်း၊ အခြား တစ်ဦးတစ်ယောက်သော ဆွေမျိုး သော်လည်းကောင်း မရှိချေ၊ ငါ ဆည်းပူးခဲ့သော ပါရမီဆယ်ပါး တရားတို့သည်သာလျှင် ရှည်ကြာသေးမြင့်၊ ငါ မွေးမြူအပ်သော ငါ့ ပရိသတ် အခြံအရံနှင့် တူကုန်၏။ သို့ဖြစ်ရကား ပါရမီဆယ်ပါး ငါ၏ ရဲမက်များကိုသာ အမှီတံကဲပြုကာ ဤပါရမီလက်နက်ဖြင့်ပင် ထိုးခုတ် ပုတ်ခတ်၍ ဤမာရ်နတ်၏ စစ်သည်ဗိုလ်ပါကို ငါ ဖျက်ဆီးမှ သင့်လျော်ချေမည်"ဟု နှလုံးပိုက်ကာ ပါရမီဆယ်ပါး ကိုယ်တော်၏ ကုသိုလ်တရား တို့ကိုသာ စဉ်းစား ဆင်ခြင်၍ နေတော်မူလေ၏။

## မာရ်နတ်သား၏ လက်နက်ကိုးပါးကို အောင်မြင်ခြင်း

= ထိုအခါ မာရ်နတ်သားသည် ဘုရားအလောင်းတော်အား ကိုးပါးသော လက်နက်ကြီးများဖြင့် တိုက်ခိုက်လေသတည်း။ ထိုလက်နက်ကြီး ကိုးပါးနှင့် တိုက်ခိုက်ရာတွင်....

(၁) မုန်တိုင်းလက်နက်။

မိုးရဝ်သိမ့်ဟီး မြေကြီးပဲ့တင် သစ်ပင်ကျောက်တုံး အိမ်အလုံးကို အမှုန့်ဖြစ်ပိုင်း ရှစ်ရပ်ဆိုင်းမှ အုံ့မှိုင်းလေဆို မုန်တိုင်းလက်နက်မျိုးသည် ဘုရားအလောင်းတော်၏ အနီးသို့ ရောက်သော် သင်္ကန်းကလနားမျှ တုန်လှုပ်စေခြင်းငှာ မစွမ်းနိုင်အောင် မာရ်လက်နက်ကို အောင်မြင်တော်မူလေသည်။

မာရ်နတ်သားသည် ''ငါ ဖစ်လွှင့်လိုက်သော မုန်တိုင်းလက်နက်ဖြင့် မုန့်မုန့်ညက်ညက် ကြေလောက်ပေပြီ'' ဟု လှမ်းမျှော်၍ ကြည့်သည်တွင် အလောင်းတော်သည်မတုန်မလှုပ် ထိုင်မြဲထိုင်နေတော်မူသည်ကိုမြင်လေ၏။

(၂) မိုးကြမ်းရေဆိုး လက်နက်မျိုး။

မာရ်နတ်သားသည် မိုးတိမ်ဘိုက်များကို ဖန်ဆင်းကာ မိုးကြီးသည်းထန်စွာ ရွာသွန်းစေ၍ ထန်းလုံးဖျားနှင့် တောင်ဖျားမျှခေါင် အမြင့် အဆောင်ကာ ရှစ်တောင်ရပ်ဝှန်း ပြည့်မောက်လျှမ်းသည့် မိုးကြမ်းရေဆိုး လက်နက်မျိုးကို ကြံကြံခံခါ သင်္ကန်းတော် ချည်တစ်မျှင်မျှပင် စိုစွတ်အောင် မတတ်နိုင်ပဲ ကိုယ်တော်မြတ်ကိုမထိ ဝေး ရာ ရှောင် ရှား ၍ သွားသည်အထိ မာရ်လက်နက်ကို အောင်မြင်တော်မူလေသည်။

(၃) ကျောက်ခဲမိုး လက်နက်။

ကျောက်ဖြင့်ကြိတ်ဖျက် မုန့်မုန့်ညက်လျှင် နှိပ်စက်စေရန် တစ်မည် ဖန်၍ နဘန်မိုးလုံး ထစ်ချုန်ခြိမ့်ညံ တိုက်ခိုက်သံနှင့် အလျှံအမျိုးမျိုး ကျောက်ခဲမိုးကို ရွာစေရာ၌ ဘုရားလောင်းအနီးသို့ ရောက်သောအခါ၊ ပန်းကုံးပန်းလုံ ကြီးများအဖြစ်သို့ ရောက်ကြသည်အထိ မာရ်လက်နက်ကို အောင်မြင်တော်မူလေသည်။

(၄) လက်နက်မိုး

ထိုနောက် တစ်ဖန် မာရ်နတ်သားသည် ကြံစည်၍ တစ်ဖက်အသွား နှစ်ဖက်အသွား ရှိသည့် လှံ ဓား စသည့် အမည်မည်လျှင် စုံစီ

ဖန်မျိုး လက်နက်မိုးကို ရွာသွန်းစေသော်လည်း မုလေးပန်း-မြတ်လေးပန်း အဖြစ်သို့ ရောက်ရှိသွားအောင်ပင် မာရ်လက်နက်ကို အောင်မြင်တော်မူပေသည်။

မာရ်နတ်သားသည် အင်္ဂလောင်းတော်မြတ်အား နုပ်နုပ်အစဉ်းခံရသည့် အသားစုပမာ ဖြစ်ရှာပေပြီဟု ကြည့်ရှုရာတွင် ထိုင်ငိုနေမြဲ ထိုင်နေတော်မူသည်ကို မြင်ပြန်လေသည်။

## (၅) မီးကျီးမိုး။

ထို့နောက်တစ်ဖန် မာရ်နတ်သားကြံပြန်ခါ တစ်ခဏချင်း အပြင်းပူလောင် သေအောင်ဖန်ပျိုး မီးကျီးမိုးကို ရွာသွန်းစေရာတွင် မီးကျီးဆိုင်များသည် အခိုးအလျှံလွှတ်ခါ ဘုရားအလောင်း၏ အနီးသို့ရောက်လျှင် မီးကျီးအသွင်ပျောက်၍ ပန်းအမျိုးမျိုး အဖြစ်သို့သာ ရောက်ရသည့်အထိ မာရ်လက်နက်ကို အောင်မြင်တော်မူလေသည်။

## (၆) ပြာပူမိုး။

ထို့နောက်တစ်ဖန် တစ်စိမ့်စိမ့်ပူ၊ သေအောင်ဟူ၍ သူ့အကြံဆိုး ပြာပူမိုးကို ရွာသွန်းစေရာ၊ အလွန်ပူပြင်းလှသော ပြာအစုသည် ကောင်းကင်က ကျလာခါ မြတ်စွာဘုရားအလောင်းတော် ခြေတော်ရင်းတွင် နတ်ပြည်မှကျလာသော စန္ဒကူးမှုန့်များ ဖြစ်လေသည်အထိ မာရ်လက်နက်ကို အောင်မြင်တော်မူလေသည်။

## (၇) သဲပူမိုး။

ထို့နောက်တစ်ဖန် သဲဖြင့်ပိ၍ မခိုမဆန့်သေအောင် ကြံဆောင်၍ သဲပူမိုးကို ရွာသွန်းစေပြန်ရာ၊ ကောင်းကင်မှ ကျရောက်လာသော သဲပူများသည် ခြေတော်ရင်း၌ နတ်ပန်းများအဖြစ် ရောက်လာသည်အထိ မာရ်လက်နက်ကို အောင်မြင်တော်မူလေသည်။

## (၈) ညွန်ပူမိုး

ထို့နောက်တစ်ဖန် ကျိုက်ကျိုက်ပွက်ဆူ အပူအခိုး ရှိညွန်မိုးတို့ကို ကောင်းကင်မှရွာချစေရာ၊ ခြေတော်ရင်း၌ နံ့သာပျောင်းအဖြစ် ကျရောက်လာသည်အထိ မာရ်လက်နက်ကို အောင်မြင်တော်မူလေသည်။

## (၉) အမိုက်မှောင်လက်နက်

ထို့နောက်တစ်ဖန် ဘုရားအလောင်းတော်ကို ကြောက်လန့်၍ ပြေးစေရန် ကြီးစွာသော အမိုက်မှောင်ကြီးကို ဖန်ဆင်း၍ထားပြန်ရာ၊ ဘုရား

အလောင်းတော်သည် ရောင်ခြည်ကွန်ယက်ကို ကွန့်ထွက်စေတော်မူသဖြင့် ထိုရောင်ခြည်ကွန်ယက်ဖြင့်ပင်မာရ်လက်နက်ကိုအောင်မြင်တော်မူလေသည်၊

ဤသို့မာရ်နတ်မိစ္ဆာ အယုတ်မာလျှင် ကြိမ်ခါဆင့်ဆင့် ပစ်လွှင့် အပ်ကုန်သော ကိုးချက်ရန်ငွယ် လက်နက်မျိုး အန္တရာယ်တို့ကို အောင်မြင် တော်မူခဲ့ပေသည်။

## စက်လက်နက် လွှတ်ခြင်း

ဤသို့ လက်နက်ကိုးပါးတို့ဖြင့် တိုက်ဖျက်ပါသော်သည်း အရာ မရောက်သဖြင့်၊ နောက်ထပ်ဆက်ခါ ဥက္ကာမျှားစွာ ကျမေသည်တွင် စကြာဝဠာတိုက်အလုံးအခိုးမျှားဖုံး၍နေလေသည်။ ကောင်းကင်တစ်ခုလုံး ထစ်ချုန်းကာ မိုးကြိုးပေါင်း အထောင်အရာတို့ ကြောက်မက်ဖွယ် ကျ ရောက်ကုန်၏။ ဤမျှဖြင့်သည်း ဘုရားအလောင်းကို အန္တရာယ် မပြုနိုင် ရကား၊ ဦးခေါင်းကို ထောင်းထောင်းပြက်ကြွေ မြေသို့မစေမည်ဟု စက် လက်နက်ကို လွှတ်ပြန်တော့သည်။

**ထိုစက်လက်နက်၏တန်ခိုးကား -**

မြေသို့ကျလျှင် ၁၂ နှစ်ကြာအောင် မြက်ပင်မျှပင်မပေါက်နိုင်။

ကောင်းကင်၌ ပစ်လွှတ်လျှင် ၁၂ နှစ်ပတ်လုံး မိုးရေ တစ်ပေါက်မျှ မကျနိုင်အောင် မိုးခေါင်၏။

မြင့်မိုရ်တောင်ထိပ်၌ ပစ်လွှင့်လိုက်လျှင် မြင့်မိုရ်တောင်ကို နှစ်ခြမ်း ခွဲ၍ အောက်သို့ လျှောကျနိုင်၏။

ဤမျှဆိုးသော စက်လက်နက်သည် ကောင်းကင်မှ အသံကြီးစွာ မြည်ဟီးလျက် ကျလာပြီး ဘုရား အလောင်း တော် ၏ ခြေတော်ရင်း၌ ခြေသုတ်ကြိုးဝန်းပမာ ခွေလျက်သား ကျရောက်လာလေ၏။

**မေတ္တာစွမ်းအင် အောင်ပန်းဆင်**

ထိုအခါ မာရ်နတ်သည် ဂီရိမေခလာ ဆင်ကိုစီးလျက် အပေါင်းပါ မာရ်စစ်သည်တို့သည် မျာစွာသော ကြောက်မက်ဖွယ်တို့ကိုဖန်ဆင်းပြီး....

''သတ်ကြ၊ ဖြတ်ကြ ဖမ်းကြ မလွှတ်စေလင့်''

ဟု အော်ဟစ်ကာမာရ်နတ်ကဘုရားလောင်းအနီးသို့ ကပ်ရောက်ပြီး လက်တစ်ဖက်ဖြင့် မြှားကိုဝင့်လျက်။

''အို....သိဒ္ဓတ္ထမင်းသား၊ ယခုချက်ချင်းပလ္လင်ပေါ်မှဆင်းလော့''

ဟု ကြိမ်းမောင်းပြောဆိုလေသည်။

ဘုရားအနေ ၂ ခင်းတော်သည် မာရ်နတ်သားနှင့် နတ်စစ်သည်တို့၏ ပြစ်မှားသမျှ သည်းခံတော်မူလျက် မေတ္တာစွမ်းဖြင့် ပယ်ရှားတော်မူ၏။

**နေရာကိုမှ ငါမထဘဲ**

ထိုနောက် ဘုရားအလောင်းတော်သည် မာရ်နတ်သားအား မိန့်ကြားတော်မူပုံမှာ...

သမန္တာ ဓဇိနိံ ဒိသွာ၊
ယုတ္တံ မာရံ သဝါဟနံ။
ယုဒ္ဓါယ ပစ္စုဂ္ဂစ္ဆာမိ၊
မာ မံ ဌာနာ အစာဝယိ။
ယံ တေတံ နပ္ပသဟတိ၊
သေနံ လောကော သဒေဝကော။
တံတေ ပညာယ ဘေစ္ဆာမိ၊
အာမံ ပတ္တံဝ အသ္မနာ။

ဟယ်မာရ်နတ်...ငါသည် ထက်ဝန်းကျင်မှ အလံတစ်လူလူ လွှင့်ထူ ချီတက်လာသည့် သင့်၏ စစ်တပ်ကြီးကို လည်းကောင်း၊ ဂိရိမေခလာဆင်နှင့်တကွသော သင့်ကိုလည်းကောင်း မြင်ရသည့်အတွက် ရဲရဲကြီး စစ်ဖက်အံ့သော ငှာ ပညာဖြင့် ရှေးရှုသင့်ဘက်သို့ မျက်နှာမူကာ ငါကား ချီတက်ခဲ့၏။ (ကိုယ်တော်ထ၍ ချီတက်သည်ကိုမဆိုလို၊ ပညာဖြင့် ချီတက်သည်ကို ဆိုလို၏။) သင်သည် ငါ့ကို ဤအပရာဇိတ ပလ္လင်တော်မှ ဘယ် နည်းနှင့်မျှ ထစေနိုင် ရွေ့စေနိုင် မည်မဟုတ်။ မရွေ့စေ နိုင်အောင်ပင် ငါကား ပြုလုပ်မည်။

ဟယ် မာ[illegible]...အားကောင်းမောင်းသန်သော ယောကျ်ားသည် အိုးထိန်းသည်ပြုလုပ်[illegible]သမျှ ဖုတ်ပြီး၊ မဖုတ်ရသေး(ကျက်ပြီး၊ မကျက်သေး)သော အိုးခွက်အလုံးစုံကို ကြီးစွာသောကျောက်ဖြင့် တစ်လုံးမကျန် ဖြိုဖျက် ထုခွဲသကဲ့သို့ ငါသည်လည်း လောကကြီးတစ်ခုလုံးကို အရှုံးပေးကာ အောင့်နှလုံးနာရသော သင်၏ ကာမရာဂ စသည့် ဆယ်ရပ် (ရှေးကဖော်ပြအပ်ပြီးသော)စစ်တပ်ကြီးကို (တစ်နည်း)ရှေ့နှင့် ဝဲ ယာ တစ်ဆယ့်နှစ်ယူဇနာစီရှိ၍၊ အမြင့်ထုအားဖြင့် ကိုးယူဇနာ၊ နောက်မျက်နှာမှ စကြဝဠာတံတိုင်းအထိ လွှမ်းမိုး ချီတက်လာသော သင်၏ စစ်တပ်ကြီးကို ငါ တစ်ကိုယ်တည်းဖြစ်လျက် ယခုထိုင်သည့် နေရာကိုမျှ မပျက်စေဘဲ(နေရာကိုမှ ငါမထဘဲ) ပညာစွမ်းဖြင့် တစ်ဦးမကျန် တွန်းလှန်ဖြိုခွဲပစ်ပေအံ့။ သင့်

ကိုလည်းကောင်း၊ သင်၏စစ်သည် ဗိုလ်ပါကိုလည်းကောင်း၊ ခဲဖြင့်ပစ်ကာ ကျိုးအပေါင်းကို ခြေပြုံးစေသည့်ပမာ ယခုကြသမီပင် ပြေးစေအံ့။

**မဟာပထဝီ သက်သေတည်**

ပလ္လင်္ကံ မမ ဘာဝါယ၊
ကိမတ္တညေန သက္ခိနာ။
ကမ္ပိတာ မဒ္ဒိယာ ဒါနာ၊
သက္ခိ ဟောတိ အယံ မဟီ။

ဟယ်၊ မာရ်နတ်....ငါသည် ဤအပရာဇိတပလ္လင်ကို လိုလားတောင့် တသဖြင့်ဘဝများစွာ ကမ္ဘာဘာဝတို့၌မလှူခဲ့ဖူးသောဒါနဟူ၍မရှိ၊ မစောင့်ထိန်းဖူးသော သီလဟူ၍မရှိ၊ မကျင့်ခဲ့ဖူးသော ဒုက္ကရအကျင့်ဟူ၍မရှိ၊

ဟယ် မာရ်နတ်.... ဘဝများစွာ အတိတ်ကမ္ဘာက လှူဒါန်းခဲ့သည့် ဒါနပါရမီ စသည်ကို ထားလိုက်ပါဦး၊ ဝေဿန္တရာ ဘဝတစ်ခု မှာပင် မဒ္ဒီမိဖုရားကို အထွတ်အထိပ်ရောက်ပြု၍ ခုနစ်ကြိမ်တိုင်တိုင် အလှူကြီးများကို ပေးအပ်ခဲ့စဉ်က မဟာပထဝီ ဤမြေကြီးသည် ခုနစ်ကြိမ် တိုင်တိုင် တုန်လှုပ်ခဲ့လေပြီ။

ယခုအခါ ဤ အပရာဇိတပလ္လင်၌ အလုံးစုံသော လောကကို အောင်နိုင်ရန် ငါ ထိုင်နေစဉ် သင်၏ မာရ်စစ်တပ်ကြီး ချီတက် စစ်ထိုးလာလတ်သော် ဤမဟာပထဝီမြေကြီးသည် အဘယ်ကြောင့်မတုန်မလှုပ် ဆိတ်ဆိတ်ဖြစ်၍ နေဘိသနည်း။

ဟယ် မာရ်နတ်....သင်ကား သင့်ပရိသတ်ကို မတရား သက်သေခံ စေခဲ့လေပြီ၊ ဤမြေကြီးကား သင့်အား လည်းကောင်း၊ ငါ့အား လည်းကောင်း သမာသမတ် ညီမျှသောမြေကြီး ဖြစ်ချေသည်။ စေတနာလည်း မရှိ၊ ထိုသို့ သင်နှင့် ငါတို့အဖို့ သမာသမတ် ညီမျှ၍ လုံးဝ စေတနာ မရှိသော မဟာပထဝီ ဤမြေကြီးသည် ယခုပင်လျှင် ငါ၏ သက်သေ ဖြစ်ပေသတည်း ဟု မိန့်ဆိုတော်မူကာ ဘုရားအလောင်းတော်သည် မိုးတိမ်ပမှ လျှပ်နွယ်အတူ ကျက်သရေရှိသော လကျာ်လက်တော်ကို သင်္ကန်းတွင်းမှ ထုတ်ကာ မဟာပထဝီမြေကြီးသို့ ရှေးရှု ညွှန်ပြတော်မူလေ၏။

**မဟာပထဝီ အိုးထိန်းစက်ကဲ့သို့ လည်ခြင်း**

ထိုခဏမှာပင် မဟာပထဝီ မြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်ကာ သည်းထန်စွာ မြည်ဟည်းလေ၏။ မြေကြီး၏အသံ ဖြင့် ကောင်းကင်တစ်ခွင်လုံးသည် မိုးချုန်းသံကဲ့သို့ သည်းစွာသောအသံကို မြည်စေလေ၏။

မြင်းမိုရ်တောင်ကို ရံလျက်တည်သော တောင်စဉ်ခုနစ်ထပ်နှင့်တကွ ဟိမဝန္တာ တောင် အစရှိသည်တို့သည် သည်းထန်စွာ မြည်ဟည်းကြကုန်၏။

စကြဝဠာတိုက်အလုံးသည် မီးလောင်သောဝါးတောပမာ တစ်ဖြောင်ဖြောင်း တဖြန်းဖြန်း ကြောက်လန့်ဘနန်း ကြမ်းတမ်းသော အသံကို မြည်ဟည်းလေ၏။

လောလောပူသော အိုးကင်းထဲ၌ ပေါက်ပေါက်စပါးတို့ တစ်ဖြောင်းဖြောင်း ပေါက်၍နေကြသကဲ့သို့ ကောင်းကင်တစ်ခုလုံး၌ မိုးတိမ်မရှိပဲ ကြောက်စက်ဖွယ် ထစ်ချုန်း၍နေသည့်ပြင် ရဲရဲ တောက်သော မီးကျီးမိုးပမာ မိုးပေါက်မီးပွား တစ်ဖွားဖွားပြန့်လျက် မိုးကြိုးတို့သည်လည်း တစ်ဖြုန်းဖြုန်း ကျလာကုန်၏။

**မာရ်နတ်သား အားသွန်၍ ပြေးရခြင်း**

အုန်းအုန်းဆူညံ မြည်သံမစဲသည့် မြေကြီးနှင့် ကောင်းကင်တို့ အကြားသို့ ရောက်ရှိနေသော မာရ်နတ်သားသည် အားထား ကိုးကွယ်ရာ မရှိ၊ အလွန်အမင်း ကြောက်လန့်ရကား စစ်တံခွန် (စစ်အလံ)ကြီးကို လဲကာ ထိုနေရာမှာပင် လက်နက်တစ်ထောင်ကိုလည်း စွန့်ပစ်ခဲ့၍၊ ဂီရိမေခလာ ဆင်ကြီးကိုလည်း ပြန်စောင်းမျှ မကြည့်နိုင်ပဲ ဦးတည် တည့်ရာသို့ ရှေးရှု၍ တစ်အားသွန် ပြေးလေတော့၏။

မာရ်နတ်မင်း ပြေးလျှင်ပင် မာရ်စစ်တပ်ကြီးလည်း ဖရိုဖရဲ ပြိုကွဲပျက်စီးက လေမုန်တိုင်း တိုက်ခတ်အပ်သော ပြာမှုန့်များကဲ့သို့ မျက်နှာရှေးရှုမှုမရှိ မှုမိရာအရပ်ဖြင့်ပင် ပြေးလွှားကြ၍ ဝသဝတ္တီနတ်ပြည်သို့သာလျှင် ပြန်သွားကြလေကုန်၏။

**မာရ်နတ်ကို အောင်မြင်တော်မူပြီ**

ဤသို့လျှင် မြတ်စွာဘုရား အလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ နေမဝင်မီပင် ဒေဝပုတ္တမာရ် (ဝသဝတ္တီမာရ်နတ်) ကို အောင်မြင်တော်မူ၍ သတ္တလောက တစ်ခုလုံး အောင်မြင်ခြင်းသို့ရောက်တော်မူရကားအဘားမရှိရန်မရှိ ရွံ့ရှား(ကြောက်ရွံ့)ခြင်း မရှိသောအဖြစ်သို့ ရောက်တော်မူလေသည်။

**နတ်၊ သိကြား၊ ဗြဟ္မာတို့ ကောင်းချီးကြွေးကြော် ပူဇော်ကြခြင်း**

ထိုခဏမှာပင် မာရ်နတ် လာစဉ်က ကြောက်ရွံ့သဖြင့် ပြေးသွားကြသော နတ်ဗြဟ္မာတို့သည် '' မည်သူ နိုင်၍ မည်သူ ရှုံးမည်နည်း '' ဟု ကြည့်ရှုနေကြရာမှ မာရ်နတ်၏ပရိသတ် စစ်တပ်ကြီး ဖရိုဖရဲပြိုကွဲပျက်စီးသွား

ဘာသာနာအောင်တွန်းအားပြုနိုင်သွားနည်း မိုးဒွာ
မာရ်ကိုအောင်မြင်ခြင်း ကြည့်တိုက် ၂၁
ထမ္မာစေအား - ရန်ကုန်။

သည်ကိုတွေ့မြင်ကြသဖြင့် ကစ်ပြိုးနက်တည်းပင် "ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ" စသည်ဖြင့် ဆောင်နှ နက်ခလေး ဟစ်ကြွေးကြလေသည်။" မာရ်နတ်သားကားရှုံးလေပြီ၊ သိဒ္ဓတ်မင်းသားကား အောင်လေပြီ အောင်ပွဲ ပူဇော်မှုကို ငါတို့ပြုကုန်အံ့" ဟုနဂါး-နဂါးချင်း၊ ဂဠုန်-ဂဠုန်ချင်း၊ နတ်-နတ်ချင်း၊ ဗြဟ္မာ - ဗြဟ္မာချင်း အကောင်းတင်း ကြွေးကြော်ကာ နံ့သာပန်းစသည် လက်စွဲကြကုန်လျက် မြတ်စွာဘုရားအလောင်းတော်စံရာ မဟာဗောဓိပလ္လင်သို့ တစ်ညီတစ်ညွတ်တည်း စည်းဝေး ရောက်ကြကုန်၏။

## ဘုရား ဖြစ်တော်မူသောအခါ ရှားစွာသော အံ့ဩဖွယ်တို့ ဖြစ်ပေါ်လာခြင်း

ဤသို့ဘုရား အလောင်း တော်သူမြတ်သည် ဘောဓိတတ်စကြာဝဠာ အပေါင်း တိုက်တစ်သောင်းကို ရိုက်ညောင်းတုန်ခတ် ပဲ့တင် ထပ်စေလျက် နေအရုဏ်စက် တက်လာသော အချိန်၌ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိ၍ လူသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူသောအခါ လောကဓာတ် စကြာဝဠာတိုက်တစ်သောင်းလုံး အလှဆုံး တန်ဆာဆင်ပြီးသားဖြစ်၍နေပုံမှာ....

အရှေ့ဖျားစကြာဝဠာ အနားရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည် အနောက်ဖျား စကြာဝဠာအနားရေး၌ ခိုက်လျက်တည်ကုန်၏။

ထို့အတူ အနောက်ဖျား စကြာဝဠာအနားရေး၌ထောင်အပ်သော တံခွန် ကုက္ကားတို့၏ အရောင်များသည်လည်း အရှေ့ဖျား စကြာဝဠာ အနားရေး၌ ခိုက်လျက်တည်ကုန်၏။

တောင်အရပ်ဖျား စကြာဝဠာ အနားရေး၌ စိုက်ထောင်အပ်သော တံခွန် ကုက္ကားတို့၏ အရောင်များသည် မြောက် အရပ်ဖျား စကြာဝဠာ အနားရေး၌ ခိုက်လျက်တည်ကုန်၏။

မြောက်အရပ်ဖျား စကြာဝဠာ အနားရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏အရောင်များသည်လည်း တောင်အရပ်ဖျား စကြာဝဠာ အနားရေး၌ ခိုက်လျက် တည်ကုန်၏။

မြေအပြင်၌ စိုက်ထောင်အပ်သော တံခွန် ကုက္ကားတို့၏ အရောင်များသည် ဗြဟ္မာ့ပြည်၌ ခိုက်လျက် တည်ကုန်၏။

ဗြဟ္မာ့ပြည်၌ ဖွဲ့ယှက်အပ်သော တံခွန် ကုက္ကားတို့၏ အရောင်များသည်လည်း မြေအပြင်ကို ခိုက်လျက်တည်ကုန်၏။

E 3

စကြာဝဠာပေါင်း တိုက်တစ်သောင်းတို့၌ အပွင့်ပွင့်သော သစ်ပင် အမျိုးမျိုးတို့သည်လည်း ရာသီမလင့် တစ်ပြိုင်နက်တည်း ပွင့်ကြကုန်၏။

အသီးသီးသော သစ်ပင် အမျိုးမျိုး တို့သည်လည်း ရာသီမလင့် တစ်ပြိုင်နက်တည်း အခိုင်လိုက် အပြွတ်လိုက် သီးကြကုန်၏။

ပင်စည်ပန်း အခက်ပန်း နွယ်ပန်းတို့လည်း အဆန်းတကြယ် ပွင့်ကြကုန်၏။

ကောင်းကင်မှလည်း အပင်ကိုမမြင်ရဘဲ ပန်းခိုင်များ တွဲလျား ကျလျက်ရှိကုန်၏။

အောက်မြေအလွှာကျောက်ဖျာကြီးများကိုဖောက်ခွဲ၍ အဆင့်ဆင့် ခုနစ်သင်းစီ ခုနစ်ထပ်စီ အရွက်မပါ အနှုံးနှင့် ပဒုမ္မာကြာပန်း တို့လည်း အဆန်းတကြယ် ပွင့်ပေါ်လာကြကုန်၏။

သို့ရာ ၌ ဇာတိခေတ် လောကဓာတ်စကြာဝဠာပေါင်း တိုက် တစ်သောင်းသည် ထိုအချိန်၌ မြေဘစ်သိမ့်သိမ့် တစ်ငြိမ့်ငြိမ့် တုန်လှုပ်လျက် ရှိသဖြင့် အလုံးအရင်းပြုကာ ပစ်လွှင့်အပ်သော ပန်းကုံးကြီးကဲ့သို့လည်း ကောင်း၊ အစီအလျဉ်းအစဉ်သင့်စွာ ခင်းထားအပ်သည့် ပန်းမွေ့ရာအခင်း ကြီးကဲ့သို့လည်းကောင်း ဖြစ်၍နေလေ၏။

ထိုမှတစ်ပါးလည်း နိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့လည်း ထင်ရှား ဖြစ်ပေါ်လာကြကုန်၏။

(ဤကား မာရ်စစ်သည်တို့ကို အောင်တော်မူခြင်းနှင့် ဘုရား ဖြစ် တော်မူခန်းအထိ ပြီး၏။)

## မာရ်လက်နက်ကိုးပါးအောင် ဘုရားရှိခိုး

ဤ၌ တောင်တွင်းဆရာတော် ခင်ကြီးဖျော် ရေးသား၍ မဟာ ဗုဒ္ဓဝင် ကျမ်းပြုဆရာတော်၊ ဓမ္မာစရိယ အရှင် ဦးဝိစိတ္တသာရာ ဘိဝံသသည် သာယာနာပျော်ဖွယ်အနက် ယောဇနာထားသော မာရ် လက်နက် ကိုးပါးအောင် ဘုရားရှိခိုးကို ဖော်ပြပါမည်။ မဟာဗုဒ္ဓဝင် ဒုတိယတွဲ၊ စာမျက်နှာ ၂၃၀ ၌ ပါရှိပါသည်။

(အကျိုးသွားကား) လက်နက်ကြီးများအလယ်၌ အန္တရာယ်ကြီးစွာ ရင်ဆိုင်နေရသောအခါများတွင် မုချ ကင်းလွတ်စေနိုင်သည်ဟု ယုံကြည် စိတ်ချစွာ နေ့စဉ် ဘုရားရှိခိုးတိုင်း ရွတ်ဖတ်သရဇ္ဈာယ်ကြပါ။ အချိန်မရ သည့်အခါများတွင် ဂါထာတော်သက်သက်ကိုသာ ရွတ်ဆိုပွားများပါ။

## မာရ်လက်နက်ကိုးပြာ အောင်ဇေယျဝန္ဒနာ
## ဂါထာပါဠိနိဿယ။

ဝါတံ ဝဿဉ္စ ပါသာဏံ၊ အာဝုဓံ ဝါဠုကံ တထာ။
ကုက္ကုဠံ ကလလင်္ဂါရံ၊ အန္ဓကာရဉ္စိမေ နဝ။
သတ္တေ မာရေန ဝိဿဋ္ဌေ၊ ဝိဇယန္တော ဇိနံ နမေ။
အဟမ္ပိ တေန ပုညေန၊ ဝိဇေယျံ သဗ္ဗမာရကေ။

ဝါတံ = လောကထွတ်ထား တို့ဘုရားလျှင် ငါးပါးမာရ်ခြေ ပလ္လင်ဗွေ၌ စံနေခိုက်ခါ မာရ်နတ်လာလျက် စက္ကဝါတိုက် တောင်နှင့်ရိုက်၍ ပန်းမှိုက်မြူစုတ် သေးဖွဲ့နုန့်သို့ မုန့်မုန့်ညက်ကြေ ပျက်ပစေဟု စေတနာဆိုး ပြုဖန်ပျိုးသား မိုးရပ်သိမ့်ဟည်း မြေကြီးပဲ့တင် သစ်ပင်ကျောက်တုံး အိမ်အလုံးကို ချေမှုန်းဖြုတ်ပိုင်း ရှစ်ရပ်တိုင်းမှ အုံ့မှိုင်းလေဆိုး မုန်တိုင်းလက်နက်မျိုးကို လည်းကောင်း။ ဝဿဉ္စ = အဟုန်ဒီးဒီ စီးကျသွယ်သွယ် ရေပြင်ကျယ်၌ မှိုဖွယ်ကင်းဖည် သေစိမ့်ချည်၍ တမည်ပြုစား ထန်းလုံးဖျားနှင့် တောင်ဖျားမျှခေါင် အမြင့်ဆောင်သား ရှစ်ဘောင်ရပ်ခန်း ပြည့်မောက်လျှမ်းသည့် မိုးကြမ်းရေဆိုး လက်နက်မျိုးကို လည်းကောင်း။ ပါသာဏံ = ကျောက်ဖြင့်ကြိတ်ဖျက် မုန့်မုန့်ညက်လျှင် နိုပ်စက်စေရန် တမည်ဖန်၍ နဘန်မိုးလုံး ထစ်ချုန်းခြိမ့်ညံ တိုက်ခတ်သံနှင့် အလျှံဖြိုးဖြိုး ကျောက်ခဲကျောက်စိုင်မိုးကို လည်းကောင်း။ အာဝုဓံ = အသေးတစ်ခြားအသားတစ်ထွေ၊ အရေတစ်မျိုး၊ အရိုးတစ်ဂိုဏ်း ထိုးခုတ်ပိုင်း၍ မဆိုင်းသေရန် ပြုစီမံသား၊ အလျှံပြိုးပြက် မိုးလုံးလက်နက်အောင် တစ်ဖက်အသွားနှစ်ဖက်သွားဟု လုံ့လခါးစသည် အမည်မည်လျှင် စုံစီဖန်ပျိုး လက်နက်မိုးကို လည်းကောင်း။ ဝါဠုကံ တထာ = ဘွက်လေဝင်လေ နှစ်ထွေမရှိသဲဖြင့်ပို့၍ မချိသေအောင်စီ ပြုဆောင်ဖန်ပျိုး သဲထုမိုးကို လည်းကောင်း။ ကုက္ကုဠံ = တစ်စိမ့်စိမ့်ပူ သေအောင်ဟူ၍ သူ့အကြံပျိုး၊ ပြာပူမိုးကို လည်းကောင်း။ ကလလံ = ကျိုက်ကျိုက်ပွက်ဆူ အပူအခိုး ရွှံ့ညွန်မိုးကို လည်းကောင်း။ အင်္ဂါရံ = တစ်ခဏချင်း အပြင်းပူလောင် သေအောင်ဖန်ပျိုး မီးကျီးမိုးကို လည်းကောင်း။ အန္ဓကာရံ = ကြည့်သော်မစွမ်း စမ်းသော်မထိ ကြောက်စိတ်ဝင်၍ အလျှပ်သေရန် တတန်ပြုဆောင် အမိုက်မှောင်ကို လည်းကောင်း။

ဣတိ = ဤသို့၊ မာရေန ဝိဿဋ္ဌေ = မာရ်နတ်မိစ္ဆာ အယုတ်တမာလျှင် ကြိမ်းကာဆင့်ဆင့် ပစ်လွှင့်အပ်ကုန်သော။ ဣမေ နဝ သတ္တေ = လေ၊ မိုး၊ ကျောက်၊ သဲ၊ ညွန်၊ မီးခဲနှင့်၊ ပြာဖွဲ့ မိုက်မှောင် ပြောင်ပြောင်

လက်နက် ရောင်ပြိုးပြက်ဟု ကိုးချက်ရန်စွယ် လက်နက်မျိုး အန္တရာယ်တို့ကို။ ဝိဇယန္တံ = ဗိုလ်ပါ အပေါင်း ဘောင်းကုဋေအား ဆောင်နိုင်ငြားလည်း ရိုက်လားပုတ်လား အဖအပါးဝယ် ဆိုးဝါးမာန်မူ သားဝယ်ဟူ သို့ သံတဂူနန်း ကြည်နူးလုံ့ဖြင့် မြေလုံးငြိမ့်အောင် သက်သေဆောင်၍ အောင်တော်မူပြီး အောင်တော်မူကသော (ဝါ) အောင်တော်မူသောကြောင့်။ ဇိနံ = ဇိနဟူသည် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခပ်နှိပ်ပေါ်ထင် အောင်ပွဲရှင် မြတ်ဘုရား။ နာဂ—နမာမိ = ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျော့၍ ကန်တော့ရှိခိုးပါ၏ မြတ်စွာဘုရား။

အဟာပိ = စတုသမုဒ္ဒါနှံ ပြုလုပ်ဖန်သည့် ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်သည်လည်း တေနပုညေန = လက်နက်မျိုးကို ဖျက်ချိုးနှိမ်ခူး ဂုဏ်ကျေးဇူးဖြင့် ချီးကျူးဝန္ဒနာ ဒေါနာပဏာမ မြတ်ပုညကြောင့်။ သဗ္ဗမာယုဒ္ဓ = သေနတ်လေးမြား လှံဓားမီးပေါက် အမြောက်စိန်ဗုံး ဓါးမြှုန်းခွင်းဖြတ် အကျဉ်းမှုတ်သော် လွှတ်အပ်=မလွှတ်အပ် နှစ်ရပ်ကျုံးခြုံ အလုံးစုံသော လက်နက်မျိုးတို့ကို။ ဝိဇေယျံ = ယခုနှုတ်ဖတ် နိဗ္ဗာန်ရသည့် ကာလတခွင် သံသာပြင်ဝယ် မြင်ရကြားရ အရေးကြုံ အောင်ရ နိုင်ရ အောင်နိုင်ရသည့်ကိုယ် ဖြစ်လိုပါ၏ မြတ်စွာဘုရား။

(မာရ်နတ်ကို အောင်မြင်တော်မူခန်း ပြီး၏။)

မြတ်စွာဘုရား၏
အောင်ခြင်း ရှစ်ပါး
ဇာတ်တော်များ

# (၂)

# အာဠဝကဘီလူးကို
# အောင်မြင်တော်မူခြင်း

# အာဠာဝကကိုအောင်မြင်တော်မူပုံ
(အကျဉ်)

မြတ်စွာဘုရားသည် အာဠဝီပြည်၌ ဝါဆိုတော်မူ၏။ ထိုနေ့တွင် ဘီလူးစားခံရတော့မည့် အာဠာဝကဘုရင်၏သား ငယ်ကလေး၏ အနာဂါမိဖိုလ်သို့ ရောက်ဖို့မည်၊ အာဠာဝက ဘီလူး သောတာပတ္တိဖိုလ်သို့ရောက်မည်ကို မြင်တော်မူ၏။

မြတ်စွာဘုရားသည် ကိုယ်တော်မြတ် တစ်ပါးတည်း သာလျှင် သာဝတ္ထိပြည်မှ ယူဇနာသုံးဆယ်တိုင်တိုင် ကြွတော်မူ၍ အာဠာဝကဘီလူး၏ ဗိမာန်တံခါးဝ၌ ရပ်တည်တော်မူလေ၏။ ဗိမာန်တံခါ သည်လည်း မည်သူတစ်ဦးတစ်ယောက်မျှ မဖွင့်ရဘဲ သူ့အလိုလို ပွင့်၍လာ၏။ မြတ်စွာဘုရားရှင်သည် ဗိမာန်တွင်းသို့ ဝင်တော်မူပြီးလျှင် အလွန် ထင်ရှားသော မင်္ဂလာနေ့ရက် စသည်များ၌ အာဠာဝက ဘီလူး ထိုင်နေကာ နတ်စည်းစိမ်ကို ခံစားရာ ရတနာပလ္လင်၌ ထိုင်နေတော်မူ၍၊ ရွှေရောင်အဆင်း ဝါဝင်းသော ပီတရောင်ခြည်ကို လွှတ်တော်မူလေ၏။ (မဟာဗုဒ္ဓဝင်-ဓတုတ္ထတွဲ ၂၆၆။)

(အထူးအားဖြင့်) အာဠာဝကဘီလူး၏ ဗိမာန်သည်ကား မြေပြင်၌တည်၏။ ကောင်းစွာလုံခြုံ၏။ တံတိုင်းတို့ဖြင့် ဝန်းရံအပ်၏။တံခါးပြအိုးတံခါးမုခ်များကိုနေရာတကျ ကောင်းစွာ တပ်ဆင် စီရင်၍ထားအပ်ပေ၏။ဗိမာန်၏အထက်၌ ကြေးဖြူ ဇာကွန်ရက် ဖြင့် ဖုံးအုပ်၍ ထားအပ်၏၊ သေတ္တာနှင့် တူ၏။ အမြင့် အစောက်အားဖြင့် သုံးယူဇနာရှိလေသည်။ ထိုအာဠာဝကဗိမာန်၏ အထက်၌ နတ်ဘီလူးတို့သွားရာ ကောင်းကင် လမ်းခရီးဖြစ်၍နေ၏။ (၂၆၇)

အာဠာဝကသည် မိမိဗိမာန် ပလ္လင်ထက်တွင် ထိုင်နေတော်မူသော မြတ်စွာဘုရားကို မြင်လျှင် ဒေါသအမျက် ခြောင်းခြောင်းထွက်လျက်၊ ဒေဝပုတ္တ မာရ်နတ်သား အသုံးပြုသည့် လက်နက်ကြီး(၉)မျိုးဖြင့်လည်းကောင်း ဘွဲဖြူ လက်နက်ဖြင့်လည်းကောင်း ပစ်ခတ် တိုက်ခိုက်သော်လည်း မြတ်စွာဘုရားအား မတုန်လှုပ်စေနိုင်၊ မြတ်စွာဘုရားသည်စိတ်ရှည် သည်းခံစွာ မေတ္တာစိတ်ဖြင့် လိုက်လျောခြင်း၊ ဖြေကြားခြင်း ပြုသဖြင့် အာဠာဝက ဘီလူး အပေါ်တွင် အောင်နိုင်တော် မူခဲ့ပေသည်။



# ယာဂုံ

၂။ အာဠဝကံ၊ပျက်မာန်ဒေါသ ထောင်းထောင်းထလျက်၊ ညဥ့်သုံးယံလုံး၊ ဟစ်ကြုံးဝါးကာ၊ ကိုးဖြာကိုးချက်၊ ကိုးလက်နက်နှင့်၊ စမ်ဖက်နိုင်စွာ၊ နတ်အာဠဝက၊ အမည်ရှိသည့်၊ ယက္ခ စွယ်ပြူး၊ ထိုဘီလူးကိုလည်းကောင်း။

၃။ ကြမ်းတမ်းသောဂိတ်မာန်ဖြင့်၊ ငါ့ဘုံပျံ ဆောင် ရခဲ့ဝယ် စံနေလတ္တံ့သလောဟု၊ ဒေါသဇောတက်လျှံ၍၊ ညဥ့်သုံးယံကုန်ခန်းအောင်၊ ကိုယ်စွမ်းကို အားကိုး၍၊ အမျိုးမျိုးသော လက်နက်နှင့် အချက်ချက် ပစ်လွှတ်၍၊ အထပ်ထပ် စစ်ထိုးသော ဘီလူးဆိုး အာဠဝကကိုလည်းကောင်း။

အဇိနို၊ တန် ခိုးစက် ရှိန် ဂုဏ် မဟိန် ဖြင့် ချိုးနှိမ် ပယ် နှင် ရှင်းလင်းစင်၍ အောင်မြင်တော်မူလေပြီ။

တေဇသာ၊ ရှစ်ခါ ရှစ်တန် အောင်ပွဲ ခံ၍ အောင်လံ ထူပြီး မြတ်စေတီး၏ ကြီးသော ရွှေစက် ထက်သော အာဏာ ဂုဏ်တေဇာ အစွမ်းအားဖြင့်။ မေ-မမ၊ အကျွန်ုပ်အား၊ ဇယမင်္ဂလံ၊ ကိုယ်တွင်းကိုယ်ပ ရှိသမျှဘေးဒဏ် ခပ်သိမ်းရန်ကို မကျန်မကြွင်း အောင်မြင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။

## ( ၂ ) အာဠဝကဘီလူးကို အောင်မြင်တော်မူခြင်း

အာဠဝီပြည်အနီး ညောင်ပင်ကြီးမှာ ဘီလူးကြီး အာဠဝကစံရာ၊ တစ်နေ့သော်မြတ်စွာဘဂဝါ ဘုံ့ဝံနန်းမြန်းတော်မူလာ၊ ဘီလူးကြီး အာဠဝက ယမ်းပုံ့ပြီးကျ တားမရဆီးမနိုင် ဒေါသတွေလှိုင်ကာ၊ ဘုရားကိုပြိုင်ဆိုင် မနိုင်ငြား မာန်စွယ်များလဲ ကျခဲ့ရရှာ မေတ္တာတော်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်းဒုတိယပါ။

# (၂)

# မြတ်စွာဘုရား အာဠဝကဘီလူးကို ချွတ်တော်မူခြင်း

ဘုရားမြတ်စွာသည် သောဠသမဝါ (တစ်ဆယ့်ခြောက်ဝါမြောက်) ဝယ် အာဠဝီပြည်၌ ဝါဆိုသောအကြောင်းကား ဤသို့တည်း....

**အပိုင်စားရခြင်း**

မဇ္ဈိမဒေသ၏ အရှေ့မြောက်စွန်း ဟိမဝန္တာ၏အနီး၌ တည်ရှိသော တိုင်းကြီးသည်၊ လူတို့ဝတ်ဆင်ရာ တန်ဆာအထူးတို့၏ ဖြစ်ထွန်းရာဖြစ်၍ "အလံ ဝိဘူသနံ ဧတ္ထာတိ အာဠဝီ" ဟူသော အဘိဓာန်ဋီကာပါဌ်မိန့်အပ်သည်နှင့်အညီ အာဠဝီတိုင်း မည်၏။ ထိုတိုင်းအတွင်း မင်းနေပြည်တော်ကြီးနှင့် ခရီးမဝေးမနီး တစ်ဂါဝုတ်ကျော် ကွာသောအရပ်၌ ကြီးစွာသော ညောင်ပင်သည် ရှိ၏။ ထိုညောင်ပင်၌ အာဠဝက ဘီလူးသည် "စတုမဟာရာဇ် နတ်မင်းတို့၏ အထံ၌ ကျိုးနွံ ခံယူသဖြင့် မွန်းတည့်ကာလ ဤညောင်ရိပ်နှံ့သမျှအရပ်သို့ ကပ်ရောက်ခိုဝင်လာသော သတ္တဝါတို့အား သင် စားပိုင်စေတော့" ဟု ခွင့်ရသောကြောင့် ထိုညောင်ပင်အောက်သို့ ရောက်လာသမျှသော သတ္တဝါတို့၏ အသားကို စားလျက် မပြတ် နေစမြဲပြုသတည်း။

ဘီလူး၏ဗိမာန်ကား ညောင်ပင်အနီး တောကြီး၏အတွင်းဝယ် သန့်ရှင်းသော မြေအပြင်၌ တည်၏၊ လူတို့နေရာ ကောင်းစွာ တည်လုပ်အပ်သော မြို့ကဲ့သို့ တံတိုင်း၊ မြို့ရိုး၊ ပြအိုး၊ ပစ္စင်၊ ရင်လျှောက်၊ ရင်တား၊ တံခါး၊ ကျုံး၊ မြောင်းလည်း ရှိ၏။ အပြန့်အားဖြင့် ငါးယူဇနာ၊ အစောက်အားဖြင့် သုံးယူဇနာ ရှိသော ဗိမာန်အထက်၌ ကြေးကွန်ရက်တို့ဖြင့် ဖုံးလွှမ်းသည်ဖြစ်၍ သေတ္တာတံတင်ကဲ့သို့ ကောင်းစွာ လုံခြုံ၏။

**မင်းကြီးတာက ထွက်**

တစ်ရံသောအခါ အာဠဝီပြည်ကို အစိုးရသောမင်းသည် သင်းပင်းကျေးကျွန် ခြံရံမှုးမတ်တို့နှင့်တကွ ခုနစ်ရက်မျှလောက်ပင် တောကစားထွက်တော်မူသော် တောအုပ်၌ ကောသမင်ကို မြင်၍ "ငါတို့ ဗိုလ်ပါအပေါင်းတွင် အကြင်သူ၏အထံမှ သမင်သည် ထွက်ပြေးအံ့၊ ထိုသူ၏တာဝန်ဖြစ်စေ" ဟု ကတိကဝတ်ပြု၍ ထက်ဝန်းကျင် ဝန်းရံကြ၏။

ထိုအခါ လိမ္မာသော ဇော်ဂီသမင်လည်း မင်းကြီး၏နံပါးဖြင့် ထွက်၍ ပြေးလေဘိ၏။ မင်းကြီးလည်း အားအင်ပလနှင့် ပြည့်သူဖြစ်ရကား လေမြား သန်လျက် တို့ကို ကိုင်၍ လိုက်လေသဖြင့် ထိုဇော်ဂီသမင်လည်း သုံးယူဇနာမျှသာပြေး၍ ပင်ပန်းသောအခါ ရေရှိရာသို့သက်၍ ဟည်းလေ၏။ ထိုသမင်ကို သန်လျက်ဖြင့်ပိုင်း၍ အသားကို အလိုမရှိသော်လည်း မိမိ၏ ကျေးကျွန်ဖြစ်သော အမတ်တို့ ပျက်ရယ်ပြုမည် စိုးသောကြောင့် ထမ်းပိုးဖြင့် ထမ်းဆောင်၍လာခဲ့သော် အာဠဝကဘီလူး နေသော ညောင်ပင်ကြီးကို မြင်သဖြင့် အရိပ်အာဝါသ ကောင်းလှသဖြင့် အပန်းဖြေအံ့သောငှာ ဝင်၍နားလေ၏။

## ငါ့ပစ္စည်းနဲ့ ငါ့ကို လက်ဆောင် ဆက်ရသလား

ဘီလူးသည် မင်းကြီး ဝင်လာသည်ကိုမြင်လျှင် ကိုယ်တို ခင်၍ စားရန် အနီးသို့ ကပ်လာ၏။ ထိုသို့ ကပ်လာသည်ကို မင်းကြီးမြင်လျှင် အလွန် ကြောက်လန့်ရကား "ဤသမင်သားကိုစား၍ ကျွန်ုပ်အားလွှတ်ပါ" ဟု တောင်းပန်၏။ ဘီလူးသည် "မင်းကြီး....သင်သည် ဥစ္စာရှင်၏ ဘဏ္ဍာဖြင့် ဥစ္စာရှင်ကို ပဏ္ဏာပြု၍ လှည့်ပတ်သကဲ့သို့ ငါ့ကို လှည့်ပတ်ဘိသည် တကား။ ငါ့ ညောင်ပင်အောက်သို့ ရောက်သည်မှစ၍ သင်သည် လည်းကောင်း၊ ဤ (သမင်)၏ အသားသည် လည်းကောင်း ငါ့အစာသာ မဟုတ်လော" ဟု ဆို၏။

## ကတိကဝတ်

မင်းကြီးလည်း "ဘီလူးမင်း၊ သင်သည် တစ်နေ့ စားရသော အစာထက် နေ့ရက်ရှည်စွာ စားခြင်းကို အလိုမရှိပါသလော၊ ငါကား ဤအာဠဝီပြည်ကို အစိုးရသောမင်းတည်း။ ယနေ့ ဤအသားကိုသာစား၍ ငါ့ကိုလွှတ်ပါမူ လူတစ်ယောက်နှင့် ထမင်းတစ်အိုး ကို နေ့တိုင်း သင့်ထံသို့ ပို့စေအံ့" ဟု ဆို၏။

ထိုဘီလူးလည်း "သင့်ကိုလွှတ်၍ နန်းသို့ရောက်လျှင် မင်းစည်းစိမ်ကိုခံလျက်ရာဇဓာန်ဝင်သဖြင့်သင်မေ့လျော့စွာနေလတ္တံ့၊ ငါလည်းဤညောင်ပင် အောက်သို့ ရောက်သောသူကိုမှ စားခွင့်ရသည်။ သင်မပို့လာသော် သင့်ကို ငါအဘယ်သို့ အောင်နိုင်အံ့နည်း" ဟုဆို၏။ မင်းလည်း "ဤလူ တစ်ယောက်နှင့် ထမင်းတစ်အိုးကို အကြင်နေ့၌ ငါမပို့သည် ဖြစ်အံ့၊ ထိုသည့်နေ့ နန်း၌နေသောငါ့ကို သင်စားပိုင်စေလော့" ဟု ကတိကဝတ်ပြု၏။ ထိုအခါမှ အာဠဝကလည်း "သင်ဆိုတိုင်းမှန်စေ၊ သွားလေလော့" ဟု ခွင့်ပေး၏။

**ဘီလူးထံ အစာဆက်ရပုံ**

မင်းလည်း မြို့သို့ရှေးရှုလာခဲ့သော် ဗိုလ်ပါအများတို့ ခရီးအကြား၌ သစ်ခက်တဲဖြင့် နေလင့်ကြသည်နှင့် မင်းကြီးလာသည်ကိုမြင်လျှင် ဦးတင်ကြို၍ အကြောင်းကို မေးမြန်းပြောဟောလျက် မြို့သို့ဝင်တော်မူ၏။ နန်းသို့တက်၍နံနက်ထမင်းစားပြီးသော်မြို့ဝန်ကိုခေါ်၍ထိုအကြောင်းကိုကြား၏။

မြို့ဝန်လည်း ''အရှင်မင်းကြီး၊ အဘယ်မျှ နေ့ရက် ပိုင်းခြားထားသနည်း''ဟု မေး၏။ ''အပိုင်းအခြားကို ငါမထားမိခဲ့ချေ''ဟု ဆိုပေသော် ''အပိုင်းအခြားမရှိမူ ဘီလူးကိုနှစ်လရှည်ကြာ ကျွေးရချိမ့်မည်။ ဤအာဠဝီပြည်အလုံးသည် သင်ခုန်းသွားထက်၌နေရသကဲ့သို့ ဖြစ်လတ္တံ့၊ ယင်းသို့ဖြစ်သော်လည်း သင်မင်းကြီး ကြောင့်ကြမဲ့သာစံနေတော်မူ။ သူတစ်ပါးကို မသိစေလင့်၊ ဤအရေးကို ကျွန်ုပ်ဆောင်ပါအံ့''ဟု ခံ၍ နှောင်အိမ်သို့ သွင်းပြီးသော သတ်ထိုက်သော အပြစ်ရှိသူတို့ကို ခေါ်၍ ''သင်တို့ အသက်ရှည်လိုမူ ထွက်လှည့်ကြ''ဟုခေါ်၍ရှေးဦးစွာ လာသူကိုရွေးချယ်စေပြီးသော် ထမင်းကျွေး၍ ဤထမင်းချက်အိုးကို ညောင်စောင့်နတ်အား ပူဇော်ချေ၊ ပြီးလျှင် သင်လိုရာအရပ်သို့ သွားလေလော့''ဟု ဆို၍ လွှတ်လိုက်၏။ ထိုယောကျ်ားသည်း စေသောအတိုင်း သွား၍ ညောင်ပင်ရင်းသို့ရောက်လျှင် ရောက်ချင်း အလွန် ကြောက်မက်ဖွယ်သောကိုယ်ကိုဖန်ဆင်း၍ကျွတ်ကျွတ်ဝါးစားလေ၏။ ဘီလူးတို့၏ အာနုဘော် စွမ်းအင်ကြောင့်ပင် ကူမျှင်ဖြင့်ရစ်သောပိုးကဲ့သို့မလှုပ်ချောက်နိုင်။ တစ်ကိုယ်လုံးသည်ထောပတ်ဆီဦးကဲ့သို့ဖြစ်လေ၏။

**ရာဇဝတ်မှုမရှိကြတော့**

ဤသို့သောနည်းဖြင့် နေ့တိုင်းနေ့တိုင်းစေလွှတ်၍ ရောက်သမျှအား ဘီလူးစားသည်ကို လူတို့သိကုန်လျှင် ''ငါတို့အရှင်မင်းကြီးသည် ခိုးသူကို ဘီလူးစာကျွေးဘိသည်''ဟုအလွန်ကြောက်လန့်ကြ၍ ခိုးဝှက်ဆိုးသွမ်းခြင်းကို မပြုဝံ့ကြကုန်။ ကာလရှည်သတ်သော် ခိုးသူဟောင်းတို့ကုန်၍ အချုပ်ခန်းနှောင်အိမ်သည် ဆိတ်ငြိမ်လေ၏။ ထိုအခါ ဥစ္စာထုပ်ကို အိမ်ကြားအိမ်ဝလမ်း၊ ရပ်ကွက် စသည်တို့၌ချထား၍ကောက်ယူသူကို ဖမ်းယူ၍ပို့လေကုန်၏။ ထိုအကြောင်းကို ပြည်သားပြည်သူတို့သိပြန်လျှင် ဥစ္စာထုပ်ကို လက်၊ ခြေဖြင့် တို့ဝံ့သူမျှ မရှိကြ၍ ခိုးသူလူစွမ်း မရနိုင်သော် အမတ်တို့သည် မင်းရင်ပြင်၌ စည်းဝေး၍ ဤသို့ကြံကြကုန်၏။ ''ပြည်အလုံးသည် အရှင့်ကျေးဇူးတော်ကို ခံရသူချည်းသာ ဖြစ်သည်။ အမျိုး နိမ့် မြင့် အစဉ်အတိုင်း တစ်ယောက်

တစ်ယောက်သောသူအိုတို့ကို စေလွှတ်ကြကုန်အံ့၊ အဘယ်ကြောင့်နည်းဟူမူ သူအိုတို့သည် အလိုလိုပင်သေခြင်း၏ခံတွင်းသို့ဆင်းရဆဲဖြစ်သည်။ ထို့ကြောင့် စုံမက်ရာမရှိကြပြီ' ဟု ဆို၏။

ထိုစကားကို မင်းကြီး ကြားသော် "ဤအရေးကားမသင့်၊ အဘယ်ကြောင့်နည်းဟူမူ၊ မိဘ ဘိုးဘေးတို့၏ ကျေးဇူးကို သိတတ်သော သူတို့သည် ငါတို့၏ ဘိုးဘေးကို ဘီလူးစာ ကျွေးပြီဟု ပြည်အလုံးသည် ချောက်ချားရာလတ္တံ့၊ ပို၍သူတို့သော်လည်း အပြစ်ကြီးစွာ ဖြစ်လတ္တံ့၊ ထို့ကြောင့် ငါမနှစ်သက်' ဟု ဆို၏။

ထိုသို့ဖြစ်တပြီးကား "ပုခက်တွင်း၌ ပက်လက် အိပ်တတ်ကာဖြစ်သော သူငယ်တို့ကို ပို့စေကုန်အံ့၊ အဘယ်ကြောင့်နည်းဟူမူ ထိုသူငယ်ကား မိဘများလည်း လွန်စွာ မချစ်ခင်သေး၊ ငါ့မိ ငါ့ဖ ဟူ၍လည်း သူငယ်မသိသေး" ဟု ဆိုကြကုန်၏။

အာဠဝီမင်းလည်း ဤအရေးသင့်ပြီဟု ခွင့်ပြုလေသော် နေပြည်တော်၌ အိမ်စဉ်အတိုင်း သူငယ်ကိုယူ၍ ပို့လေကုန်၏။ ထိုအခါ သားငယ်သမီးငယ်ရှိသော မိန်းမတို့သည် လည်းကောင်း၊ ကိုယ်ဝန်ဆောင်သော မိန်းမတို့သည် လည်းကောင်း အရပ်တစ်ပါးသို့ပြေး၍ မွေးမြူကြပြီးလျှင် သူငယ်ကြီးရင့်မှသာ လာဝံ့ကုန်၏။

**သားအရင်းကို ဘီလူးစာကျွေးပြီ**

ဤသို့သောနည်းအားဖြင့် တစ်ဆယ့်နှစ်နှစ် ကိုင်တိုင်ရှိ၍ လူပေါင်းလေးထောင့်သုံးရာနှစ်ဆယ် ကုန်လေသော် အာဠဝီပြည်တွင်း၌ တစ်ယောက်သော သူငယ်ကိုမျှ ရှာ၍မရလေရကား၊ အမတ်တို့သည် မင်းကြီးထံသို့ သွား၍ 'အရှင်မင်းတရား...ယမန်နေ့ကဖွားသော အာဠဝကကုမာရမှ တစ်ပါး သူငယ်ကား မရှိချေပြီ' ဟု လျှောက်၏။ မင်းကြီးလည်း "ဤလောက၌ မိမိကိုယ်ထက် စုံမက်ချစ်ခင်အပ်သောသူကား မရှိချေ၊ သားကိုတွယ်တာက ငါ အန္တရာယ်ဖြစ်ချေတော့မည်ဟု နှလုံးပြု၍ ငါ့သားကို ပို့ကြလေ" ဟု စေတော်မူ၏။

ထိုအခါ မိဖုရားလည်း သားတော်ကို တန်ဆာဆင်၍ ရင်ခွင်ထက်၌ နေစေပြီးသော်၊ အထိန်းအယာ မောင်းမကိုယ်လုပ်တို့အား ခန့်ထားစီမံ၍ နေစဉ်အတွင်း မင်းချင်းယောကျ်ားတို့သည် မင်း၏အာဏာဖြင့် အာဠဝကမင်းသားကို မတောင်း၍ တစ်သောင်း ခြောက်ထောင်သော မောင်းမ နို့ထိန်းတို့နှင့်တကွ မိဖုရားကြီး ငိုကြွေးမြည်တမ်းစဉ်ပင် ယူငင်၍ သွားကြကုန်၏။

**မြတ်စွာဘုရား အာဠာဝကထံ ကြွပုံ**

ဤသို့ အာဠဝကမင်းသားကို ဘီလူးစားခံ နက်ဖြန်ပို့ရမည် ရှိသည်တွင် ရှေးနေ့ နံနက်သောအခါကပင် မြတ်စွာဘုရားသည်လည်း မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သဗ္ဗညုတဉာဏစက္ခုဖြင့် လောကကို ရှုတော်မူသော် အာဠဝက မင်းသားကလေး၏ အနာဂါမိဖိုလ်သို့ ရောက်လတ္တံ့သောအကြောင်း၊ အာဠဝကဘီလူး၏ သောတာပတ္တိဖိုလ်သို့ ရောက်လတ္တံ့သောအကြောင်း၊ ရှစ်သောင်းလေးထောင်သောသတ္တဝါတို့၏ တရားရအံ့သောအကြောင်းတို့ကို မြင်တော်မူ၍ လဆုပ်ပက္ခ ပက္ကယ်နေ့ ညချမ်းသောအခါ၌ ကိုယ်တော်မြတ် တစ်ပါးတည်းသာလျှင် ပရိက္ခရာ ရှစ်ပါးကို ဆောင်တော်မူလျက် သာဝတ္ထိမြို့မှ ယူဇနာသုံးဆယ်ကွာသော အာဠဝီပြည်သို့ခြေလျင်ကြွတော်မူလာ၍ အာဠဝကဘီလူး၏ဗိမာန်အတွင်းသို့ ရောက်တော်မူ၏။

**အာဠဝက ဗိမာန်ဝယ်**

ထိုအခါ အာဠဝက ဘီလူးလည်း ဟိမဝန္တာဝယ် များစွာသော နတ်တို့၏ အစည်းအဝေးသို့ သွားခိုက်ဖြစ်၍ ဘုရားသခင် ဗိမာန်တံခါးဝ၌ ရပ်တော်မူသည်ကို တံခါးစောင့်ဖြစ်သော ဂဒြဘဘီလူးမြင်လျှင် ကြည်လင်မြတ်နိုး ရှိခိုး ချဉ်းကပ်လျက်—

''အရှင်ဘုရား....အဘယ်ကြောင့် ညဥ့်အခါမှ ကြွလာ တော် မူ သနည်း''ဟု လျှောက်၏။

ဘုရားသခင်လည်း ''အကြောင်းရှိ၍ပင် ငါလာသည်''ဟု မိန့်တော်မူပြီးမှ—''အချင်း ဂဒြဘ၊ သင် ဝန်မလေးမူ တစ်ညဥ့်မျှ ဤဗိမာန်တွင် ငါ တည်းချင်ပါသည်''ဟု မိန့်တော်မူသော်—

''အရှင်ဘုရား....အကျွန်ုပ်ကား ဝန်မလေးပါ။ အာဠဝက မည်သော ဤဗိမာန်ရှင်ဘီလူးသည် အထူးသဖြင့် ကြမ်းတမ်း ခက်ထန်လှပါသည်။ မိဘဆရာကိုမျှ ရိုသေမြတ်နိုး ရှိခိုးခြင်းကို မပြုပါ။ ရတနာသုံးပါး၏ ကျေးဇူးဂုဏ်ကိုလည်း မသိချေ၊ ထို့ကြောင့် ဤ၌ တည်းခိုခြင်းကို ကျွန်ုပ် မနှစ်သက်ပါ''ဟု လျှောက်၏။

ဘုရားသခင်လည်း ''အချင်း ဂဒြဘ....အာဠဝက၏ ကြမ်းတမ်းသောအဖြစ်ကို ငါ သိ၏။ သင်တို့ အာဠဝကကြောင့် ငါ့အား အန္တရာယ် မဖြစ်နိုင်ရာ၊ သင် ဝန်မလေးမူ တစ်ညဥ့်မျှသာ တည်းပါရစေ''ဟု မိန့်တော်မူ၏။

ဂဒြဘသည်း ''အရှင်ဘုရား—ဤအာဠဝကကား ပူပြင်းလှသော မီးအိုးကင်းနှင့် တူပါသည်။ မိဘ၊ ဆရာ၊ ရတနာသုံးပါး၊ ရဟန်း၊ ပုဏ္ဏား

ဟူ၍ ထေခက်ထား ညှာတာခြင်းမရှိ၊ ဂုဏ်ကျေးဇူးလည်း မသိပါ။ သူနေရာသို့ ရောက်လာသောသူတို့အား စိတ်ဖောက်ပြားအောင်လည်း ပြုတတ်ပါသည်။ နှလုံးသားကိုလည်း ခွဲတတ်ပါသည်။ ခြေကိုကိုင်၍ သမုဒ္ဒရာတစ်ဖက် စကြာဝဠာနားသို့သော်လည်း ပစ်တတ်ပါသည်။ ထို့ကြောင့် မတည်းခိုလင့်''ဟု လျှောက်လေလျှင်=

ဘုရားသခင်လည်း ''အာဠဝက အကြောင်းကို ငါသိတော်မူ၏။ အချင်း ဂဒြဘ....သင် ဝန်မလေးသည်ဖြစ်က တစ်ညဉ့်မျှသာ ငါတည်းခိုမည်''ဟု မိန့်တော်မူသော်....

''အကျွန်ုပ်ကား ဝန်မလေးပါ၊ သို့ရာတွင် တည်းခိုလော့ဟု ဆိုချေမူ အကျွန်ုပ်ကို သတ်ရာ၏။ ထို့ကြောင့် တည်းခိုတော်မူလိုလျှင် အာဠဝကထံ အကြောင်းကြားပါဦးမည်''ဟု လျှောက်၏။

ဘုရားသခင်လည်း ''သင် ကြားလိုလျှင် ကြားချေ''ဟု မိန့်တော်မူပြီးလျှင် ဗိမာန်တွင်းသို့ဝင်၍ နတ်ပွဲသဘင်မင်္ဂလာပြုသောအခါ၌ အာဠဝက ဘီလူးသည် နတ်၏အသရေကိုခံစံရာ ရတနာခုနစ်ပါး အတိပြီးသော ရာဇပလ္လင်ထက်သို့တက်၍ တစ်ခဲနက် ဝါဝင်းသော ပီတရောင်ခြည်တော်ကို လွှတ်တော်မူ၏။ အာဠဝက၏ မောင်းမမိဿံတို့သည် ဘုရားထံသို့လာ၍ ရိုသေစွာ ရှိခိုးလျက် ခြံရံကာ နေကြကုန်သော် ကိုယ်တော်မြတ်လည်း ထိုသူတို့နှင့် လျော်ကပ်သော တရားစကား ဖြင့်....

''သင်တို့ကား ရှေးရှေးသောဘဝက ဒါန၊ သီလ၊ ဘာဝနာကို လွန်စွာဆည်းပူး၍ ပူဇော်ထိုက်သောသူကို ပူဇော်ဖူးသောကြောင့် ထူးမြတ်သော နတ်တို့၏စည်းစိမ်ကို ရသည်။ သူတစ်ပါးအား သနားခြင်း၊ ချစ်ခင်ခြင်းကြောင့်လည်း အဆင်းအရောင် လှပသည်။ ယခုဘဝ၌လည်း ကုသိုလ်ကောင်းမှုကို ပြုစု အားထုတ်ကြကုန် အချင်းချင်း၌ ငြူစူခြင်း၊ ဝန်တိုခြင်း၊ ကိုယ်ဖြင့် ထိပါးခြင်း၊ ချုပ်ချယ် ပြစ်မှားခြင်း စသည်ကို မပြုကုန်လင့်''ဟု ပြိုးပြွမ်းသော တရားတို့ကို ဟောကြား ဆုံးမပြသနေတော်မူ၏။

ဂဒြဘ ဘီလူးလည်း နတ်တို့၏ စည်းဝေးရာ ဟိမဝန္တာသို့ ရှေးရှူသွားလေ၍ အာဠဝက ဘီလူးအား ဘုရားသခင် ဗိမာန်တွင် ဝင်၍ နေကြောင်းကိုလျှောက်လေသော် ထိုအာဠဝကလည်း ''အချင်၊ ဂဒြဘ.... ငါကဲ့သို့သောသူ၏ဗိမာန်ကို မရှို့ မလေးစား၊ ဘုရားဆိုသူ ဝင်၍နေခြင်းသည် ကြားရုံမျှမတင့်တယ်၊ ရှက်ဖွယ်ရှိလှပါသည်တကား၊ဆိတ်ဆိတ်သာ သင်နေ၊ မည်သူမျှ မသိစေလင့်၊ ပြုခွင့်ရှိသမျှကို ငါပြုမည်''ဟု ဆို၏။

## နတ်သဘင်တွင် သတိပေးကြခြင်း

ထိုခဏ၌ သာတာဂိရိ နတ်မင်း၊ ဟေမဝတ နတ်မင်းတို့သည်လည်း မိမိတို့ရှိသော အခြံအရံနှင့် တကွ နတ်အစည်းအဝေးသို့ ဝင်အံ့သောငှာ ဆင်ယာဉ်၊ မြင်းယာဉ်၊ ဂဠုန်ယာဉ် စသည်တို့ကို စီးလျက် ကောင်းကင် ခရီးဖြင့် လာကြကုန်သော် အာဠဝက ဗိမာန်၏အထက်သို့ ရောက်လျှင် ဘုရားသခင် အာနုဘော်ကြောင့် မကျော် မသန်းနိုင်ပဲ ပစ်လိုက်သောခဲ ကျသကဲ့သို့ စီးသောယာဉ်နှင့်တကွ မြေပြင်သို့ ကျလာလျှင် ငါတို့ အစဉ် သွားမြဲခရီးဖြစ်လျက် အဘယ့်ကြောင့် ကျသနည်းဟု ကြည့်ရှုသတ်သော် ရှင်တော်ဘုရားကို ဗိမာန်၌ စံလင့်နေသည်ကို မြင်၍ ဝင်ကြပြီးသော် ပူဇော် မြတ်နိုး ရှိခိုး ခယလျက် ''ယနေ့ည ဒေဝတာ သန္နိပါတ နတ်သဘင် (အစည်းအဝေး)ဖြစ်၍ ထိုအစည်းအဝေးသို့ ကျွန်ုပ်တို့သွားပါဦးအံ့''ဟု လျှောက်ကြား၍ သွားကြလေ၏။ ထိုနတ်တို့၏ အစည်းအဝေးသို့ ရောက် လတ်သော် အာဠဝကလည်း နေရာမှထ၍ ''ကြွ၍နေတော်မူကြပါ''ဟု နေရာကို ဖယ်ပေးကြ၏။

## ဒေါသကြီးလှ အာဠဝက

ထိုအခါ သာတာဂိရိနတ်၊ ဟေမဝတနတ်တို့က ''အဆွေ အာဠဝက....ယနေ့ သင့်အား အရတော်ကြီးပေစွ၊ ဘုရားသခင်သည် သင်၏ ဗိမာန်၌ စံနေတော်မူသည်။ မြန်စွာသွား၍ ညွတ်တွား ပျပ်ဝပ် ဆည်းကပ် ပူဇော်လေလော့'' ဟု ဆို၏။

ထိုစကားကိုကြားလျှင်=

(၁) သီလ မရှိသောသူအား သီလစကားကို တိုက်တွန်း ပြော ကြားလျှင် နားနှစ်ဘက်တွင်း၌ တံတင်းနှက်ဟန်ထင်သကဲ့ သို့လည်းကောင်း။

(၂) စေးနည်း ဝန်တိုသောသူအား အလှူစကားကို ကြားလျှင် နားပါးနင့်၍ သွားလင့်သကဲ့သို့ လည်းကောင်း၊ ထို့အတူ ကြည်ဖြူခြင်းသဒ္ဓါတရားမရှိသော အာဠဝကသည်လည်း ဘုရားရှင်၏ ကျေးဇူးစကားကို ကြားလျှင် မျက်နှာတင်း မရွှင် ခါးချဉ်သော ဒေါသစိတ်ကြွ၍ ပူလှသောအိုးကင်း၌ ချလိုက်သောဆားကဲ့သို့အမျက်အားဖြင့်ဖျစ်ဖျစ်မြည်လျက်

''မရည်မငံ ငါ့ဗိမာန်တွင် ဝင်၍နေသော ဘုရားဟူသည် ဘယ်သို့ သောသူနည်း။ သတ်မည်၊ စားမည်၊ ထွားထွားကြေစိမ့်မည်''ဟု ကြုံးဝါး လေသော်—

သာတာဂိရိ၊ ဟေမဝတတို့ကလည်း "အချင်း - အာဠဝက… သင်သည် ငါတို့ဆရာ မြတ်စွာဘုရားကိုမျှ မသိလေ၊ ထိုဘုရားသည် တုသိတာ နတ်ပြည်ဝယ် စံနေတော်မူရာမှ နတ်ဗြဟ္မာ အပေါင်းတို့ တောင်းပန်သည့်အရာကြောင့် လူ့ပြည်သို့လာ၍ ပဋိသန္ဓေ ယူတော်မူသည်။ ယင်းသို့ ပဋိသန္ဓေနေသောအခါ၊ ဖွားတော်မူသောအခါ၊ တောထွက်တော်မူသောအခါ၊ ဘုရားဖြစ်တော်မူသောအခါ၊ ဓမ္မစကြာတရား ဟောကြားတော်မူသောအခါ၊ ဤအခါတို့၌ စကြာဝဠာတိုက်တစ်သောင်းလုံး တုန်လှုပ်သည်။ သုံးဆယ့်နှစ်ပါးသော ပုဗ္ဗနိမိတ်တို့ ထင်ကုန်သည်၊ ထိုသို့သော အံ့ဖွယ်သရဲ မဖြစ်စဖူးမြဲသော ပုဗ္ဗနိမိတ်တို့ ထင်ကုန်သည်ကို သင် မမြင်သလော"ဟု မေး၏။

အာဠဝကလည်း ဒေါသကြီးသောအားဖြင့် ထင်ရှား သိမြင်လိုက်လျက် ကွယ်ဝှက်ဖုံးဖိ၍ "ငါမသိမမြင်"ဟု ဆို၏။

## စမ်းလိုလျှင် စမ်းလေလော့

ထိုအခါ သာတာဂိရိနတ်တို့ကလည်း "အချင်း အာဠဝက၊ သင်မြင်သည် ဖြစ်စေ-မမြင်သည် ဖြစ်စေ သင်၏ မြင်ခြင်း-မမြင်ခြင်းသည် အကြောင်းမဟုတ်၊ သမ္ဗုဒ္ဓစစ် ဖြစ်တော်မူသော ငါတို့ဆရာ မြတ်စွာဘုရားကိုကား အသို့ ပြုနိုင်အံ့နည်း။ ဘုရားရှင်နှင့် သင့်ကိုစာ၍ ဥပမာ ထင်သော် ကောင်းကင်၌ သွားလာသော အာဇာနည်နွားလားဥဿဘနှင့် ဖွားသစ်စ နွားငယ်ကဲ့သို့ လည်းကောင်း၊ ယောကျ်ားဗိုလ်ခြေ ကုဋေ တစ်သိန်း၏အားကိုဆောင်သောဆင်ပြောင်ကြီး၏အပါး၌ ဖွားသစ်စဖြစ်သော ဆင်ငယ်ကဲ့သို့လည်းကောင်း၊ သားတကာတို့ညွှတ်ကြိုးဦးနှိမ်ရာကေသရာဇာ ခြင်္သေ့မင်း၏အနီး၌ မြေခွေးအိုကဲ့သို့ လည်းကောင်း၊ ယူဇနာ တစ်ရာ့ငါးဆယ် ရှည်သွယ်ကြီးပြင်းသော ဂဠုန်မင်း၏အနီး၌ အတောင်ပြတ်သော ကျီးကဲ့သို့ လည်းကောင်း၊ ထို့အတူသာ သင်ဖြစ်ပါသည်တကား၊ သင့် စွမ်းအားကို ဘုရားရှင်၌ သင်စမ်းလိုရာပင် စမ်းလေလော့"ဟု ဆိုကြ၏။

## အာဠဝက တိုက်ခိုက်ပုံ

ထိုစကားကိုကြားသောအခါ အာဠဝကလည်း ဒေါသပြင်းထန်စွာထ၍ ဆေးဒန်းမြင်းသီလာ ကျောက်ဖျာအထက်၌ လက်ဝဲခြေဖြင့် နင်း၍ 'နတ်မင်းတို့ဆရာ ဂေါတမနှင့် ငါ အစွမ်းအားသည် မည်သူက တန်ခိုးသာ မသာကို ကြည့်ရှုကာ နေကြကုန်"ဟု ကြုံးဝါး၍ အလျားအစောက်ယူဇနာခြောက်ဆယ်ရှိသော ကေလာသတောင်ထွတ်ကို လက်ယာ ခြေဖြင့်နင်းလိုက်လျှင် ပန်းပွဲဖိုတွင်း၌ ရဲရဲဝင်းသောသံတွေကို ပေ၌တင်၍

ရိုက်သောအခါ အလွှာလွှာ ကွာ၍ထွက်သကဲ့သို့၊ ထို့အတူ ကေလာသတောင်ထွတ်သည် အချပ်အချပ် အလွှာအလွှာကွာ၍ ဖရိုဖရဲ တကွဲစီဖြစ်သွားသေ၏။

**ကြီးမားသော ကြိမ်းဝါးသံကြီး**

ထို့နောက် ကေလာသတောင်ထိပ်၌ရပ်လျက် "ငါအာဠဝကဟေ့" ဟု ကြုံးဝါး ဟစ်အော်သော အသံသည် ဤဇမ္ဗူဒိပ်ကျွန်း အလုံးကြား၍ အိမ်ပါးအိမ်ဝတွင် ဟစ်သကဲ့သို့ ထင်ကုန်သည်။ အလျားအနံ ယူဇနာ သုံးထောင်ရှိသော ဟိမဝန္တာတောနှင့် မြေပြင်အလုံးသည် ကြုံးဝါးသော အသံကြောင့် အလွန်တုန်လှုပ်သည်။

**အသံကြီးလေးမျိုး**

ဤလောက၌ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး သိမ့်သိမ့်တုန်စေသော အသံကြီး လေးမျိုး ပေါ်ပေါက်ခဲ့လေသည်။ ထိုအသံကြီးလေးမျိုး ကား...

(၁) ဝိဓုရဇာတ်၌ ပုဏ္ဏကဘီလူး စစ်သူကြီး ဓနဥ္စယကောရဗျမင်းကို ကြွေအန်ကစားရာ၌အောင်နိုင်၍ လက်ပမ်းပေါက်ခပ်ပြီးလျှင် "ငါနိုင်ပြီ....ငါနိုင်ပြီ" ဟု ဟစ်အော်ကြွေးကြော်သောအသံ။

(၂) သိကြားနတ်မင်းသည် ကဿပမြတ်စွာ သာသနာ ဆုတ်ယုတ်သောအခါ၌ ဝိသုကြုံနတ်သားကို ခွေးနက်ကြီးယောင်ဆောင်စေ၍ "ငါသည် ယုတ်မာသော ရဟန်းတို့ကိုလည်းကောင်း၊ ယုတ်မာသော ရဟန်းမတို့ကို လည်းကောင်း၊ ယုတ်မာသော ဥပါသကာတို့ကို လည်းကောင်း၊ ယုတ်မာသော ဥပါသိကာမတို့ကိုလည်းကောင်း အဓမ္မဝါဒီပုဂ္ဂိုလ်အလုံးစုံတို့ကို ခဲစားအံ့" ဟူ၍ ဟစ်အော် ကြွေးကြော်စေသော အသံ။

(၃) ကုသဇာတ်၌ ပဘာဝတီ မင်းသမီးကို ရလိုသောကြောင့် ခုနစ်ပြည်ထောင်မင်းများ မြို့ကို ဝန်းရံပိတ်ဆို့လတ်သောအခါ ပဘာဝတီမင်းသမီးကို ကိုယ်တော်နှင့် အတူတကွ ဆင်ကျောက်ကုန်းထက်သို့ တင်ဆောင်၍ မြို့မှထွက်ပြီးလျှင် "ခြင်္သေ့မင်းကဲ့သို့ ရဲတင်း စူးရှသော အသံရှိသည့် သီဟဿရ ကုသမင်းမြတ် ဟူသည်မှာ ငါပင်တည်း" ဟု အလောင်းတော် ကုသမင်း၏ ဟစ်အော် ကြွေးကြော်သောအသံ။

(၄) ယခု ရေးသား ဖော်ပြနေဆဲဖြစ်သည့် ဂေါလာသ ကောဝီ ထွက်၌ ရပ်တည်ကာ "အာဋ္ဌာဝက ဆိုတာ ငါပဲကွ"ဟု အာဋ္ဌာဝကနတ်ဘီလူး စစ်သူကြီး၏ ကြုံးဝါး ဟစ်အော် ကြွေးကြော်သော အသံ....ဤသို့လျှင် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး အနှံ့ကြားသိရသော အသံကြီးတို့သည် လေးမျိုးရှိကုန်၏။ မှန်၏- ထိုအသံကြီး လေးပါးတို့ဖြင့် ကြုံးဝါး ဟစ်အော် ကြွေးကြော်သော အခါများက ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ရှိသမျှသော မြို့ရွာများ၏ တံခါးဝတိုင်း၊ တံခါးဝတိုင်း၌ ရပ်တည်ကာ ကြွေးကြော် ဟစ်အော် အပ်သကဲ့သို့ ထင်ရလေသည်။

မုန်တိုင်းလက်နက်

ထို့နောက် "ရဟန်းဂေါတမကို ပြင်းပြသောလေဖြင့် လွင့်စေအံ့" ဟု ကြံ၍ သည်းထန်စွာသော လေမုန်တိုင်းကိုလာစေသော်၊ ထိုလေအဟုန်သည် အလုံးစုံသော ဟိမဝန္တာ၌ တစ်ယူဇနာနှင့်၊ နှစ်ယူဇနာ၊ သုံးယူဇနာ ရှိသော တောင်ထွက်မြောက်ကမ်းတို့ကို ဖြန်းဖြန်းကွဲပြိုစေလျက် တောချုံ သစ်ပင်တို့ကို နှိပ်စက်၍ အာဠဝီပြည်တွင်းသို့ ဝင်ပြီးသော် ဆင်တင်းကုပ်၊ မြင်းတင်းကုပ်၊ အုပ်ကြွပ် အိမ်ဟောင်းတို့ကို အမှုန့်သောင်းသောင်း ဖြစ်စေလျက် ဘုရားထံသို့ ရောက်လတ်သော် သင်္ကန်းတော်အနားမျှ မလှုပ်ရှားနိုင် ကြေကွဲ ပျောက်ဆုံးလေ၏။

မိုးကြီးဖြိုင်ဖြိုင်

ထို့နောက် ရေအလျဉ်ဖြင့်လွှမ်း၍ "ရဟန်းဂေါတမကို သေစေအံ့"ဟု ကြံ၍ ကမ္ဘာပျက်မိုးကဲ့သို့ မိုးကို ထစ်ချုန်း ပြင်းထန်စွာ ရွာပြန်စေသော် မိုးရေအလျဉ်သည် သစ်ပင်တောင်ကမ်းတို့ကို နှုတ်လွှမ်း ကွဲပျက်စေလျက်သွားသဖြင့် ဘုရားရှင်ထံသို့ ရောက်သော် နှင်းပေါက်မျှ မစွတ်ပဲ လွင့်ရာသို့ ရှောင်လေ၏။

ကျောက်စစ်မိုး

ထို့နောက်မှ သီးသီး၊ ဥသျှစ်သီးမျှလောက်သော ကျောက်စစ်မိုးတို့ကို ရွာပြန်စေလျှင် မြေအပြင်၌ ပဲ့တင်ထောင်ဟည်းလျက် တောင်ကြီးကမ်းကြီး အထွတ်တို့သည် ကြေပြတ် ပြိုကွဲလျက်သွားသဖြင့် ဘုရားထံသို့ ရောက်လတ်သော် နတ်ပေါက်ပေါက်ပန်းတို့သည် ထူးဆန်းစွာ ဖြစ်ကုန်၏။

**လက်နက်မိုး အမိုးအလျှံနှင့် အမိုက်တိုက်**

ထို့နောက်မှ တစ်ဖက်သွား နှစ်ဖက်သွားရှိသော သင်ခုန်း၊ လှံတန်၊ သန်လျက်မိုးတို့ကို အခိုးအလျှံနှင့်ရွာစေသည်။ ထို့နောက်မှ ရဲရဲနီသော မီးကျီးမိုးပြာပူမိုး၊ သဲလဲမိုး၊ ညွန်ပျောင်းမိုးတို့ကို အခိုးအလျှံနှင့်တကွ ရွာစေသည်။ ဘုရားခြေ တော်ရင်းသို့ရောက်လျှင် ပေါက်ပေါက်ပန်းကောင်း နံ့သာပျောင်း၊ နံ့သာမှုန့်တို့သာ ဖြစ်လေကုန်၏။ ထိုနောက်မှ ''ရဟန်းဂေါတမသည်ထိတ်လန့်ကြောက်ရွံ့၍ပြေးလေစေ''ဟုလေးထွေသောအင်္ဂါနှင့်ပြည့်စုံသော မိုးအမှိုက်တိုက်ကို ဖြစ်စေပြန်သော်၊ ကိုယ်တော်မြတ် ထံသို့ရောက်လျှင် နေရောင်ဖြင့် ဖျောက်အပ်သော အမိုက်တိုက်ကဲ့သို့ အစဉ်တစိုက် ထွက်လေ၏။ ဤသို့လျှင် မာရ်နတ်သား တိုက်ခိုက်ခဲ့သော လက်နက်ကြီး ကိုးပါးဖြင့် အစဉ်အလိုက် တိုက်ခိုက်လေ၏။

**စစ်ကူများခေါ်ပြီ**

အာဠဝကလည်း ကိုးပါးသော လက်နက်တို့ဖြင့် တိုက်ဖျက်၍ ဘုရားရှင်၌ တစ်စုံတစ်ခုမျှ အပြစ်မရှိသည်ကိုမြင်လျှင် မိမိကိုယ်တိုင်ဝင်၍ ဆွဲငင်နှိပ်စက် ဖျက်ဆီးလိုရကား များစွာသော ဘီလူးစစ်သည်အပေါင်းတို့ကိုခေါ်၍ အထူးထူးအပြားပြားသော ကိုယ်သဏ္ဌာန်ကို ဖန်ဆင်းလျက်၊ အထူးထူး အပြားပြားသော လက်နက်တို့ကို ကိုင်စေပြီးလျှင် ဝင်ကြကုန်၊ ဖမ်းကြကုန်၊ ထိုးခုတ် သတ်ဖြတ်ကြကုန်ဟု အော်ဟစ်၏။ စစ်အင်္ဂါလေးပါးနှင့်ပြည့်စုံသော ကုမ္ဘဏ် ဘီလူးအပေါင်းတို့ နောက်က ပါပါသော်လည်း အာဠဝကသည် အလျှံ ပြောင်ပြောင် တောက်လောင်သော သံတွေခဲကို ယင်ရဲတို့ မတိုးဝံ့သကဲ့သို့ ဘုရားထံရင်းသို့ မချဉ်းကပ်ဝံ့ချေ။ အဝေးကနေ၍သာ အာဏာတန်ခိုးပြ၏။

## ဒုဿဖြူလက်နက်

ဤသို့သောနည်းဖြင့် ညဉ့်ဦးမှ သန်းခေါင်ယံကုန်အောင်ကြံဆောင် ဖျက်ဆီးငြားသော်လည်း ဘုရားရှင်၏ တုန်လှုပ်ခြင်းမရှိသည်ကို မြင်သော် ''ဤအရှင်ဂေါတမကား ကြီးမားသောတန်ခိုးရှိသည်၊ ဒုဿဖြူလက်နက်မှသာ တတ်နိုင်ရာတော့သည်။ ဤဒုဿဖြူလက်နက်ကား ငါအမျက်ထွက်၍ ကောင်းကင်ထက်သို့ ပစ်သော် တစ်ဆယ့်နှစ်နှစ် ပတ်လုံး မိုးမရွာနိုင် ဖြစ်ရာသည်။ မြေသို့ပစ်သော် သစ်ပင်အပေါင်းတို့သည် တစ်ဆယ့်နှစ်နှစ်ပတ်လုံး သွင်းဖျင်း သွေ့ခြောက်၍ အညွန့်မပေါက်ပဲရှိရာသည်။ သမုဒ္ဒရာထဲသို့ပစ်သော် ရှစ်သောင်း လေးထောင် နက်ချောင် ကျယ်ဝန်းသော ရေအသုသည် အိုးကင်းပူ၌ ချလိုက်သောရေပေါက်ကဲ့သို့ခန်းခြောက်ရာသည်။ ဤသို့သော အစွမ်းနှင့် ပြည့်စုံသော လက်နက်ကို လွှတ်တော့မည်''ဟု ကြံယူ၍ ဒုဿဖြူ

ပုဆိုးကို ပစ်လွှတ်လိုက်သော်ရှင်တော်ဘုရားထံသို့ရောက်လေလျှင် ခြေသုတ်ပုဆိုးဖြစ်၍ တည်နေလေ၏။

## နတ်ဖြူဖွဲ့အပေါင်းတို့ စုဝေးရောက်လာခြင်း

ယင်းသို့သောအခါ စကြာဝဠာတစ်သောင်း၌ နေကုန်သော နတ်ဖြူ အပေါင်းတို့သည် "ယနေ့ကား ဘုရားသခင်သည် အာဠဝကကိုဆုံးမလိမ့်မည်။ ထိုအခါ ငါတို့လည်း တရားတော်ကို နာရလတ္တံ့" ဟုကြံ၍ အတတ်တော်သို့ လာကြကုန်သည်။ အချို့သော နတ်တို့လည်း အာဠဝကနှင့် လူသားဘုရားတို့၏ စစ်ထိုးခြင်းကို ရှုအံ့ဟုနှလုံးပြုကာ စည်းဝေးလာကြကုန်သည်။ ယူဇနာ လေးသောင်း နှစ်ထောင်ရှိသောကောင်းကင်ပြင် အရပ်သည် နတ်ပရိသတ်တို့ဖြင့် ပြည့်လေသတည်း။

## လက်နက်ကြီး လေးမျိုး

ဤလောက၌ အကြီးမြတ်ဆုံး လက်နက်ကြီးလေးမျိုးတို့ ရှိကြသည်။

(၁) သိကြားမင်း၏ ဝရဇိန်လက်နက်။

(၂) ဝေဿဝဏ်နတ်မင်း၏ သံဘင်းပုတ်လက်နက်။

(၃) ယမမင်း၏ မျက်စောင်းလက်နက်။

(၄) အာဠဝကဘီလူး၏ ဘွဲ့ဖြူနတ်ပုဆိုး လက်နက်တို့ ဖြစ်သည်။

(၁) သိကြားမင်း၏ ဝရဇိန်လက်နက်သည်။ အမျက်ထွက်၍ မြင်းမိုရ်တောင်ထိပ်၌ ပစ်လွှတ်လိုက်လျှင် ယူဇနာပေါင်း တစ်သိန်းခြောက်သောင်း ရှစ်ထောင် အစောက်ရှိသော မြင်းမိုရ်တောင်မင်းကို တိုးလျှိုပေါက်ဖောက်ထွင်း၍ အောက်အဖို့ မြင့်ထွက်သွားလေရာ၏။

(၂) ဝေဿဝဏ်နတ်မင်း၏ သံတင်းပုတ် လက်နက်သည်။ ဝေဿဝဏ်နတ်မင်းကြီး၏(ပုထုဇဉ်ဖြစ်စဉ်) ရှေးယခင်အခါက အမျက်ထွက်၍ ပစ်လွှတ်အပ်သော သံတင်းပုတ် လက်နက်သည် ယက္ခနတ် ထောင်ပေါင်းများစွာတို့၏ ဦးခေါင်းကို ထောင်းထောင်းပြတ် ကြွေကြစေလျက် တစ်ဖန် ဝေဿဝဏ်နတ်မင်း၏ ဟတ္ထပါသ်အတွင်းသို့ ပြန်လာကာ မူလနေရာ၌ တည်လေသည်။

(၃) ယမမင်း၏ မျက်စောင်းလက်နက်။ ငရဲသနင်း ယမမင်း အမျက်ထွက်၍ မျက်စောင်းတစ်ချက် ထိုး၍ကြည့်လိုက်လျှင် ကုမ္ဘဏ်နတ် ထောင်ပေါင်း များစွာတို့သည် လောလောပူသော သံအိုးကင်း၌ ထည့်အပ်သော နှမ်းစေ့ဘိုကဲ့သို့ တဖျစ်ဖျစ် မြည်ကုန်လျက် ပျက်စီးကြရကုန်၏။

(၄ အာဠဝကဘီလူး၏ ဘွဲ့ဖြူနတ်ပုဆိုးလက်နက်။ အပေါ်ရှိ စုလျားတဘက်၊ ဘွဲ့ဖြူ နတ်ပုဆိုး လက်နက် အကြောင်းကို ဖော်ပြခဲ့ပြီးပေပြီ။

**မေတ္တာလက်နက် ပျက်စေလို၍**

အာဠဝကလည်း ဘွဲ့ဖြူလက်နက်ဖြင့်ပစ်၍ ဘေးမျှမရှိသည်ကိုမြင်လျှင် အစွယ်ကျွတ်သောဆင်၊ ချိုရှင်ကျိုးသော နွားဥသဘ၊ အဆိပ်ကျသော မြွေကဲ့သို့ ကြမ်းကြုတ် ခက်ထန်ခြင်း မာန်စောင်ကိုချလျက် ဂေါတမ ရဟန်းကို ဘွဲ့ဖြူလက်နက်သည်ပင် မနှိပ်စက်နိုင်ခြင်းသည်ကား၊ အဘယ် ကြောင့်နည်းဟု ဆင်ခြင်လေသော် "သဗ္ဗသတ္တာ အဝေရာဟောန္တု" စသော မေတ္တာဗြဟ္မဝိဟာရ တရားကို ပွားစေ၍နေသောကြောင့် ဖြစ်ချေ သည်ဟု သိသဖြင့် ပွားလင့်သော မေတ္တာဝိဟာရ ပျက်အောင် အမျက်ကို ဖြစ်စေအံ့ဟု ကြံ၍ ဘုရားထံသို့ ကပ်ပြီးလျှင် "ရှင်ဂေါတမ.... ငါ အခွင့် မပြုဘဲ ငါ့ဗိမာန်သို့ဝင်၍ အိမ်ရှင်ကဲ့သို့ မောင်းမတို့၏အလယ်၌ အဘယ့် ကြောင့် နေဘိသနည်း၊အရှင်မလိုသောဗိမာန်၌ နေခြင်းသည်လည်းကောင်း မိန်းမတို့နှင့် ရောယှက်ခြင်းသည် လည်းကောင်း ဤအကြောင်းများသည် ရဟန်းသားတို့နှင့် လျော်သလော၊ သူတော်ကောင်းဟု သင် ဝန်ခံလျက် မိတော်မဘန် ...နေရာ၌ နေဘိသည်။ လျင်စွာ ထွက်လော့"ဟု ဆို၏။

**အလျော့အတင်း**

ဘုရားသခင်လည်း ခက်ထန်သောသူကို အကြမ်းဆုံးမချက၊ ကိုက် တတ်သောခွေးကို မကိုက်နိုင်စိမ့်သောငှာ တံဖျာ(ကြိမ်)နှင့် ရိုက်လျှင်၊ တိုး၍သာ ကိုက်ချင်ရာသကဲ့သို့ ထို့အတူ တိုး၍ စိတ်ဆိုး ကြမ်းကြုတ် လေရာသည်။ သာယာသောစကားဖြင့် ဆုံးမမှ အာဠဝက နှလုံးနူးညံ့၍ မဂ်ဖိုလ်ရခြင်းငှာ ထိုက်တော့မည်ဟု ကြံစည်တော်မူပြီးမှ "အချင်း အာဠဝက....သင်က မနေစေလိုလျှင် ယခုပင် ငါ ထွက်မည်"ဟု ဆို၍ ထွက်သောအခါ အာဠဝကလည်း၊ ဤသို့ကြံ၏—"ဤရဟန်းကား တစ်ခွန်းသော စကားဖြင့်ပင် ထွက်ပေသည်။ ငါဆိုသောအရာကို နာယူ လွယ်ပေသည်။ ဤသို့ နာလွယ်သော ရဟန်းကို မစူးမစမ်း အပမ်းတကြီး မှတ်၍ တစ်ညဉ့်လုံး ငါ စစ်ထိုးခြင်းကို ပြုမိပေသည်။ ထိုသို့ ထွက်ခြား သော်လည်း "ငါ့စကားကို နာလွယ်၍ပင် ထွက်သည်၊ အမျက်ရှိ၍ပင် ထွက်သည်"ဟု မသိသာသေး၊ အရေးကို ကုန်စင်အောင် စမ်းဦးမည်"ဟု ကြံပြီးလျှင် "အရှင် ရဟန်း၊ ငါ့ဗိမာန်သို့ ဝင်လာဦးလော့"ဟု ဆိုပြန်၏။ ဘုရားသခင်လည်း အလွန်လျှင်ပူသော ရေဆူကျွတ်ကျွတ်ကို သရက္ခန် စန္ဒကူးဖြင့်ချလျှင် ခဏချင်း အေးစေသကဲ့သို့၊ ထို့အတူပမာ ကြမ်းတမ်း စွာသော အာဠဝက၏ အမျက်ကို ရဘ်ဘရက် ငြိမ်းစိမ့်သော ငှာ ချမ်းမြေ့စွာသော မေတ္တာစကားဖြင့် "ကောင်းပါပြီ"ဟု နူးညံ့စွာ မိန့်ကြား

၍ ဝပ်ခတော်မူပြန်သော် တစ်ဖန်စမ်းလို၍ "အရှင် ဂေါတမ .... ထွက်ဦးလော့"ဟု ဆိုပြန်လျှင် "သင်မနေစေလိုက ထွက်ရမည်ပင်"ဟု အလျှင်ထွက်တော်မူသည်။

**အလိုကိုလိုက် အကြိုက်ကိုပေး**

အကယ်၍ အာဠဝက ဆိုတိုင်း မလိုက်နာသော် ကြမ်းတမ်းစွာသောစိတ်သည် မနိမ့်ပြိုလရာ၊ တရားဒေသနာကို ကောင်းစွာ ဟောကြားသော်လည်း ကျောက်သား၌ ရေမဝင်သကဲ့သို့ ဖြစ်ရာ၏။ ဥပမာဆိုသော် ငိုတတ်သောသားကို "နင်ကား ငိုဦးမည်လော" ဟု ရိုက်ခတ်သော် ထပ်၍ အလွန်ငိုရာသည်။ အမိစကားလည်း သား၌ မဟည်လရာ၊ လိမ္မာသောအမိသည် ငိုတိသောသားကို သာယာသောစကားဖြင့် လည်းကောင်း၊ အစာပေး၍ လည်းကောင်း ချော့မော့လျှင် ငိုတိတ်သည်။ မိခင်စကားလည်း သား၌ တည်လေသည်၊ ထို့အတူ သတ္တဝါတို့ကို ဆုံးမရာ၌လည်း လိမ္မာတော်မူလှသော လူသုံးပါးတို့အမူးသည် ဘီလူး၏ဒေါသစိတ်ကို ဆို့ပိတ်တားမြစ်၍ တရားတည်လွယ်စိမ့်သောငှာ အာဠဝက၏ အလိုသို့ လိုက်တော်မူသဖြင့် သုံးကြိမ်တိုင်တိုင် ထွက်ခြင်းဝင်ခြင်းကို ပြုတော်မူသည်။

**ပညာရှိမှန်း သိလေပြီ**

ထိုနောက်မှ အာဠဝကလည်း.... "ဤရဟန်းကား ငါ့စကားကို နားထောင်လွယ်သူမှန်ပြီ၊ ဤသို့လွယ်ချက်ကို အယက်ကသိရမှု တစ်ညဉ့်လုံးထွက်စေ–ဝင်စေ၍ မောပန်းလေမှ ခြေနှစ်ချောင်းကို ကိုင်လျက် မြစ်တစ်ဘက်သို့ ပစ်ရသော် မပင်ပန်းရ' လှလှ ငါ အောင်ဘိတရာ၏။ ယခုတစ်ကြိမ်ထွက်ကာမှ ခြေကိုကိုင်၍ ငါပစ်တော့မည်ဟု ကြံပြီးလျှင် "ရှင်ကြီးရဟန်း ထွက်ဦးလော့"ဟု ဆို၏။ ထိုအခါ ဘုရားမြတ်စွာက "ငါမထွက်လိုပြီ"ဟု မိန့်တော်မူ၏။ "အဘယ်ကြောင့် မထွက်လိုသနည်း"ဟု မေးပြန်လျှင် "သင် ဘီလူးကား ငါဘုရားအား ခြေဖျားနှစ်ဖက်ကိုင်လျက် မြစ်တစ်ဘက်သို့ ပစ်အံ့ဟု ကြံသောကြောင့် ငါမထွက်လိုသည်"ဟု မိန့်တော်မူသော် အာဠဝကလည်း "ဤရဟန်းကား တန်ခိုး ကြီးမားရုံသာမက ငါ့စိတ်အကြံကိုလည်း သိနိုင်ပေသည်။ ထိုသို့ ပညာရှိသော သူမြတ်ကို ပြဿနာဖြင့် မေးရသော် ကောင်း၏။ ယင်းသို့ ပြဿနာကို ကောင်းစွာ မဖြေနိုင်သောကာလမှ စိတ္တဝိက္ခေပ (စိတ်ပြန့်လွင့် ရူးသွပ်သွားအောင်)ကို သော်လည်း ပြုအံ့။ သူ့အသက်ကိုသော်လည်း ခွဲအံ့၊ သမုဒ္ဒရာထဲသို့ သော်လည်း ပစ်အံ့"ဟု ကြံ၏။

## ပြစ်မှားလိုရေး ပြဿနာမေး

အဘယ်ကြောင့် ဤသို့ ကြံသနည်းဟူမူကား .... ရှေးသောအခါ ကောင်းကင်ဖြင့် သွားလာသော အဋ္ဌဘိည ရသေ့တို့သည် အာဠဝကာ၏ ဗိမာန်ကိုမြင်လျှင် ဗိမာန်ရှင် မည်သူ ဖြစ်လေသနည်း။ ဤဗိမာန်ကား ရွှေဗိမာန်လော၊ ငွေဗိမာန်လော၊ ပတ္တမြားဗိမာန်လောဟု ကြည့်ရှုအံ့သော ငှာ လာလတ်ကုန်သော်၊ ပြဿနာကိုမေး၍ ထိုရသေ့တို့ မဖြေနိုင်လျှင် ကြောက်မက်ဖွယ်သော ရုပ်အသွင်ကို ဖန်ဆင်းလျက် ထိတ်လန့်ခြင်းသို့ သော်လည်း ရောက်စေသည်။ တန်ခိုးအဟုန်ဖြင့် ဖလွန်သိမ်မွေ့သော ကိုယ်ကို ဖန်ဆင်း၍ ရင်အတွင်းသို့ဝင်ပြီးမှ ဟဒယ ကျုံရုပ်ကို ဆုပ်နယ် နှိပ်စက်၍ စိတ်ပျက် ရူးသွပ်ခြင်း ပျံ့လွင့်ခြင်းကိုသော်လည်း ဖြစ်စေသည်။ ထိုသို့ ရူးသွပ်သောအခါမှ ရင်လွှာကိုခွဲ၍ အသည်းကိုသော်လည်း စား လေသည်။ ခြေကိုကိုင်လျက် မြစ်တဘက်သို့လည်း ပစ်လွှင့်လေသည်။ ထို့ အတူသာ မြတ်စွာဘုရားကို ပြစ်မှားလိုသဖြင့် ပြဿနာကိုမေးအံ့ဟု ကြံ သတည်း။

## ပြဿနာ မေး–ဖြေခန်း

ဤသို့သောအကြံကို သိတော်မူလျှင် ဘုရားသခင်လည်း သဗ္ဗညုတ အသာခရဏ အညာသဒိသ ဖြစ်သော အာနုံတော်ကို ပြတော်မူခြင်းငှာ "အချင်း အာဠဝက၊ နတ်ပြဟ္မာနှင့်တကွသော လောက သုံးရွာ တွင် အကြင်သူသည် ငါဘုရားအား ထိပါး နှိပ်နှိပ်လျက် စိတ်တော်ကိုလည်း ပျံ့လွင့်အောင်၊ နှလုံးတော်ကိုလည်း ကွဲစေအောင် ပြုနိုင်ရာ၏။ ထိုသို့ပြုနိုင် သောသူကို ယည်းကောင်း၊ ငါဘုရား၏ ခြေကိုကိုင်၍ ပစ်နိုင်မည့်သူကို လည်းကောင်း သုံးဆယ့်တစ်ဘုံတွင် တစ်ယောက်မျှ ငါမမြင်၊ သင်မေးလို သမျှသော ပြဿနာကို လျင်စွာမေးလော့"ဟု မိန့်တော်မူ၏။ အာဠဝက လည်း....

ကိံသု ဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊
ကိံသု သုစိဏ္ဏံ သုခမာဝဟာတိ။
ကိံသု ဟဝေ သာဒုတရံ ရသာနံ၊
ကထံဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ။

ဟူသောဂါထာဖြင့်တန်းလျက်—

"ရဟန်းဂေါတမ ..

လောက သုံးပါး၌ ယောက်ျား၊ မိန်းမ ဟူသမျှ တို့၏ မြတ်လှဥစ္စာ ရတနာကား အဘယ်နည်း။

လှေ့ကျက်ခြင်း တကာဝယ် အဘယ်မည်သော အလှေ့အကျက် တရားသည် ချမ်းသာကိုဆောင်ပါသနည်း

အရသာတို့တွင် အဘယ်အရသာကို သာလွန်ကောင်းမြတ် ချိုမြိန်သည်ဟု ဆိုအပ်ပါသနည်း၊ အသက်ရှင်ခြင်းတွင် အဘယ်တရားဖြင့်အသက် ရှင်ခြင်းသည် အမြတ်ဆုံးဖြစ်ပါသနည်း''ဟု မေး၏။

## ရှေးဘုရား တန်ခိုးတော်

ဤပြဿနာကို အာဠဝကသည် အဘယ်မှ ရလေသနည်းဟူမူကား ကဿပဘုရားလက်ထက်တော်က အာဠဝက၏ အမိအဖဖြစ်သော ဘီလူး နှစ်ယောက်တို့သည် ဘုရားရှင်၌ လုပ်ကျွေး ဆည်းကပ်၍ ဤပြဿနာကို အဖြေနှင့်တကွ သင်ခဲ့ကြပြီးသော်၊ သားအာဠဝက ငယ်စဉ်ကပင် သင်အံ ဆောင်ရွက်စေသည်။ ကာလရှည်သဖြင့် အဖြေကို မေ့လေလျှင် မေးစဉ် ပုစ္ဆာမျှကို သာ မမေ့ရအောင် ရွှေပြား ထက်၌ ဆေးဒန်းမြင်းသီလာဖြင့် သေချာစွာ ရေးကူး၍ ဗိမာန်ဦး၌ ထားလေသတည်း။

ဘုရားသခင်လည်း ယခင်မေးအပ်သော ပုစ္ဆာလေးရပ်ကို ကဿပ ဘုရား ဖြေတော်မူသောနည်းအားဖြင့် မြွက်ကြား ဖြေဆိုတော်မူခြင်းငှာ....

သဒ္ဓိဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ ဓမ္မော သုစိဏ္ဏော သုခမာဝဟတိ။
သစ္စံ ဟဝေ သာဒုတရံ ရသာနံ၊ ပညာဇီဝိံ ဇီဝိတမာဟုသေဋ္ဌံ။

ဟူသောဂါထာကိုဟောတော်မူ၏။

အနက်ကား—ဘော အာဠဝက၊ အိုအာဠဝကဘီလူး....

— ဣဓလောကေ၊ ဤလူ့ရွာ၌။ ပုရိသဿ၊ ယောကျ်ားမိန်းမစသည် များစွာ သတ္တဝါ၏။ သဒ္ဓါ၊ ရတနာသုံးပါး ဂုဏ်၌ မတုန်မလှုပ် စုပ်စုပ် သက်ဝင်ခပ်မင် ကြည်ညိုခြင်းသည်။ သေဋ္ဌံ၊ လောကီသေတကုတ္တရာချမ်းသာ ပေးတတ်အလွန်မြတ်သော။ ဝိတ္တံ၊ ဥစ္စာပင်တည်း။

— သုစိဏ္ဏော၊ ကောင်းမွန်လှစွာ လေ့လာ ကျင့်သုံးအပ်သော။ ဓမ္မော၊ ကုသိုလ်ကမ္မပထတရား ဆယ်ပါးသည်။ သုခံ၊ လူ့ပြည်နတ်ရွာ၊ နိဗ္ဗာန်ဟု ချမ်းသာသုံးပါးကို၊ အာဝဟတိ၊ မချွတ်နိုင်အောင် ရွက်ဆောင် ပေ၏။

— သစ္စံ၊ မှန်ကန်ဖြောင့်မတ်သောစကားသည်။ ဟဝေ-ဧကန္တေန၊ စင်စစ်အားဖြင့်၊ ရသာနံ၊ ချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါး၊ ငန် ခြောက်ဖြာ အရ သာတို့တွင်။ သာဒုတရံ၊ အလွန်မကောင်းမြတ်သော အရသာမည်၏။

– ဇီဝိတံ-ဇီဝန္တာန်၊ အသက်မွေးခြင်းတကာတို့တွင် ပညာဇီဝိံ၊ ပညာဖြင့် အသက်မွေးခြင်းကို၊ သေဋ္ဌံ၊ မြတ်၏ဟူ၍၊ ကုသလာ၊ လိမ္မာကုန်သော ပညာရှိတို့သည်၊ အာဟု၊ ဆိုကုန်၏။

ဤသို့ ပြဿနာလေးပါးကို ဘုရား ဖြေတော်မူသောအခါ အာဠဝကသည် အလွန်ဝမ်းမြောက်လှသည် ဖြစ်၍ ကြွင်းသေးသော ပြဿနာကို ထပ်ကာ မေးမြန်းလိုရကား....

ကထံသု တရတိဩဃံ၊ ကထံသု တရတိ အဏ္ဏဝံ။
ကထံသု ဒုက္ခမစ္စေတိ၊ ကထံသု ပရိသုဇ္ဈတိ–

ဟူသော ဂါထာဖြင့်=

"အရှင်ဂေါတမ ...အဘယ်သို့သော အကြောင်းအရာဖြင့် သံသရာ တည်း ဟူသော ဩဃကို ကူးမြောက်နိုင်ပါအံ့နည်း။

– အဘယ်သို့သော အပြောအားဖြင့် ဝဋ်ဆင်းရဲတည်း ဟူသော သမုဒ္ဒရာကို ကောင်းစွာ လွန်မြောက်နိုင်ပါအံ့နည်း။

– အဘယ်သို့သောအကြောင်းဖြင့် ဆင်းရဲအပေါင်းမှ ကောင်းစွာ လွတ်ပါမည်နည်း။

– အဘယ်ရေအေးဖြင့် ကိလေသာ ဟူသော အညစ်အကြေးကို ဆေးကြောသုတ်သင်၍ စင်ကြယ်ပါမည်နည်း"

ဟု မေးလျှောက်၏။

ဘုရားသခင်ကလည်း အစဉ်အတိုင်း ဖြေတော်မူခြင်းငှာ....

သဒ္ဓါယ တရတိ ဩဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။
ဝီရိယေန ဒုက္ခမစ္စေတိ၊ ပညာယပရိသုဇ္ဈတိ။

ဟူသော ဂါထာကို ဟောတော်မူ၏။

အနက်ကား....ဘောအာဠဝက၊ အို အာဠဝကဘီလူး....

– သဒ္ဓါယ၊ ယုံကြည်မှုတည်း ဟူသော သဒ္ဓါတရားဖြင့်၊ ဩဃံ သံသရာတည်း ဟူသော ဩဃကို၊ တရတိ၊ ကူး မြောက်နိုင်၏။

– အပ္ပမာဒေန၊ ကုသိုလ်ပြုပြု ကောင်းမှုပျော်မွေ့၊ မမေ့မလျော့ ခြင်းဖြင့် အဏ္ဏဝံ၊ သမုဒ္ဒရာ ပမာထက်ကဲ ဝဋ်ဆင်းရဲကို၊ တရတိ၊ လွန်မြောက်နိုင်၏။

– ဝီရိယေန၊ ပါရမီဆယ်ပါး၊ တရားဝီရိယ မြတ်ခမ္မဉ်၊ နိစ္စကြိုးကုတ် အားထုတ်ခြင်းဖြင့်၊ ဒုက္ခံ၊ ဇာတိဇရာ၊ ဗျာတိမရဏ စသည် သောင်းသောင်း ဆင်းရဲအပေါင်းကို၊ အစ္စေတိ၊ လွန်စေနိုင်၏။

— ပညာဃ၊ စိပယ်နာ ပညာဆယ်ပါး၊ ဉာဏ်တရားဖြင့်၊ ပရိသုဗ္ဗတိ၊ ကိလေသာမြူမှေး အညစ်အကြေးမှ ကင်းဝေး စင်ကြယ်နိုင်၏။

**အာဠဝက သောတာပန် တည်ပြီ**

ဤသို့ ဖြေတော်မူသောဒေသနာကို ကြားရလျှင် အာဠဝကလည်း ပါရမီသမ္ဘာ ရရှိသူဖြစ်၍ ရှစ်ပါး၊ ဆယ်ပါး၊ တစ်ဆယ့်ခြောက်ပါးသော ယုံမှားခြင်း ကင်းကွာလျက် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ထိုသို့တည်ပြီးမှ ဒုတိယဂါထာ၀ယ် ''ပညာဃ ပရိသုဇ္ဈတိ'' ဟူသော ပုဒ်၏ အဓိပ္ပာယ်ကို မကျဉ်းမကျယ် သိလှယ် စိမ့်သောငှာ မိမိပညာဖြင့် ကြံ၍ တစ်ဖန်မေးလျှောက်ခြင်းငှာ ဤခြောက်ပုဒ်ရှိသည့်ဂါထာကို ရွတ်ဆို လျှောက်ထားလေ၏။

ကထံသု လဘတေ ပညံ
ကထံသု ဝိန္ဒတေ ဓနံ။
ကထံသု ကိတ္တိံ ပပ္ပောတိ၊
ကထံ မိတ္တာနိ ဂန္ထတိ။
အသ္မာလောကာ ပရံလောကံ၊
ကထံပေစ္စ န သောစတိ။

**အစရှိသော ဂါထာတို့ကို ဆိုသတည်း။**

အဓိပ္ပာယ်ကား—မြတ်စွာဘုရား၊ အဘယ်သို့သော အကြောင်းအားဖြင့် လောကီလောကုတ္တရာ ပညာနှစ်ပါးကို ရနိုင်ပါသနည်း။

— အဘယ်အရေးဖြင့် အသက်မွေးကြောင်းလောကီ လောကုတ္တရာ ဥစ္စာနှစ်ပါးကို ရနိုင်ပါသနည်း။

— အဘယ်သဘောဖြင့် ကောင်းသောသတင်း ကျော်စောခြင်းသို့ ရောက်ပါသနည်း။

— အဘယ်တရားဖြင့် မိတ်ဆွေကောင်းတို့ကို ဖွဲ့စေရန် ပြုအပ်ပါသနည်း။

— မျက်မှောက်ဘ၀ ဤလောကမှ တမလွန်ဘ၀ ထိုလောကသို့ သွားရသော အခါ၀ယ် အဘယ်တရားဖြင့် စိုးရိမ်ခြင်း ကင်းရပါသနည်း။

မေးမြန်း လျှောက်၏။ ဘုရားသခင်လည်းအစဉ်အတိုင်း ဖြေတော်မူခြင်းငှာ—

သဒ္ဒဟာနော အရဟတံ၊ ဓမ္မံ နိဗ္ဗာန ပတ္တိယာ။
သုဿုသံ လဘ တေ ပညံ၊ အပ္ပမတ္တော ဝိစက္ခဏော။
ပတိရူပကာရီ ဓုရဝါ၊ ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။

သစ္စေန ကိတ္တိံ ပပ္ပေါတိ၊ ဒဒံ မိတ္တာနိ ဂန္ထတိ။
ယသ္မေတေ စတုရောဓမ္မာ၊ သဒ္ဓဿ ဃရမေသိနော။
သစ္စံဓမ္မော ဓိတိစာဂေါ၊ သ ဝေ ပေစ္စ န သောစတိ....

ဟူသောဂါထာကို ဟောတော်မူပေ၏။

အဓိပ္ပာယ်ကား— ချစ်သား အာဠဝက၊ ပူဇော်ထိုက်သော....

— ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာသာဝကတို့သည် ဟောပြအပ်သော နိဗ္ဗာန်ရောက်ကြောင်းကောင်းမြတ်သောတရားကို ယုံမှားမရှိ၊ မမှိတ်မသုန် လွန်စွာ ယုံကြည်သည်ဖြစ်၍၊ ရိုသေကျိုးနွံ ပညာရှိတို့အထံတွင် နှစ်နှစ် သက်သက် စုံမက်မြတ်နိုးစွာ မှတ်နာ ကျင့်ဆောင်လေ့ ရှိခြင်းသည်လည်း ကောင်း။

— မမေ့မလျော့ မပေါ့သော သတိရှိခြင်းသည်လည်း ကောင်း။

— စုံစမ်းတိုင်းထွာ စာနာကြံစည်ဆင်ခြင်လေ့ရှိသည်လည်းကောင်း။

ဤအကြောင်းသုံးပါးဖြင့် ထူးခြားသော လောကီ လောကုတ္တရာ ပညာနှစ်ပါးကို မလွဲမသွေ ရနိုင်ပေ၏။

ချစ်သား အာဠဝက....

သင့်တင့်ကောင်းမြတ်သောအခါ၌၊ ကောင်းမြတ်စွာသောမိတ်ဆွေ နှင့်ပေါင်းလျက်၊ ကောင်းမြတ်သောအမှုကို ဂရုကတလို့ လုပ်လေ့ရှိသော သူသည် လောကီ ဥစ္စာ၊ လောကုတ္တရာဥစ္စာ ဤနှစ်ဖြာကို ရရာသော အကြောင်းဖြစ်၏။

ရှေ့ဆိုနောက်ပျက် ယွင်းကွက်မရှိ ပကတိ ဟုတ်မှန်သောဝစီသစ္စာ စကားကို ဆိုခြင်းသည် ကျေးဇူးသတင်း ကျော်စောခြင်းသို့ ရောက်၏။

သူလိုသည်ကို ဝန်မတိုဘဲ ကြည်ညို ရွှင်လန်း ပေးလှူဒါန်းခြင်း သည် မိတ်တင်း ကိုးစားရာဖြစ်သော အဆွေ ခင်ပွန်းကောင်းကို ရကြောင်း ကောန် အမှန်ဖြစ်၏။

ချစ်သား အာဠဝက....

အကြင်သူအား ဖြောင့်သားဟုတ်မှန်စွာဆိုအပ်သော သစ္စာတရား သည်လည်းကောင်း။

အပါယ်လားမှု ဒုစရိုက်မှရှောင်ကြဉ်လျက် နိစ္စကြိုးကုတ် အားထုတ် အပ်သော ပုညကိရိယာ မြတ်ဓမ္မသည်လည်းကောင်း။

လောကီလောကုတ္တရာ စီးပွားနှစ်ဖြာ ထိုအရာ၌ လွန်စွာဆည်းပူး အပ်သော ဓိတိ တရားသည်လည်းကောင်း။

သူ့အားစွန့်ကြဲဝေခွဲပေးကမ်းခြင်း၊ လှူဒါန်းခြင်းဟူသော စာဂ တရားသည်လည်းကောင်း။

ဤ လေးပါးသော သစ္စ၊ ဓမ္မ၊ ဝီရိယနှင့် စာဂလေးပါး ထိုတရားတို့ကို ပွားများနေသည်ဖြစ်အံ့။

ထိုသသူအား လူ၏ဘောင်တွင် အိမ်ထောင်ရာထား သားမယားနှင့် ပျော်ပါး၍ နေသည်ပင်ဖြစ်သော်သည်း စင်စစ် တမလွန်ရှာဥ္ စိုးရိမ်စရာ မရှိလေပြီ။ ယုတ်ညံ့သောဂတိမှ လွတ်ကွာ၍ လူ့ရွာ နတ်ထံ၌ ကေန်ဖြစ်လတ္တံ့သည်သာတည်းဟု ဖြေတော်မူ၏။

ဤသို့ပဉ္စပြဿနာကို ကောင်းစွာဖြေတော်မူပြီး၍....

အချင်း အာဠဝက... "ငါမှတစ်ပါး ဘုရားဟုဝန်ခံကုန်သော ပူရဏကဿပ အစရှိကုန်သော ရဟန်းပုဏ္ဏားအများတို့ကိုသည်း လျှောက်ထား စုံစမ်းခလဦးလော့" ဟု တိုက်တွန်းတော်မူ၏။

**အာဠဝက တရားရပြီ၊**

အာဠဝကလည်း ယုံမှားသံသယ နှစ်ခုသော ဝိစိကိစ္ဆာကို သောတာပတ္တိမဂ်ဖြင့်ပယ်၍ နှစ်သွယ်သောအကျိုးကို မြင်ပြီးသူဖြစ်မှုကား....

"အရှင်ဘုရား....အကျွန်ုပ်ကား သူတစ်ပါး၌ လျှောက်ထားခွင့်မရှိပါပြီ။ တစ်သက်တာလုံး ယူကျုံးမှတ်ပိုက် အောက်မေ့ထိုက်သော သဒ္ဓရသ၊ အတ္ထရသ ရှိပေလှသော ဓမ္မရတနာကို ကောင်းစွာသိရပါပြီ။ အရှင်ဘုရားသည် အကျွန်ုပ်တို့ အကျိုးစီးပွား များစေခြင်ငှာဖြစ်တော်မူလာပေသည်။ အကျွန်ုပ်တို့၏ မျက်စိသဖွယ်ဖြစ်ပေသည်။ သံသရာဝဋ္ဋ် ဟူသော တောအုပ်ကြီး၌ ခရီးမှား၍ ပျက်ပြားရလတ္တံ့သော အကျွန်ုပ် တို့အား ဟုတ်မှန်သော လမ်းကို ညွှန်ပြ၍ ကယ်တင်တော်မူပေသည်။

ရတနာသုံးမည် ဂုဏ်ရည်သီးသီး၊ အံ့ပြီးကို၊ တစ် ချီး မွမ်းမွမ်း မြွက်ဆိုညွှန်ဖန် ဦးစွန်းထိပ်ပြင်၊ ဆယ်လက်စုံ တင်ပြီးလျှင်၊ ကြည်ရွှင်မြတ်နိုး ရှိခိုးပူဇော် နိဗ္ဗာန်ဆော်တစ်ဦးဖြစ်လျက် တစ်ဗိမာန်မှ တစ်ဗိမာန် နတ်ရွာ တစ်ခုမှ နတ်ရွာတစ်ခုသို့ လှည့်လည်လျက် ကြွေးကြော်ပါတော့မည်ဘုရား ဟု လျှောက်၍....

**အဟံ** ဂါမာ ဂါမံ ပုရာပုရံ။

(preceding line) **အဇ္ဈာဒိ** ကထာ တုမှာကံယေဝ ပရာယဏံ ကရောမိ။

သောအဟံ ဝိစရိဿာမိ ဂါမာ ဂါမံ ပုရာပုရံ။

နမဿမာနော သမ္ဗုဒ္ဓံ ဓမ္မဿစ သုဓမ္မတံ....

ဟူသော စကားဖြင့် သရဏဂုံ ယူ၏။ (ဤ သရဏဂုံကား တပ္ပရာယဏ သရဏဂုံတည်း။)

**မင်းသားကို ဗိုလာကြပြီ**

ယင်းသို့ အာဠဝကအား ဟောကြား ဆုံးမတော်မူအပ်သော....

(၁) တရားဒေသနာ၏ ပြီးဆုံးခြင်း

(၂) မိုးစင်စင်လင်းခြင်း

(၃) တရားနာကြသော နတ်အပေါင်းတို့၏ ကောင်းချီး အုတ်အောင် ကြွေးကြော် ကြခြင်း။

(၄) မင်းချင်းတို့သည် အာဠဝက မင်းသားကို ဘီလူးစာ အလို့ငှာ ပို့လာ၍ ရောက်ခြင်း ဤလေးချက်တို့သည် တစ်ပြိုင်နက် ဖြစ်လေသတည်။

မင်းချင်းယောကျာ်းတို့လည်း နတ်တို့၏ ကောင်းချီးပေးသောအသံကို ကြားရ၍ "ဘုရားရှင်မှတစ်ပါး အခြားသောသူ၏ အကြောင်းကြောင့် ဤသို့သော ကောင်းချီးသည် မဖြစ်နိုင်ရာ၊ ဘုရားကြွလာသည်ဖြစ်လတ္တံ့" ဟု ကြံ၍ ဗိမာန်အဝမှ ကြည့်ရှုလေသော် ရှင်တော်ဘုရားကိုမြင်၍ ယခင်နေ့တို့၌ကဲ့သို့ တွန့်ဆုတ် ထိတ်လန့်ခြင်းမရှိပဲ ဗိမာန်သို့ဝင်၍ ဘုရားသခင်ကို ရှိခိုးပြီးလျှင် ဘီလူးထံသို့ ချဉ်းရှိ....

"ဘီလူးမင်း....သင့်အလို့ငှာ ဆောင်ခဲ့ပါသော ဤမင်း သားကို စားလိုသော်လည်းစား၊ ထားလိုသော်လည်းထား၊ သင် အလိုရှိ သမျှပင် ပြုတော်မူ" ဟု ဆို၍ သူငယ်ကို ဘီလူးလက်သို့ ထည့်၏။

**သူငယ်ကို ဘုရားအား ရှုခြင်း**

အာဠဝကဘီလူးလည်း သောတာပန်အဖြစ်သို့ ရောက်ပြီး ဖြစ်သောကြောင့် လည်းကောင်း၊ အကျိုးအမြတ်စကားကို ဟောကြားဆုံးမသော ဘုရားရှေ့တော်မှာပင် ဖြစ်သောကြောင့် လည်းကောင်း၊ အလွန်ရှက်နိုးရကား၊ မျက်နှာကား မတင့်တယ်၊ သူငယ်ကို လက်နှစ်ဖက်ဖြင့် တယုတယ ပွေ့ချီ၍ "အရှင်ဘုရား....ဤသူငယ်ကား အကျွန်ုပ် အလို့ငှာ လာပို့၍ ပိုင်ဆိုင်သူ ဖြစ်ပါသည်။ ဤသူငယ်ကို အလိုရှိရာ ပြုတော်မူပါ။ အကျွန်ုပ် ကပ်လှူပါ၏" ဟုဆို၍ ဘုရားသခင်လက်တော်သို့ ထည့်ပြီးသော်-

ဣမံ ကုမာရံ သဟတပုညလက္ခဏံ၊ သဗ္ဗင်္ဂပေတံ ပရိပုဏ္ဏဗျဉ္ဇနံ။ ဥဒဂ္ဂစိတ္တော သုမနော ဒဒါမိ တေ၊ ပဋိဂ္ဂဟ လောကဟိတာယ စက္ခုမ။

ဟူသော ဂါထာကို လျှောက်၏။

အနက်ကား — ဘဂဝန္တ - အရှင်ဘုရား၊ တေ-အရှင်ဘုရားအား။ သတပုညလက္ခဏံ၊ အရာမက ပြိုးပြိုးပသော ဘုန်းလက္ခဏာလည်း ရှိထသော၊ သဗ္ဗင်္ဂုပေတံ-အလုံးစုံသော အင်္ဂါကြီးငယ်တို့နှင့် ပြည့်စုံထသော။ ပရိပုဏ္ဏဗျဉ္ဇနံ၊ ထက်ဝန်းကျင် ပြည့်ဖြိုးသော အသွင်သဏ္ဍာန်လည်း ရှိထသော၊ ဣမံကုမာရံ-ဤမင်းသားကို၊ အဟံ-အကျွန်ုပ်သည်။ ဥဒဂ္ဂစိတ္တာ-ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍။ သုမနော - ဝမ်းသာသည်ဖြစ်၍။ ဒဒါမိ-လှူပါ၏။ စက္ခုမာ ငါးဖြာမျက်စိ ရှိတော်မူသော မြတ်စွာဘုရား တံ-အရှင်ဘုရားသည်။ လောကဟိတာယ-လူတို့၏ အစီးအပွားအလို့ငှာ ပဋိဂ္ဂဟ-အလှူခံတော်မူပါဘုရား။

မင်းကြီးထံ ပြန်ပို့ကြပုံ

ဘုရားသခင်သည် ချီငင်ခံယူတော်မူ၍ နတ်၊ လူ အပေါင်းကို ကောင်းချီးမင်္ဂလာ ဖြစ်စေခြင်းငှာ....

ဒီဃာယုကော ဟောတု အယံ ကုမာရော၊

တုဝဥ္စ ယက္ခ သုခိတော ဘဝါဟိ၊

အဗျာဓိတာ လောကဟိတာယ တိဋ္ဌထ....

ဟူသော ဂါထာကို ကျူးရင့်တော်မူ၏။

အယံ ကုမာရော...အာဠဝက အမည်ရသော ဤမင်းသားငယ်သည်။ ဒီဃာယုကော၊ ရှည်သော အသက်ရှိသည်၊ ဟောတု ဖြစ်စေသတည်း။ ယက္ခ-အာဠဝက နာမမည်ထူး ဒကာဘီလူး၊ တုဝဥ္စ-သင်ဒကာဘီလူးသည်၊ သုခိတော-ကာယ၊ စိတ္တ၊ သုခနှစ်ပါးနှင့် ပြည့်စုံသည်၊ ဘဝါဟိ၊ ဖြစ်စေသတည်း။ တုမှေ၊ မင်းသားနှင့် ဘီလူး သင်တို့ နှစ်ဦးတို့သည်၊ အဗျာဓိတာ၊ ကိုးဆယ့်ခြောက်ဖြာ ရောဂါခပ်သိမ်း ကင်းငြိမ်းကြကုန်လျက်။ လောကဟိတာယ၊ လူသူအများ အကျိုးစီးပွားအလို့ငှာ။ တိဋ္ဌထ၊ တည်ကြစေကုန်သတည်း။

ထိုအခါ အာဠဝကဘီလူးက လက်အုပ်ချီမိုး ရှိခိုးလျက်....

အယံကုမာရော သရဏမုပေတိ ဗုဒ္ဓံ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ အယံကုမာရော၊ ဤမင်းသားငယ်သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်လဲလျောင်း ပုန်းအောင်းရာဟူ၍၊ ဥပေတိ၊ ရိုသေလေးမြတ် ဆည်းကပ်ပါ၏ ဘုရား။

ထိုနောက် တစ်ဖန် ဘုရားရှင်က

ဒီဃာယုကော ဟောတု အယံကုမာရော၊
တုဝဋ္ဌ ယက္ခ သုခိတောဘဝါဟိ။
အဗျာဓိတာ လောကဟိတာယ တိဋ္ဌထ။

ဤမင်းသားသည် အသက်ရှည်သည် ဖြစ်စေသတည်း။ ဒကာဘီလူး သင်သည်လည်း ကာယစိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံသည် ဖြစ်စေသတည်း သင်တို့နှစ်ဦးသည် ရောဂါ ခပ်သိမ်း ကင်းစင်ငြိမ်းလျက် လူ သူ အ များ အကျိုးစီးပွားအလို့ငှာ တည်ကြစေကုန်သတည်း။

ထိုအခါ အာဠဝကဘီလူးသည် နှစ်ကြိမ်မြောက်လည်း....

အယံကုမာရော၊ သရဏံမုပေတိ ဓမ္မံ။

ဤမင်းသားငယ်သည်တရားတော်မြတ်ကို ကိုးကွယ် လည်းလျောင်း ပုန်းအောင်းရာဟူ၍ ရှိသေလေးမြတ် ဆည်းကပ်ပါ၏ အရှင်ဘုရား။

ထိုနောက်တစ်ဖန် ဘုရားရှင်က....

ဒီဃာယုကော ဟောတု၊ အယံကုမာရော။
တုဝဋ္ဌ ယက္ခ သုခိတော ဘဝ ဟိ၊
အဗျာဓိတာ လောကဟိတာယ တိဋ္ဌထ။

(အဓိပ္ပာယ်တူပြီ) ထိုအခါ အာဠဝက ဘီလူးသည် သုံးကြိမ် မြောက်လည်း....

အယံကုမာရော၊ သရဏံ မုပေတိ သံဃံ။

ဤမင်းသားငယ်သည်ပရမတ္ထအရိယာသံဃာတော်မြတ်ကို၊ကိုးကွယ် လည်းလျောင်း ပုန်းအောင်းရာ ဟူ၍ ရှိသေလေးမြတ် ဆည်းကပ်ပါ၏ အရှင်ဘုရား။

**ဟတ္ထာဠဝကမင်းသား အမည်တွင်ခြင်း**

ဤသို့ ကောင်းချီးပေးတော်မူပြီးသော် မင်းချင်း ယောကျ်ားတို့ကို ခေါ်၍ "ဤမင်းသားကို သင်တို့ကောင်းစွာမွေးမြူ၍ ကြီးပြင်းလာပြီးလျှင် ကြီးရင့်သည့်ကာလမှငါ့အထံသို့ဆောင်ခဲ့" ဟုမိန့်တော်မူလျက်၊မင်းချင်းတို့ လက်သို့ ကမ်းတော်မူ၏။ ဤသို့မင်းချင်းတို့လက်မှသည် အာဠဝကဘီလူးလက်သို့၊ ဘီလူးလက်မှသည် ဘုရားလက်သို့၊ ဘုရားရှင် လက်မှသည် မင်းချင်းတို့ လက်သို့ တစ်ဖန် ရောက်ပြန်၍ ရသောကြောင့် ထိုမင်းသားကို အမည် အားဖြင့် ဟတ္ထာဠဝက မင်းသားဟု ခေါ်ကုန်သတည်း။

မင်းချင်းတို့လည်း မင်းသားငယ်ကိုယူ၍ ပြည်သို့ပြန်လာကြသော်၊ ခရီးလမ်းဝယ် လယ်ထွန်ယာခုတ် အမှုလုပ်သည့် အပေါင်းတို့ မြင်လျှင် ''ဤမင်းသားသည် ငယ်လွန်းလှသောကြောင့် ဘီလူးကမစားလို၍ ပြန်ခဲ့ရသလော''ဟု တွေးတော၍ကြောက်လန့်လှသဖြင့် မေးမြန်းလင့်ကြကုန်၏။ မင်းချင်းတို့ကလည်း 'ဘုန်းတော်ကြီးလှသော ဘုရားမြတ်စွာသည်ကြွတော်မူလာ၍ ချမ်းသာရကြောင်း' ဖြစ်ရပ်အလုံးစုံကို ပြန်ကြားပြောဆိုလေလျှင်၊ ပြည်သားပြည်သူ အပေါင်းတို့သည် သာဓု-သာဓု-ဟူ၍ ကောင်းချီးပေးကုန်လျက် တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက်သောအသံသည် ဖြစ်၏။

မင်းအိမ်နန်းတော်သို့ ရောက်သောအခါ အာဠဝီ မင်းကြီးလည်း မင်းချင်းတို့ကိုမြင်လျှင် ရင်တုံထိတ်လန့်သောနှလုံးရှိလျက် 'ဒ ချင်းတို့၊ ဘယ်သို့သော အကြောင်းကြောင့် မင်းသားငယ်ကိုယူ၍ ပြန်လာသနည်း။ ငယ်သောကြောင့် ဘီလူး မစားလိုသလော''ဟု မေး၏။ မင်းချင်းတို့ကလည်း ''အရှင်မင်းကြီး၊ လောကသင်းကျစ်ခမ္မရာဇ်မြတ်စွာသည် အာဠဝကဘီလူး ဗိမာန်သို့ ကြွတော်မူလာ၍ ထိုအာဠဝကကို ဆုံးမချွတ်တော်မူသဖြင့် ဥပါသကာ၏အဖြစ်၌ တည်စေသည်ဖြစ်၍၊ အရှင့်သားကိုမစားဘဲ မြတ်စွာဘုရားအား ကပ်လှူ၍ ဘုရားလက်တော်မှ ရခဲ့ပါသတည်း''ဟု လျှောက်၏။ ထိုစကားကိုကြားသောအခါ အာဠဝီမင်းကြီးလည်း အားရဝမ်းသာစွာ ဖြစ်၏။

## အာဠဝက အပူဇော်ခံရပြီ

ဘုရားသခင်လည်း ကိုယ်တော်တွင်ပါသော သင်္ကန်း သပိတ် ပရိက္ခရာတို့ကို အာဠဝကဘီလူးအား ယူစေတော်မူ၍ ဆွမ်းခံ ဝင်အံ့သောအခါတိုင်လျှင်၊ အာဠဝက၏ဗိမာန်မှထွက်ခဲ့၍ အာဠဝီပြည်သို့ ရှေးရှုကြွတော်မူလာသော်၊ အာဠဝကသည်မြို့၏အနီးသို့ ရောက်လျှင် မြို့တွင်းသို့ ဝင်ခြင်းငှာ ရှက်နိုးရကား တစ်ရွေ့တစ်ရွေ့ နောက်ဆုတ်နေ၏။ ဘုရားမြတ်စွာလည်း အာဠဝက၏အထာကို သိတော်မူ၍ ''ချစ်သားအာဠဝက၊ မြို့တွင်းသို့ ဝင်ခြင်းမှ သင်ရှက်သလော''ဟု မေးတော်မူလျှင် (ဤ၌ အထာဟူသော စကားမှာ ကျီးသဲ့လေးထပ် ဆရာတော်၏ အသုံးအစွဲပင် ဖြစ်ပါသည်။) ''အရှင်ဘုရား၊ အကျွန်ုပ်ကိုမြင်လျှင် ငါတို့ အမိ ငါတို့အဖ၊ သား၊ မြေး စသည်ကိုစားသောက် နှိပ်စက်၍ဤဘီလူးနေသည်ဟု လူအပေါင်းတို့သည် ထောင်းထောင်းအမျက်ထ၍ တုတ် အုတ်၊ လှင်တန်တို့ဖြင့် ပစ်ခတ်နှင်ထုတ်ကြလတ္တံ့၊ ဤသို့ နှင်ထုတ်ခြင်းမှ အကျွန်ုပ် ကြောက်ရှက် လှပါသည်''ဟု လျှောက်ထား၏။

မြတ်စွာဘုရားသည်း "ချစ်သား အာဠဝက.... ငါဘုရားတို့နှင့် တကွပါလျက် အဘယ်သူပုတ်ခတ်ခြင်းငှာ ဝံ့အံ့နည်း။ သို့ရာတွင် သင် ရှက်နိုးလျှင် ကျွန်ုပ်မြို့ပြင်ကပြန်လေလော" ဟု မိန့်တော်မူ၏။ အာဠဝကလည်း မြို့တံခါးဝတိုင်အောင်လိုက်၍ ခြေတော်ကို ဦးဖြင့်ခိုက်ပြီးမှ ပြန်လေသည်။

## ရှစ်သောင်းလေးထောင်မျှ အကျွတ်တရားရကြပုံ

ဘုရားသခင်လည်း မြို့တွင်းသို့ဝင်၍ အိမ်စဉ်အတိုင်း ဆွမ်းခံတော်မူပြီးသော် ဝင်တော်မူခဲ့သောတံခါးဖြင့် ထွက်၍ မြို့၏အနီးကြီး ကျယ်သော အရိပ်ရှိသော သစ်ပင်ရင်း၌ သီတင်းသုံးနေတော်မူ၏။ ပြည်သူပြည်သားတို့နှင့် တကွ အာဠဝီမင်းကြီးလည်း ခရီးဦးကြိုခြင်း နေရာခင်းခြင်း ပြုသော မင်္ဂလာ သန္ဓာရကိုပြု၍ ထိုတော်ပါး၌ စောင်း ပျပ်ဝပ်လေ၏။

ဆွမ်းဘုဉ်းပေးပြီးသောအခါ များစွာသော ပြည်သူအပေါင်းတို့လည်း ရုံးပေါင်းစုဝေးလာ၍ရှိသေစွာရှိခိုးလျက် ထိုမင်းကြီးက "အာဠဝကအား အဘယ်သို့သော အပြားအားဖြင့် နှိမ်နင်း ဆုံးမတော်မူပါသနည်း" ဟု လျှောက်ထားသောစကားစပ်တွင် ဇစ်ယှဉ် ခင်းကျင်းတော်မူသော အခြင်းအရာမှစ၍ အလုံးစုံသော အာဠဝက သုတ္တန်ကို ကောင်းစွာ ဟောတော်မူ၏။ ဒေသနာတော်၏အဆုံး၌ ရှစ်သောင်းလေးထောင်မျှသော ပရိသတ်တို့သည် အကျွတ်တရားကို ရကြကုန်သတည်း။

ထိုအခါမှ အာဠဝီပြည်သားတို့သည် အာဠဝကအား ဝေဿဝဏ် နတ်မင်း၏ ရှိရာ နတ်ကွန်း နေရာအနီး၌သား၍ ညွတ်တွားပူဇော်ခြင်းကို ပြုကြကုန်၏။

အာဠဝီမင်းလည်း ဘုရားသခင်အား မိမိပြည်တွင် သီတင်းသုံးပါမည့်အကြောင်းကို ခွင့်တောင်ပြီးသော် ဘိုးတော်ဘေးတော်တို့၏ အာမ္ဗဥစ္စာဖြစ်သော သာလာဝတီ ဥယျာဉ်ဝယ် တင့်တယ် ကောင်းမွန်စွာ ကျောင်းတော်ကိုဆောက်လုပ်ရာ၊ ဘုရားသခင်လည်း အလျှင်ပြန်တော်မူ၍ ဝါလနီးသောအခါမှ ငါးရာသော တပည့်သံဃာတို့နှင့်တကွကြွ၍ ဝါကပ်တော်မူ၏။ ဝါကျွတ်သောအခါ ထိုတိုမြို့ရွာသို့ဒေသစာရီကြွချီတော်မူမြဲဖြင့် ကြွတော်မူလေ၏။

## အနာထပိဏ်ဥပါသကာကြီး

ဟတ္ထာဠဝကမင်းသားလည်း အရွယ်သို့ရောက်သောအခါ၊ ခမည်းတော်မင်းကြီးနှင့်တကွ မှူးမတ်အပေါင်းတို့က "အရှင်မင်းသားသည်ဘုရား

သခင်ကြော့ငြိုသော အငယ်ချမ်းသာ ပသည်။ မြတ်စွာဘုရားရှင်ထံ ကပ်နွဲ မှိုဝဲလော်" ဟု တိုက်တွန်းကြသဖြင့် အခြံအရံငါးရာနှင့်တကွ ဘုရားရှိရာလာ၍ ရှိသေစွာ ဆည်းကပ် လုပ်ကျွေးကာ၊ တရားနှလုံး ကျင့်သုံးပွားများ၍ မကြာမြင့်မီပင် အနာဂါမိဖိုလ်၌တည်၍ ပိဋကတ်သုံးပုံ အလုံးစုံသော ဘုရာစကားကို သင်ကြားဘော်မြောက်လျက် ငါးရာသော သီတင်းသည် ဥပါသကာတို့၏ အကြီးအမှူးဖြစ်၍ ဘုရားရှင်ထံ နိုယံမပြတ် ခစား ဆည်းကပ်၏။

တေဒဂ်ရသော ဟတ္ထအာဠဝက

တစ်ရံသောအခါ ဥပါသကာသုံးဦးနှင့်တကွ ဘုရားရှင်ထံသွား၍ ခစား ဆည်းကပ်သည်နှင့် ယဉ်ကျေးသိမ်မွေ့သော ဣန္ဒြေအမူအရာရှိသည်ကို မြင်တော်မူ၍ "ချစ်သား.... အာဠဝက၊ သင်၏ ပရိသတ်ကား... ကောင်းမြတ် ယဉ်ကျေးပေစွ ဘကား။ အဘယ် တရား ဖြင့် သင်ကား ချီးမြှောက်ဘိသနည်း။" ဟု မေးတော်မူလျှင် "အရှင်ဘုရား....အကျွန်ုပ်ကား ဒါနတရား၌ ပျော်ပါးနှစ်သက်သောသူကို အသူခပေးခြင်း၌ အကျိုးစကား ဖြင့် ချီးမြှင့် သင်္ဂြိုဟ်ပါသည်။ ချစ်ဖွယ်သောစကား၌ ပျော်ပါးနှစ်သက် သောသူကို ကြည်ညို ချစ်ခင်ဖွယ်သောစကားဖြင့် ချီးမြှင့်သင်္ဂြိုဟ်ပါသည်။ တေးရန်ကိစ္စကို မစ ကယ်ဆုတ်ခြင်း၌ နှစ်သက်သောသူကို ထိုအမှုဖြင့် သင်္ဂြိုဟ်ပါသည်။ ကိုယ်တူထပ်မျှ ချီးမြှင့်ခြင်း၌ နှစ်သက်သောသူကို ကိုယ်တူ ထားသဖြင့် ချီးမြှင့်သင်္ဂြိုဟ်ပါသည်။" ဟု နားတော် လျှောက်သော်....

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ၊ စတုတိ သင်္ဂဟဝတ္ထုဟိ။
ပရိသံ သင်္ဂဏှန္တာနံ ယဒိဒံ ဟတ္ထာဠဝကော။

အနက်ကား—ဘိက္ခဝေ=ရဟန်းတို့၊ စတုတိ၊ လေးပါးကုန်သော။ သင်္ဂဟဝတ္ထုဟိ၊ သင်္ဂြိုဟ်ခြင်း ဝတ္ထုတို့ဖြင့်၊ ပရိသံ၊ ပရိသတ်ကို။ သင်္ဂဏှန္တာနံ၊ သင်္ဂြိုဟ်ချီးမြှင့်တတ်ကုန်သော။ မမ၊ ငါဘုရား၏ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော ဥပါသကာတို့တွင်၊ ယဒိဒံ-ယံ ဣဒံ ဟတ္ထာဠဝကော အကြင် ဟတ္ထဠဝက မင်းသားသည်။ အတ္ထိ ရှိ၏။ တော်သော ဟတ္ထဠဝကော၊ ဤဟတ္ထဠဝက မင်းသားသည်။ အဂ္ဂံ အဂ္ဂေါ၊ ကဲလွန်မြတ်ပေ၏။

ဟူ၍ တေဒဂ်အရာ၌ ထားတော်မူသည်။

**သတင်းသည် မှတ်ချက်**

ဤဟတ္ထာဠဝက မင်းသားကား တပည့်ယောကျ်ားအစုံတွင် အကျုံးဝင်သောသူပေတည်း။

သည်ကို ရည်၍ ...

ငါးရာငါးရာ၊ အရံပါသား၊ ထိုခါသင်းမှူး၊ သီတင်းဦးဟု၊ မည်ထူး ခေါ်လောက်၊ ခုနစ်ယောက်တွင်၊ လက်မြောက်တွင်ကျယ်၊ စိတ်သူကြွယ်နှင့်၊ လူဝယ်လူဆန်း၊ မာန်ဖြင့်ကျန်းသား၊ မြတ်မှန်းမသိ၊ ရှင်မုနိအား၊ ပြစ်မှားရှေးဦး၊ စားမူးမူးဝယ်။ ဘီလူးအာဠဝက၊ လူ၌ရသား၊ အာဠဝကရာစား၊ မင်း၏သားလျှင်၊ ရှည်လျားကြီးပြင်း မိုက် မျက် ကင်း၍၊ သီတင်းဦးကြီး၊ မည်သီးထင်စွာ၊ ထိုအခါ၌၊ ဟတ္ထာဠဝက ခေါ်တွင်ကြအံ့၊ နန္ဒမာတာ၊ ဥတ္တရာဟု ဒကာမိန်းမ၊ တကွနှစ်စုံ၊ တရားယုံလည်း ဥဿုံပရိသတ်၊ လေးပါးမှတ်လျက်၊ ချေချွတ်ပွဲတွင်၊ မည် ရည် တင် အံ့၊ သဘင်တလင်း၊ ဤသူခင်းသည်၊ ခပင်း စုံစုံစေ့စေ့တည်း။

ဟူ၍ အရှင်သီလဝံသအကျော် စပ်တော်မူလေသည်။

(ဤတွင် အာဠဝကရန်ကို အောင်မြင်ကြောင်း ပြီး၏)

## (၃) နာဠာဂီရိဆင်ကို ပအောင်မြင်တော်မူခြင်း

အခါတစ်ပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်လမ်းမှာ ဆွမ်းခံကြွလာခိုက် သတ်လိုက်မယ်တဲ့ ဒေဝဒတ်အမိုက်ရယ် ကြံစည်ပြန်တယ်၊ နာဠာဂိရိ အမည်ရှိတဲ့ဆင်ကို အရက်အမျိုးမျိုးတွေ အတင်းတိုက်လို့သာ ဘုရားမြတ်စွာကိုပင် အနင်းခိုင်းလိုက်တာ၊ သို့ပါသော်လည်း ဆင်မိုက်ကြီးမှာ ဒူးတုပ်ရရှာ မေတ္တာဓာတ်နဲ့ ဗုဒ္ဓါမြတ်စွာ ဆောင်နှင်းခဲ့အောင်ခြင်း တတိယပါ။

မြတ်ဗုဒ္ဓ၏
အောင်ခြင်းရှစ်ပါး
ဇာတ်တော်များ

(၃)

# နာဠာဂိရိဆင်ကို
# အောင်မြင်တော်မူခြင်း

# ဟတ္ထိနာဂံ

ဟတ္ထိနာဂံ၊ ကြွကြွမာန်တုန်၊ ယစ်သည့်မုန်နှင့်၊ သံစုံရိုက်ထစ်၊ ကျူးမြည်ဟစ်သား၊ နှတ်စစ်မိုးကြိုး၊ လောင်မီး မျိုး ကဲ့ သို့၊ ဆိုးသွမ်းရန့်ကြမ်း၊ ညစ်ညမ်းလှစွာ၊ နာဠာဂီရိ၊ ဟတ္ထိမာတင်၊ မင်းစီး ဆင်ကိုလည်းကောင်း။

ဝါ၊ မုန်ယစ်သည့်အရှိန်နှင့် ဝဇီ စိန် လက်နက်ကြီး နှတ်လောင်မီ တမျှ၊ ကြမ်းကြုတ်လှသော အမူအရာ၊ ရုန့်ရင်းစွာသော အသွင်အပြင်ဖြင့်၊ တော်ပဲ့တင်သံလည်းအောင်၊ ပြင်းထန်စွာ မြည်ဟည်းလျက်၊ တစ်ဟုန်တည်း ရှေ့ရှုကာ၊ ကြောက်စရာပုံပြ၍၊ ရှေ့တော်ဇာမျက်မှောက်သို့ ဝင်ရောက်လာတုံ၊ မာန်ဟုန်ကြီးစွာ၊ နာဠာဂီရိဆင် ပြောင်မာတင်ကိုလည်းကောင်း။

အဇိနို၊ ဟုခို စက်ရှိန် ဂုဏ်တော်ဟိန်ဖြင့် ချိုးနှိမ်ပယ်နှင် ရှင်းလင်းစင်၍ အောင်မြင်တော်မူလေပြီ။

တေဇသာ၊ ရှစ်ခါရှစ်တန် အောင်ပွဲခံ၍ အောင်လံထူပြီး မြတ်စောထီး၏ ကြီးသောရှေ့စက် ထက်သော်အာဏာ ဂုဏ်တေဇာ အစွမ်းအားဖြင့်၊ မေ-မမ၊ အကျွန်ုပ်အား ဇယမင်္ဂလံ ကိုယ်တွင်းကိုယ်ပ ရှိသမျှ ဘေးဒဏ် ခပ်သိမ်းရန်ကို မကျန်မကြွင်း အောင်မြင်ခြင်း မင်္ဂလာသည်၊ ဘဝတု ဖြစ်ပါစေသတည်း။

# (၃)

## နာဠာဂီရိဆင်ကို အောင်မြင်တော်မူခြင်း

(ဤသို့ ဒေဝဒတ်၏ အစီအရင်ဖြင့် နာဠာဂိရိဆင်ကြမ်းကို အရက်များတိုက်၍ မြတ်စွာဘုရားနှင့် သံဃာတော်များ ဒေသစာရီကြွရာအရပ်သို့ လွှတ်ပြီး မြတ်စွာဘုရားကို နင်းခြေ၍ နာဠာဂိရိဆင်ကို အောင်မြင်တော်မူကြောင်း အခြေခံမျှသာ သိရှိကြသူများပေသည်။ နာဠာဂိရိဆင်ကြမ်းကို အောင်မြင်တော်မူကြောင်း အောင်ခြင်းရှစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်၍ ထင်ရှားခဲ့ရာ၊ ဤသို့ ဗဟုသုတအလို့ငှာ ဒေဝဒတ်သည် သံဃာတော်ကိုသင်းခွဲခြင်းနှင့် ဘုရားရှင်အား သေကြောင်းကြံပုံ ဖြစ်တော်စုံကို သိမှတ်နိုင်ကြစေရန် စတင်ဖော်ပြပါအံ့။)

မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၊ ပါဝါရိကာရုံကျောင်း၊ ကုက္ကုဋာရုံကျောင်းတို့၌ ကိန်းအောင်းစံနေတော်မူသောကာလ ဃောသိတာရုံသူဌေးနှင့် တကွ မြို့သူမြို့သားအပေါင်းတို့သည် မြတ်စွာဘုရားထံ၌ ဆည်းကပ်ရန်လာကြစဉ်၊ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်ဘဒ္ဒိယ၊ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာ၊ အရှင်ဘဂု၊ အရှင်ကိမိလတို့ထံ ဝင်ရောက်ဆည်းကပ်ကြသဖြင့် စည်ကားလျက်ရှိ၏။ ရှင်ဒေဝဒတ်ကိုကား မေးမည့်သူပင်မရှိ၊ လှူဒါန်းပူဇော်မည့်သူလည်းမရှိ၍ ရှင်ဒေဝဒတ်တစ်ကိုယ်တည်း ဒေါသဖြစ်နေ၏။ "ငါလဲပဲ ဥပါလိဆတ္တာသည်နှင့်တကွ သာကီဝင် မင်းသားခြောက်ဦး အတူ ရဟန်းပြုခဲ့ကြသည်။

ငါသည် သာကီဝင်မင်းမှ ရဟန်းပြုသူဖြစ်၏၊ ဘုရားနှင့်လည်း ညီအစ်ကို သမီးယောက်ဖတော်သူလည်းဖြစ်၏။ သို့ပါလျက် ငါ့ကို ကြည်ညိုမည့်သူ၊ လှူဒါန်းမည့်သူ၊ မေးမည့်သူပင်မရှိခြင်းမှာ ဘုရားရှင်က ငါ၏ ကျေးဇူးမဲ့စကားကို ဒါယကာတို့အား ပြောကြား၍ ဖြစ်လေမည်။ သို့အတွက် ဘုရားရှင်နှင့် အတူနေရန် မသင့်သဖြင့် အခြားတစ်ပါးသို့သွား၍၊ ငါ့ကို ကြည်ညိုမည့်သူများကို ရှာကြံပြီးနေတော့မည်ဟု စဉ်းစား၏။ သို့ရာတွင် ဤပတ်ဝန်းကျင် ရှိကြသော ထီးဆောင်းမင်းအပေါင်းသည် ဘုရားသခင်၏ ဥပါသကာများသာ ဖြစ်ချေသည်။ အဇာတသတ် မင်းသားသည်၊ အရွယ်လည်းသင့်ပြီ၊ ကိုးကွယ်စရာဆရာလည်း မရှိသေး၊ အဇာတသတ်ကို လှည့်စား၍ ငါ၏ဩဇာခံဖြစ်အောင် သိမ်းသွင်းပြီး၊ ငါ့အား ကြည်ညိုစေ၍ အဇာတသတ်၏ ဆရာလုပ်ရသော် လာဘ်သက္ကာရလည်းများမည်၊ ပရိသတ်လည်း ပြန့်ပွားစည်ပင်မည် ဖြစ်လတ္တံ့ဟု အကြံဖြစ်၏။

## နာဠာဂီရိဆင်ကို အောင်မြင်ပုံ (အကျဉ်း)

ဥပါလိ ဆတ္တာသည်နှင့် တကွ သာကီဝင်မင်းသား ခြောက်ဦးတို့ ရဟန်းပြုကြပြီးနောက်၊ ရှင်ဒေဝဒတ်သည် ပုထုဇဉ် ရဟန်းအဖြစ်ဖြင့် လောကီဈာန် အဘိညာဉ်တို့ကို ရရှိခဲ့သည်။ အရိယာမဖြစ်ခဲ့ပေ။

မြတ်စွာဘုရား ကောသမ္ဗီသို့ သီတင်း သုံးစဉ် လာဘ်ပူဇော်သက္ကာရ ဖြစ်ရှိခဲ့လေသည်။ သာဝကကြီး ရှစ်ကျိပ်တို့ထံ ဆည်းကပ်ကြသည်။ ရှင်ဒေဝဒတ်ကိုကား မေးမြန်းသူမရှိသဖြင့် ရှင်ဒေဝဒတ်မှာ သူ့ကိုကြည်ညိုအောင် ကြံစည်တော့၏။

ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီးသား အဇာတသတ်ကို တန်ခိုးပြ၍ သိမ်းသွင်း၏။ အဖကိုဖမ်း၍ ခြေဖဝါးခွာခဲ့ကာ သတ်စေ၏။ တစ်ပြိုင်တည်းပင်လျှင် လေးသမားတို့ကိုခေါ်၍ မြတ်စွာဘုရားကို လေးနှင့်ခွင်းကာ သတ်စေ၏။ ကျောက်တုံးဖြင့် လှိမ့်ချ၍သတ်ရန်ပြုလုပ်၏။ အကြံမအောင်လေ၊ သို့ဖြစ်၍ နာဠာဂီရိဆင်ကို အရက်ကိုးမောင်း တိုက်၍မြတ်စွာဘုရား ဆွမ်းခံရာသို့ စေလွှတ်၏။ နာဠာဂီရိဆင်ပြောင်လည်း မြတ်စွာဘုရားရှင်ကြွတော်မူလာသည်ကိုမြင်လျှင် လူများကို ထိတ်လန့်စေလျက်၊ အိမ်များကိုချိုးဖွဲ့ဖျက်ဆီးလျက်၊ လှည်းများကို မှုန့်မှုန့်ညက်ညက် နင်းဖျက်လျက်၊ နှာမောင်းကို မြှောက်ချီကာ နားရွက်အမြီးတို့ကို ထောင်လျက် တောင်ကြီးကဲ့သို့ မြတ်စွာဘုရားသခင် ရှိရာသို့ ရှေးရှု ပြေးသွားလေ၏။

နာဠာဂီရိဆင်ကြီးသည် ကြမ်းကြုတ်လှစွာ ပြင်းထန်စွာမြည်ဟီးလျက် တဟုန်တည်း ရှေးရှုကာ ပြေး၍လာပြီးမှမြတ်စွာ ဘုရားသခင်၏မေတ္တာဓာတ်ကြောင့် ဆင်မိုက်ကြီးမှာ ခြေတော်ရင်း၌ဝပ်စင်းဒူးတုပ်ကာ ရှိခိုးခိုက် ဆင်၏ဦးကင်းကို သုံးသပ် ကိုင်တွယ်တော်မူကာ တရားဟောတော်မူလေ၏။ တရားတော်ကိုနာကြားရလျှင် နာဠာဂီရိ ဆင်မင်း၏တစ်ကိုယ်လုံး အကြားမလပ် နှစ်သက်ခြင်း ပီတိဖြင့် တွေ့ထိအပ်လေသည်။ အကယ်၍များ တိရစ္ဆာန်မဟုတ်ခဲ့လျှင် ငါးနေရာမှာပင် သောတာပတ္တိဖိုလ်သို့ ရောက်ရာ၏။ ထိုအချိန်မှ အစပြုကာ အလွန့်အလွန်ယဉ်ကျေးသော ဆင်သူတော်ကောင်းကြီး ဖြစ်ကာ တစ်သက်လုံးတစ်ဦး တစ်ယောက်ကိုမျှ ညှဉ်းဆဲမှုမပြုတော့ပြီ။



## ဒေဝဒတ် နောက်ဆုံး တန်ခိုးပြခြင်း

ရှင်ဒေဝဒတ်သည် ပုထုဇဉ်ရဟန်းအဖြစ်နှင့်ပင် လောကီဈာန် အဘိညာဉ်တို့ကို ရရှိခဲ့သူ ဖြစ်လေသည်။

ထိုအကြံဖြင့် ရာဇဂြိုဟ်သို့လာခဲ့ကြပြီး သူငယ်အသွင် ဖန်ဆင်း၍ လက်နှစ်ဖက် ခြေနှစ်ဖက်တို့၌ မြွေဘစ်ကောင်စီဖြင့်လေးကောင် ဦးခေါင်းပေါ်တွင် မြွေတစ်ကောင်ခွေလျက် ပါးပျဉ်းဖြန့်စေပြီး၊ လည်ပင်း၌ မြွေတစ်ကောင်ကို ရစ်ပတ်ကာ မြွေခြောက်ကောင် အမြီးချင်း ယှက်ဆိုး၍ ဒါးပတ်စလွယ်သို့ မကိုဋ္ဌဆောင်းဟန်ဖန်ဆင်းပြီး ကောင်းကင်မှ သက်ဆင်း၍ အဇာတသတ်သတို့သား၏ ရင်ခွင်တွင်း၌ ထိုင်နေလေသည်။

အဇာတသတ် မင်းသားလည်း ကြောက်လန့်လှ၍အသန့်တကြား အော်၍ ထ၏။

ထိုအခါ ဆရာဒေဝဒတ်က "အသင်မင်းသားကြောက်လင့်၊ ငါကား ရှင်ဒေဝဒတ်တည်း" ဟု ဆို၏။ "အရှင်ဒေဝဒတ် ဖြစ်ခဲ့လျှင် မကောင်းသော ရဟန်းအသွင်ကိုပြပါ" ဟု တောင်းပန်လျှင် မင်းသား၏ရှေ့မှာပင် ပရိက္ခရာရှစ်ပါးနှင့် တကွသော ရဟန်းအသွင်ကိုပြ၏။

အဇာတသတ်ကား ဤတန်ခိုးပြာဋိဟာ တစ်ခုသည်းနှင့်ပင် အလွန် အံ့သြကြည်ညိုလှ၍ နေ့စဉ် ဆရာဒေဝဒတ်ထံ ရထားငါးရာနှင့် နံနက်ခင်း၊ ညနေခင်း အချိန်မှန် သွားရောက် ဆည်းကပ်၏။ ထိုနေ့မှစ၍ ငါးရာမျှလောက်သော ဆွမ်းဝတ်တို့ကို တည်ပေး၏။ မင်းချင်းတို့သည်း ဝိုင်းဝန်းပူဇော်ကြသဖြင့် လာဘ်လာဘ ပူဇော်သက္ကာရ များစွာဖြင့် ရှင်ဒေဝဒတ်ကျောင်း၌ စည်ကားနေ၏။

**ပိတ်ယုတ်မာကြောင့် ဈာန်လျော့ကျခြင်း**

ရှင်ဒေဝဒတ်သည် လာဘ်လာဘ ပူဇော်သက္ကာရ၌ ယစ်မူးပြီး "ငါကား ဘုရားတစ်ဆူလုပ်အံ့၊ ဘုရားနှင့် စင်ပြိုင်လုပ်၍ သံဃာအပေါင်းကို ခေါင်းဆောင်တော့အံ့" ဟု စိတ်အကြံဖြစ်၏။

ထိုစိတ်အကြံဖြစ်သည်နှင့် တစ်ပြိုင်နက်၊ ရှိသမျှသော လောကီ အဘိညာဉ်ကလေးပင် လျော့ကျ ကွယ်လေ၏။

## ကုက္ကုဋ္ဌ နတ်သား လျှောက်ထားခြင်း

အရှင်မောဂ္ဂလာန်၏ အလုပ်အကျွေး ကောလိယ သူဌေး သား ကုက္ကုဋ္ဌသည် ကြမ္မာကုန်၍ စတုမဟာရာဇ်ဘုံ၌ နတ်သားဖြစ်လေရာ အရှင်

မောဂ္ဂလာန်ရှိရာ ကောသမ္ဗီပြည်သို့လာ၍၊ ဒေဝဒတ်၏ စိတ်အကြံနှင့် စျာန်လျှောကျပုံတို့ကို လျှောက်ထား၏။ (မှတ်ချက်) မဟာဗုဒ္ဓဝင်က ကကုသံ မည်သော ကောဠိယမင်းသားသည် စုတေ၍ ပြဟ္မာဖြစ်သည်ဟု အဆိုရှိသည်။)

ရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရားထံ လျှောက်ထားရာ ''သင်ကြားသည့်အတိုင်း မှန်ပေသည်၊ သို့ရာတွင် သင်ဆိတ်ဆိတ်သာ နေဦးလော့၊ မကြာခင် အမှန်တရား ထင်ရှားလာလိမ့်မည်''ဟု မိန့်တော်မူပြီးမှ ''အပူဇော်ခံရသော ဆရာငါးမျိုး''တရားကို မိန့်တော်မူ၏။

ဘုရားရှင် ရာဇဂြိုဟ်သို့ကြွခြင်း

ထို့နောက် ဘုရားရှင်သည် ကောသမ္ဗီပြည်မှ ဒေသစာရီ ကြွချီလာပြီး၊ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၏။ များစွာသော ရဟန်းတို့က၊ အဇာတသတ် ကိုးကွယ်အပ်၍ ရှင်ဒေဝဒတ်မှာ စည်ကားသိုက်မြိုက် လာဘ်လာဘ ပေါများနေကြောင်း လျှောက်ထားကြ၏။ ဘုရားသခင်ကလည်း....

''ချစ်သား ရဟန်းတို့၊ ဒေဝဒတ်၏ လာဘ်လာဘ ကျော်စောခြင်းကို အားမကျကြနှင့်ဦး၊ ထိုလာဘ်လာဘသည် ဒေဝဒတ်အဖို့ရာ ကုသိုလ်တရား၌ ယုတ်လျော့စေသည်သာဖြစ်၏။ ဥပမာအားဖြင့် ခွေးကြမ်း၏ နှာခေါင်း၌ ခါးလှသော တိရစ္ဆာန်သည်းခြေကို ခွဲထည့်ပေးလျှင် ထိုခွေးသည် ပို၍ ကြမ်းကြုတ်မည့်ကဲ့သို့ ဖြစ်၏။

ငှက်ပျောပင်၊ ဝါးပင်၊ ပေမင်တို့သည် မိမိတို့ကို သေဖို့အသီးကို သီးပေးရသကဲ့သို့ အာဇာနည် မြင်းမသည် မိမိတို့သေစေဖို့ သားဖွားရသကဲ့သို့၊ ထို့အတူ ထိုပူဇော်သက္ကာရ လာဘ်လာဘတို့သည် စိတ်နေဖောက်ပြား ယုတ်မာသော ယောကျ်ားတို့ကို သတ်ဖြတ် ဖျက်ဆီးတတ်၏'' ဟု ဟောကြားတော်မူ၏။

## ဘုရားကို ရန်ငြိုးထားပြီ

တစ်နေ့တွင် မြတ်စွာဘုရား၊ တရားဟောနေစဉ် ရှင်ဒေဝဒတ်သည် ပရိသတ်အကြားမှထ၍–

''မြတ်စွာဘုရား၊ရှင်ပင်ဘုရားသည် အသက်အရွယ်ကြီးပါပြီ၊ အေးအေးသာ နေပါတော့၊ အကျွန်ုပ်အား သံဃာအပေါင်းတို့ကို လွှဲအပ်ပါ။ အကျွန်ုပ်သည် ရဟန်းသံဃာတို့ကို ထိန်းသိမ်းစောင့်ရှောက်ပါမည်''ဟု လျှောက်ထား၏။ ဘုရားသခင်က ''သင့်ကိုယ်ရေးကိုယ်သာ အားထုတ်ပါဦး၊ သံဃာတို့ ထိန်းသိမ်းစောင့်လျှောက်ရန် အလိုမရှိလင့်''ဟု ပယ်တော်မူ၏။

• စာ ကြည့် တိုက်

နှစ်ကြိမ်မြောက် ထပ်မံ့လျှောက်ထားပြန်သော်လည်း ရဟန်းတော်ဝန်ခံမူ၏။ သုံးကြိမ်မြောက် လျှောက်ထားသောအခါ....

''ငါဘုရားသည် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ကိုပင် ရဟန်းသံဃာကို လွှဲအပ်မည်မဟုတ်၊ တံတွေးနှင့်တူသည့် ပစ္စည်းများကို သုံးစားနေသောသင့်အား အဘယ်ကြောင့် လွှဲအပ်ရမည်နည်း'' ဟု ပယ်မြစ်မိန့်တော်မူ၏။

ဒေဝဒတ်သည် ''ငါ့အား ပရိသတ်အလယ်၌ မစင်ကြယ်သော ပစ္စည်းလေးပါးကို စားသောတံတွေးစားဟု ကြိမ်းမောင်းပြောဆိုသည်၊ ယနေ့မှစ၍ ယောက်ဖတော် ဂေါတမကို အကောင်းမကြံပြီ'' ဟု ကြီးစွာသောရန်ငြိုးကို ထားခဲ့၏။

(ဤကား ရှင်ဒေဝဒတ်၏ ပထမရန်ငြိုးတည်း။)

**ပကာသနီယကံ ပြုတော်မူခြင်း**

မြတ်စွာဘုရားသည် ဒေဝဒတ်အား ရာဇဂြိုဟ်ပြည်၌ ပကာသနီယကံကို ပြုစေတော်မူ၏။ ဒေဝဒတ် ပြောဆိုပြုမူ လုပ်ကိုင်ခြင်းမှန်သမျှနှင့် ဘုရားနှင့်လည်းမပတ်သက်၊ တရားနှင့်လည်း မပတ်သက်၊ သံဃာနှင့်လည်း မပတ်သက်၊ ဒေဝဒတ်အပြော၊ ဒေဝဒတ်အလုပ်သာဟု မှတ်ယူရမည်ဟူ၍ ရာဇဂြိုဟ်ပြည်သူတို့ကို သိစေ၏။

**အဇာတသတ် အာဏာရအောင် အကြံပေးခြင်း**

ပကာသနီယကံပြုသည်နှင့် ''ငါ့ကို ရဟန်းဂေါတမသည် စွန့်ပယ်ပြီ၊ ယောက်ဖတော်ဂေါတမကို လုပ်ကြံရအောင်ကလည်း ငါ့ကို ကိုးကွယ်သည့် အဇာတသတ်မှာ မင်းသားအဖြစ်သာ ရှိသေးသည်။ ထိုသူ မင်းဖြစ်မှ ငါ ထင်ရာလုပ်နိုင်မည်'' ဟု ကြံစည်တွေးတောကာ၊ အဇာတသတ်မင်းထံသွားပြီး နှစ်ကိုယ်ကြားစကားပြောရန် ခေါ်၍....

''မင်းသား ရှေးကလူများတို့သည် အသက်ရှည်ကြ၍ ယခုလူများကား အသက်တိုကြသည်။ ကမ်းနားသစ်ပင်ကဲ့သို့ ငယ်ငယ်ရွယ်ရွယ်နှင့်လည်း သေတတ်ကြသည်။ မင်းသား၏ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးသည် အသက်မကြီးလှသေး၊ ဖခမီကွယ်လွန်မှ မင်းဖြစ်ရမည်ဆိုသော် မင်းသားအိုကာမှ မင်းဖြစ်တော့မည်၊ ငယ်ငယ်ရွယ်ရွယ်နှင့် မင်းဖြစ်မှ စည်းစိမ်ခံစားနိုင်သည်။ သို့အတွက် သင်သည် အဖကိုသတ်၍ မင်းပြုလော့၊ ငါလည်း ယောက်ဖတော် ဂေါတမကိုသတ်၍ ဘုရားလုပ်အံ့'' ဟု ဆိုပေ၏။

အဇာတသတ်ကား ယယ်ရွယ်သူဖြစ်၍ဉာဏ်ပညာမရှိ၊ဒေဝဒတ်အား တန်ခိုးကြီးသူဟု ယူဆ၍ ဒေဝဒတ် အကြံအတိုင်းပြုရန် သန်လျက်ဓားကို ပေါင်ကြားတွင်ဝှက်၍ နန်းတွင်းသို့ဝင်၏။ အစောင့်တို့ ရှာရာ သန်လျက် ဓားကိုတွေ့၍ စစ်မေးရာ "ခမည်းတော်ကို သတ်ရန် ယူလာသည်" ဟုဖြေ၏။

"အဘယ် သူ တိုက် တွန်း၍ ဤ အကြံ ကို ကြံသနည်း" ဟု မေး ပြန်သော် 'ရှင်ဒေဝဒတ် တိုက်တွန်း၍' ဟု ဖြေ၏။ မှူးမတ်တို့ အချင်းချင်း မည်သို့ အရေးယူရန် တိုင်ပင်ရာက သဘောထား မညီဖြစ်ခဲ့၏။ အချို့က မင်းသားကိုလည်း သတ်သင့်သည်၊ ဒေဝဒတ် အစရှိသော သံဃာတော် များကိုလည်း သတ်သင့်သည်ဟုဆိုကြ၏။

အချို့က မင်းသားနှင့် ဒေဝဒတ်ကိုသာ သတ်သင့်သည်၊ ရဟန်း သံဃာတို့သည် ဒေဝဒတ်နှင့် မပတ်သက်၊သံဃာတို့ကား မင်းကြီးကို မပြစ် မှားပေဟု ဆိုကြ၏။

သို့ဆိုလျှင်မင်းသားကိုဖမ်း၍ရှေ့တော်သို့သွင်း၍ကြကာ အကြောင်းစုံ လျှောက်ထားလေ၏။ ဗိမ္ဗိသာရ မင်းကြီးသည် "ဤမင်း စည်းစိမ်သည် သင်ချစ်သား၏ မင်းစည်းစိမ်တည်း" ဟု အဇာတသတ်မင်းသားအား မင်း အဖြစ် အပြီးအပိုင် လွှဲအပ်တော်မူလေသတည်း။

## ဒေဝဒတ်၏ ရက်စက်သောအကြံ

အဇာတသတ် မင်းသားသည် ဆရာ ဒေဝဒတ်အား "ကျွန်ုပ်ကိစ္စ အောင်မြင်ပါပြီ" ဟု အားရဝမ်းသာ ပြောဆိုလေလျှင် ဒေဝဒတ်က....

"မင်းသား၊ သင်သည် ခါးပိုက်ထဲတွင် မြွေပွေးကို ပိုက်ထားသော၊ ခါးပိုက်တွင်း၌ မြွေခွေးကိုထား၍ သားရေဖြင့် စည်ကျက်သော သူကဲ့သို့ လည်းကောင်း သင့်ကိစ္စမပြီးပြတ်သေးဘဲ ပြီးသည်ဟု မှတ်နေသလော၊ သုံး လေးရက်ကြာလျှင် စိတ်ပြောင်းပြီး သင့်ကိုဖမ်းဆီး၍ နန်းစည်းစိမ်ကိုပြန်ယူ လိမ့်မည်မှာ လူတို့ မမှတ်ပင်ဖြစ်သည်။ သစ်ပင်တို့ကို အမြစ်မှလှန်မှ ပြန် မပေါက်နိုင်သကဲ့သို့၊ ရန်ကို အမြစ်မှ လှန်ရမည်။ သင့် ခမည်းတော်ကို အမြစ်ကဖြတ်သလို အပြီးတိုင် သတ်လော့" ရက်စက်စွာ အကြံပေးလေ၏။

"အရှင်ဘုရားရာဇသွေးကို လက်နက်ဖြင့် မသတ်ထိုက်သည် မဟုတ် ပါလော" ဟု မေးလျှင် "ခင့်ခမည်းတော်ကို ထောင်သွင်း အကျဉ်းချ၊ အာဟာရပြတ် အစာငတ်ထား၍ သတ်ပါတော့လား" ဟုရိုင်းပြရက်စက်စွာ အကြံပေးလေ၏။

ဗိမ္ဗိသာရမင်းကြီးဒုက္ခ

အဇာတသတ်မင်းသည် ဖခင်မင်းကြီးကို ဖမ်းဆီး စေ၍ လူသူ မမြင်သာသောနေရာတွင် သံလှောင်ချိုင့်အလုံ (တစ်ခုံ) ပြုလုပ်ပြီး အငွေ့ ခြောင်းခြောင်းထွက်အောင် အလွန်ပူပြင်းသည့် (နေရောင်အစက်ရှိ)သံ လှောင်ချိုင့်အတွင်း အကျဉ်းချထားစေ၏။

"ငါ၏မယ်တော်မှတစ်ပါး အခြားမည်သူမျှ ဖူးမျှော်ခွင့် မပေးရ၊ အစာရေစာ လုံးဝမကျွေးမပေးရ" ဟု အမိန့်ထုတ်ဆင့်ထား၏။

ဗိမ္ဗိသာရ မင်းကြီးလည်း "သားတော်ကို ငါ-မင်းမြှောက်ထား ပေပြီ၊ ငါသွားစီရင်တိုင်း ခံရမည်သာ" ဟု ကြည်ဖြူစွာ နှောင်အိမ်တွင်း ဝင်၍နေ၏။

( ၁ )

မယ်တော်မိဖုရားကြီးလည်း သားတော်ကို ဖျောင်းဖျ တောင်းပန် ၍ မရလျှင် စားတော်ရွှေခွက်၌ ပွဲတော်စာထည့်ပြီးလျှင် ရင်ခွင်ဖြင့်ပိုက်၍ သံလှောင်အိမ်သို့ဝင်၍ ကျွေးမွေး၏။ မင်းကြီးလည်း ထိုအာဟာရဖြင့် မျှတလျက် ငါ့အား အမျက်ပြေသောအခါ လွှတ်လိမ့်မည်ဟု စိတ်ချ နေလေ၏။

( ၂ )

အဇာတသတ်လည်း ခမည်းတော် မသေသေး၍ ဤအကြောင်းကို မေးသော် အစောင့်အကြပ်များ ပြောပြသိရလျှင် "မယ်တော့်အား စား တော်ပွဲကို ရင်ခွင်ပိုက် မဝင်ရ" ဟု အမိန့်ချမှတ်၏။

ဝေဒေဟီ မိဖုရားကြီးသည် ပွဲတော်စာကို ဆံထုံး၌ ထည့်ယူပြီး ကျွေး၏။ အဇာတသတ်လည်း "မယ်တော်ကို ဆံထုံးဖြင့် ဝင်ခွင့်မပေး လင့်" ဟု အမိန့်ချမှတ်ပြန်၏။

( ၃ )

ဝေဒေဟီ မိဖုရားကြီးသည် မုန့်ထမင်းကို ရွှေခြေနင်း၌ ဖုံးလွှမ်းပြီး လျှင် စီးနင်းဝင်၍ ထိုတွင်ပါသော အာဟာရတို့ကို ကျွေးမွေး၏။ အဇာ တသတ်မင်း သိပြန်လျှင် မယ်တော်ကို ရွှေခြေနင်း စီးနင်းမဝင်ရဟု အမိန့် ထုတ်၏။

( ၄ )

ဝေဒေဟီ မိဖုရားကြီးသည် တစ်မျိုးကြံပြန်၏၊ နံ့သာရေမိုး ချိုး ပြီးလျှင် စတုမဓူပျစ်ပျစ်ကို နံ့သာမှုန့်ဖြင့်နယ်လျက် ကိုယ်တွင် လိမ်းကျံ

ပြီးမှ သန့်ပြန့်လှသော အဝတ်ကို ဝတ်ဆင်လျက် နှောင်ကြိုးတွင်းသို့ဝင်ပြီးသော် ဗိမ္ဗိသာရမင်းကြီးအား ခြစ်၍ခြစ်၍ပေး၏။

နောက်ရက်များတွင် မင်းကြီးသည် အာဟာရ ပြည့်ဝစွာမစားရ၊ မွတ်သိပ်ခြင်း ပြင်းလှသောကြောင့် ခြစ်၍ရကောင်းသော မုန့်အာဟာရဖြင့် အားမရနိုင်ရကား၊ မိဖုရားကြီးကိုယ်၌ ကပ်နေသော နံ့သာတို့ကို လျှာဖြင့် လျက်၍လျက်၍ မျို၏။ ထိုအဖြစ်ကိုမြင်ရသော မိဖုရားကြီးကား သည်းအူပြတ် ပြန်လာခဲ့သောဘနန်းမှ စိတ်ထိခိုက် ငိုကြွေးရရှာလေသည်။

မယ်တော် မိဖုရားကြီး ပူဆွေးပုံ

နောက် လေးပါးရက်ကြာလေသော် အဇာတသတ်မင်းသည် ''ခမည်းတော် မသေသေးသလော'' ဟု မေးတော်မူပြန်ရာ၊ မသေသေးကြောင်းနှင့် ခမည်းတော်မင်းကြီး၏ သနားဖွယ် ကောင်းလှပုံကို အစောင့်တို့ ပြောပြကြသောအခါ.... ''မယ်တော်ကို လုံးဝ ဝင်ခွင့်မပေးလင့်'' ဟု တစ်ချက်လွှတ်အာဏာ ချမှတ်လိုက်လေသည်။

ဝေဒေဟီ မိဖုရားလည်း နှောင်အိမ်ရှေ့သို့ရောက်မှ တွေ့ခွင့် မရှိတော့ကြောင်း သိရလျှင် နှောင်အိမ်တံခါးဝ၌ ရပ်ပြီးလျှင် ဆံပင်တို့ကို ကြဲဖြန့်လျက် အနည်းနည်းသော ရှိုက်ခြင်းဖြင့် ရှိုက်လျက်....

''အို....အရှင်ဗိမ္ဗိသာရဘုရား၊ အရှင်သည်ပင် အဖကို သတ်မည့်သားဟု သိပါလျက်၊ သားကို မဖျက်ဆီးရဟု မိမိရန်သူကိုပင် မိမိ မွေးမြူခဲ့သောကြောင့် ယခု မမြင်ဝံ့သော ဆင်းရဲအစုကို ခံတော်မူ ရပါပြီ၊ အရှင့်သား မင်းယုတ်သည် ကျွန်တော်မကိုမျှ ဝင်ခွင့်မပေးတော့ပါပြီ၊ ယခုအကြိမ်သည် အရှင်မင်းကြီးကို နောက်ဆုံး ဖူး မြော်ရ ခြင်း ပါ။ ကျွန်တော်မသည် ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် ညွတ်ကျိုး ဝန်လျော့ကန်တော့ပါ၏။ ကျွန်တော်မမှာ အပြစ်များရှိလျှင် သည်းခံတော်မူပါဘုရား'' ဟု ငိုယို ပြောဆိုရင်း ပြန်ခဲ့ရရှာသတည်း။

ခြေဖဝါး ဓားခွဲ၊ ဆား လူး၊ မီးကင်။

မင်းကြီးသည် အစာအဟာရ မရှိသော်သည်း စိုးစဉ်းမျှ တုန်လှုပ်ခြင်း မရှိ၊ လူးလာတို့ခေါက် စင်္ကြံန်လျှောက်၍ မိမိ ရရှိ ပြီးသော သောတာပတ္တိ ဖလသမာပတ်ချမ်းသာဖြင့် မျှတတော်မူလေရာ၊ မင်းကြီး၏ အသားရေတို့သည် ရှေးကထက် အလွန်ပင် တင့်တယ်တော်မူ၍နေလေ၏။

ခုနစ်ရက်၊ ရှစ်ရက်ကြာလျှင် ''ခမည်းတော် မသေသေးသလောဟု မေးရာ'' ''ခမည်းတော်သည် စင်္ကြံန်လျှောက်ခြင်းဖြင့် မျှတနေတော်မူ၍ အသားအရေတို့မှာ ပိုမို စိုပြေ တင့်တယ်နေပါသည်'' ဟု လျှောက်ထား၏။

သားမိုက် အဇာတသတ်လည်း များစွာ ဝေါ်ထွက်လျက်—

''မကြွင်းမသွားနိုင်အောင် ခြေဖဝါးကို ဓားထက်ထက်နှင့်ခွဲ၊ သား
လူးပြီး မီးကျီးဖြင့်ကင်''ဟု အာဏာပေးလိုက်၏။

အာဏာသားတို့လည်း အမိန့်အတိုင်း ဆောင် ရွက် ရန် သွား ၍ မင်းကြီးအား အကြောင်းစုံ ပြောပြလျက် လျှောက်ထားကာ''အကျွန်ုပ် တို့အား အပြစ်ထားတော်မမူပါလင့်၊ အရှင့်သား ဟာ၏ အာဏာအတိုင်း ပြုလုပ်ရပါမည်''ဟု လျှောက်ထားပြီးနောက်၊ ခြေဖဝါးကို အမြွာမြွာ မွမ်း၍ ဆားနယ်ပြီး မီးကျီးဖြင့် ကင်ကြလေ၏။

(မင်းကြီးသည် ရှေးအတိတ်က စေတီရင်ပြင်၌ ဖိနပ်စီးလျက် သွား ဖူးသော မကောင်းမှုကံ၊ ထိုင်ရန်ခင်းထားသော ဖျာ၊ သင်ဖြူးတို့ကို ခြေမဆေးပဲ နင်းခဲ့သော မကောင်းမှုကံ၏ အကျိုးအဆက်တည်းဟု ဆရာတို့ ဆိုကြကုန်သည်။)

မင်းကြီးလည်း ပြင်းထန်သော ဝေဒနာဖြင့် လွန်စွာ တုန်လှုပ်သည့် အကြားကပင်—

အဟော ဗုဒ္ဓေါ
အဟော ဓမ္မော
အဟော သံဃော

ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်သည် အံ့ဖွယ် ရှိပါပေစွ။
တရားတော်၏ ဂုဏ်ကျေးဇူးတော်သည် အံ့ဖွယ် ရှိပါပေစွ။
သံဃာတော်၏ ဂုဏ်ကျေးဇူးတော်သည် အံ့ဖွယ်ရှိပါပေစွ။

ဟု သား အဇာတသတ်အပေါ်၌ လုံးဝအမျက်မထား ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုသာ အောက်မေ့ရင်း စတုတ္ထလေသော် စတုမဟာရာဇ် နတ်ပြည်၌ ''ဇနဝသဘ''မည်သော နတ်သား ဖြစ်လေ၏။

**အဇာတသတ်မင်း နောင်တရခြင်း**

ထိုနေ့မှာပင် အဇာတသတ်မင်း၏ မိဖုရားမှာ သားတော်ကလေး ဥဒယဘဒ္ဒ ဖွားမြင်ကြောင်း လျှောက်ကြားလွှာနှင့် ခမည်းတော် နတ်ရွာ စံကြောင်း လျှောက်ကြားလွှာတို့ တစ်ပြိုင်နက် ယနေ့ညီလာခံမှာ တင် သွင်းရန်ရှိရာ မှူးမတ်တို့က မင်္ဂလာသတင်းကို ပထမတင်သွင်းရန် တိုင် ပင်ကြပါ....

''ယနေ့ပင် မိဖုရားမှ သားတော်ကလေး ဖွားမြင်ပါကြောင်း'' လျှောက်ထားသံကို ကြားရသည်နှင့် အဇာတသတ်မင်းမှာ သား၏ ချစ် ခြင်းပြင်းစွာဖြစ်ပြီး ရိုးတွင်းချဉ်ဆီ နှလုံးသားကိုစိမ့်၍ နှစ်သိမ့်ဘိရကား....

"ငါ၏ခမည်းတော်လည်း ငါ့မွေးဖွားစဉ်က ဤသို့ပင် ငါ့အပေါ် ချစ်ခြင်းပြင်းစွာ ဖြစ်ပေလိမ့်မည်"ဟု ခမည်းတော်၏ ကျေးဇူးကို သတိရ ခါ မယ်တော်ထံ ချဉ်းကပ်လျက်....

"မယ်တော် ကျွန်ုပ်ကို ဖွားမြင်စဉ်က ခမည်းတော်သည် ဤသို့ပင် ဝမ်းမြောက်ခြင်း ဖြစ်ပါသလား"ဟု မေးမြန်းသောအခါ မယ်တော်က ဝမ်းနည်းကြေကွဲစွာဖြင့်....

"လူမိုက် ဘယ့်နှယ်ပြောပါလိမ့်၊ သင်ငယ်စဉ်က လက်ချောင်းမှာ ခူနာပေါက်လို့ အငိုတိတ်အောင် မချော့နိုင်ကြတဲ့အဆုံး မောင့်ခမည်း တော်က မောင့်ကို ရင်ခွင်မှာထားပြီး ခူနာပေါက်နေတဲ့လက်ကို ခံတွင်း မှာငုံထားပေးမှ သက်သာပြီး အငိုတိတ်တယ်။ အာငွေ့ရလို့ခူနာဟာ မောင့် ခမည်းတော်၏ အာခံတွင်းမှာပဲ ပြည်ပေါက်ခဲ့တယ်။ ထွေးပစ်လိုက်လျှင် မောင်နိုးမှာစိုးလို့ သားကိုချစ်တဲ့စေတနာနဲ့ သွေးပုပ်နဲ့ပြည်တွေကို မျိုချ လိုက်ရှာပါတယ်။ မောင့်အပေါ်မှာ ဒီလောက်တောင် ချစ်ခဲ့ရှာတာပါ" ဟု ပြောဆိုငိုကြွေးရှာလေသည်၊

ထိုအခါ အဇာတသတ်မင်းသည် ခမည်းတော်၏ ကျေးဇူးဂုဏ်ကို သိရှိပြီး....

"အခု မြန်မြန်သွား၊ ခမည်းတော်ကို လွှတ်လိုက်ကြ"ဟု အမိန့် ပေးသောအခါ မှူးမတ်တို့က "ခမည်းတော် ယနေ့နံနက်ပင် နတ်ရွာစံ ကြောင်း" လျှောက်ထားကြသောအခါ၊ အဇာတသတ်မင်းသည် သည်း စွာ ငိုကြွေးမြည်တမ်းလေသတည်း။

# မိဘမေတ္တာသီချင်း

(မှတ်တမ်းအဖြစ် ဖော်ပြပါသည်)

ဆို–မကြည်အောင် ရေး–ရွှေတိုင်ညွန့်

သားတို့ရပ်ရည် သိတင်ယံမည့်၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကလေးကျရုံနဲ့ပင် မိဘတို့ဝမ်း ငြိမ်းစတန်းတည့်၊ အသဲနှလုံးသားနဲ့ပင်တူညီ၊ ကြီးမားသော မေတ္တာဂုဏ်ရည်၊ မစတာပိတုဥပဋ္ဌာန် ပုတ္တဓရဃသင်ဟော မိဘတို့အားလုံး သားသမီးမုန်းတယ်လို့ ကိုထုံးမှရှိဘူးတဲ့ရှင်။

(သံဃာဇဉ်အတည် ကြည်လင်တဲ့အရေး.... အော် ကိုယ့်ရင်သွေး ထွေးပိုက်လို့ချီ)၂ (အရွယ်မတိုင်မီ မိဘများ ပိုးမွေးသလို မွေးကြရပြန်သည်။ အနန္တဂုဏ်ရည် ပျိုကြည်အောင် ကျေးဇူးတွေတင်သည်)၂ (ဖခါး လက်နှလုံး ပခုံးလက်နှစ်သစ် လူဖြစ်အောင်မွေး လုပ်ကျွေးခဲ့သည်)၂ လူလားခမြောက်လို့လာပြန်လျှင် အဆင်ခြင်မထား မှားတတ်သည်။ ဥပမာ ပုံခင်းစရာပ! အဇာတသတ်မင်းသား ယွင်းမှားပုံတူရည်....

(မွေးသဖခင် ကျေးဇူးရှင်ကိုအတည် မတရားသက်သက် ရက်စက်လေတော့သည်)၂ သူ့သားတော်လေး မွေးတော့ ထွေးပိုက်ကာပင် မြပုခက်တွင် ယှဉ်ကျူးလို့ (ထူးထူးငယ်စုံလင်သည်)၂ မေတ္တာတော်ဂုဏ်ရည်၊ ထင်ရှားခဲ့လေသည်၊ ဥဒယဘဒ္ဒသည်သာအတည်၊ ကြင်နာသည်၊ ရင်သွေးဟူက ချစ်မဝနိုင်သည်၊ ကရုဏာ့ပိုမိုခါအတည်မှုက်ခြင်မသာန်းရအောင်ပင်ပန်းရသည်၊ ခယ်တော်ဖုရား စကားတစ်ခွန်းလောက် မေးစမ်းပါရစေကျွန်ုပ်၏ မွေးသဖခင်သည် မေတ္တာသဘော ချစ်ပါသလော ပြောပြပါ အခါခါမေးလေသည်။

(ဝေဒဟီ ဖြေမဆည်နိုင်ပြီ)၂ (ချစ်တာတွေ အမေပြောပြပါမည် ခမည်းတော်ဘုရားရဲ့အပေါ် အထင်တော် မမှားသင့်ပြီ)၂ (မင်းအပေါ် ကြင်နာသနားတာတွေပိုပါသည်၊ သားလူမမယ် ငယ်ရွယ်စဉ်ကအတည်)၂ (တ=ကျွန်းခူနာကြီးရယ်ကြောင့် ပြီးကစဝိုရှာသည် မင်းဖခင် အာခံတွင်းမှာသွင်းခါ သိပ်ရသည်)၂ အော် ချစ်လှတဲ့သားပေမို့ အမေရင်ထုကာ မရှုရက်နိုင်ပါသည်၊ မင်းအနာ မသတိ လောက်စရာပ ပြည်ပေါက်တာတောင် မျိုကာချပြန်သည်။

(ရွှေတိုင်ညွန့်ကအကိုးကကားနဲ့ စာကိုစီ၊ မိဘနဲ့သား ခင်မင်ပုံများ ဆင်ခြင်တုံတရား ထားသင့်သည်)၂ အဖသတ်သားငါးဆက် ရှေးဝိပါက်ဆိုသည် အဇာတသတ်က စချိတ္တက်ကာရည်၊ သိမှတ်စရာအတည်၊ ဇိနတ္ထပကာသနီ၊ ဖြစ်တော်ပေါင်း အကြောင်းသိမည်၊ ပျိုကြည်အောင် ညွှန်ပါရစီဗဟုသုတနဲ့စုံအညီ အမျိုးသမီးများ ရှုကြစေကုန်အတည်။

## ရှင်ဒေဝဒတ် ဘုရားရှင်အား လုပ်ကြံပုံများ

ရှင်ဒေဝဒတ်သည် အဇာတသတ် မင်းသားထံသို့သွားပြီး ''ရဟန်းဂေါတမကို သတ်မည့် လေးသမားတို့ကို ငါ့ထံ စေလွှတ်လော့'' ဟု ပြောဆို၏။ အဇာတသတ်သည် ဒေဝဒတ်အပေါ် ယုံကြည်မှု လျော့ပါးနေပြီဖြစ်သော်လည်း၊ သူ ပြထားသော လောကီအဘိညာဉ်တန်ခိုးကို ကြောက်ရွံ့လှ၍ သူ့ တောင်းသမျှ ပေးလိုက်ရ၏။ ဒေဝဒတ်တွင် လောကီအဘိညာဉ် ဈာန်မှ လျောကျနေပြီကို မသိရှာပေ။

ဒေဝဒတ်သည်ပထမယောကျ်ားတစ်ယောက်ကိုလေးမြား-သန်လျက်တို့ ယူဆောင်စေကာ ''ရဟန်းဂေါတမကိုသွား၍သတ်ခဲ့ပြီးလျှင် ဤသို့သောလမ်းမှ ပြန်ခဲ့''ဟု မှာကြား၍ လွှတ်လိုက်၏။

ဒုတိယ ယောကျ်ားနှစ်ယောက်ကိုမူ လက်နက်စုံပေး၍ ဤလမ်းမှပြန်လာသော ဤသို့သောသူကိုသတ်ပြီး ဤသို့သောလမ်းမှပြန်ခဲ့ဟု မှာကြား၍ လွှတ်လိုက်၏။

တတိယအသုတ် ယောကျ်ားလေးယောက်ကို ထိုသူနှစ်ယောက် ပြန်မည့်လမ်းမှ စောင့်၍ သတ်စေပြန်ပြီး၊ ဤသို့သောလမ်းမှ ပြန်ခဲ့လော့ဟု မှာကြား လွှတ်ပြန်၏။

စတုတ္ထအသုတ်ယောကျ်ားရှစ်ယောက်ကိုလွှတ်၍ ထိုသူလေးယောက် ပြန်မည့်လမ်းကို ညွှန်၍ စောင့်ပြီးသတ်ရန် မှာကြား လွှတ်လိုက်၏။

ပဉ္စမအသုတ် ယောကျ်ား တစ်ဆယ့်ခြောက်ယောက်ကို လွှတ်၍ ဤသို့သောလမ်းမှ လာမည့်သူရှစ်ယောက်ကို စောင့်ပြီးသတ်ရန် မှာကြား လွှတ်လိုက်၏။

### သတ်ရန်လာသူတို့ သောတာပန် တည်ကြခြင်း

ပထမ လူသတ်သမားသည်သန်လျက်နှင့် လေးမြား ကိုင်စွဲ၍ ဘုရားရှိရာ ရောက်သော်၏။ ဘုရားကို တည့်တည့် ဖူးမြင်ရလျှင်ပင် ကြောက်ရွံ့ချောက်ချားလျက် တောင့်တောင့် ငိုင်ငိုင်ကြီး ရပ်နေမိတော့၏။

မြတ်စွာဘုရားက— ''ဒါယကာ-လာလော့....၊ မကြောက်လင့်''ဟု ခေါ်တော်မူ၏။ ထိုသူသည် အသံတော်ကိုကြားရလျှင် အကြောက်ပြေကာ သန်လျက်လေးမြားတို့ကို ချထား၍ မြတ်စွာဘုရားခြေတော်အစုံကို ဦးတိုက်ပြီး မိမိအပြစ်ကို ဖော်ထုတ်ဝန်ခံ တောင်းပန် ကန်တော့လေ၏။ မြတ်စွာဘုရားလည်း သည်းခံတော်မူကြောင်း မိန့်ကြားပြီး၊ တရားဓမ္မ ဟောပြောပြသရာမှ သောတာပန်အရိယာ ဖြစ်ပြီးနောက် တစ်ထိုင်တည်းမှာပင် သရဏဂုံကို ခံယူ ဆောက်တည်လေတော့၏။

မြတ်စွာဘုရားသည် ထိုဒါယကာအား လမ်းလွှဲ၍ သွားစေတော်မူ၏။

ဒုတိယ ယောကျ်ားနှစ်ယောက်သည် သူတို့စောင့်နေသူသည်၊ သူတို့စောင့်သောလမ်းမှ လာခဲလှ၍ ရှေ့သို့လျှောက်လာရင်း သစ်တစ်ပင်ရင်းမှ ဘုရားရှင်ကို ဖူးတွေ့ရသဖြင့် ဘုရားရှင်ကို ဝပ်လျှိုး ရှိခိုးပြီးလျှင်၊ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသနာတော်ကို ဟောကြားတော်မူရာ ပဌမ ယောကျ်ားတစ်ယောက်နည်းတူ သောတာပန် အရိယာ ဖြစ်ပြီးနောက် သရဏဂုံကို ခံယူ ဆောက်တည်ကြလေ၏။

တတိယ အသုတ်လည်း ထိုနည်း၊ စတုတ္ထ အသုတ်လည်း ထိုနည်း၊ ပဉ္စမအသုတ်လည်းထိုနည်းသောတာပန်အရိယာဖြစ်ပြီး သရဏဂုံကို ဆောက်တည်သူများ ဖြစ်သွားကြ၏။

ဒေဝဒတ်သည် မိမိကြံစည်ချက်မအောင်မြင်ကြောင်းသိသွားသော အခါ "နေနှင့်ဦး ငါကိုယ်တိုင်သတ်မည်" ဟု ကြုံးဝါးလေ၏။

## ကျောက်တုံးကြီး လှိမ့်ချခြင်း

တစ်နေ့သ၌ မြတ်စွာဘုရားသည် ဂိဇ္ဈကုတ်တောင်ခြေ၌ စင်္ကြံကြွနေတော်မူစဉ်၊ ဒေဝဒတ်သည်ဂိဇ္ဈကုတ်တောင်သို့တက်၍မြတ်စွာဘုရားအပေါ် တည့်တည့်သို့ ကြီးစွာသော ကျောက်တုံးကြီးကို လှိမ့်ချလိုက်၏။ ထိုအခါ တောင်ထွဋ်နှစ်ခုတို့သည် ကျောက်တုံးကြီးကို ခံကြလေ၏။ ထိုကျောက်တုံးမှ ပွဲ့ကျသော ကျောက်လွှာစင်၍ မြတ်စွာဘုရား၏ခြေမတော်၌သွေးစိမ်းတည်စေသတည်း။

မြတ်စွာဘုရားသည် အထက်သို့ မော့ကြည့်ပြီး ငါ့ရှင်ဒေဝဒတ် သင်သည် သူမြတ်တို့၏ အရောင်အဝါဖြင့် အသက်မွေးသူ ဖြစ်ပါလျက် အဘိဇ္ဈာ ဗျာပါဒတို့ဖြင့် အမွေမှုကို အဘယ့်ကြောင့် ပြုကျင့်ဘိသနည်း၊ ငါသို့စင်သောဘုရားကိုသတ်က သင့်ကို သူမြတ်သူတော်ကောင်းဟု ဘယ်သူ ဆိုအံ့နည်း၊ အဝီစိငရဲရွာကို ကြားတော ထင်မှတ်သလော။

"မဂ်ဖိုလ်မှအချီးနှီးဖြစ်သောဒေဝဒတ်၊ သင်သည်သတ်ဖြတ်လိုသော စိတ်ရှိလျက် ငါဘုရားကို သွေးစိမ်းတည်စေရကား သင်သည် ရှေးဦးစွာ အနန္တရိယကံကို ဆည်းပူးခဲ့လေပြီ" ဟု မိန့်တော်မူ၏။

ရဟန်းတို့သည် မြတ်စွာဘုရားကို မဒ္ဒကုစ္ဆိဥယျာဉ်တော်ကျောင်းသို့ ပင့်ဆောင်ကြ၏။ ရောက်လျှင် ဇီဝက၏ သရက်ဥယျာဉ်ကျောင်းသို့ ပို့စေပြီး ဇီဝက၏ ကုသမှုကိုခံယူကာ တစ်ညဉ့်တွင်းပင် ပျောက်ကင်းတော်မူလေ၏။

## ဘုရားရှင်တို့သည် သူတစ်ပါးတို့၏ပယောဂကြောင့် ပျက်စီးရခြင်းမရှိ

ဤသို့ ဒေဝဒတ်သည် မြတ်စွာဘုရားအား သတ်ခြင်းငှာ လုံ့လ ပြုသော အကြောင်းကို သံဃာတော် အပေါင်းတို့ ကြားလျှင် ဘုရားရှင် နေရာသို့လာ၍ ဝိုင်းဝန်းစောင့်ရှောက်ကြကုန်၏။ ထိုအကြောင်းကို ဘုရား သခင် မြင်တော်မူလျှင် ''သင်ချစ်သားတို့ ငါ့အား မစောင့်ကြကုန်လင့်၊ ပါရမီတော်ကြောင့် ရအပ်သော ဘုရားသခင်တို့ ခန္ဓာကိုယ်သည် ဖျက်ဆီး လိုသော သူတစ်ပါးတို့၏ ပယောဂကြောင့် ပျက်စီးရအပ်သော အကြောင်း မဟုတ်သာတည်း''ဟု မိန့်တော်မူ၏။

### နာဠာဂီရိဆင်ဖြင့်တိုက်ပုံ

ထိုအခါ ဆရာဒေဝဒတ်သည် မတည်ရပ်နိုင်သော အာဃာတ မာန်ဖြင့် တစ်ဖန် ကြံပြန်သည်ကား ဘုရားရှင်ဂေါတမသည် တင့်တယ် လှပသောရုပ်ကာယ အသရေဂုဏ်ကြောင့် ဤလူ့ဘုံ၌တစ်စုံတစ်ယောက်မျှ သတ်ဖြတ်ဝံ့သူမရှိပြီ၊ အဇာတသတ်၏ နာဠာဂီရိဆင်သည်ကား ရတနာ သုံး ပါး၏ ဂုဏ်ကျေးဇူးကိုသည်းမသိ၊ ကြမ်းလည်း ကြမ်းကြုတ်၏။ လူကိုသတ် တတ်၏။ ထိုဆင်ဖြင့် ရှင်ဂေါတမကို တိုက်သတ်မှ လတ်တလော အသက် ကုန်မည်ဟု ကြံပြီးလျှင် မင်းကြီးနန်းတော်သို့ဝင်ခဲ၍ ''နာဠာဂီရိဆင်ဖြင့် ရှင်ဂေါတမကိုတိုက်သတ်ပါ''ဟုဆို၏။ အဇာတသတ်မင်းလည်း ဆင်ထိန်း တို့ကိုခေါ်၍ ''နက်ဖြန် ဆင်တော်ကို အရက်ပြင်းစွာတိုက်၍ ရှင်ဂေါတမ ကြွလာသောအခါ ရှေ့ရှုကာ လွှတ်လေ''ဟု အမိန့် ထုတ်ဆင့်တော်မူ၏။

### ရှင်ဂေါတမ အသက် ဆင်စွယ်ဖျားထက် ရောက်စေမည်

ဒေဝဒတ်သည်လည်း ညနေစောင်းတွင် ဆင်ထားရာတင်းကုတ်သို့ သွား၍ ''အချင်းဆင်ထိန်းတို့၊ ငါကား မင်း၏ဆရာဖြစ်သည်။ ငါပြော သမျှ မင်းကြီးလိုက်နာသည်။ ရာထူးငယ်သူကိုလည်း ရာထူးတက်အောင်၊ စည်းစိမ်ငယ်သူကိုလည်း စည်းစိမ်ကြီးအောင် ငါချီးမြှောက်နိုင်သည်။ ငါ့ အလိုပြည့်အောင်သာ သင်တို့ ကြိုးစားကြကုန်လော့၊ သင်တို့အား ငါ စောင့်ရှောက်မည်။ နေ့တိုင်း ဆင်တော့်ကို ဘယ်မျှ အရက်တိုက်သနည်း မေး၍ ရှစ်လုံးစီတိုက်ပါသည်ဟု ဆိုလျှင်'' နက်ဖြန် တစ်ဆယ့်ခြောက်လုံး တိုက်၍ ဆင်စိတ်ဆိုး၍ မာန်ယစ်အောင် ရိုက်ခတ်ပြီးမှ ရှင်ဂေါတမလာသော ခရီးကို လွှတ်လေ''ဟု ဆို၏။ ထိုဆင်ထိန်းတို့ကလည်း ''အရှင်ဘုရား မစိုး ရိမ်လင့်၊ ရှင်ဂေါတမအသက်သည် နက်ဖြန် ဆင်စွယ်ဖျားထက်သို့ ရောက်

လတ္တံ့"ဟု ဆို၍ ဝန်ခံလိုက်၏။ အဇာတသတ်မင်းလည်း မင်းချင်းတို့ကို ခေါ်၍ "ဤနေပြည်တော်၌ နေကုန်သော လူအပေါင်းတို့သည် နက်ဖြန်နံနက်၌ အိမ်ထဲမှ အိမ်ပြင် မထွက်ကြလင့်"ဟု စည်လည်စေ၏။

## ရာဇဂြိုဟ်ပြည်သား လျှောက်ထားကြခြင်း

ထိုအကြောင်းကို ရာဇဂြိုဟ်ပြည်သားတို့ ကြားသိလေသော် ဘုရားရှင်ထံသို့ ကပ်ပြီးလျှင် "ဘုန်းတော်ကြီးသောအရှင်ဘုရား၊ ဆရာဒေဝဒတ်သည် အဇာတသတ်မင်းနှင့် တိုင်ပင်၍ အရှင်မြတ် ကြွတော်မူသောအခါ နာဠာဂီရိဆင်ကို လွှတ်ပါလိမ့်မည်။ နက်ဖြန် ဆွမ်းခံဝင်တော်မမူပါလင့်၊ အကျွန်ုပ်တို့သာ ကျောင်းသို့လာ၍ လုပ်ကျွေးပါမည်"ဟု လျှောက်၏။

ထိုစကားကို ကြားသော် ဘုရားသခင်လည်း ဆင်ခြင်တော်မူလတ်၍၊ ဥပါသကာတို့ နက်ဖြန်နံနက်သောအခါ ငါသည် နာဠာဂီရိဆင်ကို ယဉ်ကျေးအောင်ဆုံးမရန် ကြွတော်မူမည်။ ရာဇဂြိုဟ်ပြည်သူအပေါင်းတို့သည် ကျောင်းသို့လာ၍ ဆွမ်းဩဇာကပ်ရလိမ့်မည်။ ထိုအခါမှ ငါဆွမ်းဘုဉ်းပေးတော်မူမည်"ဟု မိန့်တော်မူလိုက်၏။ ဒါယကာတို့လည်း 'နက်ဖြန် ဆွမ်းအိုးဆွမ်းအုပ်များယူ၍ ကျောင်းတိုက်၌ပင် လှူကြကုန်အံ့' ဟု တိုင်ပင်ထွက်ခွာသွားကြ၏။

## ကျောင်းတိုက်ကြီး ၁၈ တိုက်မှ သံဃာအားလုံး

ဘုရားသခင်လည်း ထိုနေ့ညဉ့်ဦးယံ၌ များစွာသောပရိသတ်တို့အား တရားဟော၍ မဇ္ဈိမယံ သန်းခေါင်အခါ၌ ပြဿနာဖြေပြီးလျှင် ပစ္ဆိမယံ မိုးသောက်တွင် သုံးဖို့ဖို့၍ ပထမတစ်ဖို့ကာလ၌ ခြင်္သေ့မင်းပမာ လက်ယာနံတောင်းဖြင့် ကျိန်းအောင်းတော်မူ၍ ဒုတိယအဖို့၌ ဖလသမာပတ်ကို ဝင်စား၍ တတိယအဖို့၌ ကရုဏာသမာပတ် ဝင်စားပြီးသော် ချွတ်သင့်သောသတ္တဝါတို့ကို ရှုတော်မူလျှင် နာဠာဂီရိဆင်ကို ဆုံးမရာ၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ သစ္စာလေးပါး သိမြင်ကျွတ်တမ်းဝင်ကြအံ့သည်ကို မြင်တော်မူ၍ လင်းစင်မိုးသောက် ရောက်သောအခါ ရှင်အာနန္ဒာကို ခေါ်တော်မူ၍ "ချစ်သား အာနန္ဒာ ယနေ့ ရာဇဂြိုဟ်ပြည်ဝန်းကျင်ရှိ ကျောင်းတိုက်ကြီး တစ်ဆယ့်ရှစ်တိုက်၌ နေကုန်သော ရဟန်းအားလုံးတို့ကို ငါဘုရား၏ နောက်တော်မှ ခြံရံ၍ ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်ရန် ဝေဠုဝန်ကျောင်းတော်၌ စည်းဝေးကြစေကုန်" ဟု မိန့်တော်မူ၏။

ရာဇဂြိုဟ်ပြည်တွင်း ဝင်တော်မူခြင်း

အရှင်အာနန္ဒာသည်း မြတ်စွာဘုရား မိန့်တော်မူတိုင်း သံဃာတို့ကို နှိုးဆော်၍ ကျောင်းတော်ဦး၌ စည်းဝေး၏။ ဘုရားသခင်လည်း သံဃာတို့ စည်းဝေးမိသည်ကိုမြင်လျှင် ထိန်လင်း တောက်ပစွာ မြင်းသီလာဂူမှ ထွက်ပြူကွန့်မြူးသော ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ လည်းကောင်း၊ ကိုးသောင်းသော ဟင်္သာတို့၏အလယ်၌ တင့်တယ်စွာ စံပယ်သော ဓတရဋ္ဌ ဟင်္သာမင်းကဲ့သို့လည်းကောင်း၊ အသောင်းအသိန်းမကသော ဘုရား၏ အသရေကိုဆောင်၍ ရောင်ခြည်တော်ခြောက်ဆိုင်ကို တစ်ပြိုင်တည်း ကွန့်မြူးစေလျက် ဝေဠုဝန်ကျောင်းတော်မှထွက်၍ ရာဇဂြိုဟ်ပြည်၏ အချက်ဖြစ်သော မင်းလမ်းဖြင့် ဝင်တော်မူ၏။

လိုသူ - မလိုသူ

• ဆင်ထိန်း ဆင်ဆရာတို့လည်း ဆရာဒေဝဒတ် မှာထားသော အတိုင်း နာဠာဂီရိဆင်ကို အရက်တစ်ဆယ့်ခြောက်လုံး တိုက်၍ လွှတ်လိုက်၏။

ထိုအခါ ရာဇဂြိုဟ်ပြည်သား လူအများတို့တွင် သဒ္ဓါတရားရှိသော သူတို့သည် "ယနေ့ကား... ဘုရားတည်းဟူသော ဆင်ပြောင်၏ တိရစ္ဆာန် ဆင်ပြောင်ကို အောင်တော်မူခြင်းကို မြင်ကြရအံ့"ဟု နံရံသစ်ပင် ပစ္စင်၊ ပြအိုး၊ မြို့ရိုး၊ သူရဲပြ၊ ဆိုင်ဈေး၊ မဏ္ဍပ် ပြာသာဒ်၊ တိုက်မိုးတို့၌ တိုးဝှေ့ထပ်ရှည် ပတ်ပတ်လည်မျှ အပြည့်အနှက် နေကုန်သည်။

ဘုရားရတနာ၌ သဒ္ဓါနည်းပါး ပညာရှားပါးသော တိတ္ထိ၏ တပည့်တို့ကလည်း "နှစ်လရှည်မြင့်စွာ ငါတို့ကို နှိပ်စက်သော ရှင်ပျက် ဂေါတမ၏ အနိစ္စ ဖြစ်အံ့သောအရာကို ငါတို့ မြင်ရတော့မည်" ဟု ရည်မှတ်လျက် ပြာသာဒ်အိမ်မိုးဆက် စသည်၌ နေကုန်သတည်း။

နာဠာဂီရိဆင်လည်း ဘုရားသခင် ကြွလာသည်ကို ဝေးစွာက မြင်လျှင် ကောင်းကင်မိုးလုံး ထစ်ချုန်းရိုက်ဟည်း ပဲ့တင်ဟည်းမျှ သည်းစွာသော ကြိုးကြာသံဟစ်လျက် ရပ်ရှစ်မျက်နှာ ဖီလာဆိုဝိုင်း မှန်တိုင်း လေကြမ်းဖြင့် ထော်ဝန်းကျင်လှုပ် မှောင်ကြီးအုပ်သကဲ့သို့ မြေဖုတ်တို့ကို ခွာဖြင့်ယက်လျက် ပဲယာအောက်ထက် ဖြန့်ပက်လင့်အောင် မှောင်စေပြီးမှ လမ်းအနီး၌ရှိသော အိမ်ဆိုးအိမ်ဟောင်းတို့ကို ထောင်းထောင်းဖျက်ချိုးလျက် တောင်ကြီး ပြိုလာသည့်အလား မြတ်စွာဘုရား ရှိရာသို့ ရှေးရှု ပြေး၍လာလေ၏။

**ဝိုင်းဝန်း လျှောက်ထားကြခြင်း**

ယင်းသို့ ဆင်ပြေးလာသည်ကိုမြင်သောအခါ သံဃာတော်အချို့ကလည်း.... ''အရှင်ဘုရား—ဤ နာဠာဂီရိဆင်သည် အလွန် ကြမ်းကြုတ်လှ၏။ ဘုရားကျေးဇူးဂုဏ်ကိုလည်း မသိတတ်ပါ။ မြတ်စွာဘုရားသည် ခရီးလွှဲ၍ ကြွစေချင်ပါသည်''ဟု လျှောက်၏။ ဘုရားသခင်လည်း....''သင်တို့ မကြောက်ကြလင့်၊ နာဠာဂီရိဆင်ကို ယဉ်ကျေးအောင် ငါ ဆုံးမတော်မူမည်''ဟု မိန့်တော်မူ၏။

**အရှင်သာရိပုတ္တရာနှင့် သာဝကကြီးများ ခွင့်တောင်းကြခြင်း**

ထိုအခါ ရှင်သာရိပုတ္တရာ လျှောက်သည်ကား ''ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ဤလောက၌ အမိအဖတွင် ကိစ္စရှိခြားက သားကြီးသာ ဆောင်ရွက်ထိုက်ပါသကဲ့သို့ ဤနာဠာဂီရိဆင်ကို အရှင့်ကိုယ်စား တပည့်တော် ဆုံးမပါရစေ''ဟု လျှောက်၏။ ရှင်တော်ဘုရားကလည်း ''ချစ်သား သာရိပုတ္တရာ.... သာဝကတို့၏ အစွမ်းလည်းတစ်ဖုံ၊ ဘုရားရှင်တို့၏ အစွမ်းလည်း တစ်ဖုံသာတည်း''ဟု မိန့်တော်မူ၏။ အရှင် မောဂ္ဂလာန် စသော သာဝကကြီး ရှစ်ကျိပ်တို့လည်း အသီးသီး ခွင့်တောင်းကြ၏၊ မည်သူ့ကိုမျှ ခွင့်ပေးတော်မမူ။

**အရှင်အာနန္ဒာ၏ အသက်စွန့်ရဲသောမေတ္တာ**

ဘုရားထံသို့ ရှေးရှု၍ ပြေးလာသော နာဠာဂီရိဆင်ကို မြင်လျှင် အရှင်အာနန္ဒာလည်း မြတ်စွာဘုရား၌ အားကြီးသော ချစ်ခြင်းဖြင့် ''သတ်လိုလျှင် ငါ့ကိုသာ သတ်စေ၊ အသက်ဖြင့် ဘုရားသခင်ကျေးဇူးတော်ကို ဆပ်အံ့''ဟုဘုရားသခင်၏ရှေ့တော်သို့ တက်၏။

ကိုယ်တော်မြတ် ဘုရားကလည်း ''ချစ်သား အာနန္ဒာ....ရှားလော့.... ရှားလော့ ငါဘုရားသာ ရှေးဦးစွာ ခံတော်မူအံ့''ဟု မိန့်တော်မူလျှင်....

''အရှင်ဘုရား.... ဆင်က အလွန်ကြမ်းကြုတ်၏။ ဗုဒ္ဓ ဓမ္မ သံဃဂုဏ်ကိုလည်းမသိ၊ မူးရစ်ဘိလျက်လာပါ၏။ အကျွန်ုပ်ကိုသာ ဦးစွာ သတ်ပါစေဦး၊ နောက်မှ အရှင့်ထံသို့ ရောက်ပါစေ''ဟု ဆို၍ မဆုတ်မနစ်ပဲ နေလေသော် ရှင်တော်ဘုရားလည်း တန်ခိုးတော်အားဖြင့် အရှင်အာနန္ဒာအား ဖယ်ရှား၍ ဆင်အပါးသို့ ကပ်တော်မူ၏။

**နာဠာဂီရိဆင်အား မေတ္တာဓာတ်ဖြင့် ဆုံးမတော်မူခြင်း**

ထိုခဏ၌ သားငယ်မိခင် မိန်းမသည် အလွန်ကြောက်လန့်ရကား ဘုရားရှေ့တော်ဝယ် သားငယ်ကိုချ၍ ပြေးလျှင် ဆင်လည်း ထိုမိန်းမသို့

ရှေးရှုလိုက်၏။ ဘုရားကိုယ်တော်မြတ်လည်း ရပ်တန့်တော်မူကာ ဩဓိသမေတ္တာဖြင့် နာဠာဂိရိဆင်ကို ဖျန်းတော်မူလျက် ချိုမြတ်သာယာ ဗြဟ္မာမင်း၏ အသံနှင့်တူသော အသံဖြင့် ကျူးရင့် မိန့်တော်မူသည်ကား....

''ချစ်သား နာဠာဂိရိ... သင့်အား တစ်ဆယ့်ခြောက်လုံးသော သေအရက်တို့ကိုတိုက်၍ လွှတ်လိုက်သောကိစ္စသည် လူရှင်အများ သူတစ်ပါးတို့ကို ပျက်ပြားသတ်ဖြတ်စိမ့်သောငှာ လွှတ်ပေသည်မဟုတ်၊ သမ္မာသမ္ဗုဒ္ဓမည်တော်ရသော ငါဘုရားကို မျက်ဝါးလတ်လတ် သတ်စိမ့်သောငှာသာ လွှတ်ပါပေသည်တကား၊ သင့်အရှင်၏စကားကို လိုက်နာလိုငြားက ငါဘုရားထံသို့သာ ဟည့်တည့်လာလော့''ဟု ခေါ်တော်မူ၏။

## ဘုရားရှင်၏ တေဇာတော်

နာဠာဂိရိ ဆင်ကြမ်းကြီးသည် သာယာလှစွာသော အသံကို ကြားလျှင် မှိတ်ထားသောမျက်စိကို ဖွင့်၍ ကြည့်ရှုသဖြင့် ဘုရားရှင်၏ ရူပကာယ အသရေတော်ကို ဖူးမြင်ရလျှင် ကြည်လင်သော စိတ်စေတနာ ဖြစ်ရကား သေယစ်ခြင်းပျောက်ဘိ၍ သတိရသဖြင့် အမြီး နားရွက်တို့ကို ချလျက် ခံသွင်းဝသို့ နှာမောင်းကိုသွင်း၍ ဘုရားခြေတော်ရင်း၌ ဝပ်စင်း တုပ်ပျပ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် နာဠာဂိရိဆင်၏ဦးကင်းကို လက်တော်ဖြင့် သုံးသပ်လျက်....

''ဆင်မြတ် နာဠာဂိရိ....သင်သည် ယနေ့မှစ၍ ကြမ်းတမ်းရုန့်ရင်းခြင်းကိုမပြုလင့်၊ လူတို့အား သတ်ဖြတ်ညှဉ်းဆဲမှုကိုမပြုမူ၍ မေတ္တာစိတ်ကိုသာ လွန်စွာ ပွား စေလော့။ မေတ္တာ မပွားသူအား နှိပ်စက်ဖျက်ဆီးတတ်သော သတ္တဝါတို့သည် ယခုဘဝ ပစ္စက္ခ၌များလှသော ဘေးရန်တို့ကိုလည်း အတန်တန် တွေ့ကြုံရတတ်၏။ ဘဝဂတိ ပြောင်းလဲဘိသော်လည်း ဒုဂ္ဂတိဘဝ ပါယ်လေးဝ၌သာ ကာလရှည်စွာ ခံရှာရချေ၏။

ဤသို့ စသည်ဖြင့် ဓမ္မဒေသနာကို ထင်ရှားစွာဟောပြတော်မူသော်၊ ဆင်မြတ် နာဠာဂိရိသည် ပီတိဖြင့် ဖုံးလွှမ်းအပ်သောကိုယ် ရှိသည်ဖြစ်၍ အမြိုက်ရေဖြင့်သွန်းသကဲ့သို့ ချမ်းမြေ့ကြည်သာ သဒ္ဓါတက်ပွားလျက် ဘုရားခြေတော်ကို ဦးတိုက်၍ နှာမောင်းဖြင့် ပိုက်လျက် ခြေတော်ရင်း၌ရှိသော မြေကိုယူ၍ မိမိဦးခေါင်း၌ ကြဲဖြန့်ကာ သရဏဂုံ ပဉ္စသီလကိုယူ၏။ လူဖြစ်မူကား ထိုခဏ၌ပင် သောတာပန်တည်ပေရာ၏။

## ဓနပါလဆင် အမည်တွင်ခြင်း

ထိုအခါ ရာဇဂြိုဟ်ပြည်သား လူတလွှားတို့သည် အားရဝမ်းသာ ကြော်ငြာ ဟစ်ကြွေး ကောင်းချီးပေးလျက် ဦးယုက်တိုက်ကာ အနီးသို့ လာ၍ရတနာခုနစ်ပါးတို့ဖြင့် ကြဲမြှောက်ပူဇော်ကုန်သည်။ ထိုသို့စုပုံကြသော ရွှေငွေကျောက်သံ ရတနာတို့သည် နာဠာဂိရိဆင်၏ကိုယ်လုံးကို ဖုံးလွှမ်းမိလေသတည်း။ ထိုအခါမှစ၍ နာဠာဂိရိဆင်လည်း ဓနပါလဆင်ဟု အမည်တွင်၏။ ထိုဆင်မင်းအား တရားဟောရာ၌ ရှစ်သောင်းလေးထောင်သော ပရိသတ်တို့သည် အကျွတ်တရားကို ရကြလေကုန်သတည်း။

နာဠာဂိရိဆင်သည် ဘုရားသခင်၏ခြေတော်ကိုပူဇော်ဦးခိုက်လျက် မြင်ထိုက်သမျှသော ခေတ်၌ ပုဆစ်တုပ်၍ နောက်ဆုတ်သွားပြီးလျှင် မိမိ တင်းကုပ်သို့ဝင်၍ ယဉ်ကျေးနူးညံ့စွာ မည်သည့်သတ္တဝါကိုမျှမညှဉ်းဆဲမူ၍ နေလေ၏။

ဘုရားသခင်လည်း ထိုနေရာတွင် ရပ်တော်မူကာ "ပူဇော်သမျှသော ဤရတနာသည် ဥစ္စာရှင်လက်သို့သာ ရောက်စေလော့"ဟု အဓိဋ္ဌာန်၍ ဆွမ်းခံတော်မမူပဲ ပြန်ခဲ့၏။

ထိုအခါ ပြည်သူပြည်သား တို့လည်း ကျောင်းတော်သို့ သွား၍ များစွာသော ဆွမ်း အဖျော်တို့ဖြင့် ပူဇော်လုပ်ကျွေးကြကုန်၏။ ထိုနေ့ ညချမ်းသောအခါ သံဃာတော်တို့သည် အရှင်အာနန္ဒာ၏ မြတ်စွာဘုရား၌ အားကြီးသောချစ်ခြင်းရှိပေသောဂုဏ်ကျေးဇူးကိုချီးကျူးပြောဆိုကြသော စကားတွင် စူဠဟံသဇာတ်ကို ဟောတော်မူသည်။

(နာဠာဂိရိဆင်ကို အောင်မြင်တော်မူခန်းပြီး၏။)

## (၄) အင်္ဂုလိမာလကို အောင်မြင်တော်မူခြင်း

(ရှေးသရောခါ သာဝတ္ထိပြည် ဌာနမှာ ရှု ဆိုး ဓိုလ် အင်္ဂုလိမာလဟာ သန်လျက်ဓားကို သူ့လက်ဖျားက အအား မချပါ) ဓားမြကြီးလုပ်လို့ ဆိုးယုတ်ပုံမှာ လက်ညှိုးတွေ ခုတ်လို့သာ ထိုအခါ ဘုရားကြွလို့ မမှားရှုရို့ တရား ပြတော်မူရှာ၊ မေတ္တာခါတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း စတုတ္ထပါ။

## အင်္ဂုလိ မာလဥ္စ

အင်္ဂုလိမာလဥ္စ၊ မြိုင်ခွင်တောရိုး၊ ခိုပုန်းလျှိုး၍ လက်ညှိုးတစ်ထောင် ယူဆောင်အံ့ငှာ လူတကာကို လာတိုင်းမလပ် ဖမ်း၍သတ်သည့် မည်မှတ်ခေါ်ထ အင်္ဂုလိမာလ၊ စောရမည်မှန်း ခိုးသူကြမ်းကို လည်းကောင်း။

ဝါ၊ လက်ညှိုးပေါင်း တစ်ထောင်ကို ပြည့်စုံအောင် ယူမည် ဟု မှတ်ရည်ကာ ရှယ်ကိုးလျက် မြိုင်ရိုး တောင်ခေါင်း ခို ဝင်အောင်း၍ လူပေါင်း တွေ့သမျှကို ကာက်လှသော သန်လျက်ဓားနှင့် သက်ဖျားကို ဖြတ်ယူကာ ပန်းပမာသီကုံးလျက် တစ်စီတစ်လျဉ်း လည်းပင်းတွင် ဆင်သောကြောင့် အင်္ဂုလိမာလတွင်ပြီး ခိုးသူကြီးကို လည်းကောင်း။

အဇိနိ၊ တန်ခိုး စက်ရှိန် ဂုဏ်မဟိန့်ဖြင့် ချိုးနှိမ်ပယ်နှင် ရှင်းလင်း စင်၍ အောင်မြင်တော်မူလေပြီ။

တေဇသာ၊ ရှစ်ခါရှစ်တန် အောင်ပွဲခံ၍ အောင်လံထူပြီး မြွတ် သောထီး၏ ကြီးသောရှေ့ဗက် ထက်သောအာဏာ ဂုဏ်တေဇာ အစွမ်း အားဖြင့်၊ ဓေ—မေ၊ အကျွန်ုပ်အား ဇယမင်္ဂလံ ကိုယ်တွင်းကိုယ်ပ ရှိသမျှ ဘေးဒဏ် ခပ်သိမ်းရန်ကို မကျန်မကြွင်း အောင်မြင်ခြင်း မင်္ဂလာသည်၊ ဘဝတု—ဖြစ်ပါစေသတည်း။

မြတ်ဗုဒ္ဓ၏
အောင်ခြင်း ရှစ်ပါး
ဇာတ်တော်များ

(၄)

# အင်္ဂုလိမာလကို
# အောင်မြင်တော်မူခြင်း

## အင်္ဂုလိမာလကို အောင်မြင်တော်မူပုံ (အကျဉ်း)

ကောသလမင်းကြီး၏ ပုရောဟိတ် အန္တကပုဏ္ဏား၏ဇနီးသည် သားတစ်ယောက် ဖွားမြင်၏။ အဟိံသကအမည်ရ၏။

အရွယ်ရောက်သော် တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးအိမ်သို့သွား၍ အခမပေး၊ အိမ်အလုပ်အကျွေး တပည့်အဖြစ် ပညာသင်၏။ ထင်းခွဲ ရေခပ် ထမင်းချက်ကအစ၊ ဆရာ့ဝတ္တရားများ အလိုက်တသိ ပြုလုပ်ပေး၏။ ဆရာကတော်လည်း မငြိုငြင်ရအောင် မီးဖိုချောင်အလုပ်ပါ ကူလုပ်ပေး၏။ ဆရာကြီးက ချစ်၏။ ဆရာကတော်က ချစ်၏။ အလိုက်သိထတ်သော တပည့်အတွက် ဆရာကြီးကပညာပေး၏။ သူက ကြိုးစားသင်ယူ၏။ တပည့်ဟောင်းတို့က မနာလို၍ ကုန်းတိုက်ကြ၏။ ဆရာကြီးသည် ပထမ-မယုံ၊ ဟိုကသည်က လူပြောများလာတော့ ယုံသွား၏။

ဆရာကြီးသည် အဟိံသကကို သေတွင်းသို့ပို့ရန်ကြံ၏။ထူးခြားသောပညာသင်ပေးမည်၊ လက်ညှိုးပေါင်းတစ်ထောင်နှင့် ပူဇော်ရမည်ဆို၏။ ဆရာ့စကား မြေဝယ်မကျနားထောင်သော အဟိံသကသည် လက်ညှိုးတစ်ထောင်ရအောင် တွေ့သမျှလူကို သတ်၊ ရသမျှလက်ညှိုးတို့ကို ပန်းကုံးသဖွယ် လည်မှာဆွဲ၍ထားသောကြောင့် "အင်္ဂုလိမာလ" ခေါ်တွင်ကြ၏။

ကောသလမင်းထံလျှောက်ထားကြ၍ ဖမ်းဆီးပေးမည်ဟု ကတိပေးလိုက်၏။မိခင်သည် တောအုပ်သို့ဝင်၍သားကိုရှာ၏။

မြတ်စွာဘုရားသည် နံနက်၌ လောကကို ရှုတော်မူလျှင် အင်္ဂုလိမာလ၏ ဉပနိဿယကို မြင်တော်မူ၍ သာဝတ္ထိမြို့သို့ ဆွမ်းခံရွာမှဖဲ့ပြီး ကိုယ်တော်တည်းသာလျှင် အင်္ဂုလိမာလရှိရာတောအုပ်သို့ ရှေးရှုကြွတော်မူ၏။အင်္ဂုလိမာလသည် ယနေ့လက်ညှိုး တစ်ချောင်းသာလိုတော့၍ ဦးစွာတွေ့သူကိုသတ်၍ယူမည်ဟု တော၏အဝမှစောင့်နေ၏။အဝေးမှလာသောမိန်းမတစ်ယောက်ကို မြင်၍ ပြေးလိုက်၏။ မြတ်စွာဘုရားသည် အင်္ဂုလိမာလနှင့် မန္တာနီပုဏ္ဏေးမတို့အကြားသို့ ကြွနှံသွားတော်မူ၏။မြတ်စွာဘုရား လည်း ဣဒ္ဓါဘိသင်္ခါရတန်ခိုးဓာတ်ကို စီရင်၍ တက်ဝန်းကျင်သောမြေသည် လှိုင်းတံပိုး သ၍ မောက်တုံနိမ့်တုံ ခလုံခလုထနေ၏။ ကိုယ်တော်မြတ်မူကား စည်မျက်နှာ အလားကဲ့သို့ ညီညွတ်သော မြေပြင်အလယ်၌ သပ္ပာယ်စွာ ကြွတော်မူ၏။



# ( ၉ )

# အင်္ဂုလိမာလကို ခေါင်တော်မူခြင်း

**အဟိံသကကို ဖွားမြင်ပြီ။**

ကောသလတိုင်း၊ သာဝတ္ထိပြည်၌ ပသေနဒီကောသလမင်းကြီး၏ ပုရောဟိတ်ဖြစ်သော အန္တကပုဏ္ဏားသည် ရှိ၏။ ထိုပုဏ္ဏား၏မယားကား မန္တာနီမည်သော ပုဏ္ဏေးမတည်း။

တစ်နေ့တွင် ထိုမန္တာနီ ပုဏ္ဏေးမသည် အဆင်းအင်္ဂါနှင့် ပြည့်စုံသော သားယောကျ်ားကို ညဉ့်အခါ၌ ဖွား၏။ ထိုသား ဖွားသည်နှင့် တစ်ပြိုင်နက်ပင် အိမ်တိုင်းမှာရှိသော လက်နက်တို့သည် အလျှံအဝါ ထွက်ခါ တောက်ပ၏။ နန်းတော်၌ရှိသော ဓား၊ လှံ၊ သန်လျက် လက်နက်တို့၏ အရောင်အဝါသည်လည်း တစ်ပြောင်ပြောင် တောက်ပကြ၏။

**စောရနက္ခတ်နှင့် ယှဉ်၍ဖွားသူ**

ဖခင်ပုဏ္ဏားကြီးသည် သား ဖွားသောအချိန်၌ နက္ခတ်ကိုကြည့်လျှင် စောရနက္ခတ်နှင့် ယှဉ်သည်ကိုမြင်၍ ''ငါ့အိမ်၌ဖွားသောသားသည် လူဆိုးကြီး ဖြစ်လတ္တံ့'' ဟုသိ၍ မိမိမှာ အန္တရာယ်မရှိစေရန် နောက်တစ်နေ့ နံနက်တွင် ကောသလမင်းကြီး ထံသို့ဝင်၍ ''အရှင်မင်းမြတ်....ယနေ့ ချမ်းမြေ့စွာ အိပ်တော်မူရပါ၏လော'' စသည်ဖြင့် မေးလျှောက်၏။

မင်းကြီးလည်း ''ဆရာ....ချမ်းသာစွာကား အိပ်ရပါ၏။ သို့ရာတွင် နန်းတော်ဝန်းကျင်မှ ဓား၊ လှံ၊ သန်လျက် လက်နက် အပေါင်းတို့သည် အလျှံအဝါ တောက်ပကုန်သည်။ မည်သည့်အကြောင်း ရှိအံ့နည်း။ ငါ့ အသက် အန္တရာယ်လော၊ တိုင်းပြည်၏ အန္တရာယ်လော'' ဟု မေး၏။

**တစ်ကိုယ်တော် လူဆိုးကြီး**

ပုဏ္ဏားကလည်း ''အရှင်မင်းကြီး စိုးရိမ်တော်မမူလင့်၊ မင်း၏ အန္တရာယ်လည်း မဟုတ် ပြည်၏ အန္တရာယ်လည်း မဟုတ်၊ အကျွန်ုပ်၏ အိမ်၌ ယနေ့ညဉ့် သူငယ်ကိုဖွား၏။ ထိုသူငယ်သည် ခိုးသူလူဆိုးကြီးဖြစ်မည့် ပုဗ္ဗနိမိတ်တည်း။

''နန်းတော်တွင်ရှိသော လက်နက်ကိရိယာများသာ အရောင်အဝါ တောက်ပသည်မဟုတ်၊ တစ်ပြည်လုံး၌ရှိသော လက်နက် ဓားလှံ တို့ပင် အရောင်အဝါ တောက်ပ၏'' ဟု ပြောပေသော်....

"အချင်း ပုရောဟိတ်....ထိုသူငယ်သည် တစ်ကိုယ်တော်လူဆိုး ဖြစ်မည်လော၊ အခြွေအရံအများနှင့် တိုင်းကားနိုင်ငံကို ပုန်ကန်သောလူဆိုး ဖြစ်မည်လော"ဟု မေးပြန်၏။

"အရှင်မင်းကြီး... တစ်ကိုယ်တော်လူဆိုး ဖြစ်ပါမည်"ဟု ဆိုပြီးလျှင်

"အရှင်မင်းမြတ်.... နောက်သောအခါ အကျွန်ုပ်တို့အား အပြစ်ဆိုတော်မမူရအောင် ယခုက ဤသူငယ်ကို ပယ်တော်မူပါလော့"ဟု လျှောက်၏။

မင်းကြီးကလည်း"တစ်ကိုယ်တော်လူဆိုးကြီးဖြစ်လျှင် ဘာ့ကြောင့် ဂရုစိုက်ရမည်နည်း၊ စပါးတစ်သိန်းထွက်သော လယ်ထဲမှာ တစ်နှံတည်း အဖျင်းသီးသကဲ့သို့သာ ဖြစ်ရာသည် မဟုတ်လော၊ ကောင်းမွန်စွာပင် ကျွေးမွေး စောင့်ရှောက်ပါလော့"ဟု ဆို၏။

ထိုအခါမှစ၍ ပုဏ္ဏားလည်း မစိုးရိမ်ပဲ မွေးမြူ၏။ အမည်ကို မှည့်လျှင် ဤသူငယ်သည် ငါတို့အမျိုးအနွယ်ကို မညှဉ်းဆဲဟူသော ပုဗ္ဗနိမိတ်ကိုယူ၍ "အဟိံသက"ဟူသော အမည်ကို မှည့်၏။

## ပညာသင်စေလွှတ်ခြင်း၏ ရည်ရွယ်ချက်

ထိုသူငယ် အရွယ်သို့ ရောက်သောအခါ အတတ်ပညာကို ဖခင်ကိုယ်တိုင် င် သင်ပြနိုင်သော်လည်း အခ၀းမြို့ရွာ၌ ကားရခြင်းသည် မာန်မာနကျခြင်း၊ ပညာကို ကြိုးစားသင်ခြင်း၊ မိဘဆွေခင်ပွန်းတို့နှင့် လိုက်လိုက်လျောလျော နေတတ်ခြင်း၊ ဒေသန္တရ ဗဟုသုတရခြင်း စသော အကျိုးများသောကြောင့် တက္ကသိုလ်ပြည်သို့သွား၍ ဒိသာပါမောက္ခဆရာ ထံ၌ ဓမ္မန္တေ၀ါသိကပြု၍ အတတ်သင်ချေဟု စေလိုက်၏။

ဓမ္မန္တေ၀ါသိက ဆိုသည်မှာ ဆရာအား သင်ကြားခမပေးပဲ အိမ်၌ အလုပ်အကျွေးပြု၍သင်သော တပည့်တည်း။

အဟိံသက သတို့သားသည်လည်း မိဘတို့စေလိုက်တိုင်း သွား၍ ဒိသာပါမောက္ခထံသို့ရောက်လျှင် တိုး၀င်ဆည်းကပ်၍ အတတ်ပညာ ကို သင်၏။

## တပည့်ကောင်း၏ တာ၀န်

ဆရာ့ကိစ္စ ၀တ်ကြီး၀တ်ငယ်တို့ကို နေ့ညဉ့်မပြတ် ဆောင်ရွက်၏။

ဆရာနှစ်သက်ဖွယ်သောစကားကိုသာ ပြောဆိုလျက် ဆရာ့အလိုသို့လိုက်သော အနီးနေ တပည့်ပြုလျက် တစ်နေ့တစ်ရက်မျှ မပြတ်မလပ် အစဉ် အတတ်ပညာကို မှတ်ကြားသင်ယူ၏။

အိမ်တွင်းအိမ်ပြင် လုပ်စရာမှန်သမျှ ချိုးရေသုံးရေမှအစ လိုလေသေးမရှိအောင် လုပ်ကိုင်သဖြင့် အခြားတပည့်များတို့သည် ဆရာ့ကိုစိတ်ကို ဆောင်ရွက်ခွင့်မရ၊ အပြင်လူများ ဖြစ်နေကြ၏။

**တစ်အိမ်လုံး၏ အချစ်တော်**

ဒိသာပါမောက္ခဆရာလည်း အဟိံသကအား သားအရင်းကဲ့သို့ သနားလေးမြတ်သည်ဖြစ်၍ အတတ်အမျိုးမျိုးတို့ကိုပင် သင်စေရကား၊ သူတစ်ပါးထက်ကဲလွန်း၍ တတ်၏။ ဆရာကြီးသာမက၊ ဆရာကြီး၏ ဇနီးကလည်း အိမ်အတွက် နေရာတကာမှာ စိတ်ချရသော သားတစ်ယောက်အဖြစ် ကျွေးစရာရှိကျွေး၊ ခိုင်းစရာရှိကာခိုင်းနှင့် အိမ်သားတစ်ယောက်ဖြစ်နေတော့၏။

**မနာလို ဖြစ်ကြကုန်ပြီ**

ထိုအခါ အလျှင်ရောက်နေနှင့်သော တပည့်တို့သည် မနာလိုဖြစ်လာကြ၏။ ဤအဟိံသက ရောက်သည်မှစ၍ ဆရာသည် ငါတို့အား သတိမရသကဲ့သို့ဖြစ်၏။ ဤသူကို ဆရာနှင့် စိတ်ဝမ်းကွဲအောင် လုပ်ကြမည်၊ အခြားအကြောင်းနှင့်မှီ ပြော၍တော့ ရမည်မဟုတ်၊ ဤအိမ်မှာမနေရအောင် ဆရာ၏မယားနှင့် ယိုးစွပ်၍ ပြောဆိုမှသာလျှင် သင့်ရာတော့မည်''ဟု တိုင်ပင်ကြပြီးလျှင် လူကိုသုံးစုခွဲ၍ တစ်စုသောသူတို့သည် ဆိတ်ငြိမ်သောအခါ ဆရာ့ထံသို့ကပ်၍ ရှိခိုးလျက်ရပ်ကုန်၏။

**ဆရာ့မယားနှင့် ဖွပ်စွဲကုန်းတိုက်**

ဆရာက ''တပည့်တို့ အဘယ်ကြောင့် လာကြသနည်း''ဟု မေးသော်....

''အကျွန်ုပ်တို့သည် စကားတစ်ခုကို လျှောက်ကြားခြင်းငှာ လာပါသည်''ဟု ဆို၏။

''အဘယ်ကို ကြား လိုသနည်း''ဟု မေးလျှင်....

''ဆရာချစ်သော အဟိံသကသည် ဆရာ့မိန်းမနှင့် ချစ်ကျွမ်းဝင်၍ ဆရာကိုပင်ပြစ်မှားအံ့ကြံသည်ဟု ကျွန်ုပ်တို့ထင်ပါသည်''ဟူ၍ လျှောက်၏။

ဒိသာပါမောက္ခဆရာလည်း မယုံကြည် ပြင်းစွာ အမျက်ထွက်၍...

''ဟယ် သူယုတ်တို့ ငါ့သားကို ငါနှင့်ကွဲပြားအောင် အဘယ့်ကြောင့် ကုန်းကိုက်ကြသနည်း''ဟုဆို၍ တံတွေးဖြင့် ထွေးလိုက်၏။

**တိုက်ပါများ၍ နဲ့လေပြီ**

ထို့နောက် တစ်သင်းသော တပည့်တို့လည်း ထိုနည်းတူပင် ပြောဆိုကြ၏။

တတိယအသင်းလည်း ထိုနည်းတူပင် ပြောဆိုကြ၏။

ပြောဖန်များသောအခါ ဆရာလည်း အဟိံသကကို အကဲခတ်ပြီး တစ်စေ့တစ်စောင်း ကြည့်ရှုနေ၏။ ထိုအဟိံသကကို ဆရာ့မယား၊ သမီးသားတို့သည် ချစ်ခင်ကြရကား လက်ပွန်းတတည်း နေလေ့ ရှိကြသည်သာဖြစ်၏။

**အဟိံသက၏ စွမ်းရည်**

ဆရာလည်း လက်ပွန်းတတည်း နေမှုကိုမြင်လျှင် ဟုတ်နိုးအံ့ ထင်၍ အဟိံသကအား သတ်ချင်သောစိတ်သည် ဖြစ်၏။

အကယ်၍ ငါသည် ဤအိမ်တွင် အဟိံသကကို သတ်သည်ဖြစ်အံ့ ဒိသာပါမောက္ခဆရာသည် မိမိထံမှာ အတတ်သင်လာသော တပည့်ကိုပင် သတ်ရာသည်ဟု အရပ်ရပ် ကြေညာ၍ ငါ၏တပည့်တို့ မရောက်လာလတ္တံ့၊ ဤသို့မရောက်ခြင်းကြောင့် ငါ့အား လာဘ်ပူဇော်သက္ကာသည်ဆုတ်ယုတ်လတ္တံ့၊ ပရိယာယ် တစ်စုံတစ်ရာဖြင့် ဤသူငယ် ငါ့ထံမှ ခွာသွား၍ သူတစ်ပါး သတ်လွယ်အောင်ပြုတော့အံ့ဟုကြံ၍ အဟိံသကကိုခေါ်ပြီးလျှင်....

''ချစ်သားအဟိံသက၊ သင်ကဲ့သို့ အမျိုးမြတ်စွာပညာဥာဏ်သွား ဝတ္တရား၌ လိမ္မာသော တပည့်ကောင်းကို အလွန်ရခဲ၏။ သို့ကြောင့် သင့်အား အကြွင်းမထားဘဲ လွန်ကဲထူးမြတ်စွာ ငါသိသမျှ အတတ်ကို သင်ပေးမည်။ သို့ရာတွင်မူ ပူဇော် ဖွယ် ထူးဖြင့် လွန်စွာပူဇော်မှ ငါ အကုန်သင်ထိုက်ချေသည်။ သင် ပူဇော်နိုင်အံ့လော'' ဟု ဆို၏။

**လက်ညှိုးတစ်ထောင်ရအောင်ယူခဲ့**

ထိုအဟိံသကလည်း ''ဆရာ အဘယ်ကို လုပ်ရမည်ကိုသာ ပြောပါလော့၊ ကျွန်ုပ် ပူဇော်ပါအံ့'' ဟု ဝန်ခံလျှင်....

''သင်ချစ်သားသည် ငါ့အား လူ၏လက်ညှိုးတစ်ထောင်ဖြင့်ပူဇော်မှ သင်ပေးနိုင်မည်'' ဟုဆို၏။

ထိုစကားကိုကြားလျှင် အဟိံသကလည်း ''ဆရာ....မစိုးရိမ်လင့်၊ အမြန်ပြည့်စုံစေအံ့'' ဟုဆို၍ ဆရာကိုရှိခိုးပြီးသော် ကြီးစွာသောသန်လျက်၊ လှံ၊ ဓား၊ လေး၊ မြား၊ မီးပေါက်ဟူသော လက်နက်ငါးပါးကိုစွဲကိုင်လျက် မြို့မှထွက်ခဲ့၍ တစ်ခုသော တောအုပ်၌ နေပြီးလျှင် ခရီးသွား ကုန်သော မိန်းမ၊ ယောက်ျားတို့အား ဖမ်းကာဖမ်းကာသတ်လျက်လက်ညှိုးနှစ်ချောင်း ကိုသာယူ၏။

## လက်ညှိုးများကို ပန်းကုံးသဖွယ်ဆွဲ၍ အင်္ဂုလိအမည်ရခြင်း

ပကတိအားဖြင့် အလွန်ပညာရှိသောသူ ဖြစ်ပါလျက်၊ ပါဏာတိပါတ၌ မွေ့လျော်ခြင်းကြောင့် စိတ်ပျံ့လွင့်လေရကား ရသောလက်ချောင်းကိုမျှ မရေတွက်ဘဲ သစ်ခက် သစ်ခွ စသည်တို့၌သာ တင်ထား၏။ ထိုလက်ညှိုးတို့ကို ငှက်တို့စားသဖြင့် ထားတိုင်းထားတိုင်း ပျောက်ကုန်၏။ ဤသို့ ထားသဖြင့် မသင့်သေးသေး၊ ရသမျှလက်ညှိုးကို ကြိုးဖြင့်သီကုံး၍ ပန်းကုံးကဲ့သို့ လည်ဂုတ်ဆွဲထားမှ ငါ့အားပြည့်စုံလွယ်ချိမ့်မည်ဟုကြံလျက် တစ်ဖန်သတ်၍ရသမျှလက်ချောင်းကို ကောင်းစွာသီ၍ လည်၌ဆွဲထား၏။

ထိုအခါမှစ၍ အင်္ဂုလိမာလ ဟူသောအမည်ကို လူတို့ ခေါ်ကြ၏။ အင်္ဂုလိ-လက်ညှိုးတို့ကို၊ မာလ-ပန်းကဲ့သို့ လည်တွင်ဆွဲထားသူဟု ပြောဆိုကြသည်။

ထိုတောအုပ်သို့ ထင်းခုတ် ဟင်းရွက်ခူးမျှ မသွားဝံ့ကြ၊ တောအုပ်တစ်ခုလုံးသည် တိတ်ဆိတ်နေတော့၏။

## သုံးယူဇနာ မနားတမ်းပြေးနိုင်သူ

လူဆိုးကြီး အင်္ဂုလိမာလသည်း ခရီးသွားများ မရှိခဲ့လျှင် ညဥ့်အခါ၌ ရွာတွင်းသို့ဝင်၍ အိမ်တွင်ပိတ်ထားသောဆူးတပ်တံခါးကို ခုန်လွှားဖျက်ဖောက်၍ ယောကျ်ား၊မိန်းမ ဖမ်းမိသမျှသောသူကို သတ်၍ လက်ညှိုးနှစ်ချောင်းကိုယူ၏။ လူတို့စုရုံး၍လိုက်သောအခါ လျင်စွာသောအဟုန်ဖြင့် ပြေး၍ မိမိတောအုပ်သို့ဝင်လေ၏။

သုံးယူဇနာရှိသောခရီးကိုလည်း တဟုန်တည်း ပြေးနိုင်သော စွမ်းပကားသတ္တိရှိရကား မည်သူမျှ လိုက်လံဖမ်းဆီးနိုင်ခြင်း မစွမ်းကုန်။

တစ်စုံတစ်ယောက်သောသူကိုမြင်လျှင် လက်တွင် ကိုင်ထားသော ဓားသန်လျက်ကို စက်ရဟတ်ကဲ့သို့ ပတ်ပတ်ချာချာ လည်စေလျက် ကြွက်ကိုလိုက်သောကြောင်၊ သားကောင်ကိုလိုက်သော ကျားကဲ့သို့ ခုန်ပျံ၍ နံဘေးတင်သားကို လက်ဝါးဖြင့်ပုတ်လျက် တမုဟုတ်ခြင်း ပြေးလာ၍ ဦးခေါင်းကိုသာ ဖြတ်လေ၏၊

ဤသို့သောနည်းအားဖြင့် ညဥ့်၌လည်းကောင်း၊နေ့၌လည်းကောင်း နေ့တိုင်းနေ့တိုင်း ယူလေရကား၊ ကျေးရွာငယ်အများမှာ မနေဝံ့ကြတော့ဘဲ ရွာကိုစွန့်ပြီး ရွာကြီးနိဂုံးသို့ ပေါင်းရုံး၍ နေကြကုန်၏။

ရွာကြီးတို့၌ ထို့အတူ ဝင်၍ယူပြန်လျှင် လူပုံယင်တို့သည် သားငယ်မြေးတွဲ ပြေးလွှဲကြလတ်၍ သာဝတ္ထိမြို့၏ အနီး၌သာ ဆူးတပ်လုံစွာဖြင့် ကာရံ၍ နေကြ၏။

ဘုရင့်ထံ လျှောက်ထားကြပြီ

ထိုသို့နေပြီးသော် မင်းကြီးထံသို့ ''အရှင်မင်းမြတ်....အင်္ဂုလိမာလ လူဆိုးကြီးသည် မြင်မြင်သမျှသော မိန်းမ၊ ယောကျ်ား တို့ကို သတ်၍ အရပ်ရပ်ကျေးရွာတို့ မျှားစွာ ပျက်စီးကုန်ပြီ၊ ဤလူဆိုးကြီးကို ဖမ်းယူပယ် ရှားတော်မူပါ''ဟု လျှောက်၏။

ကောသလမင်းလည်း သတင်းကြားသည်နှင့် အလွန်ထိတ်လန့် ရကား မဖမ်းဝံ့ခြားသော်လည်း ပြည်သူပြည်သားတို့ နှလုံးသက်သာစိမ့် သောငှာ ''သင်တို့ မစိုးရိမ်လင့်၊ ငါသည် နက်ဖြန် မြင်းစီးသူရဲငါးရာနှင့် အင်္ဂုလိမာလကို ဖမ်းယူမည့်''ဟု ဆိုလိုက်၏။

မိခင်၏ စေတနာ

ထိုစကားကိုပုဏ္ဏားပုဏ္ဏေးကြားလျှင် အိမ်သို့ပြန်လာ၍ မန္တာနီ ပုဏ္ဏေးမအား ဤသို့ပြော၏။ ''ရှင်မ—ယခု လူတို့ကိုသတ်၍ လက်ညှိုးကို ဖြတ်ယူသော လူဆိုးကြီး အင်္ဂုလိမာလ ဟူသည်ကား အခြားသူမဟုတ်၊ ရှင်မ၏သား အဟိံသက ပင်တည်း။ ထိုလူဆိုးကို နက်ဖြန် ငါတို့မင်းကြီး သည် မြင်းငါးရာဖြင့် သွား၍ဖမ်းယူလတ္တံ့''ဟု ပြော၏။

ထိုစကားကိုကြားလျှင် ပုဏ္ဏေးမက ''အမောင်.... ထိုသို့ဖြစ်လျှင် အမောင့်သားကို သွား၍ခေါ်ပါချေ''ဟု ဆို၏။

ပုဏ္ဏားက—''ငါမသွားဝံ့''ဟု ဆိုလျှင်—

''အရှင် မသွားဝံ့သော် အကျွန်ုပ်ပင် သွား၍ခေါ်ပါအံ့''ဟု ဆို၏။

ပုဏ္ဏားကလည်း ''ရှင်မ....သူမိုက်တို့အား လည်းကောင်း၊ ဆိုးသွမ်း သူတို့အား လည်းကောင်း ငါ့သား၊ ငါ့တူ တော်သည်ဟူ၍ အကျွမ်းမဝင် ရာ၊ မင်းညီမင်းသား တို့ကိုလည်း ငါ့အား ချစ်ခင်သည်ဟူ၍ ဂရုမမူ အကျွမ်းမဝင်ရာ၊ မိန်းမတို့ကိုလည်း ငါ့အလိုသို့လိုက်လှသည်ဟူ၍ ချစ်ကျွမ်း မဝင်ရာဟု ရှေးပညာရှိတို့ ဆိုကြကုန်၏။ သင့်သားယုတ်သည် ကြမ်းကြုတ် လွန်ကျူးသောသဘော ရှိ၏။ ထို့ကြောင့် ငါ မသွားစေချင်''ဟု ဆို၏။

သားနောက်သို့ လိုက်ပြ

မိခင်တို့၏ သဘောလည်း သားသမီးကို အလွန်စုံမက်ခြင်းရှိရ ကား ''အကျွန်ုပ်အား သတ်လိုသော်လည်း သတ်ပါစေ၊ သား၏သေခြင်း ကို မမြင်လိုပါ''ဟု ဆိုလျက် နံနက်သောအခါ စောစော ထမင်းစားပြီး လျှင် သားအင်္ဂုလိမာလရှိရာ တောအရပ်သို့ ရှေးရှုသွားလေ၏။

အင်္ဂုလိမာလသည်း စားကောင်းခြင်းမစားရ၊ အိပ်ကောင်းခြင်းမအိပ်ရဘဲ ဆင်းရဲခံရသည့်မှာ ကြာလှပြီဖြစ်၍ စိတ်ကုန်ရကား မိမိရသော လက်ညှိုးကို ရေတွက်၍ကြည့်သော် တစ်ထောင်ပြည့်ရန် တစ်ယောက်သာ လိုတော့သည်ဟု သိ၍ ''ယနေ့ ငါသည် ရှေးဦးစွာတွေ့သော သူတစ်ယောက်ကိုသတ်၍ လက်ညှိုးတစ်ထောင် ပြည့်စေပြီး ဆရာအား ပူဇော်ပြီးလျှင် ကြီးမြတ်သော အတတ်ကို အမြန်သင်၍ မိခင်ဖခင်တို့ထံ ပြန်တော့အံ့''ဟု ကြံလျက် တောအုပ်လယ်မှ ထွက်ခဲ့၍ ပုန်းနေလောက်ရုံသော တောအဝတစ်ခုသော ဌာန၌ နေ၏။

**သားရေ အဟိံသက၊ အမေ့ထံလာပါတော့**

မိခင်ဖြစ်သော မန္တာနီပုဏ္ဏေးမလည်း တောအနီး သို့ ရောက်သော အခါ ''ချစ်သား အဟိံသက.... တောသထမင်းကြီးသည် ယနေ့ ငါ့သားကို ဖမ်းယူခြင်းငှာ မြင်းပါ ရာဖြင့် လိုက်လာတော့မည်၊ လေလော ရက်ရက် ချုပ်ချယ်သတ်ညှစ်ခြင်းကို မခံရစေတော့မည်။ မိခင်ထံသို့ လာခဲ့လော့''ဟု ဟစ်ကြော်၍သွား၏။ အင်္ဂုလိမာလလည်း အဝေးက လာသည့် မိခင်ကိုမြင်လျှင် ဤမိန်းမကိုပင် သတ်၍ လက်ညှိုးကို ဖြတ်ယူအံ့ဟု ကြံလျက် စောင့်နေလေ၏။

**ဘုရားရှင် ကယ်တင်ရန်ကြွပြီ**

ဘုရားသခင်လည်း ထိုနေ့နံနက်ထ၍ လောကကို ရှုတော်မူလျှင် အင်္ဂုလိမာလ၏ ဥပနိဿယမြင့်ကို မြင်၍ ''ယနေ့ ငါသွား၍ တရားဟော ရမူလေးပုဒ်ရှိသော တစ်ဂါထာဖြင့် အင်္ဂုလိမာလလည်း သစ္စာလေးပါးကို မြင်သဖြင့် ရဟန်းခွင်သို့ ရောက်သတတ်၊ အကယ်၍ ငါမသွားလျှင် မိခင်ကို သတ်၍ အနန္တရိယကံကို ရသဖြင့် အပါယ်ရေး၌ မြင့်မြဲစွာ ခံရသတတ်''ဟု မြင်တော်မူ၍ ရဟန်းကူမှတက်သော ခြေသံ မကြားသို့ ဂန္ဓကုဋိတွင်းမှ ထွက်ပြီးလျှင် သပိတ်သင်္ကန်းကိုယူ၍ သာဝတ္ထိမြို့သို့ဆွမ်းခံဝင်တော်မူ၏။

ဆွမ်းခံရာမှပြန်ပြီးသော် ကိုယ်တော်တည်းသာလျှင် အင်္ဂုလိမာလရှိရာ တောအုပ်သို့ ရှေးရှုကြွတော်မူ၏။

**မြင်သမျှ လူတို့က တားကြပါ၏**

နွားကျောင်းသား၊ ဆိတ်ကျောင်းသား လယ်ထွန်ယောကျ်ား ခရီးသွားတို့သည် အင်္ဂုလိမာလ ခိုးသူရှိရာ တောအုပ်သို့ ဝင်ကြွတော်မူသော မြတ်စွာဘုရားကို မြင်ကြကုန်သော် ''ရဟန်း၊ ဤခရီးကို မသွားပါလင့်၊ ရဟန်း....ဤခရီး၌ ကြမ်းကြုတ်သော၊ သွေးစွန်းသောလက်ရှိသော

သတ်ဖြတ်ညှဉ်းဆဲမှု၌ စိတ်စောနေသော၊ သတ္တဝါတို့၌ အသနားကင်းမဲ့သော အင်္ဂုလိမာလ မည်သော ခိုးသူသည် ရှိ၏။ ထိုအင်္ဂုလိမာလ ခိုးသူသည် ရွာတို့ကိုလည်း ရွာမဟုတ်အောင်ပြု၏။ နိဂုံးတို့ကိုလည်း နိဂုံးမဟုတ်အောင်ပြု၏။ နယ်ပယ်တို့ကိုလည်း နယ်ပယ်မဟုတ်အောင်ပြု၏။ ထို အင်္ဂုလိမာလ ခိုးသူသည် လူတို့ကို သတ်ဖြတ်၍ လက်ချောင်းတို့ကို ပန်းကုံးကဲ့သို့ ဆွဲထား၏။ ရဟန်း ထိုခရီးကို တစ်ကျိပ်၊ နှစ်ကျိပ်၊ သုံးကျိပ်၊ လေးကျိပ် ငါးကျိပ်သော ယောကျ်ားတို့သည် စုပေါင်း၍ သွားကြသော်လည်း ထိုသူတို့သည် အင်္ဂုလိမာလခိုးသူ၏လက်၌ ပျက်စီးခြင်းသို့ ရောက်ကြရကုန်၏" ဟု ပြောဆို လျှောက်ထားကြကုန်၏။

## ဆိတ်ဆိမ်၍ တားကြပြန်၏

ထိုသို့ လျှောက်ထားကြသော်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်ပင် ကြွသွားတော်မူ၏။ နှစ်ကြိမ်မြောက်လည်း နွားကျောင်းသားတို့က ထိုသို့ပင် လျှောက်ထားကြ၏။ သုံးကြိမ်မြောက်လည်း နွားကျောင်းသား၊ ဆိတ်ကျောင်းသား၊ လယ်ထွန်ယောကျ်ား ခရီးသွားတို့သည် မြတ်စွာဘုရားကို "ရဟန်း၊ ဤခရီးကို မသွားပါလင့်၊ ရဟန်း ဤခရီး၌ ကြမ်းကြုတ်သော၊ သွေးစွန်းသောလက်ရှိသော၊ သတ်ဖြတ်ညှဉ်းဆဲမှု၌ စိတ်စောနေသော၊ သတ္တဝါတို့၌ အသနားကင်းမဲ့သော၊ အင်္ဂုလိမာလ မည်သော ခိုးသူသည် ရှိ၏။ ထိုအင်္ဂုလိမာလ ခိုးသူသည် ရွာတို့ကိုလည်း ရွာမဟုတ်အောင်ပြု၏။ နိဂုံးတို့ကိုလည်း နိဂုံးမဟုတ်အောင်ပြု၏။ နယ်ပယ်တို့ကိုလည်း နယ်ပယ်မဟုတ်အောင်ပြု၏။ ထိုအင်္ဂုလိမာလ ခိုးသူသည် လူတို့ကို သတ်ဖြတ်၍ လက်ချောင်းတို့ကို ပန်းကုံးကဲ့သို့ ဆွဲထား၏။ ရဟန်း၊ ထိုခရီးကို တစ်ကျိပ်၊ နှစ်ကျိပ်၊ သုံးကျိပ် လေးကျိပ်၊ ငါးကျိပ်သော ယောကျ်ားတို့သည် စုပေါင်း၍ သွားကြသော်သည် ထိုသူတို့သည် အင်္ဂုလိမာလခိုးသူ၏ လက်၌ ပျက်စီးခြင်းသို့ ရောက်ကြရကုန်၏" ဟု ပြောဆို လျှောက်ထားကြကုန်၏။

## အင်္ဂုလိမာလ အံ့ဩသွားခြင်း

အင်္ဂုလိမာလခိုးသူသည် ကြွလာတော်မူသော မြတ်စွာဘုရားကို အဝေးကပင် မြင်၍—

"အချင်းတို့ အံ့ဩဖွယ်ရှိစွတကား၊ အချင်းတို့ မဖြစ်ဖူးမြဲ ဖြစ်စွတကား၊ အကြောင်းမှာ ဤခရီးကို တစ်ကျိပ်၊နှစ်ကျိပ်၊သုံးကျိပ်၊လေးကျိပ် ငါးကျိပ်သော ယောကျ်ားတို့သည် စုပေါင်း၍ စုပေါင်း၍ သွားကြကုန်၏၊ ထိုယောကျ်ားတို့သည်လည်း ငါ၏လက်၌ ပျက်စီးခြင်းသို့ ရောက်ကြရကုန်

၏။ သို့ဖြစ်ပါလျက် ဤရဟန်းသည် အဖော်မပါ တစ်ပါးတည်း မလေး မခံ့ လာလေသောကြောင်းတကား၊ ငါသည် ဤရဟန်းကို သတ်ရမူ ကောင်း လေရာ၏''ဟု အင်္ဂုလိမာလအား ဤအကြံသည် ဖြစ်၏။

## ဘုရားရှင်၏ နောက်တော်သို့

ထိုအခါ အင်္ဂုလိမာလခိုးသူသည် သန်လျက်နှင့် ကာကို စွဲကိုင်၍ လေးနှင့်တောင့်ကို လွယ်ကာ မြတ်စွာဘုရား၏နောက်မှ နောက်မှ အစဉ် လိုက်လေ၏။ ထိုအခါ ပြာဋိဟာ အတိုင်း ကြွသွားတော်မူသော မြတ်စွာ ဘုရားသည် အစွမ်းကုန်လိုက်သော အင်္ဂုလိမာလ မမီနိုင်လောက်အောင် တန်ခိုးဖန်ဆင်းခြင်းကို မြတ်စွာဘုရား ဖန်ဆင်းတော်မူ၏။

## မိခင်နှင့် သား၏ အကြားတွင်

ဘုရားသခင်လည်း ''အင်္ဂုလိမာလကို ငါဆုံးမတော်မူမည်။ သင်တို့ မကြောက်ကြလင့်''ဆို၍သာ သွားသဖြင့် တော၏အပါးသို့ ရောက်သော အခါ သားထံသို့ ရှေးရှုလာသော မန္တာနီပုဏ္ဏေးမနှင့် အင်္ဂုလိမာလ အကြားသို့ စကြဲန်သွားတော်မူ၏။

မြတ်စွာဘုရားလည်း အင်္ဂုလိမာလလူဆိုး မမီနိုင်စိမ့်သောငှာ ဣဒ္ဓါဘိ သင်္ခါရတန်ခိုးတော်ကို စီရင်၍ ထက်ဝန်းကျင်သောမြေသည် ရေ၌ လှိုင်းတံပိုးရောက်သကဲ့သို့ မောက်တုံနိမ့်တုံ ခလုံခလုထသဖြင့် အင်္ဂုလိမာလ သည် ခြေမျှ မလှမ်းနိုင်ရှိ၏။

ကိုယ်တော်မြတ်မူကား စည်မျက်နှာအလားကဲ့သို့ ညီညွတ်သော မြေပြင်အလယ်၌ သပ္ပာယ်စွာ ကြွတော်မူ၏။ အင်္ဂုလိမာလကို မြေ ညီ ရာ အစသို့ ရောက်စေ၍လည်းကိုယ်တော်သည်အလယ်ဌာနဖြင့် ကြွတော်မူ၏။

## တန်ခိုးတော်

ယင်းသို့မြေညီအရပ်သို့ရောက်လျှင်အင်္ဂုလိမာလသည်း ကြံ့ဝါးသံပ၍ ''ငါကဲ့သို့သောသူကိုဘယ်သူခံနိုင်မည်နည်း။ဤမြေညီငယ်အမီလိုက်ပြီးလျှင် ရဟန်းကြီး၏ လက်ညှိုးကို ဖြတ်အံ့''ဟု လက်ပမ်းပေါက်ခတ်ပြီးသော တော မီးလောင်သကဲ့သို့ အာခေါင်အာရင်းသံကို ဟစ်လျက် အားကုန်သွန် သဖြင့် တဟုန်တည်းပြေး၍ လိုက်ပါသော်လည်း မြတ်စွာဘုရားသည် အလယ်သားဌာနမှ ဖြည်းဖြည်းသာသာ ကြွသည်ကို မမီနိုင်၊ အတန်ငယ် နီး၍လာလျှင်လည်း ကြီးစွာသော ချောင်းမြောင်းကြိမ်ပိုက်ခြားသကဲ့သို့ အပါးသို့ မကပ်နိုင်ဖြစ်၏။

ဤနည်းဖြင့် လိုက်လာ၍ သုံးယူဇနခန့်လောက် ခရီးရှည်လေလျှင် အင်္ဂုလိမာလသည် အလွန်ပန်းလှရကား ခံတွင်းမှ တံတွေးတို့သည် ခြောက်၍ ချွေးပေါက်ချွေးစေးတို့သည် ကိုယ်အလုံးမှ ယိုစီးကုန်၏။

ထိုအခါ အင်္ဂုလိမာလသည် "အချင်းတို့ အံ့ဩဖွယ်ရှိစွတကား၊ အချင်းတို့ [illegible] ဖြစ်လေစွတကား၊ အကြောင်းမှာ ရှေးအခါက ငါသည် ပြေးနေသောဆင်ကိုလည်း လိုက်၍ဖမ်းနိုင်၏။ ပြေးနေသောမြင်းကိုလည်း လိုက်၍ဖမ်းနိုင်၏။ ပြေးနေသောသမင်ကိုလည်း လိုက်၍ဖမ်းနိုင်၏။ ပြေးနေသောရထားကိုလည်း လိုက်၍ဖမ်းနိုင်၏။ ထိုသို့ဖမ်းယူနိုင်သော်လည်း ငါသည် ပကတိအတိုင်းသွားနေသော ဤရဟန်းကို အစွမ်းကုန် လိုက်သော်လည်း မမီနိုင်" ဟု အကြံဖြစ်လေ၏။ ရပ်လျက်သာလျှင် မြတ်စွာဘုရားကို "ရဟန်း ရပ်လော့ ရပ်လော့" ဟုပြောဆို၏။ "အင်္ဂုလိမာလ ငါသည် ရပ်နေ၏။ သင်လည်း ရပ်လော့" ဟု မိန့်တော်မူ၏။ ထိုအခါ အင်္ဂုလိမာလခိုးသူသည် သာကီဝင်မင်းသား ဖြစ်ကြကုန်သော ဤရဟန်းတို့သည် မှန်သည်ကိုသာ ဆိုလေ့ရှိကြကုန်၏။ မှန်သည်ကို ဝန်ခံလေ့ရှိကြကုန်၏။ သို့ဖြစ်လျက် ဤရဟန်းသည် သွားလျက်သာလျှင် 'အင်္ဂုလိမာလ ငါသည် ရပ်နေ၏။ သင်လည်း ရပ်လော့' ဟု ဆိုဘိ၏၊ ငါသည် ဤရဟန်းကို မေးရပါမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။

ရပ်သူနှင့် သွားနေသူ

ထိုအခါ အင်္ဂုလိမာလ ခိုးသူသည် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်ထား၏။ "ရဟန်း ။သွားနေလျက် ငါရပ်၏ဟု ဆိုဘိ၏။ ရပ်သော အကျွန်ုပ်ကိုလည်း မရပ်ဟုဆိုဘိ၏။ ရဟန်း သင့်အား ထိုအကြောင်းကို မေးပါအံ့၊ သင်သည် အဘယ်သို့ ရပ်တည်၍ ကျွန်ုပ်သည် အဘယ်သို့ မရပ်တည်ပါသနည်း" ဟု လျှောက်၏။

"အင်္ဂုလိမာလ ငါသည် အခါခပ်သိမ်း အလုံးစုံသော သတ္တဝါတို့၌ တုတ်လှံတံကို ချထားပြီးသည်၏။ သင်သည်ကား အလုံးစုံသော သတ္တဝါတို့၌ သတ်ဖြတ်ညှဉ်းဆဲခြင်းမှ မစောင့်စည်း။ ထို့ကြောင့် ငါသည် ရပ်တည်သူ ဖြစ်၍၊ သင်သည် မရပ်တည်သူဖြစ်၏" ဟု မိန့်တော်မူ၏။

အဓိပ္ပာယ်ကား—ဘုရားသခင် တလည်း "အချင်း အင်္ဂုလိမာလ၊ ငါသည် ပါဏာတိပါတ စသော မကောင်းမှုဒုစရိုက်တို့၌ လိုက်စား ကြဉ် ရှောင်ရှားသည်ဖြစ်၍ အပါယ်လားခြင်းမရှိ၊ သုဂတိဘုံ၏ အထွတ်အထိပ် ဖြစ်သော နိဗ္ဗာန်လမ်း၌သာ တည်ရကား ရပ်သောသူမည်၏။ သင်ကား ဒုစရိုက်တရားတို့ကို များစွာပြုလေ့ရှိသည်။ သတ္တဝါခပ်သိမ်းတို့အား သနား

ချစ်ခင်ခြင်းမရှိသည်၊ ကောင်းသောအကျင့်စာရိတ္တ မရှိဖြစ်၍ စုတေသော အခါ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန် အသူရကာယ် ဟူသော အပါယ်လေးခွင်သို့ စင်စစ်သွားအံ့သောသူဖြစ်ရကား ရပ်နားသည်မမည်။ သွားသည်ပင်မည်၏။ ထို့ကြောင့် ငါကား ရပ်တည်၏၊ သင်ကား မရပ်ဟူ၍ငါဆိုသတည်း''ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားက ''ငါသည် မကောင်းမှုကို မပြုသူဖြစ်၍ နိဗ္ဗာန် တံခါးဝမှာ ရပ်နေသူဖြစ်၏။ သင်ကား မကောင်းသော အမှုကို ပြုနေ၍ အပါယ်လေးပါးသို့ သွားနေသူဖြစ်၏။ ထို့ကြောင့် ငါကား ရပ်သည်။ သင်ကား မရပ်ဟု ငါဆိုသည်''ဟု မိန့်တော်မူ၏။

အင်္ဂုလိမာလ မင်္ဂိုလ်ရ

ထိုစကားကိုကြားလျှင် အင်္ဂုလိမာလလည်း ''အနှစ်သာရရှိပေလှ၍ အသက် တည်သမျှ အောက်မေ့ထိုက်သော ဤကဲ့သို့သော စကား ကို ဆိုဟတ်ပေသောသူကား လူသာမညမဟုတ်၊ သုဒ္ဓေါဒနမင်းကြီး ညာထား သီရိမဟာမာယာ မိဖုရား၏ ရွှေရင်တော်နှစ် သားတော်ချစ် ဖြစ်သော သိဒ္ဓတ်မင်းသား ဘုရားဆိုသော ပုဂ္ဂိုလ်သည် ဤကိုယ်တော်ပင် ဖြစ်ရာ ပေသည်။

မြင့်ရှည်စွာ ငါ မကောင်းမှု အကုသိုလ်တရားကို ကျင့်မှားနေဘိ၍ ဒုဂ္ဂတိသို့လားအံ့သောအရောက် မြတ်စွာဘုရား သနားတော်မူလှ၍ ဤတော ဝသို့ ကြွလာတော်မူပေသည်''ဟု မှတ်ယူလျက် အလွန်ကြည်ညိုသောစိတ် ရှိရကား စိတ်ငါးပါးဖြင့်နှံ့သောကိုယ်ဖြင့်ရှိသေကျိုးနွံစွာ မြတ်စွာဘုရား၏ ရှေ့တော်၌ဝပ်လျက်''

အရှင်မြတ်သည် အကျွန်ုပ်အား သနား ချီးမြှောက်တော်မူပါ။ ယုတ်မာသောအကျင့်ဟူသမျှကို ပယ်ချပါတော့မည်''

ဟု လျှောက် ကြား ၍၊ လည်၌ ဆွဲ ဆောင် ထား သော လက် ညှိုး တစ်ထောင်တို့ကို လည်းကောင်း၊ လက်နက် ငါးပါးတို့ကို လည်းကောင်း၊ တစ်ခုသောအိုင်ကြီး၌ပစ်ချလေ၏။ ဘုရားသခင် သည်လည်း အင်္ဂုလိမာလ အား အထူးထူးသော တရားတို့ကို ဟောကြား ပြသတော်မူလျက် မဂ္ဂါ နုလာမဉာဏ် ဖြစ်သည်ကိုမြင်သိသော်....

''ဧဟိဘိက္ခု၊ သမ္မာဇရထ ဒုက္ခဿ အန္တကိရိယာယ''

ဟု သုံးကြိမ်ခေါ်တော်မူသဖြင့် လူဝတ်လူစား ဆံမုတ်ဆိတ်တို့သည် အကုန်ကွယ်ပ၍ သပိတ် သင်္ကန်း ရဟန်း ပရိက္ခရာအစုံနှင့်တကွ ရဟန္တာ အဖြစ်သို့ရောက်လေ၏။

**ကျေးဇူးတော်ရှင် အစစ်တွေ့ပါပြီ**

ဘုရားသခင်လည်း အရှင်အင်္ဂုလိမာလအား ကိုယ်တော်၏သပိတ်၊ ပရိက္ခရာကို လွယ်စေပြီးသော် နောက်တော်ဖြင့်ခေါ်၍ ကျောင်းတော်သို့ လာခဲ့၏။

မန္တာနီပုဏ္ဏေးမလည်း သားရဟန်းဖြစ်သည်ကို မြင်လျှင် ရှင်လန်းဝမ်းသာစွာ နောက်တော်မှလိုက်၍....

"ချစ်သား အဟိံသက....မိခင်နှင့်ကွဲ ရသည်ကား နှစ်၊ လရှည်ကြာပြီး အဘယ်မှာ ချစ်သားနေသနည်း။ အဘယ်သို့ စားရပါသနည်း၊ အဘယ်သို့ အိပ်ရပါသနည်း၊ အဘယ်ကြောင့် ကြမ်းကြုတ်သောအမှုကို ချစ်သားပြုဘိသနည်း။ ယခု မိခင်အိမ် သို့ မဝင်ပြီလော"

စသည်ဖြင့် အဖန်တစ်လဲလဲ မေးမြန်း၍လာ၏။

အင်္ဂုလိမာလလည်း ဖြစ်သမျှအကြောင်းကို ပြန်ကြား၍....

ယခု ငါ့အား ဘုရားသခင် သာလျှင် မျက် မြင် ဘ ဝ ၌ လည်း ကောင်း၊ တမလွန်ဘဝ၌လည်းကောင်း သုခကြီးရောက်အောင် ချီးမြှောက်တော်မူပေသည်။ ဘုရားနောက်တော်သို့သာ လိုက်တော့အံ့"ဟု ဆို၏။

ထိုအခါ မြတ်စွာ ဘုရားသည် အရှင်အင်္ဂုလိမာလဟူသော နောက်လိုက်ရဟန်းနှင့် သာဝတ္ထိပြည်သို့ ဒေသစာရီ ကြွချီတော်မူ၏။

အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူသည်ရှိသော် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။

**အင်္ဂုလိမာလကိုဖမ်းရန် စစ်ထွက်ပွဲကြီး**

ထိုနေ့၌ ပသေနဒီ ကောသလမင်းကြီးသည် ငါးရာသောမြင်းတို့ဖြင့် သာဝတ္ထိပြည်မှ နေ့မွန်းတည့်ချိန်ဝယ် ထွက်ခဲ့၍ ဇေတဝန်ကျောင်း အရံသို့ ဝင်လေ၏။ ယာဉ်ဖြင့်သွားသင့်သော အရပ်တိုင်အောင် ယာဉ်ဖြင့် သွား၏။ ယာဉ်မှသက်ဆင်းပြီ လျှင် ခြေကျင်သာလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် သင့်လျော်ရာ၌ ထိုင်နေသော မင်းကြီးကို မြတ်စွာ ဘုရားသည်....

"မင်းကြီးသင်သည် မဂဓတိုင်းကိုအစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းကိုမူလည်း အမျက်ထွက်လေသလော၊ ဝေသာလီပြည် လိစ္ဆဝီမင်းကိုမူလည်း အမျက်ထွက်လေသလော၊ တစ်ပါးသော ရန်သူမင်းတို့ကိုမူလည်း အမျက်ထွက်လေသလော"ဟု မေးတော်မူ၏။

''အရှင်ဘုရား အကျွန်ုပ်သည် မဂဓတိုင်းဟု အစိုးရသော သေနိယ မည်သော ဗိမ္ဗိသာရမင်းကိုလည်း အမျက်မထွက်ပါ၊ ဝေသာလီပြည်ကို အစိုးရကုန်သော လိစ္ဆဝီမင်းတို့ကိုလည်း အမျက်မထွက်ပါ။ တစ်ပါးသော ရန်သူမင်းတို့ကိုလည်း အမျက်မထွက်ပါ။

အရှင်ဘုရား တပည့်တော်၏ တိုင်းနိုင်ငံ၌ ကြမ်းကြုတ်သော၊ သွေးစွန်းသောလက်ရှိသော၊ သတ်ဖြတ် ညှဉ်းဆဲမှု၌ စိတ်စောနေသော၊ သတ္တဝါတို့၌ အသနားကင်းမဲ့သော အင်္ဂုလိမာလမည်သော ခိုးသူသည် ရှိပါ၏။ ထိုအင်္ဂုလိမာလခိုးသူသည် ရွာတို့ကိုလည်း ရွာမဟုတ်အောင် ပြုပါ၏။ နိဂုံးတို့ကိုလည်း နိဂုံးမဟုတ်အောင် ပြုပါ၏။ ဇနပုဒ်တို့ကိုလည်း ဇနပုဒ်မဟုတ်အောင် ပြုပါ၏။ ထိုအင်္ဂုလိမာလ ခိုးသူသည် လူတို့ကိုသတ်၍ သတ်၍ လက်ချောင်းဖွဲ့ကုံးကို ဆောင်ပါ၏။

အရှင်ဘုရား အကျွန်ုပ်သည် ထိုအင်္ဂုလိမာလခိုးသူကို တားမြစ်မါအံ့''ဟု လျှောက်၏။

## မြတ်စွာဘုရားအမေး-ကောသလအဖြေ

''မင်းကြီး၊ သင်သည် ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံလျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်နေသော၊ အသက်သတ်ခြင်းမှ ကြဉ်ရှောင်နေသော၊ မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်နေသော၊ မဟုတ်မမှန် ပြောဆိုခြင်းမှ ကြဉ်ရှောင်နေသော၊ တစ်ထပ်သာ စားနေသော၊ မြတ်သောတရားရှိသော အင်္ဂုလိမာလကို အကယ်၍မြင်လျှင် သင်အဘယ်သို့ပြုအံ့နည်း''ဟု မေးတော်မူ၏။

''အရှင်ဘုရား၊ ရှိမှုလည်း ခိုးပါကုန်အံ့။ ခရီးဦးမှုလည်း ကြိုပါကုန်အံ့။ ထိုင်ရန်နေရာဖြင့်မူလည်း ပင့်ဖိတ်ပါကုန်အံ့။ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ အိပ်ရာနေရာ၊ သူနာ၏ အထောက်အပံ့ဖြစ်သော၊ အသက်၏ အရံအတားဖြစ်သော ဆေးပစ္စည်း တို့ဖြင့်မူလည်း ဖိတ်ကြားပါကုန်အံ့။ ထိုသို့သဘော ရှိသော ရဟန်းအား တရားနှင့်လျော်သော စောင့်ရှောက် လုံခြုံစေမှုကို စီရင်ပါကုန်အံ့၊ အရှင်ဘုရား — ယုတ်ညံ့သော သဘောရှိသည့် ဒုဿီလ ပုဂ္ဂိုလ်အား ဤသို့သဘောရှိသော သီလကို စောင့်စည်းခြင်းသည် အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း''ဟု မယုံကြည့် လျှောက်၏။

## လက်ညှိုးညွှန်ပြ အင်္ဂုလိမာလ

ထိုအခါ အင်္ဂုလိမာလသည် မြတ်စွာဘုရား၏ အနီး၌ ထိုင်နေ၏။

မြတ်စွာဘုရားသည် လက်ျာလက်ရုံးကို မြှောက်ချီတော်မူ၍ ပသေနဒီ ကောသလမင်းကြီးကို....

''မင်းကြီး.... အင်္ဂုလိမာလ ဟူသည် သူပင်တည်း''ဟု မိန့်ကြားတော်မူ၏။

ထိုအခါ ပသေနဒီ ကောသလမင်းကြီးအား ကြောက်ခြင်းသည် ဖြစ်လေ၏။

ကိုယ်ခက်ထရော်ရှိခြင်းသည် ဖြစ်လေ၏။ ကြက်သီး မွေးညှင်း ထခြင်းသည် ဖြစ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ပသေနဒီကောသလမင်းကြီး ကြောက်နေသည်ကို၊ ထိတ်လန့်နေသည်ကို၊ ကြက်သီးမွေးညှင်း ထနေသည်ကို သိတော်မူ၍ ပသေနဒီကောသလမင်းကြီးအား....

'မင်းကြီး မကြောက်လင့်၊ ဤသူမှ သင့်အား ဘေးမရှိတော့ပါ'' ဟု မိန့်ကြားတော်မူ၏။

ထိုအခါ ပသေနဒီကောသလမင်းကြီးအား ကြောက်ခြင်း၊ ကိုယ်ခက်ထရော်ရှိခြင်း၊ ကြက်သီးမွေးညှင်းထခြင်း အားလုံးသည် ကင်းပျောက်ချုပ်ငြိမ်းလေ၏။

ထိုအခါ ပသေနဒီ ကောသလမင်းကြီးသည် အရှင်အင်္ဂုလိမာလ ထံသို့ ချဉ်းကပ်ပြီးလျှင် အရှင်အင်္ဂုလိမာလအား....

'အရှင်ဘုရား၊ အရှင်သည် အကျွန်ုပ်တို့၏ အင်္ဂုလိမာလ လေလော'' ဟု လျှောက်၏။

''မင်းကြီး၊ မှန်ပါ၏''ဟု မိန့်ဆို၏။

'အရှင်၏ ဖခင်သည် အဘယ်အနွယ် ရှိပါသနည်း။ အရှင်၏ မယ်တော်သည် အဘယ်အနွယ် ရှိပါသနည်း'' ဟု လျှောက်၏။

''မင်းကြီးအဖသည် ဂဂ္ဂအနွယ်ရှိ၍၊ အမိသည် မန္တာနီ အနွယ်ရှိ၏'' ဟု မိန့်ဆို၏။

အရှင်ဘုရားဂဂ္ဂအနွယ်ရှိသော မန္တာနီ၏သားဖြစ်သော အရှင်သည် မွေ့လျော်ပါလော၊ အကျွန်ုပ်သည်လည်း ဂဂ္ဂအနွယ်ရှိသော မန္တာနီ၏ သားဖြစ်သော အရှင်မြတ်အကျိုးငှာ သင်္ကန်း၊ ဆွမ်း၊ ကျောင်းအိပ်ရာ၊ သူနာ၏အဆောက်အအုံ အသက်၏အရံအတား ဆေးပစ္စည်းတို့ဖြင့် ကြောင့်ကြအားထုတ်မှုကို ပြုပါအံ့'' ဟု လျှောက်၏။

**ဓုတင်ဆောင်သူအင်္ဂုလိမာလ**

ထိုအခါ အရှင်အင်္ဂုလိမာလသည် အာရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင် ပံ့သုကူဓုတင်၊ တိစီဝရိတ်ဓုတင်ကို ဆောင်၏။ ထိုအခါ အရှင်အင်္ဂုလိမာလ

သည်။ ပသေနဒီကောသလမင်းကြီးကို "မင်းကြီးတန်ပြီ၊ ငါ့အား သက်န်းပြည့်စုံပြီ"ဟု ပြောကြား၏။

ထိုအခါ ပသေနဒီ ကောသလမင်းကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ နေထိုင်လျက်....

အရှင်ဘုရား အံ့သြဖွယ်ရှိပေစွ၊ အရှင်ဘုရားမဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အရှင်ဘုရား မြတ်စွာဘုရားသည် မယဉ်ကျေးသောသတ္တဝါတို့ကို ယဉ်ကျေးအောင် လွန်ကဲစွာဆုံးမတော်မူတတ်ပါပေစွ၊ မငြိမ်သက်သော သတ္တဝါတို့ကို လွန်ကဲစွာငြိမ်သက်စေတော်မူတတ်ပါပေစွ၊ မငြိမ်းအေးသေးသော သတ္တဝါတို့ကိုလွန်ကဲစွာ ငြိမ်းအေးတော်မူတတ်ပါပေစွ။

အရှင်ဘုရား၊ အကျွန်ုပ်တို့သည် ယင်းအင်္ဂုလိမာလကိုတုတ် လှံတံဖြင့်သော်လည်းကောင်း၊ ဓားလက်နက်ဖြင့်သော်လည်းကောင်း ဆုံးမခြင်းငှာ မစွမ်းနိုင်ကြပါကုန်။ ထိုအင်္ဂုလိမာလကို မြတ်စွာဘုရားသည် တုတ် လှံတန် မပါဘဲလျက် ဓားလက်နက်မပါဘဲလျက်သာလျှင် ယဉ်ကျေးစေတော်မူနိုင်ပါပေ၏"ဟု လျှောက်ထားပြီး ပသေနဒီကောသလမင်းကြီးသည် နေရာမှ ထ၍ မြတ်စွာဘုရားကိုရှိခိုးလျက် အရိုအသေပြုကာ ခွဲခွာသွားလေ၏။

ကိုယ်ဝန်ဆောင်မိန်းမ

ထိုအခါ အရှင်အင်္ဂုလိမာလသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်း အလို့ငှာ ဝင်တော်မူ၏။

အရှင်အင်္ဂုလိမာလသည် သာဝတ္ထိ၌ အိမ်စဉ်အတိုင်း ဆွမ်းအလို့ငှာ လှည့်လည်တော်မူသည်ရှိသော် သားမဖွားနိုင်သော၊ မသက်သာသော ကိုယ်ဝန်ရှိသောမိန်းမတစ်ယောက်ကို မြင်၍...

"အချင်းတို့၊ သတ္တဝါတို့သည် ပင်ပန်းကုန်စွတကား။ အချင်းတို့၊ သတ္တဝါတို့သည် ပင်ပန်းကုန်စွတကား"ဟု အကြံဖြစ်၏။

ထိုအခါ အရှင်အင်္ဂုလိမာလသည် သာဝတ္ထိပြည်၌ ဆွမ်းအလို့ငှာ လှည့်လည်၍ ဆွမ်းခံရွာမှ ဖယ်ခဲ့ကာ ဆွမ်းစားပြီးနောက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကိုရှိခိုးပြီး သင့်လျော်စွာ ထိုင်နေလျက်....

"အရှင်ဘုရား၊ အကျွန်ုပ်သည် ယနေ့နံနက်ပိုင်းအခါ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကိုယူလျက် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှာဝင်ခဲ့ပါ၏။ အရှင်ဘုရား၊ ကျွန်ုပ်သည် သာဝတ္ထိပြည်၌ ဆွမ်းအလို့ငှာ အိမ်စဉ်အတိုင်း လှည့်လည်သည်ရှိသော် သားမဖွားနိုင်သော၊ မသက်သာသော ကိုယ်ဝန်ရှိသောမိန်းမတစ်ယောက်ကိုမြင်ခဲ့ရ၍ ကျွန်ုပ်အား "အချင်းတို့၊ သတ္တဝါတို့သည် ပင်ပန်းကုန်စွတကား"ဟု အကြံဖြစ်ခဲ့ပါ၏ဟုလျှောက်၏။

## သစ္စာစကား

**မြတ်စွာဘုရားသည် အင်္ဂုလိမာလအား**

''အင်္ဂုလိမာလ၊ သို့ဖြစ်မူ သင်သည် ထိုမိန်းမထံသို့ ချဉ်းကပ်ပြီးလျှင် ထိုမိန်းမကို ''နှစ်မ ငါသည် မွေးဖွားသောအခါမှစ၍ သေလိုစေသော စေတနာဖြင့် သတ္တဝါတို့ကို သတ်ဘူးသည်ဟု မသိစဖူး၊ ထိုမှန်သောစကား ကြောင့် သင့်အားလည်းကောင်း၊ ကိုယ်ဝန်သတ္တဝါအား လည်းကောင်း ချမ်းသာခြင်းသည် ဖြစ်စေသတည်း''ဟု ဆိုလေလော့ဟု မိန့်တော်မူ၏။

''အရှင်ဘုရား အကျွန်ုပ်သည် သိလျက် ချွတ်ယွင်းသောစကား ကို ပြောဆိုခြင်းဖြစ်ရာသည် မဟုတ်ပါသလော၊ အရှင်ဘုရား အကျွန်ုပ် သည် များစွာသတ္တဝါတို့ကို သေစေလိုသောစေတနာနှင့်တကွ သတ်ခဲ့ဖူး သည် မဟုတ်ပါလော''ဟု လျှောက်၏။

''အင်္ဂုလိမာလ၊ သို့ဖြစ်မူ သင်သည် ထိုမိန်းမထံသို့ ချဉ်းကပ်ပြီး ထို မိန်းမကို ''နှစ်မ ငါသည် အရိယာဇာတ်ဝင်ဖြစ်သော အခါမှစ၍ သတ္တ ဝါကို သတ်ဖူးသည်ဟူ၍ မသိစဖူး ထိုမှန်သော သစ္စာစကားကြောင့် သင့် အားလည်းကောင်း၊ ကိုယ်ဝန်သတ္တဝါအား လည်းကောင်း ချမ်းသာခြင်း ဖြစ်စေသတည်း''ဆိုလေလော့ဟူ၍ မိန့်တော်မူ၍ အရှင်အင်္ဂုလိမာလအား ပရိတ်တော်ကို ချီးမြှင့်တော်မူ၏။

**မိခင်နှင့်ကလေးပါ ချမ်းသာကြပြီ**

''အရှင်ဘုရား၊ ကောင်းပါပြီ''ဟု အရှင်အင်္ဂုလိမာလသည် မြတ်စွာ ဘုရားအား ပြန်ကြားလျှောက်ထား၍ ထိုမိန်းမထံသို့ ချဉ်းကပ်ပြီးလျှင် ထိုမိန်းမကို....

''နှစ်မ ငါသည် အရိယာဇာတ်ဝင်ဖြစ်သောအခါမှစ၍ သတ္တဝါကို သေစေလိုသောစေတနာဖြင့် သတ်ဖူး၏ဟူ၍ငါမသိစဘူး၊ ထိုမှန်သောသစ္စာ စကားကြောင့် သင့်အားလည်းကောင်း၊ ကိုယ်ဝန်သတ္တဝါအားလည်း ကောင်း ချမ်းသာခြင်းဖြစ်စေသတည်း''ဟု ပြောဆို၏။

ထိုအခါ ထိုမိန်းမအား လည်းကောင်း၊ သန္ဓေသားအား လည်း ကောင်း ချမ်းသာခြင်းဖြစ်လေ၏။

**ရဟန္တာဖြစ်ပြီ**

ထိုအခါ အရှင်အင်္ဂုလိမာလသည် တစ်ပါးတည်း ဆိတ်ငြိမ်ရာအရပ် သို့ ကပ်၍ မမေ့မလျော့ ပြင်းထန်စွာ အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ် အပ်သောစိတ် ရှိသည်ဖြစ်၍နေသည်ရှိသော် မကြာမီပင်လျှင် လူ့ဘောင်မှ

ရဟန်းဘောင်သို့ ဝင်ရောက်ကြကုန်သော အမျိုးကောင်းသားများ လိုလားအပ်သည့် အတုမဲ့မြတ်သောအကျင့်၏ ဆုံးခန်းတိုင်မှုကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍နေပြီး ပဋိသန္ဓေနေမှု ကုန်ပြီဖြစ်သော အကျင့်ကို ကျင့်သုံးပြီး ပြုဖွယ်(မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအတွက် တစ်ပါးသော ပြုဖွယ်ကိစ္စမရှိပြီ''ဟု သိ၏။ အရှင်အင်္ဂုလိမာလသည် ရဟန္တာတို့တွင် တစ်ပါးအပါအဝင် ဖြစ်လေသတည်း။

## လက်ငင်းခံစားရသော အကုသိုလ်အဟုန်

ထိုအခါ အရှင်အင်္ဂုလိမာလသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှာ ဝင်တော်မူ၏။ ထိုအခါ တပါးသောအရပ်သို့ ပစ်ခဲ့သောခဲသည် အရှင်အင်္ဂုလိမာလ၏ ကိုယ်ပေါ်၌ ကျ၏။ တစ်ပါးသောအရပ်သို့ပစ်သော တုတ်သည်လည်း အရှင်အင်္ဂုလိမာလ၏ ကိုယ်ပေါ်ကျ၏။ တစ်ပါးသောအရပ်သို့ပစ်သော ကျောက်စရစ်သည် အရှင်အင်္ဂုလိမာလ၏ ကိုယ်ပေါ်၌ ကျ၏။

ထိုအခါ အရှင်အင်္ဂုလိမာလသည် ကွဲသော ဦးခေါင်း၊ ယိုစီးသော သွေး၊ ကွဲသောသပိတ်၊ စုတ်ပြတ်သောဒုကုဋ်ဖြင့် မြတ်စွာဘုရားထံ ချဉ်းကပ်၏။ မြတ်စွာဘုရားသည် အဝေးမှလာသော အရှင်အင်္ဂုလိမာလကို မြင်တော်မူ၍—

''မကောင်းမှုကို အပြုပြီးသော ရဟန်း၊ သင် သည်းခံလော့၊ မကောင်းမှုကို အပြုပြီးသော ရဟန်း၊ သင် သည်းခံလော့၊ မကောင်းမှုကို အပြုပြီးသော ရဟန်း၊ သင်သည် ယင်းအကုသိုလ်ကံ အကျိုးအပြစ်ဖြင့် နှစ်ပေါင်းများစွာ၊ နှစ်ရာပေါင်းများစွာ၊ နှစ်ထောင်ပေါင်းများစွာ ပတ်လုံး ငရဲ၌ ကျက်လေရာ၏။ မကောင်းမှုကို အပြုပြီးသော ရဟန်း၊ သင်သည် ထိုအကုသိုလ်အကျိုးကို ယခုဘဝ၌ပင် ခံစားရဘိ၏''ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်အင်္ဂုလိမာလသည် ဆိတ်ငြိမ်ရာသို့ကပ်၍ တစ်ပါးတည်း ကိန်းအောင်းလျက် အရဟတ္တဖိုလ် ချမ်းသာကို ခံစားနေ၏။ ထိုအခါ ဤဥဒါန်းကို ကျူးရင့်၏။

''ရှေးအခါကသာလျှင် မေ့လျော့၍ နောက်အခါ၌ မမေ့မလျော့သူသည် တိမ်တိုက်မှလွတ်သော လကဲ့သို့ ဤသတ္တလောကကို တောက်ပထွန်းလင်းစေ၏။

ပြုပြီးသော မကောင်းမှုကို ကုသိုလ်တရားဖြင့် ပိတ်ပင်တားဆီးသူသည် တိမ်တိုက်မှလွတ်သော လကဲ့သို့ ဤသတ္တလောကကို တောက်ပထွန်းလင်းစေ၏။

ငယ်ရွယ်စဉ်အခါပင်လျှင် မြတ်စွာဘုရား သာသနာတော်၌ အားထုတ်သော ရဟန်းသည် တိမ်တိုက်မှလွတ်သော လကဲ့သို့ ဤသတ္တလောကကို ထွန်းလင်း တောက်ပစေ၏။

ငါ၏ ရန်သူတို့သည် တရားနှင့်စပ်သော စကားကို ကြားနာကြပါစေကုန်သတည်း၊ ငါ၏ ရန်သူတို့သည် မြတ်စွာဘုရား သာသနာတော်၌ အားထုတ်ကြပါစေကုန်သတည်း၊ ငါ၏ ရန်သူဖြစ်ကုန်သော ထိုသူတို့သည် သူတော်ကောင်းတို့ ... တရားကို ဆောက်တည်ကြစေသည့် သူတော်ကောင်းတို့ထံသို့ ချဉ်းကပ်ကြပါစေကုန်သတည်း ။

ငါ၏ရန်သူတို့သည် သည်းခံခြင်းကို ဆိုလေ့ရှိကုန်သော မဆန့်ကျင်မှု မေတ္တာကို ချီးကျူးလေ့ရှိကုန်သော သူတို့၏တရားကို အခါခါ နာကြားနိုင်ကြပါစေကုန်သတည်း။ ထိုတရားကိုလည်း အစဉ်လိုက်နာ ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

ထို ငါ၏ရန်သူသည် စင်စစ် ငါ့ကို မညှဉ်းဆဲပါစေသတည်း၊ ငါမှ တစ်ပါး အခြားသူကိုလည်း မညှဉ်းဆဲပါစေသတည်း မွန်မြတ်သောနိဗ္ဗာန်သို့ ရောက်၍ အမြဲ တည်မက်ယောကျာ်းကို စောင့်ရှောက် နိုင်ပါစေသတည်း။

ရေကို မြောင်းသွယ်သူတို့သည် ရေကို ဆောင်ယူကြကုန်၏။ မြားသမားတို့သည် မြားကို ဖြောင့်ကြကုန်၏။ သစ်ရွေသမားတို့သည် သစ်ကို ဖြောင့်အောင် ရွေကုန်ကြ၏။ ပညာရှိတို့သည် မိမိကိုယ်ကို ဆုံးမကြကုန်၏။

အချို့သူတို့သည် လှံတံဖြင့် လည်းကောင်း၊ ချွန်းကောက်တို့ဖြင့် လည်းကောင်း ဆုံးမကြကုန်၏။ တာဒိဂုဏ် ရှိတော်မူသော မြတ်စွာဘုရားသည် တုတ်လှံတံမရှိပဲ၊ လက်နက်မရှိပဲ ငါ့ကို ယဉ်ကျေးအောင် ဆုံးမတော်မူပြီ။

ငါသည် ရှေးအခါက ညှဉ်းဆဲတတ်သူဖြစ်လျက် ''အဟိံသက'' အမည်ရှိခဲ့၏။ ငါသည် ယနေ့မှစ၍ တစ်စုံတစ်ယောက်ကိုမျှ မညှဉ်းဆဲတတ်သောကြောင့် မှန်ကန်သောအမည်ရခဲ့ပြီ။ ငါသည် ရှေးအခါက အင်္ဂုလိမာလဟူ၍ ထင်ရှားကျော်စောသော ခိုးသူကြီးဖြစ်ခဲ့၏။ ကြီးစွာသော သံသရာသြဃ၌ နစ်မျောသည်ဖြစ်၍ 'မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခဲ့ပါ၏။

ငါသည် ရှေးအခါက အင်္ဂုလိမာလဟူ၍ ထင်ရှားကျော်စောသော သွေးစွန်းသော လက်ရှိသော သူသတ်ယောကျ်ား ဖြစ်ခဲ့၏။ ကိုးကွယ်ရာ နိဗ္ဗာန်ကိုမြင်သည်ဖြစ်၍ ဘဝနှောင်ကြိုးနှင့်တူသောတဏှာကို နုတ်ပယ်ခဲ့ပြီ။

အကြိမ်များစွာ အပါယ်ရွာကို လားစေတတ်သော ထိုသို့သဘော ရှိသော အကုသိုလ်ကံကို ပြုခဲ့သော်လည်း ယင်းကံကို ဂိုမြိုက် တတ်သည့် (မဂ်စေတနာ) တွေ့ထိအပ်သောကြောင့် မကောင်းကျိုး ကြွေးမြီ ကင်းသည်ဖြစ်၍ ဘောဇဉ်ကို ငါသုံးဆောင်ရပေပြီ။

ပညာမဲ့ ငြား လူမိုက်များတို့သည် မေ့လျော့ခြင်းကို အားထုတ်ကြကုန်၏။ ပညာရှိယောကျ်ားသည် မမေ့မလျော့မှုကို မြတ်သောဥစ္စာကဲ့သို့ စောင့်ရှောက်၏။ မေ့လျော့ခြင်းကို အားမထုတ်ကြကုန်လင့်၊ ကာမဂုဏ်တို့၌ မွေ့လျော်ပေါင်းဖော်မှုကို အားမထုတ်ကြကုန်လင့်၊ မမေ့မလျော့ပဲ ရှုဆင်ခြင်သူသည်သာ ပြန့်ပြောသောနိဗ္ဗာန်ချမ်းသာသို့ ပေါက်ရောက်နိုင်၏။

ထိုငါ၏ သာသနာဘောင်သို့ ရောက်လာခြင်းသည် ကောင်းသောရောက်လာခြင်းပေတည်း၊ ငါ၏ ရဟန်းပြုအံ့ဟု ပြောဆိုခြင်းသည် မကောင်းသောပြောဆိုခြင်း မဟုတ် ကောင်းစွာ ဝေဖန်ဟောကြားအပ်သော တရားတို့တွင် အမြတ်ဆုံး နိဗ္ဗာန်သို့ ရောက်ပြီ။

ထိုငါ၏ သာသနာဘောင်သို့ ရောက်လာခြင်းသည် ကောင်းသော ရောက်လာခြင်းပေတည်း၊ ငါ၏ရဟန်းပြုအံ့ဟု ပြောဆိုခြင်းသည် မကောင်းသော ပြောဆိုခြင်းမဟုတ်၊ ဝိဇ္ဇာသုံးပါးတို့ကို အစဉ်ရောက်ခဲ့ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမဒေသနာကို ပြုအပ်ပြီးပေပြီ' ဟု (ကျူးရင့်လေသတည်း)

လာဘ်လာဘတိတ်ပုံ

နောက်နေ့ဝင်သော နေ့တို့၌ အရှင်အင်္ဂုလိမာလ မြို့တွင်းသို့ ဆွမ်းခံဝင်လျှင် မြင်သမျှသောလူတို့သည် ' ဤသူပင် ငါတို့အဖကို သတ်၏၊ ငါတို့သားကို သတ်၏'' စသည်ဖြင့် ပြောပြလျက် အချို့အိမ်တံခါးကို ပိတ်လင့်ကုန်သည်။ အချို့လည်း ရှောင်ရှားပြေးလွှဲကုန်သည်။ အချို့ အုတ်ခဲလုံးတို့ဖြင့် ပစ်ကုန်သည်။ တစ်စုံတစ်ခုသောဆွမ်း၊ တင်ဇွန်းသော ယာဂုကိုမျှ မလောင်းကြကုန်၊ ကျောင်းသို့ ရောက်သောအခါ သံဃာတော်တို့ကသာ မျှကာ သုံးဆောင်ရကုန်၏။

ပါကာတိပါတာကကြောင့်

ထိုအကြောင်းကို ဘုရားရှင် သိတော်မူသော် အင်္ဂုလိမာလကို ခေါ်တော်မူ၍ ''ချစ်သား အင်္ဂုလိမာလ… သင့်ကို ပြည်သူပြည်သားတို့သည်

အံ့သွားတစ်ခဲခဲဖြင့် ပြေးလွှဲရှောင်ရှားကြခြင်းတစ်စုံတစ်ခု ယာဂုံဆုမ်းကို မျှ မလှူဒါန်းခြင်းဟူသော အကျိုးသည် ယခုဘဝ၌ တစ်ထောင်မျှသော လူကိုပဓိ သင်သတ်ခဲ့သော ပါဏာတိပါတကံ၏ ဒိဋ္ဌဓမ္မအကျိုးဆက်ပင် တည်း။

သင်၏ သန္တိဋ္ဌပကာသတ္တမဇော စေတနာသည် လည်းကောင်း၊ အလယ်ဇော ဟူသော အပရာပရိယ စေတနာ သည် လည်းကောင်း၊ အဟောသိကံသာ ဖြစ်လေကုန်ပြီ'' ဤသို့ စသည်ဖြင့် တရားဓမ္မကိုပြကော် မူ၍ အသက်မွေးရခြင်း လွယ်စိမ့်သောငှာ အင်္ဂုလိမာလအား ပရိတ်တော်ကို ချီးမြှင့်တော်မူလေ၏။

## အင်္ဂုလိမာလ ပရိတ်တော်

ယတောဟံ ဘဂိနိ အရိယာယ၊
ဇာတိယာ ဇာတော နာဘိဇာနာမိ။
သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊
တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။ ။
ဟူသော ပရိတ်တော်ကို သင်တော်မူ၏။

(မှတ်ချက်)။ ။ဤ၌ အင်္ဂုလိမာလပရိတ်တော်နှင့် မြင်းခြံ ကိုးဆောင် မူနိဿျကို ဖော်ပြအပ်ပါသည်။

## အင်္ဂုလိမာလသုတ်

ပရိတ္တံ ယံ ဘဏန္တဿ၊ နိသိန္နဋ္ဌာန—ဓောဝနံ။
ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။ ။
သောတ္ထိနာ ဂဗ္ဘ ဝုဋ္ဌာနံ။ ယဉ္စ သာဓေတိ တင်္ခဏေ၊
ထေရဿင်္ဂုလိ—မာလဿ၊ လောက—နာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိ မဟာ—တေဇံ၊ ပရိတ္တံ တံ ဘဏာမဟေ။

ယံပရိတ္တံ၊ အကြင် အင်္ဂုလိမာလသုတ် ရွှေနှုတ်မြွက်ဖော် ပရိတ် တော်ကို၊ ဘဏန္တဿ၊ သဒ္ဒါချောညက် အနက်ချောမှတ် ကရုဏာ ဇောညွတ်လျက် ဟောရွတ်တော်မူသော၊ အရှင်အင်္ဂုလိမာလ၏။ နိသိန္န ဋ္ဌာန-ဓောဝနံ၊ မွေ့သနေ ပလ္လင်ဗွေဟူသော နေရာတော်အင်းပျဉ်ကို သုတ်သင် ဆေးကြောအပ်သော။ ဥဒကမ္ပိ၊ ရေမျှသည်လည်း၊ သဗ္ဗပရိဿယံ ဗာဟိရဇ္ဈတ် နှိပ်စက်တတ်သော ခပ်သိမ်းသောဘေးရန်ကို။ ဝိနာသေတိ ဝေ၊ ရောက်ရက်မနေ့မှ ပျောက်ပျက်စေသည်သာလျှင်တည်း။ ယံပရိတ္တံ

အကြင် အင်္ဂုလိမာလသူတ် ရွှေနှုတ်မြွက်ဖော် ပရိတ်တော်သည်။ တခံဏော၊ ထိုအရှင် အင်္ဂုလိမာလ ရွတ်တော်မူသော ခဏ၌။ သောတ္ထိနာ၊ မှုပင်မပန်း ချမ်းချမ်းမြမြ သက်သာရာသဖြင့်။ ဝုဋ္ဌာနဥ္စ၊ သားသန္ဓေဝန် ကရား ရေသွန်သကဲ့သို လွန်စွာသန့်ရှင် ဖွားမြင်မှု – ထမြောက်ခြင်းကိုလည်း။ ဘာဒေဘိ ပြီးစေတတ်၏။ အင်္ဂုလိမာလသည်၊ အဟိံ သက ယယ်နာမကို ရပြီးလျက်ပင် လက်ညှိုးပန်းဆင်သည်ဟု အင်္ဂုလိမာလ ဘွဲ့မည်တော် သ အပ်သော။ ထေရဿ၊ မထေရ်မြတ်အား။ လောကနာထေန။ လူသုံးပါး တို့၏ ကိုးကွယ်ရာ အစိန္တေယျ ဘုရာမြတ်စွာသည်။ ဘာသိတံ၊ ဏရုဏာ ရှေးရှု ဟောကြားတော်မူအပ်သော။ ကပ္ပဋ္ဌာယိံ၊ နေ့ ရက် လနှစ် သက္ကရာဇ်တင်ခါ သချာပေါင်းရိုး တွက်ရေ၍မဆုံးနိုင်အောင် တစ်ကမ္ဘာ လုံးတည်သော။ မဟာတေဇံ၊ ထင်ထင်ရှားရှား ကြီးမားသော တန်ခိုး အာနုဘော်ရှိသော။ တံပရိတ္တံ၊ ထိုအင်္ဂုလိမာလသုတ်၊ ရွှေနှုတ်မြွက်ဖော် ပရိတ်တော်ကို။ ဟေ၊ သတင်းသုံးဖက် သမဂ္ဂပေါင်း သူတော်ကောင်းတို့။ မယံ၊ ငါတို့သည် ဘဏာမ၊ သဒ္ဒါမပျက်၊ အနက်မမှား၊ မြတ်တရားကို သပ်ပွားအာရုံ၊ ရွက်ဖတ်ကြပါကုန်စို့။

ယတောဟံ ဘဂိနိ အရိယာယ၊
ဇာတိယာ ဇာတော နာဘိဇာနာမိ။
သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊
တေန သစ္စေန သောတ္ထိ တေ ဟောတု၊ သောတ္ထိ ဂဗ္ဘဿ။

ဘဂိနိ၊ အမိဝမ်းတွင်း ရှေ့နောက် ဆင်းကဲ့သို့ အရင်းပြဟ္မစိုရ် မယွင်းယိုသည် အိုအိုသနားဖွယ် နှမငယ်။ ယတော၊ အကြင်အခါမှ။ ပဌာယ၊ စ၍။အဟံ၊ ငါသည်။ အရိယာယ၊ သူမယုဉ်အပ် ဖြူစင်မြတ်လှ သော။ ဇာတိယာ၊ သကျပုတ္တ မုချပရမတ် ဥက္ကဋ္ဌဇာတ်အားဖြင့်။ ဇာတော၊ ဖြစ်၏။ တတော၊ ထိုမုချပရမတ် ဥက္ကဋ္ဌဇာတ်အားဖြင့် မြတ်အရိယာ ဖြစ်သောခါမှစ၍။ သဉ္စိစ္စ၊ သူ့အသက်ကို ပျက်စေလိုမှု လုံ့လပြု၍။ ပါဏံ၊ သတ္တဝါကို။ ဇီဝိတာ၊ ဇီဝိန္ဒြေမှ။ ဝေါရောပေတာ၊ ပြတ်စေ ကင်းစေ ချမိ လေ၏ဟု။ နာဘိဇာနာမိ၊ မသိစဖူး။ ယံဝစနံ၊ အကြင်ယတောဟံ ဘဂိနီ၊ အစရှိသဖြင့် အရိယာတရား ငါဆိုသောစကားသည်။ ယဒိဘာစ္စံ၊ မဖောက် မပြန် တကယ်မှန်သည် ဖြစ်အံ့။ တေ၊ သင်နှမအား။ သောတ္တိ၊ ဘေးရန် ဟူ၍ မှုငွေ့မသန်း ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ။ ဟောတု၊ ဖြစ်စေ သတည်း။ ဂဗ္ဘဿ၊ သင်၏ဝမ်း၌ စွဲလမ်းအာရုံ သန္ဓေလုံသူအားလည်း။

သောတ္တိ၊ အန္တရာယ် ဘေးဘျမ်း မျှေးမသန်းဘဲကျန်းကျန်းမာမာ ချမ်းချမ်း
သာသာ။ ဟောတု၊ ဖြစ်စေသတည်း။

အင်္ဂုလိမာလသုတ္တံ၊ တန်ခိုးအာနိသင်၊ တစ်ကမ္ဘာလုံး ထင်ရစ်သော
အင်္ဂုလိမာလသုတ် ပရိတ်တော်သည်။

နိဋ္ဌိတံ၊ ဤတွင် ပြီးဆုံး ခါးပတ်ဖုံ ပြီ။

— *:*:* —

အရှင်အင်္ဂုလိမာလလည်း ထို ပရိတ်တည် ဟူသောဆေးဖြင့်သာလျှင် ချမ်းသာစွာ ကိုယ်ဝန်မှ မထမြောက်ကုန်သော မာတုဂါမတို့အား ပရိတ်တရားကို ဟော၍ ချမ်းသာစွာ ထမြောက်စေ၏။ ထိုအခါမှ ဒါယိကာ ဒါယိကာမတို့သည် အရှင်အင်္ဂုလိမာလသည်တန်ခိုးကြီးပေစွဟု သဒ္ဓါပသန္န ဖြစ်၍ လှူဒါန်းပူဇော်ကြကုန်သတည်း။ အရှင်အင်္ဂုလိမာလခရီးဒေသစာရီ ကြွချီတော်မူသောအခါ အရှင်အင်္ဂုလိမာလ သီတင်းသုံးရာကျောင်းပျဉ်ညောင် စောင်းကို ဆေးကြောသည့် ရေမျှသည်လည်း ကိုယ်ဝန်မှ ချမ်းသာစွာ ထမြောက်ကုန်၏။

## အရှင်အင်္ဂုလိမာလနှင့် ဆင်ကြမ်းအကြောင်း

အခါတစ်ပါး သာဝတ္ထိပြည်၌ မင်းနှင့်ပြည်သူ အပြိုင်အဆိုင်အလှူပွဲကြီးသည် ဖြစ်၏။

ထိုအလှူပွဲကြီးကို အသဒိသ အလှူဟုခေါ်ကြ၏။ ဘုရားရှင် တစ်ဆူ တစ်ဆူလျှင် တစ်ကြိမ်သာ ကြုံရသော ပြိုင်ဘက်မရှိ အလှူတော်ကြီးဖြစ်၏။ ထို အလှူတော် ကြီး အကြောင်း နှင့် အရှင် အင်္ဂုလိ မာလ ဆက် နွယ် ပုံ အကြောင်းကား....

ပသေနဒီ ကောသလ မင်းကြီးသည် မြတ်စွာဘုရား သံဃာတော် ၅၀၀ နှင့် ဒေသစာရီ ကြွချီတော်မူရာမှအပြန်တွင် ခရီးရောက်စ သံဃာတို့အား လှူအပ်သော အာဂန္တုကအလှူကို လှူလိုပါကြောင်း ပင့်ဖိတ်ခဲ့ပြီး မြို့သူမြို့သားတို့အား သူ၏ကြီးကျယ်သောအလှူကို ကြည့်ကြရန် ဖိတ်ခေါ်လေ၏။

မြို့သူမြို့သားတို့လည်း အားကျမခံ နောက်တစ်နေ့၌မြတ်စွာဘုရားနှင့် သံဃာတော်များကိုပင့်ပြီး မင်းကြီးထက် သာအောင် အလှူဝတ္ထု ပြည့်စုံအောင် စီမံကြ၏။ နောက်တစ်နေ့ မင်းကြီးကလည်း ထို့ထက်သာအောင် စီမံကြပြန်၏။

ဤသို့ဖြင့် မင်းကြီးနှင့် မြို့သားတို့ အပြိုင်အဆိုင် လှူဒါန်းကြရာ၊ တစ်နေ့ထက်တစ်နေ့ တစ်ဦးထက်တစ်ဦး ပို၍ပို၍ လှူဒါန်းကြသဖြင့် မနိုင်မရှုံး ရှိနေရာ ခုနစ်ကြိမ်မြောက်အလှူမှာ မင်းကြီးသည် မြို့သူမြို့သားတို့ အလှူကို နိုင်အောင် မတတ်နိုင်တော့ဟု စိတ်ပျက်လက်ပျက် ငေးမှိုင်၍ နေလေ၏။

**အကြံကောင်းသော မိဖုရားကြီး**

မလ္လိကာ မိဖုရားကြီးက မေးမြန်း၍ အကျိုးအကြောင်း သိရလျှင် မစိုးရိမ်ပါနှင့်ဟု အားပေးစကား ပြောကြားပြီးလျှင်....

အရှင်မင်းကြီး သာလကလျာဏီ နံ့သာပျဉ်ချပ်တို့ဖြင့် ရဟန်းငါးရာတို့အတွက် ရွှေနန်းတော် မြေအဝန်းအတွင်း၌ ထိုင်နေတော်မူကြရန် မဏ္ဍပ်ကို ဆောက်လုပ်စေတော်မူပါ။ ကျန်သော လှူပရိသတ်တို့သည် ရွှေနန်းတော်မြေ အဝန်းအပြင်က နေကြပါလိမ့်မည်။

ထီးဖြူတော် ငါးရာတို့ကို ပြုလုပ်စေတော်မူပါ။ ထိုထီးဖြူများကို နှာမောင်းဖြင့် ပွေ့ပိုက်ကုန်၍ ဆင်တော်ငါးရာတို့သည် ရဟန်းငါးရာတို့၏ ဦးထိပ်ဝယ်(ရဟန်းတစ်ပါးလျှင် ဆင်တစ်ကောင်ကျ) ဆောင်းမိုးကြလျက် ရပ်တည်ကြပါလိမ့်မည်။

ရွှေနီဖလံဖြင့်ပြီးသည့် ရွှေလှေ ရှစ်စင်း ဆယ်စင်းတို့ကို ပြုလုပ်စေတော်မူပါ။ ထိုရွှေလှေများသည် မဏ္ဍပ်၏အလယ်၌ နံ့သာရည်ထည့်ရန် ဖြစ်ကြပါလိမ့်မည်။

ရဟန်း နှစ်ပါးနှစ်ပါးတို့၏ အကြားကြား၌ မင်းသမီးတစ်ယောက်တယောက် ထိုင်နေကာ နံ့သာတို့ကို ကြိတ်ကြ သွေးကြလိမ့်မည်။မင်းသမီး တစ်ယောက်တစ်ယောက်သည် ယပ်ဝန်းကို စွဲကိုင်၍ ရဟန်းတော်နှစ်ပါး နှစ်ပါးတို့ကို မပြတ်မလပ် ခတ်လျက် တည်နေကြပါလိမ့်မည်။ ကြွင်းကျန်သော မင်းသမီးများသည် ကြိတ်ပြီးကြိတ်ပြီးတိုင်းသော နံ့သာတို့ကို ယူဆောင်၍ ရွှေလှေ၌ ထည့်ကြပါလိမ့်မည်။

ထိုမင်းသမီးတို့အနက် အချို့သော မင်းသမီးများက ကြာညိုပန်းစည်းတို့ကို စွဲကိုင်ကြကာ ထိုရွှေလှေများ၌ ထည့်ထားပြီးသော နံ့သာတို့ကို နှောက်မွှေကြ၍ အထုံကို ယူစေကြရပါလိမ့်မည်။

**ဘယ်သူပြိုင်ပြိုင် နိုင်မည်မဟုတ်**

မှန်ပါသည်၊ မြို့သူမြို့သားတို့မှာ မင်းသမီးများလည်း မရှိကြကုန်၊ ထီးဖြူများလည်း မရှိကြကုန်၊ ဆင်များလည်း မရှိကြကုန်၊ ဤအကြောင်းများကြောင့် မြို့သူမြို့သားတို့သည် ရှုံးကြပါလိမ့်မည်။

အရှင်မင်းကြီး.... ဤ ယခု ကျွန်တော်မ လျှောက်ထားခဲ့သည့် အတိုင်းသာ စီမံတော်မူပါ''

ဟု အကြံပေးစကား ဆက်၍ လျှောက်ထားလေသည်။

''ကောင်းပါပြီ ရှင်မိဖုရား၊ သင်သည် ကောင်းမြတ်သော အကြံပေးစကားကို ပြောကြားအပ်ပါပေသည်''ဟု ဝန်ခံကာ မလ္လိကာမိဖုရား ပြောကြားသောနည်းအတိုင်း အလုံးစုံကို ပြုလုပ်စေလေသည်။

**ဆင်လိမ္မာတစ်ကောင် လိုလေပြီ**

အထူးအားဖြင့် မလ္လိကာမိဖုရား အကြံပေးသည့်အတိုင်း ပြုလုပ်စေလေရာ ရဟန်းတစ်ပါးအတွက် ဆင်လိမ္မာတစ်ကောင်လို၍ နေလေသည်။

ထိုအခါ မင်းကြီးသည် မလ္လိကာမိဖုရားကို....

''ရှင်မိဖုရား.... ရဟန်းတော်တစ်ပါးအတွက် ဆင်လိမ္မာတစ်ကောင်လို၍ နေသည်။ ဘယ်သို့ ပြုကြရမည်နည်း''ဟု မေးမြန်းလေသော် မိလ္လိကာမိဖုရားက....

''အရှင်မင်းကြီး ဆင်အကောင်ငါးရာ မရှိသလော''ဟု မေးမြန်းလေ၏။

''ရှင်မိဖုရား.... ရှိပါ၏၊ ကျန်သောဆင်များသည် ဆင်ကြမ်းများသာ ဖြစ်ကြကုန်၏။ ထိုဆင်များသည် ရဟန်းတို့ကိုမြင်လျှင်ပင် ဝေရမ္ဘလေကဲ့သို့ အလွန်ကြမ်းတမ်းကုန်၏''

ဟု မင်းကြီးက ပြောဆိုသည်တွင် မလ္လိကာမိဖုရားက ''အရှင်မင်းကြီး.... အကျွန်ုပ်သည် ဆင်ကြမ်းငယ်တစ်ကောင်၏ ထီးဖြူကို နှာမောင်းဖြင့် ပွေ့ပိုက်၍ ရပ်တည်ရမည့်နေရာကို စဉ်းစားမိပါပြီ''ဟု ပြန်ကြားလျှောက်ထားလေ၏။ မင်းကြီးက....

''ထိုဆင်ကြမ်းငယ်ကို အဘယ်နေရာ၌ ထားကြရမည်နည်း''ဟု မေးသည်တွင် မလ္လိကာမိဖုရားက....

''အရှင်အင်္ဂုလိမာလမထေရ်၏ အနီး၌ ထားကြရပါမည်''ဟု ပြန်လည်ဖြေကြား လျှောက်ထားလေ၏။

**အရှင်အင်္ဂုလိမာလ၏ ထီးတော်မိုး**

မင်းကြီးသည် မလ္လိကာမိဖုရားကြီး အကြံပေးသည့်အတိုင်း ပြုလုပ်စေလေ၏။ ဆင်ကြမ်းငယ်သည် မြီးထူးကို ပေါင်ကြား၌သွင်း၍ နားနှစ်ဖက်တို့ကိုချပြီးလျှင် မျက်စိများကိုမှိတ်လျက် ငြိမ်သက်စွာ ရပ်တည်နေလေ၏။ လူများအပေါင်းတို့သည် ''ဤသို့စင် ကြမ်းတမ်းလှသောဆင်၏သော်မှ

ဤသို့ ယာဥ်ကျေးသိမ်းမွေ့ ငြိမ်သက်သော အခြင်းအရာဖြစ်ဘိ၏''ဟု ဆင်ကိုသာလျှင် တအံ့တသြ ကြည့်ရှုနေကြလေသည်။

မင်းကြီးသည် မြတ်စွာဘုရား အမှူးပြုသော ရဟန်းအပေါင်းကို ပြုစုလုပ်ကျွေး၍ မြတ်စွာဘုရားရှင်ကို ရိုသေမြတ်နိုး ရှိခိုးပြီးလျှင်....

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ဤအလှူတော်းကုဂ်မဏ္ဍပ်၌ ရဟန် တို့အား အပ်စပ်သော ကပ္ပိယဘဏ္ဍာ၊ ရဟန်းတို့အား မအပ်စပ်သော အကပ္ပိယဘဏ္ဍာ နှစ်မျိုးစလုံးကိုပင် အရှင်ဘုရားတို့အား လှူဒါန်းပါ၏'ဟု လျှောက်ထားလှူဒါန်းလေ၏။

## အတုမရှိသော အလှူတော်

အထူးအားဖြင့် ထိုအသဒိသအလှူကြီး၌ တစ်နေ့တည်းဖြင့်ပင် စွန့်ကြဲလှူဒါန်းအပ်သော ဥစ္စာတို့သည် ဆယ့်လေးကုဋေတန်ဖိုး ရှိလေသည်။ မြတ်စွာဘုရားရှင်တွက် လှူဒါန်းအပ်သော (၁) ထီးဖြူ (၂) ထိုင်နေရာ ပလ္လင်တော် (၃) သပိတ်ခြေ (၄) ခြေတော် ဆေးပြီးလျှင် နင်းစရာအင်းပျဉ် ဤလေးမျိုးတို့ကား အဖိုးအနဂ္ဃထိုက်တန်ကုန်၏။ နောက်တစ်ဖန် ဤသို့သော အလှူဝတ်တို့ကို ပြုလုပ်စီမံ၍ မြတ်စွာဘုရားရှင်တို့အား အလှူဒါနမည်သည်ကို ပေးလှူခြင်းငှာ မစွမ်းနိုင်၊ ထို့ကြောင့်ပင် ထိုကောသလမင်းကြီး၏ အလှူသည် အသဒိသဒါန အတုမရှိသောအလှူကြီးဟူ၍ သာသနာတော်ဝယ် ထင်ရှားလေသည်။

အထူးအားဖြင့် ထိုအသဒိသဒါနသည် ခပ်သိမ်းသော ဘုရားရှင်တိုင်းအား တစ်ကြိမ်သာလျှင် ဖြစ်မြဲဓမ္မတာတည်း။ ဘုရားရှင်တိုင်းအား တစ်ကြိမ် တစ်ကြိမ်သော ဖြစ်မြဲဓမ္မတာဖြစ်သော ထိုအသဒိသဒါနများကိုလည်း မာတုဂါမ မင်းမိန်းမပညာရှင်သာလျှင် စီမံခန့်ခွဲ၏။

## အရှင်အင်္ဂုလိမာလမထေရ်၏ ရဲရင့်သောစိတ်

ကျောင်းတော်သို့ ရောက်သောအခါ ရဟန်းတော်အရှင်မြတ်တို့က အရှင်အင်္ဂုလိမာလမထေရ်ကို''ငါ့ရှင်၊ သင်သည် ထီးဆောင်းပေးနေသော ဆင်ကြမ်းကိုမြင်ရတော့ မကြောက်ဘူးလား''ဟု မေးကြကုန်၏။ အရှင်အင်္ဂုလိမာလမထေရ်က ''ငါ့ရှင်တို့ ငါမကြောက်ပါ'' ဟု ဖြေလတ်သော် ရဟန်းတို့သည် မြတ်စွာဘုရားထံ ချဉ်းကပ်ကြ၍ ''ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင် အင်္ဂုလိမာလ မထေရ်သည် အရဟတ္တဖိုလ်ကို ဝန်ခံ ပြောကြားဘိသည်''ဟု ကဲ့ရဲ့ရှုတ်ချ လျှောက်ထားကြလေကုန်၏၊

မြတ်စွာဘုရားရှင်သည်....

''ရဟန်းတို့၊ အင်္ဂုလိမာလသည် တကယ်ပင်မကြောက်ချေ။ မှန်၏။ ရဟန္တာ ပုဂ္ဂိုလ်မြတ်တို့ အလယ်တွင် ကြီးကဲ လွန်မြတ်သည့် ပုဂ္ဂိုလ်မြတ်ဖြစ်ကြသည့်ငါ၏သားတော်နှင့်တူသောရဟန်းတို့သည်မကြောက်ကြကုန်''

ဟု မိန့်တော်မူ၍ ဓမ္မပဒ ဗြာဟ္မဏဝဂ်လာ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူ၏။

(၄၂၃) ဥသဘံ ပဝရံ ဝီရံ၊
မဟေသိံ ဝိဇိတာဝိနံ။
အနေဇံ နှာတကံ ဗုဒ္ဓံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

(ဘိက္ခဝေ ရဟန်းတို့....) ဥသဘံ တုန်လှုပ်ခြင်းကင်း ရဲဟင်းစွာလှ ဥသဘ်ဘနွားမင်းနှင့်တူသော။ ပဝရံ၊ မြတ်သော။ ဝီရံ၊ သမ္မပ္ပဓာန် လုံ့လဝီရိယနှင့်ပြည့်စုံသော။ မဟေသိံ၊ သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး လေ့ကျက်ပြီးသော။ ဝိဇိတာဝိနံ၊ ဒေဝပုတ္တ ကိလေသနှင့် အဘိသင်္ခါရမာရ် ဤသုံးတန်ကို တွန်းလှန်ပယ်နှင် အောင်ပွဲယင်ပြီးသော။ အနေဇံ၊ ဘဝတဏှာ ဇောခပ်သိမ်း ငြိမ်းအေးပြီးသော။ နှာတကံ၊ ကိလေသာ အညစ်အကြေးကို မဂ်ရေစင်ဖြင့် ဆေးကြောသုတ်သင်ပြီးသော။ ဗုဒ္ဓံ၊ သစ္စာလေးပါးသင်္ခါရ တရားမြတ်ကို သိမြင်ပြီးသော။ တံ၊ ထိုအာသဝေါကုန်ခန်း ရဟန္တာ ပုဂ္ဂိုလ်ကို။ အဟံ၊ ငါဘုရားသည်။ ဗြာဟ္မဏံ၊ ပရမတ္ထ ဗြာဟ္မဏဟူ၍။ ဗြူမိ၊ ယထာဘူတ သဘာဝအားဖြင့် ဟောကြားပေ၏။ ။

ဟူ၍ ချီးကျူးဟောကြားတော်မူလေသတည်း။

(အင်္ဂုလိမာလအား အောင်မြင်တော်မူခန်း ပြီး၏။)

မြတ်ဗုဒ္ဓ၏
အောင်ခြင်း ရှစ်ပါး
ဇာတ်တော်များ

# (၅)

# စိဉ္စမာန မိန်းမယုတ်ကို
# အောင်မြင်တော်မူခြင်း

## (၅) စိဉ္စမာန မိန်းမယုတ်ကို အောင်မြင်တော်မူခြင်း

မြတ်တရားတော် ပြိုက်ရှာလို့ သိကြားဗြဟ္မာ အများ သတ္တဝါမိုးသိပ် ပရိသတ်စုံတဲ့ မင်္ဂလာပွဲမှာ စိဉ္စမာန မိန်းမယုတ်မှာ သူ့ဗိုက်ကို ပျဉ်ချပ်ဖုံးခါ ဘုရားဂေါတမနဲ့ ကမ္ဗဒ္ဒါန်း ဇော်ကျူခါ ငိုကြွေးရှက်မှုန် ကိုယ်လေးလက်ဝန် ရှိတဲ့ဟန်ဆောင်လို့ သူခွစ်ခွဲလာ အပြစ်တော်မယူမဲ့ လူမုံထဲမှာ မေတ္တာစေတနဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း ပဉ္စမပါ။

# စိဋ္ဌမာနဋ္ဌ

စိဋ္ဌမာနဋ္ဌ၊ သန္ဓေရင့်လှ မိန်းမအသွင် ယူဆောင်ဆင်၍ ချစ်ရှင်ထွတ်ထား တရားဟောရာ ဝင်ခဲ့လာ၍ ယုတ်မာငြင်ငြမ်း စကားကြမ်းနှင့် နှုတ်စွမ်းရဲရဲ စွပ်စွဲဆိုလာ စိဋ္ဌမာန ကို လည်းကောင်း။ ဝါ၊ပရိသတ်လေးဖော်ကို တရားတော်ဟောမိန့်၍ ရှင်နှစ်သိမ့်ကြည်ညိုဖွယ် စမ္ပယ်စဉ်ကာလက သန္ဓေရကိုယ်ဝန်ဆောင် ဖွာ နီးယောင်သဏ္ဌာန်လို စီမံကာပြုလုပ်၍ စုပ်စုပ်ကြီးရဲရင့်စွာနှင့် နှုတ်ဖွာဖွာဝေါ် တော်တော် မလျော်မကြားကောင်းသောအသံ မခံချင်အောင် စွပ်စွဲခြင်းဖြင့် သ[illegible]တော်ပုပ် လာဘ်ကြီး ယုတ် အောင် ဟုတ်သေယောင်ဆိုမြည်လာသော စိဋ္ဌမာနမိန်းမယုတ်ကိုလည်းကောင်း။

အဇ္ဇိနီ၊ တန်ခိုးရောက်ရှိန်၊ ဂုဏ်မဟိန်ဖြင့်၊ ချီးနှိမ်ပယ်နင်း၊ ရှင်းလင်းစင်၍။ အောင်မြင်တော်မူလေပြီး တေဇသာ၊ ရှစ်ခါရှစ်တန် အောင်ပွဲခံ၍ အောင်လံထူပြီး မြတ်စောထီး၏ ကြီးသောရွှေစက်ထက်သောအာဏာ ဂုဏ်တေဇာ အစွမ်း အား ဖြင့်။ မေ့မမ၊ အကျွန်ုပ်အား၊ ဇယမင်္ဂလံ၊ ကိုယ်တွင်ကိုယ်ပရိသမျှ ဘေးဒဏ် ခပ်သိမ်းရန်ကို၊ မကျန်မကြွင်း အောင်မြင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။

## စိဉ္စမာဏဝိကာ စွပ်စွဲလာခြင်းကို အောင်မြင်တော်မူပုံ (အကျဉ်း)


ပထမဗောဓိ ခေါ် ဝါတော်နှစ်ဆယ်အတွင်း၌ မြတ်စွာဘုရား၏ တပည့်သာဝကများ ဒီရေအလား တိုးပွားလာကြလေသည်။ ထို့အတူ တိတ္ထိတို့မှာ လာဘ်ပူဇော်သက္ကာရများ တစ်နေ့တစ်ခြား ခေါင်းပါး၍လာကြ၏။ တိတ္ထိတို့သည် ရဟန်းဂေါတမ၏ မကောင်းသတင်းကို ဖြစ်စေ၍ လာဘ်တိတ်အောင် တိုင်ပင်ကြ၏။

သာဝတ္ထိပြည်၌ စိဉ္စမာဏဝိကာ အမည်ရှိသော ပရိဗိုဇ်မတစ်ယောက် ရှိ၏။ နတ်သမီးတစ်မျှ လှ၏။ ထိုပရိဗိုဇ်မကို တာဝန်ပေး၍ ဆောင်ရွက်စေရန် ဆုံးဖြတ်ကြ၏။ စိဉ္စမာနသည် ဘုရားသခင်ကျောင်းတော်သို့ ညအိပ်ရန် ဝင်ဟန်ပြု၏။ နံနက် အိပ်ရာမှထလာဟန်ပြု၏။ လူအပေါင်းတို့ အထင်လွဲအောင် လုပ်နေ၏။

ရှစ်လ ကိုးလ လွန်သောအခါ စိဉ္စမာန်သည် တကယ့် ကိုယ်ဝန်အရင့်အမာဟန် ဘဲဥထက်ခြမ်းပုံ သစ်သားခုံးကို ရင်၌ ကြိုးများနှင့်ချီပြီး၊ အပေါ်မှ နီမြန်းသောအဝတ်ကို ဝတ်ရုံကာ၊ တရားဟောတော်မူရာသို့ သွား၍ ''ရဟန်းကြီး၊ သင်သည် မွေ့လျော်ပျော်ပါးဖို့သာ စဉ်းစား၍ ကိုယ်ဝန်စောင့်ရှောက်ရန်ကား မစဉ်းစား'' ဟု ကက်ကက်လန် ရန်တွေ့နေ၏။

ထိုအခါ သိကြားမင်းသည် ဤအခင်းကို ထင်လင်းစွာ သိစေအံ့ဟု နတ်သားလေးယောက်နှင့်အတူ ရောက်လာ၍ ကြွက်ငယ်လေးကောင် အယောင်ဆောင်ကြ၍ စိဉ္စမာန် သစ်သားဝန်း ချည်ထားသော ကြိုးကို ကိုက်ဖြတ်ကြ၏။ စိဉ္စမာန်တင်ရုံသော အဝတ်ကိုလည်း လေဖြင့် အထက်သို့ တိုက်လွှင့်လေ၏။ သစ်သာဝန်းသည်ခြေဖမိုးထက်၌ကျသဖြင့် ခြေဖျားနှစ်ဖက်တို့ သွင်သွင်ကျိုးလေကုန်၏။

တရားနာသူအပေါင်းသည် အယုတ်မ စိဉ္စမာန်ကို ဇေတဝန်ကျောင်းတိုက်အတွင်းမှ ဆွဲထုတ်ကြကုန်၏။ မြတ်စွာဘုရားရှင် မြင်လောက်သောအရပ်ကို လွန်လျှင်ပင် စိဉ္စမာနကို မြေမျိုလေတော့၏။



# ( ၇ )

# စိဉ္စမာနကို အောင်မြင်တော်မူခြင်း

မြတ်စွာဘုရားသခင်သည် ခုနစ်ဝါမြောက်တွင် တာဝတိံသာ နတ်ပြည်၌ ဝါကပ်ဆိုတော်မူပြီး သီတင်းကျွတ်သည်နှင့် သင်္ကဿမြို့သို့ တာဝတိံသာမှ စောင်းတန်းသုံးသွယ်ဖြင့် ဆင်းသက်တော်မူကာ၊ မြို့တံခါးအရပ်၌ များစွာသော တရားဒေသနာကို ဟောကြားတော်မူ၍ အရှင်သာရိပုတ္တရာ၏ တပည့်ငါးရာနှင့်တကွ ကုဋေသုံးဆယ်သော နတ်လူတို့အား သစ္စာလေးပါးတရားသိမြင် ကျွတ်တမ်းဝင်စေတော်မူခဲ့ပြီးနောက် သာဝတ္ထိပြည်သို့ ကြွရောက်၍ ဇေတဝန်ကျောင်းတော်၌ သတ္တဝါတို့အား တရားရေအေး တိုက်ကျွေးနေတော်မူစဉ်....

## လျှမ်းလျှမ်းတောက် သာသနာ

ဗုဒ္ဓမြတ်စွာ သာသနာသည် ပထမဗောဓိအခါ ဝါတော်နှစ်ဆယ် အတွင်း၌ တပည့်သာဝကများ ဒီရေအလား တိုးပွားလာသည်နှင့်အညီ မရေမတွက်နိုင်မျှ မြောက်မြားလှစွာသော လူနတ်ဗြဟ္မာ သတ္တဝါတို့ အရိယာဘုံသို့ ဆိုက်ရောက်ကြခြင်းကြောင့်လည်း မြတ်စွာဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော် ရတနာသုံးပါးတို့၏ ဂုဏ်တော် ကျေးဇူးတော်တို့မှာ ဘဝဂ်မဆံ့ နှံ့၍ တက်ပြီးလျှင် မြတ်စွာဘုရားနှင့် သံဃာတော် အရှင်မြတ်များအတွက် ကြီးစွာသော ပူဇော်သက္ကာရများ ဖြစ်၏။

တိတ္ထိတို့ကား နေရောင်လာ၍ ကွယ်ပျောက်ရသော ပိုးစုန်းကြူးများပမာ အရှိန်အဝါကင်းပလျက် ပူဇော်သက္ကာရများ ခေါင်းပါး၍လာကြလေရာ၊ မိမိတို့ယှဉ်ပြိုင်ရသူမှာ လျှမ်းလျှမ်းတောက်လာလေ မနာလိုစိတ်ပြင်းပြလာလေ ဖြစ်ရသည့်အကြားမှ မိမိတို့ ရှိန်ဝါကျဆင်း ပူဇော်သက္ကာရကင်း လာဘ်ပူဇော်မှု ဆိတ်သုဉ်းကုန်သောအခါ တစ်ဖက်သား၏ ပျက်စီးရာပျက်စီးကြောင်းကို ကြံကြရန် တိုင်ပင်ဆွေးနွေးရသည်အထိ ဖြစ်လာ၏။

## ရက်စက်ယုတ်မာသော အကြံ

ထိုသို့ တိတ္ထိများ ဆွေးနွေးကြရာတွင် ရက်စက်ယုတ်မာသော တိတ္ထိ တစ်ဦးက အကြံဉာဏ်ပေးလေသည်။

"စိဉ္စမာဏဝိကာ ပရိဗိုဇ်မကို အကြောင်းပြု ပြီးကာ၊ ရဟန်းဂေါတမအပေါ် လူအပေါင်းတို့ ထင်ယောင်ထင်မှား မကောင်းသတင်းများ

ဖြစ်ပွားစေပြီး ရဟန်းဂေါတမအား အကြည်ညိုပျက်စေရန် ကြံဆောင်လျှင် သင့်ပေမည်''ဟု အကြံပေးရာ အားလုံးသော တိတ္ထိတို့သည် ဤနည်းလမ်းသာ ရဟန်းဂေါတမ၏လာဘ်လာဘပျက်ပြားကြောင်း နည်းလမ်းကောင်းဖြစ်ပေသည်ဟု တစ်ညီတညွတ်တည်း ဆုံးဖြတ်ကြလေ၏။

**စိဉ္စမာနဟူသည်**

စိဉ္စမာနဟူသည်မှာ မန်ကျည်းပင်၌သံသေဇော်စွဲနေ မွေးဖွားသူဖြစ်၍ မန်ကျည်းပင် သန္ဓေသူ (စိဉ္စမာနဝိကာ)ဟု အမည်တွင်လေသည်။ ဝါဝင်းတောက်ပသော အသားအရည်ရှိ၍ နတ်သမီးတစ်မျှ လှပသူဟူ၏။

ထိုစိဉ္စမာနသည် ပရိဗိုဇ်မအဖြစ် လှည့်လည်ကာနေလေ၏။

ထို့နောက် စိဉ္စမာဏဝိကာ ပရိဗိုဇ်မသည် တိတ္ထိများ၏ အရာမ်သို့ သွားရောက်ကာ ရှိခိုး ဝတ်ပြု ရပ်တည်သော်သည်း တိတ္ထိတို့က စကားမပြောဘဲ နေကြလေကုန်သည်။ စိဉ္စမာဏဝိကာသည် ''ငါ့မှာ ဘယ်လိုအပြစ်များရှိပါလိမ့်''ဟု အောက်မေ့ကာ ''အရှင်ကောင်းတို့၊ အရှင်တို့ကို ရိုသေမြတ်နိုး ရှိခိုးပါ၏''ဟု သုံးကြိမ်တိုင်အောင်ပြောဆိုပြီးလျှင် ''အရှင်ကောင်းတို့၊ တပည့်တော်မမှာ မည်သို့သောအပြစ်ရှိ၍ တပည့်တော်မနှင့် စကားမပြောဘဲ နေကြပါသနည်း''ဟု တိုက်ရိုက်ပင် မေးမြန်းလေတော့၏။

တိတ္ထိတို့က ''နှမ စိဉ္စမာန်၊ ငါတို့ကို ရဟန်းဂေါတမ နှိပ်စက် ညှဉ်းပမ်းကာ လာဘ်လာဘခေါင်းပါးအောင်လုပ်ပြီးလျှင် လှည့်လည်ကျက်စားသွားလာနေသည်ကို သင် မသိသလော''ဟု အပြစ်တင်စကား ပြောကြားကြလတ်သော် စိဉ္စမာနဝိကာ သည် ''ဤကိစ္စ၌တပည့်တော်မသည် အဘယ်သို့သောအမှုအလုပ်ကို ပြုလုပ်ရွက်ဆောင်ရမည်နည်း''ဟု မေးမြန်းလေ၏။ တိတ္ထိတို့သည် နှမစိဉ္စမာန်၊ သင်သည် ငါတို့၏ ချမ်းသာရေးကို အလိုရှိပါလျှင် မိမိကိုယ်ကိုအကြောင်းပြု၍ ရဟန်းဂေါတမ၏ကျေးဇူးမဲ့မကောင်းသတင်းကို ဖြစ်စေပြီးလျှင် လာဘ် ပူဇော်သက္ကာရကို ပျက်ပြားစေလော့'' ဟု ပြောဆိုကာ တာဝန်ပေးကြလေကုန်၏။

**မိန်းမယုတ်**

စိဉ္စမာန်သည် ''ကောင်းပါပြီ အရှင်ကောင်းတို့၊ တပည့်တော်မ၏ တာဝန်ထားလိုက်ပါ''

ဟု ရဲရဲတောက် တာဝန်ယူစကားပြောကြားပြီးလျှင် ထိုတိတ္ထိတို့၏ အရာမ်မှဖယ်ခွာခဲ့၍ မိန်းမ မာယာတို့၌ လိမ္မာပါးနပ်သူ ဖြစ်ရကား၊ ထိုအချိန်မှစ၍ သာဝတ္ထိပြည်သူ လူပေါင်းတို့ တရားနာပြီး၍ ဇေတဝန်ကျောင်းတိုက်မှ ထွက်ကြသောအချိန်၌ နီထွေးသောအဝတ်ကို ဝတ်ရုံကာ

နှံ့သာပန်း စသည်လက်စွဲလျက် ဇေတဝန်ကျောင်းတိုက်သို့ ရှေ့ရှုသွားလေသည်တွင် လမ်း၌တွေ့သူ လူအများက....

''အို....စိဋ္ဌမာန်၊ သင်သည် ယခု မိုးချုပ်ခါနီးအချိန်၌ အဘယ်အရပ်သို့ သွားမည်နည်း''

ဟူ၍ မေးကြလေသော်၊ စိဋ္ဌမာန်သည်....

''အကျွန်ုပ်သွားမည့်အရပ်ကိုသိသဖြင့် သင်တို့အား အဘယ်အကျိုးရှိမည်နည်း''ဟု ထင်မှားဖွယ်ရာစကားကို ပြောကြား၍ ဇေတဝန်ကျောင်းတိုက်၏အနီး တိတ္ထိတို့အရာမ်၌ ညဥ့်အိပ်နေပြီးလျှင် စောစီးစွာပင်''မြတ်စွာဘုရားရှင်ကို အလျင်လက်ဦးဖူးမြော်ကုန်အံ့''ဟူ၍ သာဝတ္ထိမြို့မှ ဥပါသကာ ဒါယကာတို့ ထွက်သည့်အချိန်၌ ဇေတဝန်ကျောင်းတိုက်ဝယ် ညဥ့်အိပ်နေခဲ့သည့်ပုံဟန် အဝတ်ဆံပင် ဖရိုဖရဲနှင့် ထွက်လာပြီး သာဝတ္ထိမြို့တွင်းသို့ဝင်လေ၏။

လမ်း၌တွေ့သူလူအပေါင်းတို့က ''အို....စိဋ္ဌမာန်၊ သင်သည် အဘယ်အရပ်၌ ညဥ့်အိပ်ခဲ့သနည်း''ဟု မေးကြသောအခါ ''ကျွန်တော်မ အိပ်ခဲ့သည့်နေရာကိုသိသဖြင့် သင်တို့အား အဘယ်အကျိုးရှိမည်နည်း၊မသိချင်ကြပါနှင့်''ဟူ၍ပင် ထင်မှားဖွယ်ရာစကားကို ပြောကြားလေသည်။

**စွပ်စွဲစကား အပြင်မှာ ပြောကြား**

ဤနည်းနှင်နှင် နေ့စဉ် သွားလာပြောဆို၍ လခွဲတစ်လခန့် လွန်သောအခါ လမ်း၌တွေ့သူများက ရှေးနည်းအတူမေးမြန်းအပ်သည်ရှိသော်၊ စိဋ္ဌမာန်သည် ''ကျွန်တော်မကား ဇေတဝန်ကျောင်းတိုက် အတွင်းဝယ် ရဟန်းဂေါတမနှင့်အတူ ကျောင်းတစ်ခုထဲမှာ ညဥ့်အိပ်နေခဲ့ရပါသည်''ဟု စွပ်စွဲစကား ပြောကြားစ ပြုလာလေ၏။

ထိုသို့ ပြောဆိုခြင်းဖြင့် ထိုစကားကြားရသူ ပုထုဇဉ် လူသာမန်တို့၏ စိတ်ဝယ်....

''ဟုတ်များ ဟုတ်လေသလား''

ဟု တွေးတော ယုံမှားခြင်းကို ဖြစ်စေ၍....

**တွေးတော ယုံမှားလေအောင်**

သုံးလ....လေးလ လွန်သောအခါ၌မူ ပုဆိုးကြမ်းတို့ဖြင့် ရင်ကို ရစ်ပတ်ကာ မိမိကိုယ်ကို ကိုယ်ဝန်ဆောင် မိန်းမအသွင်ကိုပြု၍ ထို၏အပေါ်က နီမြန်းသောအဝတ်ကို ဝတ်ရုံကာ.... 'ရဟန်း ဂေါတမကို အစွဲပြု၍ ကျွန်တော်မသည် ကိုယ်ဝန်ကို ရအပ်ခဲ့ပါပြီ'' ဟု ဉာဏ်ပညာမဲ့သူ လူအပေါင်းကို စွပ်စွဲပြောကြား အယူမှားစေခဲ့လေသည်။

**ပရိသတ်အလယ်၌ စွပ်စွဲခြင်း**

ဤနည်းဖြင့် ရှစ်လ,ကိုးလ လွန်သောအခါ၌ စိဉ္စမာန်သည် တကယ့် ကိုယ်ဝန်အရပ်၌အမာပုံဟန် ဘဲဥထက်ခြမ်းပုံ သစ်သားဝန်းကို ရင်၌ဖွဲ့ချည် ပြီးလျှင် ထို၏အထက်၌ နီမြန်းသောအဝတ်ကို ဝတ်ရုံကာ လက်ဖမိုး ခြေဖမိုးတို့ကို ဖောယောင်စေရန် နွားခမန်းရိုးဖြင့် ထုနှက်၍၊ မွေးဖွားခါနီး၍ ခြေလက်များ အမ်းနေသည့် အဟန်တူစွာ ဖန်ပြီးလျှင် မျက်စိ,နား,နှာ တ္တန္ဒြေများ ပင်ပန်း နွမ်းနယ်နေသည့်အဟန်ဖြင့် ညနေချမ်းအခါဝယ် မြတ်စွာဘုရားရှင် ဗုဒ္ဓါသန စမ္မလွှင်၌ ထိုင်နေတော်မူကာ ပရိသတ်လေး ပါးအား တရားဟောတော်မူစဉ်၊ တရားသဘင် ဆင်ယင်ကျင်းပရာနေရာ သို့ သွားရောက်ပြီးလျှင် မြတ်စွာဘုရားရှင်၏ ရှေ့,ကည်တည့်မှ ရပ်၍....

စိဉ္စမာန်သည်....

''ရဟန်းကြီး....သင်သည် လူများအပေါင်းအား တရားဟောကာ နေဘိ၏။ သင်၏ နှုတ်ခမ်းများကား စေ့စပ်လှဘိ၏။ ကျွန်တော်မမှာတော့ သင်ရဟန်းကြီးကို စွဲ၍ ကိုယ်ဝန်ကိုရရှိကာ ယခုအခါ ရင့်ကျက် သော ကိုယ်ဝန်ရှိသူ ဖြစ်ရလေပြီ။ သင် ရဟန်းကြီးကား ကျွန်မတော်မအတွက်တာ သားဖွားရန်အိမ်ကိုလည်း မစဉ်းစား၊ ထောပတ်ဆီ စသည်များကိုလည်း မစဉ်းစား၊ နေအားဘိ၏။ ထိုကိစ္စများကို ကိုယ်တိုင်မပြုလျှင်လည်း မိမိ၏ အလုပ်အကျွေး ဒါယကာ ဒါယိကာမများအနက် ကောသလမင်းကို ဖြစ်စေ၊ အနာထပိဏ် သူဌေးကိုဖြစ်စေ၊ ဝိသာခါ ကျောင်းအမကိုဖြစ်စေ တစ်ဦးဦးကို 'စိဉ္စမာန်အတွက် ပြုလုပ်သင့်သည်ကို ပြုလုပ်စောင့်ရှောက် လိုက်ပါ'' ဟူ၍ အပ်နှင်း ပြောဆိုသင့်၏။ ထိုသို့လည်း မပြောကြားခဲ့၊ သင်ရဟန်းကြီးကား မွေ့လျော်ပျော်ပါးဖို့ရန်သာ စဉ်းစား၍ ကိုယ်ဝန် သားကို စောင့်ရှောက်ရန်ကိုကား မစဉ်းစားသူဖြစ်၏''

ဟူ၍ မစင်တုံးကို စွဲကိုင်ကာ လဗိမာန်ဝန်းကိုဖျက်ဆီးရန်အားထုတ် သော မိန်းမကဲ့သို့ မြတ်စွာဘုရားရှင်ကို ပရိသတ်လေးပါးအလယ်၌ အကြီး အကျယ် စွပ်စွဲ ဆဲရေးကား ပြောကြားလေတော့သည်။ မြတ်စွာဘုရား ရှင်သည် ဟောနေရင်းစွဲ တရားစကားကို ခေတ္တရပ်နား၍ ခြင်္သေ့မင်း ကဲ့သို့ ရဲတင်းသောအသံကို ဖြစ်စေလျက်....

''နှစ်မ စိဉ္စမာန်.... သင် ယခုပြောကြားအပ်သော စကား၏ မှန် သောအဖြစ်၊ မမှန်သောအဖြစ်ကို သင်နှင့်ငါတို့သာ သိကြကုန်၏'' ဟု မိန့် ဆိုတော်မူလေ၏။ စိဉ္စမာန်သည်လည်း အလျော့မပေးပဲ ''ဟုတ်ပေသည် ရဟန်းကြီး....သင်နှင့်ငါတို့ နှစ်ဦးသာ သိကြသောကြောင့်ပင် ယခုလိုကိုယ် ဝန်ရင့်မာမှု ဖြစ်လေသည်'' ဟူ၍ တစ်ဖန်ထပ်၍ စွပ်စွဲပြန်လေသည်။

## သိကြားဆင်း၍ ပြဿနာကို ဖြေရှင်းပေးခြင်း

ထိုခဏ၌ သိကြားမင်း၏ နေရာပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူနွေးသော အချင်းအရာကို ပြလေ၏။ သိကြားမင်းသည် အကြောင်းကို ဆင်ခြင်စီလတ်သည်ရှိသော် "စိဉ္စမာန် မိန်းမယုတ်သည် မြတ်စွာဘုရားရှင်ကို မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲဆဲရေးဘိ၏"ဟု သိရှိ၍ "ဤအကြောင်းဝတ္ထုကို လူပိုလ်ထုပရိသတ်အလယ်၌ စင်ကြယ်အောင် ငါဖြေရှင်းမည်" ဟု ကြံစည်ဆင်ခြင်ကာ နတ်သားလေးယောက်တို့နှင့် အတူတကွ မြတ်စွာဘုရားရှင် တရားဟောရာဌာနသို့ လာရောက်လေ၏။

နတ်သားလေးယောက်တို့သည် ကြွက်ငယ်အယောင် ဆောင်ကြ၍ စိဉ္စမာန် ဖွဲ့ချည်ထားသောသစ်သားဝန်း၏ကြိုးများကို တပြိုင်နက် ကိုက်ဖြတ်လေကုန်၏။ စိဉ္စမာန်ဝယ်ရုံထားသော အဝတ်ကိုလည်း လေသည် အထက်သို့ တိုက်လွင့်လေ၏။ သစ်သားဝန်း ဖွဲ့ချည်ထားသည့်ကြိုးများပြုတ်၍ကျသောအခါ စိဉ္စမာန်၏ ခြေဖမိုးထက်၌ ကျသဖြင့် ခြေ ဖျား နှစ် ဖက် တို့ သွန်သွန်ကျိုးလေကုန်၏။

## စိဉ္စမာန်ကို မြေမျိုခြင်း

တရားနာသူ လူအပေါင်းတို့သည်....

"ထွီ.... ဟယ် အယုတ်တမာမ ... နင်ကား မြတ်စွာဘုရားကို စွပ်စွဲဆဲရေးဘိ၏"

ဟု ပြောဆိုကြကာ ဝိုင်း၍ ဦးခေါင်း၌ တံတွေးထွေးကြပြီလျှင် ခဲ တုတ် လှံတန်စသည် လက်စွဲကုန်လျက် စိဉ္စမာန်ကို ဇေတဝန်ကျောင်း တိုက်အတွင်းမှ ဆွဲထုတ်ကြလေကုန်၏။ ထိုအခါ စိဉ္စမာန်အား မြတ်စွာဘုရားရှင် မြင်လောက်သောအရပ်ကို လွန်လျှင်ပင် မဟာပထဝီ ဤမြေကြီးကား ဆွဲ၍ အပေါက်ကိုပေးလေသည်။ ထိုအပေါက်ထဲမှ အဝီစိငရဲ မီးလျှံကြီးတက်၍ လာလေသည်။

စိဉ္စမာန်သည် ဆွေမျိုးတို့က မေတ္တာလက်ဆောင် ပေးအပ်သည့် ကမ္ဗလာနီကို ခြုံရုံသည့်အလား ကြောက် ဖွယ် ကောင်းသည့် အဝီစိ မီးလျှံဖြင့် ဝန်းရံဖုံးလွှမ်းအပ်ကာ ထိုအပေါက်မှ သွားလေ၍ မဟာအဝီစိ ငရဲကြီး၌ ဖြစ်လေတော့၏။

ထိုအခါမှစ၍ တိတ္ထိတို့၏ ယုတ်မာကြောင်းကို လူများအပေါင်း သိရှိကြသဖြင့် တိတ္ထိတို့အား လာဘ်ပူဇော်သက္ကာရသည် ဈေးကထက် တိုး၍ လျော့ပါး ဆုတ်ယုတ်လေ၏။

**မဟာပဒုမဇာတ်ကို ဟောကြားတော်မူခြင်း**

နောက်တစ်နေ့၌ ဓမ္မသဘင်ဆင်ယင်ကျင်းပရာ ဓမ္မာရုံတန်ဆောင်း ဝန်းဝယ် ရဟန်းအပေါင်းတို့သည် "ငါ့ရှင်တို့ စိဥ္စမာန်သည် ဤသို့စည် ပြန့်ပြောကြီးမြတ်သည့် ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူ၍ မြတ်သောအလှူ ကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားရှင်ကို မဟုတ်မမှန်သောစကား ဖြင့် စွပ်စွဲဆဲရေး၍ ကြီးစွာသော ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်ရလေပြီ" ဟူ၍ စိဥ္စမာန်၏ အကြောင်းအရာစကားကို ပြောကြား ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုအရပ်သို့ ကြွလာတော်မူ၍ "ရဟန်းတို့... သင် တို့သည် ယခုအခါ၌ အဘယ်စကားဖြင့် စည်းဝေးညီမူ၍ နေကြကုန် သနည်း" ဟု မေးတော်မူလတ်သော် ရဟန်းတို့က အကြောင်းကို ပြန်ကြား လျှောက်ထားသဖြင့် မြတ်စွာဘုရားရှင်သည် "ရဟန်းတို့.... စိဥ္စမာန်သည် ယခုအခါမှသာ မဟုတ်သေး၊ ရှေးအခါကလည်း ငါ့ကို မဟုတ်မမှန် သော စကားဖြင့် စွပ်စွဲဆဲရေး၍ ပျက်စီးခြင်းသို့ ရောက်ဖူးလေပြီ" ဟူ၍ မိန့်ဆိုတော်မူကာ ဒွါဒသနိပါတ် မဟာပဒုမဇာတ်ကို ဟောကြားတော် မူလေ၏။

## မဟာပဒုမဇာတ်တော် အကျဉ်းကား

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် မိဖုရားခေါင်ကြီးမှ ဖွားမြင်၍ ပွင့်စသော ပဒုမကြာပန်းကဲ့သို့ တင့်တယ်လှသဖြင့် "မဟာပဒုမမင်းသား" ဟု မှည့် ခေါ်ကြ၏။ အရွယ်ရောက်သော် တက္ကသိုလ်ပြည်၌ ပညာသင်ကြား၍ တတ်မြောက်လာသောအခါ မယ်တော်သည် နတ်ရွာစံလေသည်။ ခမည်း တော်သည် အခြားမိန်းမတစ်ယောက်ကို မိဖုရားအဖြစ် တင်မြှောက်၍ သားတော်ကြီးအား အိမ်ရှေ့အရာ ပေးတော်မူသည်။

တစ်နေ့၌ တိုင်းစွန်ပြည်နားထကြွ သောင်းကျန်းသည်ကို နှိမ်နင်း ရန်အသွား သားတော် မဟာပဒုမ မင်းသားအား မိဖုရားခေါင်ကြီးအား စောင့်ရှောက်ရန် မှာကြား၍ သွားခဲ့၏။

သူပုန်ရန်အေး၍ ပြန်လာပြီး မြို့ပြင်ဝယ် ယာယီတဲနန်းဆောက် ကာ နားနေတော်မူစဉ် သားတော်သည် တစ်မြို့လုံး တန်ဆာဆင်စေကာ မိဖုရားခေါင်ကြီးထံ ခမည်းတော်မင်းတရား ကြွလာပြီဖြစ်ကြောင်း လျှောက် ထားရန် သွားလေသည်။

မိဖုရားသည် မဟာပဒုမမင်းသား၏ ရုပ်ရည်ကို မြင်ကတည်းက တိမ်းညွှတ်၍ လက်ကိုဆွဲကာ ''အိပ်ရာပေါ် တက်လော့''ဟု အမိန့်ပေးကာ ဖက်လှဲတကင်း ပြုလေတော့သည်။

မဟာပဒုမမင်းသားလည်း ရုန်းကန်၍ ''အို.... မိခင် မိဖုရားကြီး သမီးကား အကျွန်ုပ်၏ မယ်တော်ပါ၊ ယုတ်မာညစ်ညမ်းသောအမှုကို မပြုသင့်ပါ''ဟု ခပ်တင်းတင်း ပြောကြားရာ၊ မိဖုရားသည် သုံးကြိမ်မျှ ချော့မြှူပါသော်လည်း မိမိအလိုသို့ မပါလေသဖြင့် ''သိစေမည်''ဟု ကြိမ်းမောင်းလေ၏။ မဟာပဒုမမင်းသားလည်း ထွက်ခွာခဲ့လေသ၏။

ထိုမိဖုရားယုတ်သည် မိမိကိုယ်ကို လက်သည်းများဖြင့် နေရာအနှံ့ ကုတ်ခြစ်၍ အဝတ်အစားများကို ဖရိုဖရဲ ဆွဲဖြဲပြီး သလွန်ပေါ်၌ လဲလျောင်းနေလေ၏။ မင်းကြီးသည် မိဖုရားလာမကြို၍ နေမကောင်းကြောင်း လျှောက်ထား သိရလျှင် မိဖုရား ခန်းဆောင်သို့ လျှောင်သွားရာ၊ ဖရိုဖရဲ အဝတ်နှင့် ငိုကြွေးနေသော မိဖုရားကို တွေ့ရလေရာ၊ သဲထိတ်ရင်ဖို့ဖြစ်ရလေသည်။ အကျိုးအကြောင်းမေးပါမှ သားတော်ကြီး အိမ်ရှေ့စံမဟာပဒုမက သူ့အလို မလိုက်၍ ဆံပင်ဆွဲတွန်းထိုး ရိုက်နှက် သွားပါသည်ဟု မူယာမာယာ အစုံနှောကာ ငိုကြွေး ပြောပြလေရာ မင်းကြီး မျက်မာန်ပွား၍ သားတော်အား ဖမ်းဆီးသတ်စေရန် အမိန့် ပေးလိုက်လေသည်။ သားတော်က လျှောက်ထား တောင်းပန်သော်လည်း မရ၊ တစ်သောင်းခြောက်ထောင်သော မောင်းမများက ငိုကြွေး တောင်း ပန် သော်လည်း ငြင်းပယ်၊ မှူးမတ် ပုဏ္ဏားတို့က ဆင်ခြင်ခြင်ပြုတော်မူပါရန် သတိပေးသော်လည်း မနာခံ၊ အလောင်းတော် မဟာပဒုမအား ရာဇဝတ်သားတို့ စီရင်ရာ စောရ ပပါတ တောင်ထိပ်မှ ခြေနှစ်ချောင်းကိုင်ကာ ပစ်ချလိုက်လေသတည်း။

**မေတ္တာတန်ခိုး**

ဘုရားအလောင်းတော်၏ မေတ္တာ တန်ခိုးကြောင့် တောင်စောင့်နတ်သည် မဟာပဒုမမင်းသားအား လက်နှစ်ဖက်တို့ဖြင့် ပွေ့ပိုက်ခံယူပြီး တောင်ခြေ၌နေသော နဂါးမင်းပါးပျဉ်းပေါ်၌ ထားလေ၏။

နဂါးမင်းသည် အလောင်းတော် မဟာပဒုမ မင်းသားအား နဂါးပြည်သို့ ခေါ်ဆောင်သွားပြီး တိုင်းပြည်တစ်ဝက် ခွဲပေးလေ၏။ ဘုရားအလောင်းလည်း နဂါးပြည်၌ တစ်နှစ်နေပြီး လူ့ပြည်သို့ပြန်လို၍ နဂါးမင်းအား ဟိမဝန္တာသို့ ပို့ပေးရန် ပြော၍ ဟိမဝန္တာတွင် ရသေ့ရဟန်းပြုကာ ဈာန်အဘိညာဉ်တရားများကို ပွားများ၍နေလေ၏။

**ခမည်းတော်မင်းကြီးက နန်းပြန်အပ်ခြင်း**

ကာလအတန်ကြာသော် မုဆိုး တစ်ယောက် ကျောင်း သခ်န်းသို့ ရောက်လာ၍ မဟာပဒုမ မင်းသား အစစ်ဖြစ်မှန်း သိပြီး ဗာရာဏသီ အရောက် ခမည်းတော် မင်းကြီးအား လျှောက်ထားရာ တအံ့တသြဖြင့် မုဆိုးအား လမ်းပြပြုပြီး မဟာပဒုမရှင်ရသေ့၏ကျောင်းသခ်န်းသို့စစ်အင်္ဂါ လေးပါးနှင့် ရောက်သွားကြလေသည်။

စောရပေါ်တမှ တွန်းချ၍ အဘယ့်ကြောင့်မသေသနည်းဟု ခမည်းတော်မင်းကြီး မေး၍ ဖြစ်ပျက်ပုံကို ဖြေကြားလေလျှင်၊ ခမည်းတော်မင်းကြီးလည်း သားတော်အား တောင်းပန်ပြီးလျှင် နန်းကိုအပ်၏။ မဟာပဒုမ ရှင်ရသေ့လည်း ခမည်းတော်အား တရားဟောပြီး မင်းအဖြစ်ကို ငြင်းပယ်လိုက်၏။

**စိဥ္စမာနအလောင်း အပြစ်ပေးခံရခြင်း**

မင်းကြီးလည်း သားတော်ကို အကြိမ်ကြိမ် ပင့်ခေါ်သော်လည်း မရ၍ ငိုကြွေးပြီး ပြန်လာစဉ် ''ဤမိန်းမယုတ်ကြောင့် အဖိုးထန်လှသော ရတနာနှင့် ကွေကွင်းခြင်းသို့ ရောက်ရသည်'' ဟု လုပ်ကြံကုန်းချောသော စိဥ္စမာနအလောင်း မိဖုရားယုတ်အား တောင်ထိပ်မှ ခြေနှစ်ချောင်းကိုင်ကာ ပစ်ချစေလေသတည်း။

ရဟန်းတို့ ဤစိဥ္စမာန်သည်ပင် ရှေးက ငါ့အား ပြစ်မှားကုန်း တိုက်စကား ပြောခဲ့၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ခဲ့ရလေပြီဟု ဟောတော်မူ၍—

ယခု စိဥ္စမာန်သည် — မိထွေးမိဖုရား

ဒေဝဒတ်သည် — ခမည်းတော်မင်းကြီး

အာနန္ဒာသည် — ပညာရှိနဂါးမင်း

သာရိပုတ္တရာသည် — နဂါးမင်း

ငါဘုရားသည် — မဟာပဒုမမင်းသားဖြစ်ခဲ့ပြီဟု ဇာတ်တော်ကို ပေါင်းတော်မူသည်။

=*❁*=

# စိဋ္ဌမာဏဝိကာ မိန်းမယုတ်က ဤကဲ့သို့ မဟုတ်မတရား အစွပ်စွဲခံရခြင်း၏ ရှေးကံအကြောင်း

## ကြောက်စရာ့ ဝိပါက်

ဤသို့ စိဋ္ဌမာဏဝိကာ မိန်းမယုတ်က မဟုတ်မတရား အစွပ်စွဲခံရခြင်း၏ ရှေးကံအကြောင်းကား—

လေးအသင်္ချေ ကမ္ဘာတစ်သိန်းကာလ၏ဟိုဘက် (နိယတဗျာဒိတ်မခံရမီ) တစ်ခုသောဘဝဝယ် ဘုရား့ အလောင်းတော်သည် မကောင်းသော ပါပမိတ်နှင့် ပေါင်းသင်း ဆက်ဆံမှု ပြုလုပ်ကာ အယောနိသောမနသိကာရ ပြောများသူ တစ်ယောက် ဖြစ်ခဲ့၍ ထိုအခါ၌ ပွင့်ထွန်းတော်မူသော "သဗ္ဗာဘိဘူ" အမည်ရှိတော်မူသော မြတ်စွာဘုရား၏ တပည့် သာဝက "နန္ဒ" အမည်ရှိသောရဟန္တာမထေရ်မြတ်ကို မာတုဂါမ တစ်ဦးနှင့် မဟုတ်မတရား စွပ်စွဲပြောဆိုမှု အရိယူပဝါဒ အကုသိုလ်ကံကြီးကို ပြုမှားခဲ့လေသည်။

ထိုအကုသိုလ်ကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာရှည်ကြာ ဆင်းရဲကြီးစွာ ခံစားရပြီးနောက် လူ့ဘဝပေါင်းများစွာတို့၌လည်း မဟုတ်မတရား အစွပ်စွဲခံရ၍ ထိုအကုသိုလ်ကံကြွင်းကြောင့်ပင် ဤနောက်ဆုံး ပစ္ဆိမဘုရားဖြစ်သောဘဝ၌လည်း ပရိသတ်လေးပါးတို့၏ အလယ်၌ ရှက်ဖွယ်လိလိ စိဋ္ဌမာဏဝိကာ မိန်းမယုတ်၏ မဟုတ်မတရား ဤကဲ့သို့ အစွပ်အစွဲကို ခံတော်မူရလေသည်။

(ဤသို့လျှင် သူတစ်ပါးတို့အား မဟုတ်မတရား စွပ်စွဲပြောဆိုသူများမှာ ငရဲ၌ နှစ်ပေါင်းများစွာခံရပြီး ထိုအကုသိုလ်ဖြင့် ဘုရားဖြစ်တော်မူသော်မှ ဝဋ်တော်နှင့် မကင်းကြောင်း သတိတရား ရကြစေလို သည်။)

(စိဋ္ဌမာနကို အောင်တော်မူခန်း ပြီး၏)

—*—

## သစ္စကပရိဗိုဇ်ကို အောင်မြင်တော်မူပုံ (အကျဉ်း)

မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ်၊ ဝေသာလီပြည် လိစ္ဆဝီမင်းတို့၏ဆရာ၊ လူအပေါင်းတို့က သူတော်ကောင်းဟုသမုတ်အပ်သော ဝါဒတပ်ထောင် အပိုင်ဆောင်သည့် သစ္စကပရိဗိုဇ်သည်ရှိ၏။

ထိုသစ္စကပရိဗိုဇ်သည်— ``ငါ၏ဝမ်းဗိုက်သည် ပညာဖြင့် မဆံ့နိုင်လောက်အောက်ပင် ပြည့်နေသောကြောင့် ဝမ်းဗိုက်ပေါက်ကွဲမည်ကိုတွေးကြောက်ကာ သံပြားဖြင့် ဝမ်းဗိုက်ကို ရစ်ပတ်၍ထားရ၏။

သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရားအား ဝါဒပြိုင်မည်ဟု ကြေငြာကာ လိစ္ဆဝီမင်းသားတို့ကို ခေါ်၍သွား၏။ သစ္စကတင်သမျှ ဝါဒကို ဘုရားရှင်ဖြေ၏။ ဘုရားရှင်မေးသမျှ သစ္စကဖြေရန်ဖြစ်သော်လည်း မိမိ၏တပည့် လိစ္ဆဝီမင်းများ ရှေ့၌ မဖြေလို၍ ဆိတ်ဆိတ်နေ၏။ အထူးအားဖြင့် မြတ်စွာဘုရားရှင်က သုံးကြိမ်တိုင်တိုင် မေးမြန်းအပ်ပါလျက် မဖြေကြားလျှင် မဖြေကြားသူ၏ ဦးခေါင်းသည် ခုနစ်စိတ်ကွဲရာ၏။

ထိုအခါ သိကြားမင်းသည် ဘီလူးအသွင်ဖြင့် သံဝဇီရစိန်လက်နက်ကိုစွဲကိုင်၍ သစ္စက၏အထက် ကောင်းကင်၌ရပ်တည်နေ၏။ သစ္စကသည် ဘီလူးကိုမြင်ရလျှင် ချွေးသီးချွေးပေါက်ကြီးများ ထွက်၍ လာကြကုန်၏။ အခြားသူများလည်း မြင်ကြသလောဟု ကြည့်ရှုလတ်သော် မည်သူမျှ မမြင်ကြကြောင်း သတိထားမိ၏။ မြတ်စွာဘုရားကို ဝန်ချတောင်းပန်၏။ နောက်နေ့တွင် ဆွမ်းစားပင့်၏။ မြတ်စွာဘုရားသည် သည်းခံတော်မူ၏။ ထိုနောက် စူဠသစ္စကသုတ္တန်၊ မဟာသစ္စကသုတ္တန်ကို ဟောတော်မူ၏။ ဤတရားတို့ကို ကြားနာရသော်လည်း သစ္စကသည် သရဏဂုံ၌ပင် မတည်လေ။

မြတ်စွာဘုရားသည် ငါဘုရား ပရိနိဗ္ဗာန်စံလွန်ပြီး နှစ်ပေါင်း ၂၀၀ ကျော်လျှင် သီဟိုဠ်ကျွန်းဝယ် ပိဋကတ်သုံးပုံတို့ကို သင်ကြားတတ်မြောက်ပြီး ကာဠဗုဒ္ဓရက္ခိတ ရဟန္တာအရှင်မြတ်ကြီးဖြစ်လိမ့်မည်ဟု မြင်တော်မူ၍ ဟောကြားတော်မူသတည်း။

( အကျယ်သိလိုမူ နိုင်ငံတော်ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် တတိယတွဲတွင် ကြည့်ရှုပါလေ။ )



မြတ်ဗုဒ္ဓ၏
အောင်ခြင်းရှစ်ပါး
ဇာတ်တော်များ

(၆)

# သစ္စကပရိဗိုဇ်ကို ချေချွတ်ဆုံးမ
# အောင်မြင်တော်မူခြင်း

## (၆) သစ္စကပရိဗိုဇ်ကို ချေချွတ် ဆုံးမအောင်မြင်တော်မူခြင်း။

သုံးလူ့ထွတ်ထား မြတ်ဘုရား ဒေသနာ မှတ်သားဖွယ်
ဝေနေယျာ အနိစ္စရယ် ဒုက္ခရယ် အနတ္တတရားကို မှားတယ်
ဆို၍ မကြည်ညိုပြန်တာ အယူလွဲတဲ့ ရေမိစ္ဆာ သစ္စက
ပရိဗိုဇ် မလိမ်မာ၊ ဒေသနာတော်အနတ္တကို မြတ်ဘုရားက
နောင်မမှားအောင် သစ္စကကို တရားပြရှာ မေတ္တာဓာတ်နဲ့
ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း ဆဋ္ဌမပါ။

## ကုဋ္ဌန္တံ

ကုဋ္ဌန္တံ၊ ဝါဒတစ်ထောင် နှုတ်ရဆောင်၍၊ မာန်ယောင်ကြွားကြွား၊ တစ်ဖက်သားကို၊ စကားချုပ်ချယ်၊ နှိပ်နယ်ချင်လှ၊ စိတ်နေကြသည့်။ သစ္စက ပရိဗိုဇ်ကိုလည်းကောင်း၊

ဝါ၊ တစ်ထောင်သောဝါဒကြောင့်၊ မာန်မာန ကျယ်ပွားလျက်၊ တစ်ဖက်သား မြင်သမျှကို ဝါဒဖြင့် နှိမ်နင်း၍၊ ညှဉ်းဆဲလိုသော ဆန္ဒဖြင့် ထောင်လွှားကြွမ်းပ၊ ဝါကြွားလှသော၊ သစ္စက ပဗိုဇ်ကို လည်းကောင်း။

အဇိန်၊ တန်ခိုးစက်ရှိန် ဂုဏ်မဟိန်ဖြင့် ချိုးနှိမ်ပယ်နှင် ရှင်းလင်းစင်၍ အောင်မြင်တော်မူလေပြီ။ ဘေဇသာ၊ ရှစ်ခါ ရှိတန် အောင်ပွဲခံ၍ အောင်လုံထူပြီး မြတ်စေတီး၏ ကြီးသော ရွှေစကြ် ထက်ယောအာဏာ ဂုဏ်တော်ဇာ အစွမ်းအားဖြင့်။ မေ—မခ၊ အကျွန်ုပ်အား။ ဇယမင်္ဂလာ ကိုယ်တွင်ကိုယ်၊ ရှိသမျှဘေးဒဏ် ခပ်သိမ်းရန်ကို မကျန်မကြွင်း အောင်မြင်ခြင်း မင်္ဂလာသည် ဘဝတု၊ ဖြစ်စေသတည်း။

# သစ္စကပရိဗိုဇ်ကို အောင်မြင်တော်မူခြင်း

ဘုရားမြတ်စွာသည် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာကျောင်းတိုက်၌ နေတော်မူသောအခါ ပြင် မိစ္ဆာဒိဋ္ဌိအယူရှိသော သစ္စကပရိဗိုဇ်ကို ဆုံးမ နှိမ်နင်းတော်မူ၍ အောင်တော်မူသောအကြောင်းကား....

## နိဂဏ္ဍာမောင်နှံ

ဝေသာလီပြည်ကြီးသည် အလွန်စည်ကား၏ (၇၇၀၇) ခုနှစ်ထောင် ခုနှစ်ရာ ခုနှစ်ယောက်ကုန်သော လိစ္ဆဝီမင်းတို့သည် အမြဲမပြတ် စည်းဝေးတိုင်ပင် လှူရှိကြပြီး အလှည့်ကျမင်းအဖြစ် ရွေးချယ်တင်မြှောက်၍ ညီညွတ်စွာ နေထိုင်ကြကုန်၏။ သူတို့အားလုံးသည် ဝါဒအထူးအဆန်းကို မေးမြန်းစိစစ်လိုစိတ် ပြင်းထန်ကြ၏။

ဘုရားပွင့်တော်မမူမီ ဝေသာလီပြည်ဝယ် ကြွယ်ဝသောအမျိုးသားတစ်ယောက်သည် တစ်ပြည်ရပ်ခြားသွားလာဘိ၍ နိဂဏ္ဍာအယူရှိသော သူတို့၏ထံ၌ ကပ်နွံ၍ သင်ကြားသဖြင့် ငါးရာသောဝါဒကိုတတ်လျှင် ဇမ္ဗူဒိပ်ကျွန်းပြင်၌ ထင်ရှားသမျှသော မြို့တို့သို့ လှည့်ပတ်၍ မိမိ သင်အပ်သောဝါဒကို ပြောပြ ချေဆိုနိုင်သောသူကို မတွေ့သဖြင့်နေရင်း ဝေသာလီပြည်သို့ ပြန်လာ၍ များစွာသော လိစ္ဆဝီမင်းသားတို့အား သင်ကြားပြသကာ မင်းဆရာပြု၍ နေသတည်း။

တစ်ရံသောကာလ နိဂဏ္ဍာအယူရှိသော ပရိဗိုဇ်မတစ်ဦးသည်လည်း ဤနည်း အတူ ငါးရာသောဝါဒကိုတတ်၍ အရပ်ရပ်သောမြို့သို့ လှည့်လည်လာသဖြင့် ဝေသာလီပြည်သို့ ရောက်လတ်သော် လိစ္ဆဝီမင်းတို့က "အဘယ် အလို့ငှာ လှည့်လည်လာသနည်း" ဟု မေး၍ "ငါနှင့်အတူ အယူဝါဒနှီးစပ်သော ပြဿနာကို ပြောဆိုဘင်ခြင်းငှာ စွမ်းနိုင်သောသူကို ရှာရန်လာသည်" ဟုဆိုလျှင် "ငါတို့ပြည်တွင်ရှိသော နိဂဏ္ဍာဆရာနှင့် ဝါဒပြိုင်စိမ့်မည်" ဟု ဆို၍ မင်းရင်ပြင်၌ တွေ့မြင်ကြစေပြီးသော် နှီးနှော မေးဖြေကြစေသည်။ တစ်ဦး၏ပြဿနာကို တစ်ဦး မဖြေနိုင်ရှိ၏။ ထိုအခါ လိစ္ဆဝီမင်းတို့က ဤသို့ဆိုကုန်၏။ "ဆရာနှစ်ပါးပင် ပညာရှိချည်း ဖြစ်ကြပေသည်။ အတူနှစ်စုံ ပေါင်းစုံနေကြွားက ငါတို့ ဝေသာလီပြည် အပါးသို့ တစ်ပါးမြို့ရွာမှ ပညာရှိတို့ မချဉ်းကပ်ဝံ့ရာ၊ ထို့ကြောင့် အတူတကွ နေကြပါလော့" ဟု ကောင်းပန်၍ မြှောက်စားပူဇော်လျက် ထိမ်မြားပေးကြကုန်၏။

**ဝါဒတစ်ထောင်ပိုင်သည့် မိသားစု (ဇိနတ္ထ)**

ထိုနိဂဏ္ဌနှစ်ဦးတို့သည် ကာလမြင့်ရှည်လတ်သော် "သစ္စ"အမည်ရှိသော သမီးတစ်ယောက် "လောလာ" မည်သော သမီးတစ်ယောက် "ဝေါစရာ"မည်သော သမီးတစ်ယောက် "အာစာရတ"မည်သော သမီးတစ်ယောက် "သစ္စက"မည်သော သားတစ်ယောက်အားဖြင့် ငါးယောက်သောသူတို့ကို ရ၏။ ထိုငါးယောက်တို့သည် အမိမှလာသော ဝါဒငါးရာ၊ အဖမှလာသော ဝါဒငါးရာအားဖြင့် ဝါဒတစ်ထောင်စီ တတ်မြောက်ကြ၏။ သမီးလေးယောက်တို့သည် အရွယ်ရောက်သောကာလ မိဘနှစ်ပါးတို့က ဤသို့ဆိုကုန်၏။

"ချစ်သမီးတို့.... ငါတို့အမျိုး၌ဖြစ်ကြသော မိန်းမတို့တွင် အကြင်တစ်စုံတစ်ယောက်သောသူကိုမျှ မိဘတို့က ရွှေငွေဥစ္စာ သုံးဆောင်ရာ စသည်ကိုပေး၍ လင်၏အိမ်သို့ ပို့ရဖူးသောသူ တစ်ယောက်မျှမရှိ၊ မိမိ၏ ဝါဒတည်းဟူသော အတတ်ဖြင့် အရပ်ထက်ဝန်းကျင်သို့ လှည့်လည်၍ အကြင်သူသည် ဤမိမိတို့ အယူဝါဒကို ပြောပြနှိမ်နင်းနိုင်သည် ဖြစ်အံ့၊ ထိုသူအား ကိုယ်ကို ဆောင်နှင်းလျက်ခြေရင်း အလုပ်အကျွေး (မယား) အဖြစ် နေရာ၏။

အကြင်ရဟန်းသည် နှိမ်နင်း ဖြေရှင်းနိုင်သည်ဖြစ်အံ့၊ ထိုရဟန်း၏ အထံ၌ နည်းခံ၍ ရဟန်းပြုရာ၏။ ဤကား ငါတို့အနွယ်မှ လာသော အကျင့်တည်း"ဟု ဆို၏။

ထိုစကားကိုကြားသော် သမီး လေးယောက် တို့ကလည်း "မိမိတို့ ထုံးနည်းအတိုင်းသာ အကျွန်ုပ်တို့ကျင့်ပါအံ့" ဟု ဝန်ခံ၍ ပရိဗိုဇ်၏သဏ္ဌာန်ကို ယူပြီးသော် "ဤ ဇမ္ဗူဒိပ်ကျွန်း မြေကား သပြေပင်တည်း ဟူသော တံခွန်ဖြင့် အလွန် ထင်ရှား သတည်း"ဟု နှလုံးပြု၍ ဇမ္ဗူ့သပြေခက်ကို ကိုင်ပြီးလျှင် အသီးသီးသော မြို့ရွာ နိဂုံး အရပ်သို့ လှည့်လတ်ကြလေ၏။ အကြင်မြို့ရွာသို့ ရောက်သောကာလ ရွာတံခါးဝ၌ မြေကိုလည်းကောင်း၊ သဲကိုလည်းကောင်း စုပုံလျက် သပြေခက်ကိုစိုက်ပြီးလျှင် "အကြင်သူသည် အယူဝါဒဖြင့် ငါတို့ကိုတင်ဆိုနိုင်ငြားအံ့၊ ထိုသူသည် ဤစေတီကိုဖျက်စေသတည်း"ဟုဆို၍ထားပြီးမှရွာတွင်းသို့ဝင်သတည်း။ ဤသို့သောအကျင့်ကို ဆောက်တည်၍ လရှည်နှစ်ကြာ ရွာဖွလှည့်လည်လေ၏ (၂၅၅)

ဤသို့လျှင် တစ်ရွာမှ တစ်ရွာ၊ တစ်မြို့မှ တစ်မြို့သို့ လှည့်လည်ကြကုန်သည်ရှိသော် အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ မြို့တံခါးဝ၌ သပြေခက်ကိုစိုက်ထူကြပြီးလျှင် "လူဖြစ်စေ၊ရဟန်းဖြစ်စေ ငါတို့၏ အယူဝါဒအပေါ်မှာ အပြစ် တင်ပြနိုင်စွမ်းသောသူသည် ဤမြေပုံကို ခြေဖြင့်

ကန်ကျောက် ပြန်ကြအောင်ပြု၍ ခြေဖြင့်ပင်လျှင် သပြေခက်ကို နင်းနယ် ချေဖျက်စေ သတည်း'' ဟု အနီးအနားသို့ ရောက်ရှိလာသော ကလေး သူငယ်တို့အား မှာကြား ပြောဆိုခဲ့ပြီးလျှင် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံ ဝင်ကြလေကုန်၏။

## အရှင်သာရိပုတ္တရာ၏ စွမ်းရည်တော်

ထိုအခါ မြတ်စွာဘုရား၏ လက်ျာရံ အဂ္ဂသာဝကကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ဇေတဝန်ကျောင်းတိုက်တော်အတွင်း ၌ တံမြက် မလှည်းရသေးသော အရပ်များကို တံမြက် လှည်းတော်မူပြီးလျှင် ရေမရှိသော အိုးများ၌ သောက်ရေ သုံးဆောင်ရေကို အပြည့် တည် ထားလျက် မမာမကျန်းသော ရဟန်းများကိုလည်း ပြုစုလုပ်ကျွေးတော် မူခဲ့၍ အလွန်နေမြင့်မှ သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံဝင်ရန် ကြွလာတော် မူလတ်သော် မြို့တံခါး၌ စိုက်ထားသော ထိုသပြေခက်ကို မြင်တော်မူ၍ ကလေးသူငယ်များကို မေးမြန်းတော်မူလေ၏။ ကလေးသူငယ်တို့သည်လည်း ထိုအကြောင်းစုံကို လျှောက်ထားကြလေကုန်၏။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ကလေးသူငယ်တို့ကို ''သူငယ်တို့၊ ထိုသို့ဖြစ်လျှင် ထိုသပြေခက်ကို နင်းနယ်ချေဖျက်ကြကုန်လော့'' ဟူ၍ မိန့်တော်မူ၏။ သူငယ်တို့သည် ''အရှင်ဘုရား၊ မနင်းနယ် မခြေဖျက် ဝံ့ကြပါ၊ ကြောက်ပါကုန်၏'' ဟုဆိုကြလေ၏။

''သူငယ်တို့ မကြောက် ကြလင့်၊ မောင်တို့ကို မေးလျှင် မြတ်စွာ ဘုရား၏ တပည့်သာဝကကြီး ဖြစ်သော သာရိပုတ္တရာမထေရ်က နင်းနယ် ချေဖျက်စေအပ်သည်။ ပရိဗိုဇ်မတို့အယူဝါဒ ယှဉ်ပြိုင်လိုကြလျှင် ဇေတဝန် ကျောင်းတိုက်တော်၌ နေထိုင်တော်မူသော မထေရ်မြတ်၏အထံသို့ သွား ကြလော့'' ဟု (ရဲရဲဝံ့ဝံ့သာ) အမောင်တို့ ပြောလိုက်ကြ''

ဟူ၍ အရှင်သာရိပုတ္တရာမထေရ်မြတ်က ပြောဆိုတော်မူလတ်သော် သူငယ်တို့သည် မထေရ်၏ စကားကိုကြားကြလေလျှင် (အားတက်သရော ဖြစ်ရှိကြကာ) သပြေခက်ကိုနင်းနယ်ချေဖျက်၍ စွန့်ပစ်လိုက်ကြလေ ကုန်၏။ မထေရ်မြတ်သည် ဇေတဝန်ကျောင်းတိုက်တော်သို့ ပြန်ကြွတော်မူလေ၏။

## ပညာပြိုင်လိုသော ပရိဗိုဇ်မလေးယောက်

ပရိဗိုဇ်မ လေးယောက်တို့သည်လည်း မြို့မှထွက်ခဲ့ကြ၍ ကလေး များကို ''မောင်တို့ကို အဘယ်သူက ငါတို့၏ သပြေခက်ကို ချေဖျက် စေအပ်သနည်း'' ဟူ၍ မေးကြကုန်၏။ သူငယ်တို့ ပြော၍သိရလျှင် ပရိဗိုဇ်မ လေးယောက်တို့သည် မြို့တွင်းသို့ တစ်ဖန် ပြန်ဝင်သွားကြပြီးလျှင်

တစ်ယောက်လျှင်တစ်လမ်းကျစီတာဝန်ယူကြ၍ "မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်သော၊ သာရိပုတ္တရာ မည်သော သူသည် ငါတို့နှင့် ဝါဒယှဉ်ပြိုင်မှုကို ပြုလုပ်မည်တဲ့၊ နားထောင်လိုသူ မြို့သူမြို့သားတို့သည် ထွက်ကြကုန်လော့"ဟု ကြွေးကြော်ကြ၏။ မြို့နေလူအပေါင်းသည် အုတ်အုတ်ကျက်ကျက် ထွက်ခဲ့၏၊ ထိုလူအပေါင်းနှင့် အတူတကွ ပရိဗိုဇ်မ လေးယောက်တို့သည် ဇေတဝန်ကျောင်းတိုက်သို့ သွားကြလေကုန်၏။

**ကဲ–ပြိုင်စမ်း မေးစမ်း**

သာရိပုတ္တရာ မထေရ်မြတ်သည် "ငါတို့၏ နေရာဌာန၌ မာတုဂါမ၏ လာရောက်ခြင်းမည်သည် မချမ်းသာချေ"ဟု ဆင်ခြင်တော်မူကာ....၊ ကျောင်းတိုက်အလယ်၌ အသင့် နေတော်မူနှင့်၏။ ပရိဗိုဇ်မတို့သည် သွားရောက်ကြ၍ သာရိပုတ္တရာ မထေရ်မြတ်ကို....

"သင်တို့သည် ငါတို့၏သဘောကို ချေဖျက်စေအပ်သလော"ဟု မေးကြကုန်၏။

"အိမ်း....ငါသည် ချေဖျက်စေအပ်သည်"ဟူ၍ အရှင်သာရိပုတ္တရာ မထေရ်မြတ်က မိန့်တော်မူလတ်သော်၊ ပရိဗိုဇ်မတို့သည်–

"ငါတို့သည် သင်တို့နှင့် ဝါဒယှဉ်ပြိုင်မှု ပြုကြကုန်အံ့"ဟု ပြောဆိုကြကုန်၏။ ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်က....

"ကောင်းပြီ၊ ဝါဒယှဉ်ပြိုင်မှုကို ပြုကြကုန်လော့၊ အဘယ်သူက (ပထမ)မေး၍ အဘယ်သူက ဖြေဆိုလေမည်နည်း"ဟု မေးတော်မူလေလျှင်၊ ပရိဗိုဇ်မတို့သည် "အမေးပုစ္ဆာမည်သည် ငါတို့အား ရောက်၏" ဟူ၍ ဆိုကြကုန်၏။

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည်"သင်တို့ကား မာတုဂါမများ ဖြစ်ကြသည်။ ရှေးဦးစွာ သင်တို့ မေးကြကုန်လော့"ဟူ၍ မိန့်တော်မူလေ၏။

**ဝါဒတစ်ထောင် ကုန်ပါပြီ**

ပရိဗိုဇ်မ လေးယောက်တို့သည်လည်း အရပ်လေးမျက်နှာတို့၌ ရပ်တည်ကြ၍ မိဘတို့၏အထံ၌ သင်ကြားအပ်ခဲ့သော ဝါဒ(၁၀၀၀)ကို မေးကြလေကုန်၏။ မထေရ်မြတ်သည် သန်လျက်ဖြင့် ကြာရိုးကို တိကနဲပြတ်အောင် ဖြတ်သကဲ့သို့ မေးတိုင်း မေးတိုင်းသော ပြဿနာကို အရှုပ်အထွေး အဖုအထစ်မရှိအောင် ဖြေကြားတော်မူလေ၏။

ထိုသို့ ဖြေကြားတော်မူပြီးလျှင် "နောက်တစ်ဖန် မေးကြဦးလော့" ဟု ဖိတ်မန်စကား ထပ်၍ မိန့်ကြားတော်မူလေသည်။ ထိုအခါ ပရိဗိုဇ်မ

လေးယောက်တို့သည် (မာန်မာန ကျိုးနွံကြကာ) "အရှင်ဘုရား အကျွန်ုပ်တို့သည် ဤမျှသာ သိကြပါကုန်၏" ဟူ၍ လျှောက်ထားကြလေသည်။

**တစ်ခုတည်းသာ ဖြေပါ**

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် "ပရိဗိုဇ်မတို့.... သင်တို့ မေးမြန်းအပ်သော ဝါဒ (၁၀၀၀)ကို ငါဖြေဆိုအပ်ပြီးပြီ၊ ငါကား သင်တို့ကို ပြဿနာတစ်ခုကိုသာလျှင် မေးပေအံ့ ထိုပြဿနာကို သင်တို့ ဖြေဆိုကြမည်လော" ဟူ၍ မိန့်တော်မူလေလျှင် "တပည့်တော်မတို့ ဖြေကြားကြပါမည်" ဟု ရဲရဲဝံ့ဝံ့ မလျှောက်ထားဝံ့ကြပဲ "ဆိုတော်မူကြပါကုန် အရှင်ဘုရားတို့.... တပည့်တော်မတို့ သိကြပါကုန်မူ ဖြေကြားကြပါမည်" ဟုသာ လျှော၍ လျှောက်ထားကြလေသည်။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် "ပရိဗိုဇ်မတို့... ဤ ယခု ငါမေးမည့်ပြဿနာသည် (အယက်ဘန်းစား ပြဿနာကြီး မဟုတ်သေးချေ) မောင်ရှင်သာမဏေလောင်း အမျိုးကောင်းသား ကလေးများကို ရှင်ပြုပြီးလျှင် အစအဆုံး သင်ကြားပေးအပ်သော ပြဿနာဖြစ်သည်" ဟု စကားပလ္လင်ခံတော်မူပြီးလျှင် "ဧကံနာမကိံ — တစ်ခုသောတရားမည်သည် အဘယ်တရား ဖြစ်သနည်း" ဟူ၍ မိန့်ကြား မေးမြန်းတော်မူလေ၏။

**အရှုံးပေးကာ ရဟန်းမ ပြုကြခြင်း**

ပရိဗိုဇ်မ လေးယောက်တို့သည် မထေရ်မြတ်မေးသော ပြဿနာ၏ အဖြေကို အစွန်းအစမျှ မမြင်ကြပဲ ရှိကြလေသည်။

မထေရ်မြတ်သည် "ပရိဗိုဇ်မတို့... ဖြေကြလော့" ဟူ၍ မိန့်တော်မူပြန်လေ၏။

"အရှင်ဘုရား.... တပည့်တော်မတို့သည် ထိုပြဿနာ၏ အဖြေကို အစွန်းအစမျှ မမြင်ကြပါကုန်"

ဟူ၍ ပရိဗိုဇ်မတို့က ဝန်ခံစကား လျှောက်ထား ကြ လေ သော် အရှင်သာရိပုတ္တရာမထေရ်မြတ်သည်...

"သင်တို့မေးအပ်သော ဝါဒတစ်ထောင်ကို ငါကား ဖြေဆိုအပ်ပြီ၊ သင်တို့ကား ငါ၏အမေးပုစ္ဆာ ပြဿနာတစ်ခုကိုမျှ မဖြေဆိုနိုင်ကြကုန်၊ ဤသို့ဖြစ်ခဲ့လျှင် အဘယ်သူကနိုင်၍ အဘယ်သူက ရှုံးသနည်း" ဟု မေးတော်မူ၏။

"အရှင်ဘုရား.... အရှင်ဘုရားတို့က အောင်နိုင်၍ တပည့်တော်မတို့က ရှုံးနိမ့်ခြင်းဖြစ်ပါသည်ဘုရား" ဟူ၍ ပရိဗိုဇ်မတို့က ပြန်ကြားလျှောက်ထားကြလေသော်—

ထိုသို့ဖြစ်လျှင် ယခုအခါ သင်တို့သည် အဘယ်သို့ပြုကြမည်နည်း”
ဟု မထေရ်မြတ်က မေးမြန်းတော်မူလေ၏။

ပရိဗိုဇ်မတို့သည် မိတ္တုတို့က မှာကြားအပ်သည့် သြဝါဒစကားကို မထေရ်မြတ်အား လျှောက်ထားကြ၍ ‘အရှင်မြတ်တို့၏ အထံ၌ ရှင်ရဟန်းမ–ပြုကြပါကုန်အံ့ ဘုရား’ဟူ၍ ပြန်ကြား လျှောက်ထားကြလေသည်။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် “ငါတို့၏ အမှာသတင်းစကားကို ယူဆောင်၍ ဘိက္ခုနီမကျောင်းတိုက်သို့ သွားရောက်ကြပြီးလျှင်ရှင်ရဟန်းမ ပြုကြကုန်လော့”ဟု မိန့်တော်မူလေ၏။ ပရိဗိုဇ်မလေးယောက်တို့သည် ဘိက္ခုနီသံဃာအထံသို့ သွားရောက်ကြပြီးလျှင် ရှင်ရဟန်းမ–ပြုကြကုန်လေပြီ၊ မနေမနားလျှော့ရဟန်းတရားပွားများအားကိုးကုတ်အားထုတ်ကြသဖြင့် မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။

(ဤပရိဗိုဇ်မ လေးယောက်တို့ အတ္ထုပ္ပတ္တိသည် မြက်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ရောက်မှ ဖြစ်ပေါ်ခြင်း ဖြစ်သော်လည်း ဤတွင်အလျဉ်းသင့်၍ ဖော်ပြပါသည်။)

## သစ္စကပရိဗိုဇ်

ထိုသူမတို့၏ မောင်အငယ်ဖြစ်သော သစ္စကမူကား၊ အဖမှ လာသော ဝါဒငါးရာ၊ အမိမှလာသော ဝါဒငါးရာကို ကောင်းစွာ သင်ဆောင်၍ တစ်ထောင်မျှသောဝါဒကို တတ်သဖြင့် လည်းကောင်း၊ ထို့ပြင်တစ်ပါး လောကီမာဟိရကဖြစ်သော ဝတ္ထု၊ ပုံပြင်၊ ဗေဒင်၊ ဓမ္မသတ်ကို တတ်သဖြင့် လည်းကောင်း အရပ်ထက်ဝန်းကျင်၌ ပညာရှိဟု ထင်ရှားလျက် လိစ္ဆဝီမင်းတို့အား သင်ကြားဆုံးမကာ ဤဝေသာလီပြည်၌ပင် နေသတည်း။

**ဗိုက်ကွဲထွက်မှာကိုး၍**

ဤသစ္စကပရိဗိုဇ်သည် “ငါ၏ဝမ်း၌ရှိသော ပညာကား အလွန်များ၏၊ ဆန့်စပါးထည့်သော အိတ်သည် ပြည့်သိပ်လွန်းလျှင် ကွဲထွက်တတ်သကဲ့သို့ ငါ့ဝမ်းလည်း ပညာအလွန်ပြည့်ရကား မခံနိုင်ပဲ ကွဲပေါက်ဘိရာသည်”ဟု ပညာတော့ ပြည့်သိပ်လွန်း၍ ဝမ်းကွဲမည်ကိုစိုးသောကြောင့် ဝမ်းကို သံပြားဖြင့် ရစ်ပတ်၍သာ နေလေ့ သွားလေ့ရှိ၏။

**ဝါဒတင်ရန်အကြံ**

ထိုသစ္စကသည် ဘုရားသခင် ဝေသာလီပြည်သို့ ရောက်သည်မှစ၍ “ရှင်ဂေါတမကို ဝါဒဖြင့် ငါတင်ဆိုမည်၊ သို့ရာတွင် ထိုအရှင်၏ဝါဒကို

သိရမှသာလျှင် ငါ တင်နိုင်ချိမ့်မည်။ သို့ဖြစ်၍ အရှင်ဂေါတမ၏ဝါဒကို သိရအောင်ပြုဦးအံ့''ဟု ကြံ၍နေသည်နှင့် တစ်ပါးသောအခါ ရှင်အဿဇိရဟန်းသည် ဆရာဖြစ်သော အဿဇိမထေရ်လည်း အိမ်စဉ်လှည့်လျက် ကြွသည်ကို သစ္စကပရိဗိုဇ် မြင်လေသော် ''ဤရဟန်းကား ဘုရားဂေါတမ၏ သာဝက ကြီး ပင်တည်း၊ မိမိဆရာ၏ဝါဒ၌ လိမ္မာသည်ဖြစ်လတ္တံ့၊ ဤရဟန်းကို မေးရမူ ရှင်ဂေါတမ၏အယူကို ငါသိရာ၏''ဟု ကြံ၍ အမြန်လိုက်လာ ပြီးလျှင် 'အရှင် ရဟန်း....သင်တို့ဆရာ ဂေါတမသည် အဘယ်ဝါဒဖြင့် ဆုံးမ ပြောဆိုလေ့ရှိသနည်း' ဟု မေး၏။

အရှင်အဿဇိကလည်း ဤသစ္စကသည် မိစ္ဆာဝါဒ၌ တည်သောသူ ဖြစ်ချေသည်၊ ပရိယာယ်စကားဖြင့် မသင့်ရာ၊ နိပ္ပရိယာယ (မုချဖြစ်သော) ဒေသနာဖြင့် လွန်စွာ ကျောက်ချားအံ့ဟု ကြံ၍—(မဟာဗုဒ္ဓဝင် တတိယ တွဲ ၄၃၆)

''အို....သစ္စကပရိဗိုဇ် မြတ်စွာဘုရားသည် တပည့်တို့အား ဤသို့ ဆုံးမ ဟောကြား၏''

ရဟန်းတို့ ရုပ်သည် အမြဲမရှိ၊ ဝေဒနာသည် အမြဲမရှိ၊ သညာသည် အမြဲမရှိ၊ ဝိညာဉ်ခြောက်ပါးတို့သည် အမြဲမရှိ။ (အနိစ္စ)။

ရုပ်သည် အတ္တမဟုတ်၊ ဝေဒနာ၊ သညာ၊ ဝိညာဉ်ခြောက်ပါးတို့ သည်လည်း အတ္တမဟုတ်၊ အလုံးစုံသော တရားတို့သည် အတ္တမဟုတ်ကုန်၊ (အနတ္တ)။

ဤ ဆိုအပ်ခဲ့ပြီးသော (အနုသာသနီ) အဆုံးအမသည် များစွာ ရှိသေး၏ဟု ဖြေကြားတော်မူသည်။

(အထူးမှတ်သားဖွယ် ဤ၌ အရှင်အဿဇိ မထေရ်သည် အနိစ္စနှင့် အနတ္တကိုသာ ဖြေကြားတော်မူသည်။ ဒုက္ခအချက်ကို ဖြေကြားတော်မမူ ခြင်းကား၊ သစ္စကပရိဗိုဇ် အထွန့်မတက်နိုင်စေရန် နိပ္ပရိယာယမုချဖြစ်သော တရားစကားကိုသာ ဟောကြားတော်မူပေသည်။

ထိုအခါ သစ္စကပရိဗိုဇ်က—

''အို...အဿဇိ၊ ကြားလို့မှ မကောင်းပါတကား၊ ရဟန်းဂေါတမ ဤသို့ အယူရှိသည်၊ ဤသို့ ဟောကြားသည်ကို ငါတို့ ကြားခဲ့ပါ၏။ ငါ တို့သည် တစ်ချိန်ချိန်မှာ အရှင်ဂေါတမနှင့် တွေ့ဆုံကောင်း တွေ့ဆုံတန် ရာ၏။ တစ်စုံတစ်ရာသော စကား ပြောကြားရလျှင် ထိုကဲ့သို့သော ယုတ်

ညှံ့သည့် မိစ္ဆာအယူမှ ကင်းစိမ့်နိုင်ကြောင်း တန်ရာ၏”ဟု တင်စီးစကား ပြောကြားလေ၏။

ထိုနောက် သစ္စကသည် မိမိတပည့်ဖြစ်သော လိစ္ဆဝီမင်းသား ငါးရာတို့ လွှတ်တော်၌ စည်းဝေး တိုင်ပင်နေကြရာသို့သွား၍ ဤသို့ ကြုံးဝါး ပြောဆို၏။ “မင်းသားတို့…ဤလောက၌ ငါ ပညာရှိသော သနစ်ကို သင်တို့အသိ ဖြစ်တော့သည်။ ယခု အသီးသီး ပညာကြီးပညာကျယ် အသွယ်သွယ် ရောက်လာသမျှ ဆရာများသည် ငါ့စကားတစ်ခွန်း အမေးကိုမျှ မခံနိုင်ကုန်။ ငါ၏ ဝါဒအတင်ကို ပြေပြစ်အောင် ချေဆိုနိုင်သောသူကား လူတို့ဘုံတွင် တစ်စုံတစ်ယောက်မျှ ငါ မမြင်၊ လူတွင် ထင်ရှားလူတို့ကို မဆိုထားဘိ သစ်ပင်များမှ တုန်လှုပ်ရသေးသည်။

မင်းသားအပေါင်းတို့…ယခုလောကတွင် ရှင်ဂေါတမသည် ဘုရားဟု သုံးလူ့ဆရာ သူသုပ်သည်။ ထိုဘုရားကား ဘုန်းတန်ခိုးသာ ကြီးမားသည်။ အယူဝါဒ၌ ကျနမည်ဟု ငါမထင်၊ ထိုရှင်ဂေါတမကို ဝါဒဖြင့် တင်၍ ရယ်ချင်ဖွယ် အရှက်ရအောင် ငါ ခေး၍ပြမည်။ ပရိသတ်အလယ်တွင် ရှုံးစေ၍၊ နှလုံးမသာ မျက်နှာမပျှ့အောင် ဝါဒဖြင့် ငါကျိစယ်မည်၊ ယနေ့ ရဟန်းဂေါတမနှင့် ငါတို့ ဝါဒစကား အချေအတင် ပြောကြားကြမည့် ပွဲကြီးပွဲကောင်းဖြစ်၍ သင်တို့ မင်းသား လူအများနှင့် ဘုရားဂေါတမထံသို့ ငါ သွားရာ လိုက်လာကြကုန်”

“ရဟန်းဂေါတမ၏ ထင်ရှားသောတပည့် အဿဇိ ရဟန်းက အနိစ္စ၊ အနတ္တ အယူရှိသည်ဟု ဝန်ခံသည့်အတိုင်း ရဟန်းဂေါတမသည် ငါ့အား အနိစ္စ၊ အနတ္တ”ဟု ဝန်ခံခဲ့လျှင်….

၁။ အားကောင်းသော ယောကျာ်းတစ်ယောက်သည် အမွေးရှည်ရှိသော သိုးကို အမွေးကကိုင်၍ ဆွဲလည်းဆွဲ၊ တွန်းလည်း တွန်းသကဲ့သို့ ငါသည် ရဟန်းဂေါတမကို ဝါဒလမ်းစဉ်ဖြင့် အပြစ်တင်၍ ဆွဲလည်းဆွဲ တွန်းလည်းတွန်း၊ ဆွဲလိုက်တွန်းလိုက် ပြုလုပ်၍ ကိုင်လှုပ်ပေအံ့။

၂။ အရက်ဆိုင်မှ အလုပ်သမားသည် အရက်ဆိုင်တွင် ခင်းထားသည့် ဖျာကြမ်းကြီးကို နက်စွာသော ရေအိုင်၌ ပစ်ချကာ အနားစွန်းက ဆွဲကိုင်၍ ဆွဲလည်းဆွဲ၊ တွန်းလည်းတွန်း ချေးညှော်စင်အောင် ပြုသကဲ့သို့ ငါသည် ရဟန်းဂေါတမကဲ့သို့ ဝါဒလမ်းစဉ်ဖြင့် အပြစ်ကို တင်ဆို၍ ဆွဲလည်းဆွဲမည်၊ တွန်းလည်းတွန်းမည်၊ ဆွဲလိုက်တွန်းလိုက် ပြုလုပ်၍ ကိုင်လှုပ်ပေအံ့။

**၃။** အစားကောင်းသော သေသေစက်ကြူးယောက်ျားသည် သေရည်စစ်သောအိတ်သို့မဟုတ် သေပေါင်းအိုးကိုဆေးလိုလျှင် အနားစွန်းကကိုင်ပြီး မှောက်၍ခါပစ်လိုက်၊ လှန်၍ခါပစ်လိုက်ဖြင့် အကြိမ်ကြိမ်လှုပ်၍ ခါသကဲ့သို့ ငါသည် ရဟန်းဂေါတမကို ဝါဒလမ်းစဉ်ဖြင့် အပြစ်တင်ဆို၍ မှောက်၍လည်း ခါမည်၊ လှန်၍လည်း ခါမည်၊ အကြိမ်ကြိမ်လည်း ကိုင်လှုပ်၍ခါပေအံ့။

၄။ အနှစ်ခြောက်ဆယ်ရှိမှ အားအင်ပလယုတ်လျော့လျက်ရှိသော ဆင်ပြောင်ကြီးသည် နက်လှစွာသော ရေကန်တွင်းသို့ သက်ဆင်း၍ ပိုက်ချည်မျှင် ဖွပ်လျှော်သည်နှင့် တူသော ကစားခြင်းမျိုးကို ကစားသကဲ့သို့ ဆင်ပြောင်ကြီးသည် နှာမောင်းဖြင့် ရေကိုယူ၍ ဦးကင်း၌ တစ်ကြိမ်၊ ကျောက်ကုန်း၌တစ်ကြိမ် နံပါးနှစ်ဖက်နှင့်ပေါင်ကြားတို့၌ ပက်ဖျန်းကစားသကဲ့သို့၊ ငါသည် ရဟန်းဂေါတမကို ပိုက်ဆံချည်မျှင် ဖွပ်လျှော်သည်နှင့် တူသောကစားခြင်းမျိုးကို ကစားပေအံ့။ (ပိုက်ဆံချည်မျှင်ဖွပ်လျှော်ပုံမှာ လူတို့သည် ပိုက်ဆံပင်တို့ကို စည်းနှောင်ပြီး ရေ၌စိမ်ထားကြ၏။ သုံးရက်ရှိ၍ ပိုက်ဆံပင်ရိုးတို့ ကောင်းစွာရေနူးကြလျှင် လူတို့သည် ပိုက်ဆံချည်မျှင်တို့ကိုစုစည်း၍ ဆုပ်ကိုင်ပြီး လက်ဝဲဘက်၊ လက်ယာဘက်၊ ရှေ့တည့်တည့် နေရာသုံးခု၌ထားရှိသည့် ပျဉ်ချပ်သုံးခုပေါ်သို့ လက်ဝဲဘက် ပျဉ်ချပ်ပေါ် ရိုက်လိုက်၊ လက်ယာဘက်ပျဉ်ချပ်ပေါ် ရိုက်လိုက် ရှေ့ တည့်တည့်တို့ကို ရိုက်လိုက်ဖြင့် ပိုက်ဆံချည်မျှင်တို့ကို ရိုက်နှက်ဖွပ်လျှော်ရန် အရက်သေစာများ သောက်စား၍ တစ်ပျော်တစ်ပါး ကစားပွဲသဏ္ဌာန် ပြုလုပ်လေ့ရှိသည်ကို ပိုက်ဆံချည်မျှင်ဖွပ်လျှော်သော ကစားမျိုးဟူ၍ ခေါ်ဆိုခြင်း ဖြစ်သည်။)

ထိုနောက် သစ္စကပရိဗိုဇ်သည် လိစ္ဆဝီမင်းငါးရာတို့အား ရှေ့ဆောင်ခေါ်ငင်၍ မဟာဝုန်တောအတွင်း ကူဋာဂါရကျောင်းတိုက်ရှိရာသို့ ရှေ့ရှုသွားကြလေ၏။

ထိုအခါ အချို့သောလိစ္ဆဝီမင်းတို့က သစ္စကဆရာပင် သာလွန်၍ တတ်သဖြင့် မြတ်စွာဘုရားကို ဝါဒအားဖြင့် နှိမ်နင်းနိုင်မည်လော၊ ဂေါတမမြတ်စွာ ဘုရားကပင် ဆရာသစ္စကကို ဝါဒ တင်နိုင်လိမ့်မည်လောဟူ တွေးတော ပြောဆိုကြ၏။ အချို့သောမင်းတို့ကလည်း "ဘုရားဂေါတမကို ပြိုင်၍ နိုင်ရိုးမရှိချေ၊ သစ္စကဆရာဝယ် အဘယ်ဗြဟ္မာ၊ ဘယ်သိကြား၊ ဘယ်နတ်များက စွဲကပ်၍တတ်နိုင်ချေအံ့နည်း" ဟူ ဆို၏။ ထိုသို့ဖြစ်ကြသော်လည်း ပညာရှိနှစ်ပါး၏ တရားနှီးနှောသံကို နားခံရအောင်လိုက်ကြမည်ဟုဆို၍ လိုက်လာ

ကြ၏။ ဝေသာလီပြည်သူတို့လည်း ပွဲကြီး ပွဲကောင်းကိုကြည့်အံ့ဟု လိုက်လာကြရာ၊ များပြားလှသောပရိသတ်ကြီး ဖြစ်လေ၏။

**မဟာကရုဏာတော်**

မြတ်စွာဘုရား သည်လည်း ထိုနံနက် အရုဏ်တက်သော အခါကပင် ဓမ္မတာ ဝင်စားမြဲဖြစ်သော မဟာကရုဏာ သမာပတ်မှ ထတော်မူ၍ တစ်သောင်းသောစကြာဝဠာတိုက်၌ ကျွတ်ထိုက်သောဝေနေယျတို့ကို သမန္တစက္ခုဖြင့် ရှုတော်မူလျှင်၊ နက်ဖြန် ၌ စစ္စကပရိဗိုဇ်သည် လိစ္ဆဝီမင်းတို့ကိုခေါ်ဆော၍ ငါဘုရားအပေါ်၌ အပြစ်တင်ပြောဆိုရန် လာလိမ့်မည်ကို ကုန်စင်စွာသိတော်မူလင့်၍ ပြုသင့်သမျှသော ဆွမ်းကိစ္စကို ပြည့်စုံစေပြီးသော် ပရိသတ် အများဆိုင်ရန် ချမ်းသာမည့် အရပ်၌ ငါနေအံ့ဟု ကျောင်းတော်မှ မဝေးမနီး ကြီးစွာသောသစ်ပင်ရိပ်အောက်၌ သီတင်းသုံးနေတော်မူ၏။

သစ္စကလည်း အဆုံးအခြားမရှိ များပြားလှသော ပရိသတ်တို့နှင့်တကွ ကူဋာဂါရသို့ရောက်၍ ဘုရားသခင်ကိုမမြင်သေးသော် သံဃာတော်တို့အား "ဘုရားဂေါတမသည် အဘယ်ဌာနခွဲ ရှိသနည်း"ဟု မေးမြန်း၍ "နေ့သန့်ရာသစ်ပင်ရင်း၌ သီတင်းသုံးတော်မူသည်"ဟုပြောလျှင် ထိုသစ်ပင်သို့ ချဉ်းကပ်လေ၏။ အထံတော်သို့ ရောက်သောကာလ ချမ်းမြေ့သာယာသော အလ္လာပ သလ္လာပစကားကို လျှောက်ကြားပြောဆို၍ နေကြ၏။

ထိုသို့နေပြီးမှ သစ္စကဆရာသည် မြတ်စွာဘုရားအား "အရှင်ဂေါတမ-အကျွန်ုပ်အား အခွင့်ပြုပါလျှင်ပြဿနာတစ်ခုကိုမေးလိုပါသည်။ ထိုပြဿနာကို ဖြေတော်မူအံ့လော"ဟု လျှောက်၏။ ဘုရားသခင်ကလည်း....

"အချင်းအဂ္ဂိဝေဿန ပြဿနာဖြေရသော အရာဝယ် ငါ၌ ဝန်လေးသောမည်သည်မရှိ၊ အလိုရှိသမျှကိုပင် မေးလော့"ဟု ခွင့်ပေးတော်မူ၏။

ထိုသို့အခွင့်ရသောအခါ ဆရာသစ္စကလည်းအထက်ကအရှင်အဿဇိဖြေသော ပြဿနာစဉ်ဝါဒကိုတင်လိုရကား "အရှင်ဂေါတမ တပည့်သာဝကတို့ကို အဘယ်သို့ဆုံးမတော်မူသနည်း၊ တပည့်သာဝကတို့အား မှတ်သားသိစေခြင်းငှာ အဘယ်ဒေသနာဖြင့် အနုသာသနီကို ပြုပါသနည်း"ဟု လျှောက်၏။

## ဘုရားမြတ်စွာအဖြေ

ဘုရား သခင်လည်း အရှင်အဿဇိ ဖြေသောအတိုင်းပင် ဖြေတော်မူ၏။

ရူပံ ဘိက္ခဝေ အနိစ္စံ၊ ဝေဒနာ အနိစ္စာ၊ သညာ အနိစ္စာ၊ သင်္ခါရာ အနိစ္စာ၊ ဝိညာဏံ အနိစ္စံ၊ ရူပံ ဘိက္ခဝေ အနတ္တာ၊ ဝေဒနာ အနတ္တာ၊ သညာ အနတ္တာ၊ သင်္ခါရာ အနတ္တာ၊ ဝိညာဏံ အနတ္တာ၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ၊

ဟူသော ဒေသနာကို ဟောတော်မူ၏။

အဓိပ္ပာယ်ကား — အချင်းအဂ္ဂိဝေဿန၊ တပည့်သာဝကတို့အား ငါဘုရား ဆုံးမလေ့ရှိသော အနုသာသနီမှုကား—

"ချစ်သားရဟန်းတို့- လောက၌ လူနတ်ဗြဟ္မာ သတ္တဝါဟု သမုတ်ကြသည်ကား ခန္ဓာငါးပါး၏ အစုသာဖြစ်သည်။ ထိုငါးပါးတို့တွင် အကြင်နှစ်ဆယ့်ရှစ်ပါး ရုပ်တရားတို့၏ အပေါင်းဖြစ်သော ရူပက္ခန္ဓာသည်လည်း မြဲစွာတည်သော သဘောမရှိ။ မိမိကိုယ်လည်းမဟုတ်ချေ၊ ဝေဒနာသုံးပါး၊ ဝေဒနာငါးပါး ဝေဒနာခြောက်ပါး တရားအစုဖြစ်သော ဝေဒနာက္ခန္ဓာသည်လည်း မြဲစွာတည်တတ်သော သဘောမရှိ၊ မိမိကိုယ်လည်းမဟုတ်၊ ပညာနှစ်ပါး၊ ပညာခြောက်ပါး တရားအစုဖြစ်သော ပညာက္ခန္ဓာသည်လည်းကောင်း၊ ဖဿ ဝေဒနာ စသည်ဖြင့် ပြားသော ငါးဆယ်သော စေတသိက်ဟု ဆိုအပ်သော သင်္ခါရက္ခန္ဓာသည်လည်းကောင်း၊ စိတ်တစ်ခုယုတ် ကိုးဆယ် အကျယ်တရာ့နှစ်ဆယ့်တစ်ပါးဟု ဆိုအပ်သော ဝိညာဏက္ခန္ဓာသည်လည်းကောင်း၊ မြဲစွာတည်တတ်သော သဘောမရှိ၊ မိမိ၏ကိုယ်လည်းမဟုတ်၊ ဒုက္ခရှစ်ပါး၊ ဒုက္ခ တစ်ဆယ့်နှစ်ပါးတို့သာ သက်ဝင်ရာရှိချေသည်။ ထို့ကြောင့် ဤခန္ဓာ၌ အာသာငမ်းငမ်း စွဲလမ်းတပ်မက်ခြင်းကို မဖြစ်စေလင့်၊ ဤသို့သော နည်းအစးဖြင့် ငါဘုရား ဆုံးမလေ့ပြုသတည်း" ဟု ပြောတော်မူသော်....

**ဝါဒတင်ပြီ**

အယူတိမ်းလှသော သစ္စကလည်း သမ္မာသမ္ဗုဒ္ဓ၏ ဒေသနာကို ပုံဆောင်ကာပယ်လိုရကား "ဘုရားဂေါတမ၊ အရှင်ကဲ့သို့ ပေါက်ဖောက်ပြန်ပြန်ကြံ၍ဆုံးမသော်၊ ဤလောက၌ ဝိပဿနာချည်းဖြစ်ရာသည်တကား၊ မြေမှပွားစီးသော သစ်ပင်သည် မြေကြီးသာလျှင် တည်ရာမှီရာ ဖြစ်သကဲ့သို့ ထို့အတူ သတ္တဝါတို့သည်လည်း ခန္ဓာငါးပါး၌တည်၍သာလျှင် ချမ်းသာဆင်းရဲကို ခံစားရသည်။ ကုသိုလ် အကုသိုလ် တရားကို အားထုတ်ရသည်။ မင်္ဂဖိုလ်ချမ်းသာကို ဖွေရှာကြရသည် မဟုတ်လော။ မပျက်စီးသေးသော ကာလ၌ အတ္တဟုထင်ရှားရှိပါလျက် သဗ္ဗေ ဓမ္မာ အနတ္တာ-ဟု ပြောပြခြင်းကား အဘယ်သို့သင့်ချေအံ့နည်း" ဟု ဆို၏။

**သစ္စကကို ချည်နှိတုပ်နှိပြီ**

ထိုစကားကိုကြားလျှင် ဘုရားသခင်ကလည်း ''အချင်းအဂ္ဂိဝေဿန၊ ရုပ်သည် ငါ၏ကိုယ် အတ္တတည်း၊ ဝေဒနာသည် ငါ၏ကိုယ် အတ္တတည်း၊ သညာသည် ငါ၏ကိုယ် အတ္တတည်း၊ သင်္ခါရတို့သည် ငါ၏ကိုယ် အတ္တတည်း၊ ဝိညာဏ် ခြောက်ပါးသည် ငါ၏ကိုယ် အတ္တတည်းဟု သင် ဆိုလို သလော''ဟု မေး၏။ သစ္စကလည်း ''ရဟန်းဂေါတမသည် ငါ၏ (အတ္တ ဝါဒ)ကို မတိမ်းမရှောင်နိုင်အောင် ပရိသတ်ရှေ့တွင် ပြောဆိုစေ၊ ဝန်ခံ စေ၏။ အကယ်၍ အမှားတစ်စုံတရာ ဖြစ်ပေါ်လာလျှင် ငါတစ်ဦးတည်း ကိုသာ ဖိနှိပ်လေလိမ့်မည်။ ဤအတ္တဝါဒကိုစေသာလိပ်ပြည်သူအများခေါင်း ပေါ်သို့လည်း ပစ်ချပအံ့''ဟု ကြံစည်၍....

''အရှင်ဂေါတမ၊ ကျွန်ုပ်သာ ငါ၏ကိုယ်ဟူ၍ အယူရှိသည်မဟုတ်၊ ဤပရိသတ်လေးပါး လူအများပင် မှတ်ထင်ခေါ်ဆိုကြပါ၏''ဟု ဆိုသော်၊ မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်ကား ပြည်သူတို့အပေါ် ပုံချ၍ ကိုယ် လွတ်ရုန်းနေပြီကို သိ၏။ ထိုသစ္စကအား ကိုယ်လွတ် ရုန်းခွင့် မရအောင် ပရိသတ်မှ သီးခြားဖတ်ရန် တစ်ယောက်တည်းနှိမ်နင်းအံ့-ဟုကြံစည်တော် မူပြီးလျှင်....

''သစ္စကသူတစ်ပါးတို့အပေါ်၌ သင်ပစ်၍မတင်လင့်၊ မိမိဝါဒ ကိုသာ သင်ဖြေဆိုလော့''ဟု တိုက်တွန်းတော်မူပြန်၏။ သစ္စကလည်း လွဲချ ခြင်းငှာ မတတ်သာရကား ''ဘုရားဂေါတမ၊ အကျွန်ုပ်သည် ဤခန္ဓာကို ငါ၏ကိုယ် အတ္တတည်း၊ ဝေဒနာသည် ငါ၏ကိုယ် အတ္တတည်း သညာသည် ငါ၏ကိုယ် အတ္တတည်း၊ သင်္ခါရတို့သည် ငါ၏ကိုယ် အတ္တတည်း၊ ဝိညာဏ် ခြောက်ပါးတို့သည် ငါ၏ကိုယ် အတ္တတည်းဟု အကျွန်ုပ် အယူရှိပါ၏''ဟု ဝန်ခံ၏။

ထိုစကားကိုကြားလျှင် ဘုရားသခင်လည်း ရှင်လှသောမျက်နှာဖြင့် ''အဂ္ဂိဝေဿန—ဤငါးဝသောခန္ဓာကို ငါ၏ကိုယ်ပင်ဟု သင်ဝန်ခံသော် တစ်ဖန် သင့်ကို ငါမေးဦးအံ့၊ အကြင် ပြည့်ရှင်မင်းတို့သည် မိမိ ပိုင်သော နိုင်ငံအတွင်း၌ နှိပ်နင်း ကွပ်ညှပ်ထိုက်သူကိုလည်း နှိပ်နင်း ကွပ်ညှပ်ခြင်း ငှာ၊ နှင်ထုတ်ထိုက်သောသူကိုလည်း နှင်ထုတ်ခြင်းငှာ၊ ချီးမြှောက်ထိုက် သောသူကိုလည်း ချီးမြှောက်ခြင်းငှာ အာဏာရှိသည် မဟုတ်လော''ဟု မေး၏။ ''အာဏာရှိသည် မှန်ပါသည်''ဟု ဝန်ခံလျှင် ''သင်၏ရုပ်တရား သည် မတင့်တယ်သောအားဖြင့် ငါမဖြစ်လို၊ ကြည်ညို နှစ်သက်စဖွယ် တင့်တယ်လှပသည့်ဖြစ်လို၏ ဟူ၍လည်းကောင်း၊ ဆံဖြူသွားကျိုး သားရေ တွန့်တို အိုခြင်းသို့ မရောက်ပဲ တစ်ဆယ့်ခြောက်နှစ်ရွယ်သာ တည်လိုပါ၏

ဟူ၍လည်းကောင်း သင်၏ အလိုသည်ဖြစ်၏၊ ထိုအလိုအတိုင်း သင်၏ ရှပ်ကို လိုက်စေခြင်းငှာ အစိုးရပါ၏လော''ဟု မေး၏။

**အကျပ်အတည်းကျမှုံ**

ထိုအမေးကို ကြားသောအခါ ဆရာသစ္စကလည်း အကယ်၍ ငါ၏ရုပ်သည် ငါ၏အလိုသို့လိုက်၏ဟု ဖြေချသော် လိစ္ဆဝီမင်းတို့သည် တာဝတိံသာနတ်နှင့်တူသော ကိုယ်ခန္ဓာဖြင့် အဆင်းလည်းလှ တင့်တယ်လျက် ရှိကြသဖြင့် လိစ္ဆဝီမင်းအပေါင်းတို့ ထ၍ ''ဆရာ့ရုပ်သည် ငါတို့ကဲ့သို့ လှပ တင့်တယ်ပါစေလော့''ဟု ဆိုရာ၏။ အလိုသို့ မလိုက်ပေဟု ဆိုချေလျှင်လည်း အရှင်ဂေါတမ၏ အနတ္တ ဟူသောစကားသည် ဆိုပိုင်၍ ငါ့ကို နိုင်တော့မည်ဟု စဉ်းစားလျက် မည်သည့် စကားကိုမျှမဆိုပဲ ဆိတ်ဆိတ်သာ နေလေ၏။

ထိုအခါ မြတ်စွာဘုရားကလည်း ''သစ္စက....ဤဝါဒကို သင်ချေဆိုဦးလော့''ဟု နှစ်ကြိမ်မြောက် တိုက်တွန်းတော်မူ၏။ ထိုအခါလည်း သစ္စကပရိဗိုဇ်သည် အဖြေမပေးဘဲ ဆိတ်ဆိတ်သာနေ၏။ အထူးအားဖြင့် မြတ်စွာဘုရားရှင်က သုံးကြိမ်တိုင်တိုင် မေးမြန်းအပ်ပါလျက် မဖြေကြားလျှင် မြတ်စွာဘုရားအား ညွှဉ်းပမ်းရာကျသဖြင့် ထိုသူ၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲရာ၏။ ထို့ကြောင့် အကြောင်းအရာ တစ်မျိုးပြောင်း၍ မိန့်တော်မူ၏။ ထိုအခါ နတ်ရွာနှစ်ထပ်ကို အစိုးရသော သိကြားမင်းသည် ဘီလူးအသွင် ဖန်ဆင်းလျက် သံဝဇီရစိန်ဖြင့် ပြုလုပ်သော တင်းပုတ်တို့ဖြင့် နှက်အံ့သကဲ့သို့ရွယ်လျက် ''ဟယ်....သစ္စက၊ အဘယ်ကြောင့် မေးတော် မူသည် ကို မလျှောက်ဆိုသနည်း၊ အကယ်၍ မဖြေကြားပဲ နေခဲ့လျှင် ဦးခေါင်းကို ခုနစ်စိပ်ခွဲအံ့''ဟု ခြိမ်းခြောက်သည့်ပုမာ သစ္စက၏အထက် ကောင်းကင်၌ ရပ်တည်လျက်နေ၏။ ထိုသို့ ဘီလူးအသွင်ဖြင့် ဝဇီရစိန်လက်နက် စွဲကိုင် ခြိမ်းခြောက်လာသော သိကြားကို ဘုရားသခင်နှင့် သစ္စကတို့သာ မြင်ရသည်။ အခြားပရိသတ် တစ်ဦးတစ်ယောက်မျှ မမြင်ကြရချေ။

**သစ္စကကြီး အရှုံးပေးရပြီ**

(ဤမှစ၍ အရေးပါသောအကြောင်းအရာများဖြစ်၍ မဟာဗုဒ္ဓဝင် တတိယတွဲ၊ စာမျက်နှာ ၄၅၃ မှစ၍ ၄၇၀ အထိတွင် အရေးကြီးသော အခန်းများကို ဖော်ပြပါအံ့။)

ဘီလူးအသွင် ဖန်ဆင်းအပ်သော သိကြားမင်းကို မြင်ရလေလျှင် သစ္စက၏တစ်ကိုယ်လုံးမှ ချွေးသီးချွေးပေါက်ကြီးများ ထွက်၍လာကုန်၏။ ဝမ်းဗိုက်အတွင်း တစ်ခုလုံးသည် ပတ်ပတ်လည်လျက်ကြီးစွာသောအသံကို

မြည်လေ၏။ သစ္စကသည် ''အခြားသူများလည်း မြင်ကြသလော'' ဟုကြည့်ရှုလတ်သော်၊ တစ်ဦးတစ်ယောက်၏ ကြက်သီးမွေးညှင်းထခြင်းကိုမျှ မမြင်ရချေ။ ထိုအခါ ''ဤလူများအပေါင်းသည် ဘီလူးကို မမြင်ကြရချေ'' သို့ရကား ဤကြောက်ခြင်းသည် ငါတစ်ဦးတည်း၏ သန္တာန်မှာသာ ဖြစ်ချေသည်။ ငါသည် အာယ၌ ''ဘီလူးကြီး'' ဟု ပြောချေက ''သင်သာလျှင် ဘီလူးကို မြင်ဘိ၏။ အစက ဘီလူးကိုမမြင်ရပဲ ရဟန်းဂေါတမနှင့် ဝါဒပြိုင်ပွဲ ဆင်နွှဲမှသာလျှင် ဘီလူးကို မြင်ဘိ၏'' ဟု ပြောကြကုန်လေရာ၏'' ဟု ဆင်ခြင်စဉ်းစားမိပြီးလျှင် ''ဤနေရာ၌ ယခုအခါ ရဟန်းဂေါတမကိုထား၍ အခြားကိုးကွယ်ရာဖြစ်ဖို့ မရှိတော့ပြီ'' ဟု ကြံစည်အောက်မေ့ကာ သစ္စကပရိဗိုဇ်သည် ကြောက်ရွံ့ထိတ်လန့် ကြက်သီးမွေးညှင်းထလျက် မြတ်စွာဘုရားကိုသာလျှင် မှီခိုရာ ပုန်းအောင်းရာ ကိုးကွယ်ရာဟု ရှာမှီးလျက် မြတ်စွာဘုရားရှင်ကို....

''အရှင်ဂေါတမသည် အကျွန်ုပ်ကို မေးပါလော့၊ ဖြေကြားပါအံ့''

ဟူ၍ လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် သစ္စကပရိဗိုဇ်ကို....

''သစ္စကပရိဗိုဇ်... အကြင်ရုပ်ကို 'ရုပ်သည် ငါ၏ ကိုယ်အတ္တတည်း' ဟု သင်ဆို၏၊ ထိုရုပ်၌ 'ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ရုပ်သည် ဤသို့ မဖြစ်စေလင့် ဟု သင်အမိန့်ပေးနိုင်သလော''

ဟု မေးတော်မူ၏။

''အရှင်ဂေါတမ.... အမိန့်မပေးနိုင်ပါ''

''သစ္စကပရိဗိုဇ်.... စဉ်းစား၍ ဖြေကြားလော့၊ သင်၏ရှေ့စကားနှင့် နောက်စကား၊ နောက်စကားနှင့် ရှေ့စကားတို့သည် အချင်းချင်း မဆက်စပ်ပါတကား''

ဟု မိန့်တော်မူပြီးလျှင် မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်ကို....

''သစ္စကပရိဗိုဇ်.... အကြင်ဝေဒနာကို 'ဝေဒနာသည် ငါ၏ကိုယ်အတ္တတည်း' ဟု သင်ဆို၏။ ထိုဝေဒနာ၌ 'ငါ၏ ဝေဒနာသည် ဤသို့ဖြစ်စေ၊ ငါ၏ဝေဒနာသည် ဤသို့မဖြစ်စေလင့်' ဟု သင်အမိန့်ပေးနိုင်သလော''

ဟု မေးတော်မူ၏။

''အရှင်ဂေါတမ.... အမိန့်မပေးနိုင်ပါ''

''သစ္စကပရိဗိုဇ် စဉ်းစား၍ ဖြေကြားလော့၊ သင်၏ ရှေ့စကား၊ နှင့် နောက်စကား၊ နောက်စကားနှင့် ရှေ့စကားတို့သည် အချင်းချင်း မဆက်စပ်ပါတကား''

ဟုမိန့်တော်မူပြီးလျှင် မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်ကို....

"သစ္စကပရိဗိုဇ် . အကြြင်သညာကို 'သညာသည် ငါ၏ကိုယ် အတ္တတည်း'ဟု သင်ဆို၏။ ထိုသညာ၌ 'ငါ၏သညာသည် ဤသို့ဖြစ်စေ၊ ငါ၏သညာသည် ဤသို့မဖြစ်စေလင့်'ဟု သင် အမိန့်ပေးနိုင်သလော"ဟု မေးတော်မူ၏။

''အရှင်ဂေါတမ.... အမိန့်မပေးနိုင်ပါ'

ဟူ၍ သစ္စကသည် ပြန်ကြားလျှောက်ထားလေ၏။

''သစ္စကပရိဗိုဇ်.... စဉ်းစား၍ ဖြေကြားလော့၊ သင်၏ ရှေ့စကား နှင့် နောက်စကား၊ နောက်စကားနှင့် ရှေ့စကားတို့သည် အချင်းချင်း မဆက်စပ်ပါတကား''

ဟု မိန့်တော်မူပြီးလျှင် မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်ကို...

'သစ္စကပရိဗိုဇ်အကြြင်ဝိညာဏ်ခြောက်ပါးကိုဝိညာဏ်ခြောက်ပါး သည်'ငါ၏ကိုယ်အတ္တတည်း'ဟု သင်ဆို၏။ထိုဝိညာဏ်ခြောက်ပါး၌'ငါ၏ ဝိညာဏ်ခြောက်ပါးသည်ဤသို့ဖြစ်စေ၊ငါ၏ဝိညာဏ်ခြောက်ပါသည် ဤသို့ မဖြစ်စေလင့်'ဟု သင်၏ဖို့ရာ အမိန့်ပေးနိုင်သလော''ဟု မေးတော်မူ၏။

''အရှင်ဂေါတမ....အမိန့်မပေးနိုင်ပါ''ဟူ၍ သစ္စကသည် မြတ်စွာ ဘုရားအား ပြန်ကြား လျှောက်ထားလေ၏။

''သစ္စကပရိဗိုဇ်....စဉ်းစား၍ ဖြေကြားလော့၊ သင်၏ ရှေ့စကား နှင့် နောက်စကား၊ နောက်စကားနှင့် ရှေ့စကားတို့သည် အချင်းချင်း မဆက်စပ်ပါတကား''

ဟု မြတ်စွာဘုရားသည် မိန့်ကြားတော်မူလေ၏။

ထို့နောက်မှ မြတ်စွာဘုရားသည် ''တေပရိဝဋ္ဋ မမ္မဒေသနာတရား' တစ်ခုတစ်ခုအတွက် သုံးပြန်ကျော့၍ မေးမြန်း ဖြေကြား ဟောကြား အပ်သည့် တရားဒေသနာဖြင့်'' သစ္စကပရိဗိုဇ်ကို ဆုံးမတော်မူလိုသဖြင့်....

(က) 'သစ္စကပရိဗိုဇ်.... ရုပ်သည် မြဲသလော၊ မမြဲသလော''

ဟု မေးတော်မူသောအခါ သစ္စကပရိဗိုဇ်သည်....

''အရှင်ဂေါတမ မမြဲပါ''

ဟု ဖြေကြား လျှောက်ထားလေ၏။ (၁)

''မမြဲသောအရာသည် ဆင်းရဲမှု ဖြစ်လေသလော၊ ချမ်းသာမှု ဖြစ် လေသလော''

ဟု မြတ်စွာဘုရားက မေးတော်မူသောအခါ သစ္စကပရိဗိုဇ်သည် ''အရှင်ဂေါတမ....ဆင်းရဲမှု ဖြစ်ပါ၏''

ဟု ဖြေကြား လျှောက်ထားလေ၏။ (၂)

"မမြဲခြင်း၊ဆင်းရဲခြင်း ဖောက်ပြန်ခြင်း သဘောရှိသော ထိုရုပ်ကို 'ဤရုပ်သည် ငါ၏ **ကိုယ်ပိုင်**ဥစ္စာဖြစ်၏ (ဟူ၍ တဏှာဖြင့်)ဤရုပ်သည် ငါ ဖြစ်၏(ဟု မာနဖြင့်) ဤရုပ်သည် ငါ၏ **ကိုယ်**အတ္တ ဖြစ်၏(ဟု ဒိဋ္ဌိဖြင့်) **အလွဲလွဲရှု**ခြင်းငှာ လျော်ကန်မည်လော"

"အရှင်ဂေါတမ မလျော်ကန်ပါ"

ဟု ဖြေကြား လျှောက်ထားလေ၏။ (၃)

(ခ) သစ္စကပရိဗိုဇ်....ခံစားမှု ဝေဒနာသည် **မြဲ**သလော၊ မမြဲသလော။

(ဂ) မှတ်သားမှု သညာသည် မြဲသလော။ မမြဲသလော။

(ဃ) ပြုပြင်စီရင်မှု **သင်္ခါရ**တို့သည် မြဲသလော၊ **မမြဲသလော။**

"အရှင်ဂေါတမ မမြဲပါ" ဟု ဖြေကြား လျှောက်ထားလေ၏။

(င) **သစ္စက**ပရိဗိုဇ်....ယခု မြင်မှု၊ ကြားမှု၊ **နံ**မှု၊ လျက်မှု၊ ထိမှု၊ **သိမှု တည်း**ဟူသော ဝိညာဏ်ခြောက်ပါးသည် မြဲသလော၊ မမြဲသ**လော**"

"အရှင်ဂေါတမ မမြဲပါ"

ဟု ဖြေကြား လျှောက်ထားလေ၏။ (၁)

"မမြဲ**သော**အရာသည် ဆင်းရဲမှု ဖြစ်သလော၊ **ချမ်း**သာမှု ဖြစ်သလော"

ဟု မြတ်စွာဘုရားက မေး**တော်**မူသောအခါ သစ္စကပရိဗိုဇ်သည် "အရှင်ဂေါတမ...ဆင်းရဲမှု ဖြစ်ပါ၏" ဟု ဖြေကြား **လျှောက်** ထားလေ၏။ (၂)

"မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန်ခြင်း သဘောရှိသော ထို ဝိညာဏ်ခြောက်ပါးကို 'ဤဝိညာဏ်သည် ငါ၏ **ကိုယ်** ပိုင် ဥ**စ္စာ** ဖြစ်၏ (ဟု **တဏှာ**ဖြင့်) ဤဝိညာဏ်သည် ငါ ဖြစ်၏(ဟု မာနဖြင့်) ဤဝိညာဏ် သည် ငါ၏ ကိုယ်အတ္တ ဖြစ်၏(ဟု ဒိဋ္ဌိဖြင့်) အလွဲလွဲ ရှုခြင်းငှာ လျော်ကန် မည်လော"

အရှင်ဂေါတမ၊ မလျော်ကန်ပါ"ဟုဖြေကြားလျှောက်ထားလေ၏။

ဤသို့လျှင် မြတ်စွာဘုရားသည် ဥပမာ **အား**ဖြင့် **လိမ္မာ**လှသော အလမ္ဘာယ်ဆရာသည် ထိုထိုမြွေကိုက်ခံရသူတို့၏ **မြွေကိုက်ရာ ခန္ဓာ**အစိတ် **အပိုင်း၌ ကျရောက်**တည်ရှိနေသောမြွေဆိပ်ကို ထိုကိုက်သော**မြွေ**ကိုပင်လျှင် တစ်ဖန်စုပ်ယူစေသကဲ့သို့၊ ဤအတူ ထိုလိစ္ဆဝီပရိသတ်အလယ်၌ပင် သစ္စက ပရိဗိုဇ်ကို "ခန္ဓာငါးပါးတို့သည်နိစ္စ၊သုခ၊အတ္တတည်း" ဟူ၍ ပြောဆိုခဲ့သော သူ၏ ခံတွင်းဖြင့်ပင် "ခန္ဓာ ငါး ပါး တို့ သည် အနိစ္စ၊ ဒုက္ခ၊ **အနတ္တ**

ဖြစ်ကုန်၏’ဟူ၍ ဝန်ခံစေတော်မူ၏။ (သစ္စက၏ ခံကွင်းမှနှုတ်မြွက် ထွက်ပေါ်လာသည့် ‘‘အတ္တ’’ဝါဒ တည်းဟူသော အဆိုကို သစ္စက၏ ခံတွင်းဖြင့်ပင် ပရိသတ်အလယ်၌ ‘‘အနတ္တ’’ ဟုနှုတ်မြွက်ဝန်ခံစေ ထုတ်ယူစေတော်မူ၏။)

ဤမျှသောစကားအစဉ်ဖြင့် မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်ကို ပရိသတ်၏အလယ်၌ပင် ‘‘ခန္ဓာငါးပါးတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ကုန်၏’’ ဟူ အတိအလင်း နှုတ်မြွက် ဝန်ခံစေတော်မူပြီး၍၊ ယခုအခါ သစ္စကပရိဗိုဇ်ကို ဦးခေါင်း၌ငိုက်စိုက်ကျလျက် မျက်နှာကို အောက်ချအောင် ဆုံးမနှိမ်နင်းတော်မူလိုသည် ဖြစ်၍၊ ဤဆိုလတ္တံ့သောအတိုင်း မေးမြန်းတော်မူပြန်လေသည်။

‘‘သစ္စကပရိဗိုဇ်၊ အကြင်သူသည် ဆင်းရဲဒုက္ခကို တွယ်တာလျက် ဆင်းရဲဒုက္ခတို့ ကပ်ရောက်လျက်၊ ဆင်းရဲဒုက္ခသို့ ဝင်လျက်၊ ဆင်းရဲဒုက္ခ (ခန္ဓာငါးပါး) ကိုပင် ဤဆင်းရဲဒုက္ခသည် ငါ၏ ကိုယ်ပိုင်ဥစ္စာ ဖြစ်၏ (ဟူ၍တဏှာဖြင့် လည်းကောင်း) ဤဆင်းရဲဒုက္ခသည် ငါ ဖြစ်၏ (ဟူမာနဖြင့်လည်းကောင်း) ဤဆင်းရဲဒုက္ခသည်ငါ၏ကိုယ်အတ္တဖြစ်၏ (ဟူ ဒိဋ္ဌိဖြင့်လည်းကောင်း) အလွဲလွဲရှု၏။ စင်စစ်သော်ကား ထိုသူသည် ကိုယ်တိုင် ဆင်းရဲဒုက္ခကို ပိုင်းခြား၍ (ပရိညာသုံးပါးဖြင့်) သိနိုင်ပါမည်လော။ ခန္ဓာငါးပါးတည်းဟူသော ဆင်းရဲဒုက္ခကို ကုန်ခန်းစေ၍သော်မူလည်း နေနိုင်ပါမည်လော’

‘အရှင်ဂေါတမ ဤအချက်သည် အဘယ် ဖြစ်နိုင်ရာပါနည်း၊ အရှင်ဂေါတမ၊ ဤအချက်သည် မဖြစ်နိုင်ရာသာတည်း’’ မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်ကို ဆက်၍....

‘‘သစ္စကပရိဗိုဇ်၊ ဤသို့ဖြစ်သော် သင်သည် (ခန္ဓာငါးပါး တည်းဟူသော) ဆင်းရဲဒုက္ခကို တွယ်တာနေသူဖြစ်၍ (ခန္ဓာငါးပါးတည်းဟူသော) ဆင်းရဲဒုက္ခသို့ ကပ်ရောက်နေသူဖြစ်၍ (ခန္ဓာငါးပါးတည်းဟူသော) ဆင်းရဲဒုက္ခသို့ သက်ဝင်နေသူ ဖြစ်၍ ထို (ခန္ဓာငါးပါး တည်းဟူသော) ဆင်းရဲဒုက္ခကိုပင် ‘‘ဤဆင်းရဲဒုက္ခသည် ငါ၏ ကိုယ်ပိုင်ဥစ္စာ ဖြစ်၏ (ဟူ တဏှာဖြင့်လည်းကောင်း) ဤဆင်းရဲဒုက္ခသည် ငါဖြစ်၏ (ဟူ မာနဖြင့် လည်းကောင်း) ဤဆင်းရဲဒုက္ခသည် ‘ငါ၏ကိုယ်’ အတ္တဖြစ်၏ (ဟူ ဒိဋ္ဌိဖြင့်လည်းကောင်း) အလွဲလွဲရှုရာရောက်သည်မဟုတ်လော’’

ဟူ၍ မေးမြန်းတော်မူလေသော် သစ္စကပရိဗိုဇ်သည် ‘‘အရှင်ဂေါတမ .. အဘယ်မှာ မရောက်ပဲ ရှိပါအံ့နည်း။ အို- အရှင်ဂေါတမ- ရှုရာ

ရောက်ပါ၏''ဟု ပန်ခံဖြေကြားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်ကို—

''သစ္စကပရိဗိုဇ်- ဥပမာအားဖြင့် အနှစ်ကို အလိုရှိ၍ အနှစ်ကိုရှာမှီးသော ယောကျ်ားသည် အနှစ်ရှာရန် လှည့်လည်သတ်သော် ထက်လှသောဓားမကိုယူ၍ တောသို့ ဝင်လေရာ၏။ ထိုယောကျ်ားသည် ထိုတောဦး၌ရှိ၍ အတွင်း၌ ဖူးတံမရှိသော ဖြောင့်ဖြူးသည့် ငှက်ပျောတုံးကို တွေ့မြင်လေရာ ထိုငှက်ပျောတုံးကို အရင်းအဖျားဖြတ်ပြီးသော် ငှက်ပျောပင်ရစ်ကို ခွာ၍ပေရာ၏။ ကိုသို့ခွာသည်ရှိသော အကာကိုမျှသော်မှလည်း မရနိုင်ခဲ့လေရာ၊ အနှစ်ကိုမူ အဘယ်မှာ ရနိုင်အံ့နည်း။

သစ္စကပရိဗိုဇ်- ကျွန်ုပ်တို့ သင့်ကို မိမိဝါဒ၌ ဝါဒပြုကာ စိစစ်အပ်သည်ရှိသော်၊ မေးမြန်းအပ်သည် ရှိသော်၊ ပြန်၍အလှန် မေးမြန်းအပ်သည်ရှိသော် သင်သည် အနှစ်တုံး၍ အသုံးမကျပဲ အကြီးအကျယ် ကျဆုံးသူဖြစ်ပေပြီ။

သစ္စကပရိဗိုဇ်- သင်သည် ဝေသာလီပြည် ပရိသတ်၌ ''ဝါဒယမ်းစဉ်ဖြင့် ငါ့အပြစ်တင်ဆိုလျှင် မတုန်မလှုပ် မယိမ်းမယိုင်မည့် လက်ကတီးကြား (ချိုင်းကြား)တို့မှ ချွေးမထွက်မည့် ရဟန်းအပေါင်းရှိသူ၊ ဂိုဏ်းရှိသူ၊ ဂိုဏ်းဆရာဖြစ်သူ သမ္မာသမ္ဗုဒ္ဓဟုဝန်ခံသူတို့ကို လည်းကောင်း၊ အရဟံဂိုဏ်းရှင် သမ္မာသမ္ဗုဒ္ဓဂိုဏ်းရှင်ဟု ဝန်ခံသူတရားကို လည်းကောင်း ငါမတွေ့မမြင်ချေ။ စိတ်မဲ့တနာမရှိသော တိုင်ကိုသော်လည်း ဝါဒယမ်းစဉ်ဖြင့် ငါ့အပြစ်တင်ဆိုလျှင် ထိုတိုင်သော်မှလည်း တုန်လှုပ်ယိမ်းယိုင်လေရာ၏။ လူဖြစ်သောသူမှာကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း''ဟု ဆိုခဲ့၏။ သစ္စကပရိဗိုဇ်- ယခုမူ သင့်မှာသာလျှင် နဖူးမှကျကုန်သော ချွေးသီးချွေးပေါက် အချို့တို့သည် အပေါ်ရုံကိုဖောက်၍ မြေကြီး၌တည်ကုန်၏။ သစ္စကပရိဗိုဇ်- ငါ့မှာမူကား ယခုကိုယ်၌ ချွေးမရှိ''ဟူ၍ မိန့်တော်မူပြီးလျှင် မြတ်စွာဘုရားသည် ထိုပွဲရိသတ်၌ ရွှေအဆင်းရှိသော ကိုယ်တော်ကို ဖွင့်လှစ်၍ ပြတော်မူ၏။

မှတ်ချက်။ ။ ကျမ်း၌ ဥပါဒိန္နက ကိုယ်ခန္ဓာ၌ ချွေးမည်သည် မရှိဟူ၍ မဆိုနိုင်၊ ထို့ကြောင့် အချိန်ဖြင့်ပိုင်း၍ (ယခုကိုယ်၌ ချွေးမရှိ)ဟု မိန့်ဆိုတော်မူခြင်း ဖြစ်လေသည်။

(ရွှေအဆင်းရှိသော ကိုယ်တော်ကို ဖွင့်လှစ်၍ပြတော်မူ၏)ဟူသော စကားရပ်၌ မြတ်စွာဘုရားသည် ကိုယ်တော်တစ်ခုလုံးကို ဖွင့်၍ပြတော်မူသည်မဟုတ်၊ ဘုရားရှင်တို့မည်သည်ကား မှတ်သီးကိုကာ မှတ်ကွင်း၌ ထပ်ဆင်၍ ဖုံးလွှမ်းအပ်သော ကိုယ်တော် ရှိကုန်လျက် ပွဲရိသတ်၌ တရားဟောတော်

မူကြမြဲ ဖြစ်ကုန်၏။ ထိုအချိန်၌ကား မြတ်စွာဘုရားသည် ရေမျှော်တော်နှင့် ရွှေ့တည့်တည့်အရပ်၌ သက်န်းတော်ကို ကိုင်တော်မူ၍ လက်လေးသစ်ခန့် ဖွင့်လှစ်၍ အောက်သို့ ချလိုက်လေသည်၊

သင်္ကန်းတော်ကို လက်လေးသစ်ခန့် အောက်သို့ လျှောချလိုက်လျှင် ပင် ရွှေရောင်အဆင်းရှိသော ပိဟာရောင်ခြည်တော်တို့သည် အစုလိုက် အစုလိုက် ဖြစ်ကြကာ ရွှေအိုးမှထွက်လာသော ရွှေနီဖလံ့ရည်အယဉ်ကဲ့သို့ လည်းကောင်း၊နီမြန်းသောတိမ်တိုက်မှ ထွက်ကျွန်းသော လျှပ်စစ်နွယ်ကဲ့သို့ လည်းကောင်း ထွက်ကြကုန်၍မြူးခတ်မူကြ၍ ရွှေမုရိုးစည်နှင့် တူသော ဦးခေါင်းတော်မြတ်ကို လက်ျာရစ်လည်ကြ၍ ကောင်းကင်သို့ ပျံတက်၍ သွားကြလေကုန်သည်။

မြတ်စွာဘုရားသည် အဘယ့်ကြောင့် ဤသို့ ပြုတော်မူသနည်းဟူမူ လူများအပေါင်း၏ ယုံမှားသံသယကို ပယ်ဖျောက်ရန် ဤသို့ ပြုတော်မူ ခြင်း ဖြစ်သည်။

ချဲ့ဦးအံ့....

လူများအပေါင်းသည် အကယ်၍ မြတ်စွာဘုရားက ထိုကဲ့သို့ ဖွင့် လှစ်၍ ပြုတော်မမူလျှင်...

"ရဟန်းဂေါတမသည် ငါ့မှာ ချွေးမရှိ" ဟု ဆို၏။ သစ္စက၏ ကိုယ်မှ ချွေးသီးချွေးပေါက်များ ထွက်ကြသည်ကိုကား ငါတို့ မျက်မြင် ပင် ဖြစ်ကြ၏။ ရဟန်းဂေါတမသည်ကား ထူထဲသော နှစ်ထပ်သင်္ကန်း ကြီးကို ရုံလျက်နေပေ၏။ သင်္ကန်းအတွင်း၌ ချွေးရှိသည် မရှိသည်ကို အဘယ် နည်းဖြင့် သိနိုင်အံ့နည်း"

ဟူ၍ ယုံမှားလေရာ၏။ (ထိုလူများအပေါင်း၏ ယုံမှားသံသယကို ပယ်ဖျောက်ရန် ဤသို့ ပြုတော်မူခြင်း ဖြစ်သည်။)

ဤသို့ မြတ်စွာဘုရားက မိန့်တော်မူအပ်သည်ရှိသော် သစ္စကပရိဗိုဇ် နှုတ်ဆိတ်၍ မျက်နှာမသာယာပဲ လည်ပင်းငိုက်စိုက်ကျကာ မျက်နှာကို အောက်ချပြီး မှိုင်တွေချလျက် ကြံရာမရပဲ ထိုင်နေလေ၏။

## ဒုမ္မုခ လိစ္ဆဝီမင်းသား ပြောပုံ

ထိုအခါ ဒုမ္မုခ-မည်သော လိစ္ဆဝီမင်းသားသည် သစ္စကပရိဗိုဇ် သည် နှုတ်ဆိတ်၍ မျက်နှာမသာယာပဲ လည်ပင်းငိုက်စိုက်ကျကာ မျက်နှာ ကို အောက်ချပြီး မှိုင်တွေချလျက် ကြံရာမရပဲ ထိုင်နေသည်ကို သိ၍....

F 15

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်ဉာဏ်မှာ ဥပမာ တစ်ခု ထင်လာပါသည်''

ဟူ၍ မြတ်စွာဘုရားအား လျှောက်ထားလေသော်....

''ဒုမ္မုခ - ထိုဥပမာကို သင်၏ဉာဏ်၌ ထင်စေလော့''

ဟု မြတ်စွာဘုရားက မိန့်တော်မူလေ၏။

ထိုအခါ ဒုမ္မုခ-လိစ္ဆဝီမင်းသားသည် မြတ်စွာဘုရားရှင်ကို....

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား....၊ ဥပမာအားဖြင့် ရွာ၏ အနီး၌ဖြစ်စေ၊ နိဂုံး၏အနီး၌ဖြစ်စေ ရေကန်သည်ရှိ၏။ ထိုရေကန်၌ ပုဇွန် လုံးသည် ရှိရာပါ၏။ ထိုအခါ များစွာသော သူငယ် သူငယ်မတို့သည် ထိုရွာ၊ ထိုနိဂုံးမှထွက်၍ ထိုရေကန်ရှိရာသို့ ချဉ်းကပ်ကြပြီးလျှင် ရေကန် တွင်းသို့ သက်ဆင်းကြ၍ ထိုပုဇွန်လုံးကို ရေမှထုတ်ဆောင်ကြကာ ကုန်း၌ တည်စေကုန်ရာ၏။ ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား....ထွက်လာ တိုင်း၊ ထွက်လာတိုင်းသော ထိုပုဇွန်လုံး၏ ခြေချောင်း လက်ချောင်း ဟူသမျှကိုပင် ထိုသူငယ် သူငယ်မတို့သည် တင်းချောင်းဖြင့်ဖြစ်စေ၊ အိုးခြမ်း ကွဲဖြင့်ဖြစ်စေ ဖြတ်ကုန်ရာ၏။ ချိုးကုန်ရာ၏။ ထက်ဝန်းကျင် ချိုးကုန် ရာ၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ဤသို့ဆိုလျှင် ထိုပုဇွန်လုံး သည် ခြေချောင်းအားလုံး လက်ချောင်းအားလုံး အဖြတ်ခံရ အချိုးခံရ ထက် ဝန်းကျင်အချိုးခံရသဖြင့် ထိုရေကန်သို့ ရှေးကကဲ့သို့ ပြန်လည်သက် ဆင်းရန် မဖြစ်နိုင်တော့သကဲ့သို့၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ဤအတူပင်လျှင် သစ္စက၏ ထောင်-ထ-လှုပ်ရှားနေသော အယူဝါဒ ခြေ ချောင်းလက်ချောင်း အားလုံးတို့ကို မြတ်စွာဘုရားသည် ဖြတ်ထားအပ်ပါ ကုန်ပြီ၊ ချိုးထားအပ်ပါကုန်ပြီ၊ ထက်ဝန်းကျင် ချိုးထားအပ်ပါကုန်ပြီ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ယခုအခါ သစ္စကသည် မြတ်စွာ ဘုရားထံသို့ အယူဝါဒ ယှဉ်ပြိုင်လိုသည်ဖြစ်၍ ပြန်လည်ချဉ်းကပ်ရန် မဖြစ် နိုင်တော့ပါ ဟူ၍ လျှောက်ထားလေ၏။

ထိုအခါ သစ္စကပရိဗိုဇ်သည် ဒုမ္မုခ လိစ္ဆဝီ မင်းသားကို-

''ဒုမ္မုခ- သင်သည် ရပ်ဆိုင်းဦးလော့၊ ဒုမ္မုခ- သင်သည် ရပ်ဆိုင်း ဦးလော့ ငါတို့သည် သင်နှင့်မပြောဆိုကြ မတိုင်ပင်ကြကုန်၊ ငါတို့သည် အရှင်ဂေါတမနှင့်သာ အတူတကွ ပြောဆိုကြ တိုင်ပင်ကြကုန်၏''

ဟု တားမြစ်စကား ပြောကြားလေသည်။

ထို့နောက်မှ သစ္စကပရိဗိုဇ်သည် အခြားသူတို့၏အကြား စကား မဝင်နိုင်အောင်စကားဆက်ကိုဖြတ်၍ မြတ်စွာဘုရားရှင်ကို-

''အရှင်ဂေါတမ-- အကျွန်ုပ်တို့နှင့် အခြားများစွာသော သမဏ ဗြာဟ္မဏတို့၏စကားသည် တည်ရှိပါစေ၊ (ထားလိုက်ပါ)။

(ထိုစကား အားလုံးသည်) ဆိုမြည်ယောင်ယမ်း သကဲ့သို့ ပြောမိပြောရာ ပြောဆိုကြသောစကားများသာ ဖြစ်ပါသည်။ အဘယ်မျှလောက်သော (အသိဉာဏ်)အတိုင်း အရှည်ဖြင့် အရှင်ဂေါတမ၏တပည့် သာဝကသည် အဆုံးအမကို လိုက်နာသူ ညွှန်ကြားချက်ကို လိုက်နာသူ ဖြစ်ပါသနည်း။ ယုံမှားခြင်းကို လွန်မြောက်လျက်၊ သို့လော သို့လော တွေးတောခြင်းကင်းလျက် ရဲရင့်ခြင်း၊ (ဉာဏ်အမြင်)သို့ ရောက်လျက် သူတစ်ပါးကို ယုံကြည်ရန် မလိုတော့သည်ဖြစ်၍ မြတ်စွာဘုရား၏ သာသနာတော်၌နေပါသနည်း''ဟူ၍ လျှောက်ထား မေးမြန်းလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် သစ္စကပရိဗိုဇ်ကို-

''သစ္စက ပရိဗိုဇ်- ဤသာသနာတော်၌ ငါ၏တပည့် သာဝကသည် ဖြစ်ပြီး၊ ဖြစ်လတ္တံ့၊ ဖြစ်ဆဲ၊ အတွင်း၊ အပ၊ အကြမ်း၊ အနု၊ အညံ့၊ အကောင်း၊ အဝေး၊ အနီး-ဤသို့အားဖြင့် တစ်ဆယ့်တစ်မျိုးပြားသော ရုပ်တရားများအားလုံးကို 'ဤရုပ်အစုသည် ငါ၏ဥစ္စာမဟုတ်၊ ဤရုပ်အစုသည် ငါမဟုတ်၊ ဤရုပ်အစုသည် ငါ၏ကိုယ် အတ္တမဟုတ်'ဟု ဤသို့ ဤရုပ်ကို အမှန်အတိုင်း ကောင်းစွာသော ဝိပဿနာဉာဏ်ပညာ မဂ်ပညာဖြင့် ရှုမြင်၏။ ခံစားခြင်း-ဝေဒနာကို (ပ)၊ မှတ်သားခြင်း-သညာကို (ပ)၊ ပြုပြင်စီရင်ခြင်း- သင်္ခါရတို့ကို (ပ)၊ ဖြစ်ပြီး၊ ဖြစ်လတ္တံ့၊ ဖြစ်ဆဲ၊ အတွင်း၊ အပ၊ အကြမ်း၊ အနု၊ အညံ့၊ အကောင်း၊ အဝေး၊ အနီး- ဤသို့အားဖြင့် တစ်ဆယ့်တစ်မျိုးပြားသော ဝိညာဏ်ခြောက်ပါး တရားအားလုံးကို 'ဤဝိညာဏ်အစုသည် ငါ၏ဥစ္စာမဟုတ်၊ ဤဝိညာဏ်အစုသည် ငါမဟုတ်၊ ဤဝိညာဏ်အစုသည် ငါ၏ကိုယ် အတ္တမဟုတ်'ဟု ဤဝိညာဏ် ခြောက်ပါး တရားအစုကို အမှန်အတိုင်း ဝိပဿနာဉာဏ်ပညာ မဂ်ပညာဖြင့် ရှုမြင်၏။

''သစ္စကပရိဗိုဇ်၊ ဤမျှသောအသိဉာဏ်အတိုင်းအရှည်ဖြင့် ငါဘုရား၏ တပည့်သာဝကသည် အဆုံးအမကိုလိုက်နာသူ၊ ညွှန်ကြားချက်ကိုလိုက်နာသူ ဖြစ်၏။ ယုံမှားခြင်းကို လွန်မြောက်လျက်၊ သို့လော သို့လော တွေးတောခြင်းကင်းလျက်၊ ရဲရင့်ခြင်း (ဉာဏ်အမြင်) သို့ ရောက်လျက် သူတစ်ပါးကို ယုံကြည်ရန် မလိုတော့သည်ဖြစ်၍ မြတ်စွာဘုရားသာသနာတော်၌နေ၏''

ဟူ၍ ဖြေကြားမိန့်ဆိုတော်မူ၏။

''အရှင်ဂေါတမ၊ အဘယ်မျှသော(အသိဉာဏ်)အတိုင်းအရှည်ဖြင့် ရဟန်းသည် အာသဝေါကုန်ပြီးသူ မဂ်အကျင့်ကိုကျင့်ပြီးသူ ပြုဖွယ်ကိစ္စကို ပြုကျင့်ပြီးသူ (ခန္ဓာ ကိလေသာ၊ အဘိသင်္ခါရ-တည်းဟူသော) ဝန်ထုပ်

သုံးမျိုးကို ချထားပြီးသူ၊ မိမိ၏ (အရဟတ္တဖိုလ်) အကျိုးစီးပွားသို့ ရောက်ပြီးသူ၊ ဘဝ အနှောင်အဖွဲ့ သံယောဇဉ် ကုန်ခန်းပြီးသူ ကောင်းစွာ သိ၍ လွတ်မြောက်ပြီးသူ ရဟန္တာပုဂ္ဂိုလ် ဖြစ်ပါသနည်း''

ဟူ၍ လျှောက်ထား မေးမြန်းလေသည်။

ထိုအခါ မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်ကို....

''သစ္စကပရိဗိုဇ် ဤသာသနာတော်၌ရဟန်းသည်ဖြစ်ပြီး၊ ဖြစ်လတ္တံ့၊ ဖြစ်ဆဲ၊ အတွင်း အပ၊ အကြမ်း အနု၊ အညံ့ အကောင်း၊ အဝေး အနီး ဤသို့အားဖြင့် တစ်ဆယ့်တစ်မျိုးပြားသော ရုပ်တရားအားလုံးကို ''ဤရုပ်အစုသည် ငါ၏ဥစ္စာမဟုတ်၊ ဤရုပ်အစုသည် ငါမဟုတ်၊ ဤရုပ်အစုသည် ငါ၏ကိုယ် အတ္တမဟုတ်'' ဟု ဤသို့ ဤရုပ်ကို အမှန်အတိုင်း ကောင်းသော ဝိပဿနာဖညာမဂ်ပညာဖြင့်ရှုမြင်ပြီး၍မစွဲလမ်းဘဲလွတ်မြောက်ပြီးခံစားခြင်း ဝေဒနာကို(ပ)၊ မှတ်သားခြင်း သညာကို(ပ)၊ ပြုပြင်စီရင်ခြင်း သင်္ခါရတို့ကို(ပ)၊ ဖြစ်ပြီး၊ ဖြစ်လတ္တံ့၊ ဖြစ်ဆဲ၊ အတွင်း၊ အပ၊ အကြမ်း၊ အနု၊ အညံ့၊ အကောင်း၊ အဝေး၊ အနီး ဤသို့အားဖြင့် တစ်ဆယ့်တစ်မျိုး ပြားသော ဝိညာဏ်ခြောက်ပါး တရားအားလုံးကို ''ဤဝိညာဏ်အစုသည် ငါ၏ဥစ္စာမဟုတ်၊ ဤဝိညာဏ်အစုသည်ငါမဟုတ်၊ ဤဝိညာဏ်အစုသည် ငါ၏ကိုယ် အတ္တမဟုတ်''ဟု ဤသို့ ဝိညာဏ်ခြောက်ပါး တရားအစုကို အမှန်အတိုင်း ဤဝိပဿနာဉာဏ်ပညာ မဂ်ပညာဖြင့် ရှုမြင်ပြီးလျှင် မစွဲလမ်းဘဲ လွတ်မြောက်ပြီ။

သစ္စကပရိဗိုဇ်၊ ဤမျှသော (အသိဉာဏ်)အတိုင်းအရှည်ဖြင့် ရဟန်းသည် အာသဝေါကုန်ပြီးသူ၊ မဂ်အကျင့်ကိုကျင့်သုံးပြီးသူ၊ ပြုဖွယ်ကိစ္စကို ပြုကျင့်ပြီးသူ (ခန္ဓာ၊ ကိလေသာ၊ အဘိသင်္ခါရ တည်းဟူသော) ဝန်ထုပ်သုံးမျိုးကို ချပြီးသူ၊ မိမိ၏(အရဟတ္တဖိုလ်)အကျိုးစီးပွားသို့ ရောက်ပြီးသူ၊ ဘဝအနှောင်အဖွဲ့ သံယောဇဉ်ကုန်ခန်းပြီးသူ၊ ကောင်းစွာ သိ၍လွတ်မြောက်သူ ရဟန္တာပုဂ္ဂိုလ်ဖြစ်၏''

ဟူ၍ ဖြေကြားတော်မူပြီးနောက် ထိုရဟန္တာပုဂ္ဂိုလ်၏ကျေးဇူးကို တစ်ဖန်ဆက်၍ ''သစ္စကပရိဗိုဇ်....ဤသို့ လွတ်မြောက်ပြီးသော စိတ်ရှိသော ရဟန်းသည် အသိဉာဏ်အမြင် ထူးခြားခြင်း၊ အကျင့်ပဋိပဒါ ထူးခြားခြင်း၊ လွတ်မြောက်မှု ထူးခြားခြင်းဟူသော = ထူးခြားခြင်း သုံးပါးတို့နှင့် ပြည့်စုံ၏။ သစ္စကပရိဗိုဇ်....ဤသို့ လွတ်မြောက်ပြီးသောစိတ်ရှိသော(ရဟန္တာ) ရဟန်းသည်–

''ထိုငါတို့ဘုရားမြတ်စွာဘုရားသည် ကိုယ်တော်တိုင် သစ္စာလေးပါး တရားကို ထိုးထွင်း သိမြင်တော်မူပြီးဖြစ်၍ ဝေနေယျကြွာ သတ္တဝါတို့

အားလည်း သစ္စာလေးပါးတရားကို သိစေခြင်းငှာ တရားကို ဟောကြားတော်မူ၏။

ထို ငါတို့ဆရာ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ယဉ်ကျေးတော်မူပြီးဖြစ်၍ ဝေနေယျကြသတ္တဝါတို့အားလည်း ယဉ်ကျေးစေခြင်းငှာ တရားကို ဟောကြားတော်မူ၏။

ထို ငါတို့ဆရာ မြတ်စွာဘုရားသည် ကိလေသာခပ်သိမ်း ငြိမ်းတော်မူပြီးဖြစ်၍ ဝေနေယျကြသတ္တဝါတို့အားလည်း ကိလေသာခပ်သိမ်း ငြိမ်းစေခြင်းငှာ တရားကို ဟောကြားတော်မူ၏။

ထို ငါတို့ဆရာ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ဩဃလေးပါးကို ကူးမြောက်တော်မူပြီး ဖြစ်၍ ဝေနေယျကြသတ္တဝါတို့အားလည်း ဩဃလေးပါးကို ကူးမြောက်နိုင်ကြစေရန် တရားကို ဟောကြားတော်မူ၏။

ထို ငါတို့ဆရာ မြတ်စွာဘုရားသည် ကိုယ်တော်တိုင်က ကိလေသာပရိနိဗ္ဗာန်ဝင်စံ အောင်ငြိမ်တော်မူပြီးဖြစ်၍ ဝေနေယျကြသတ္တဝါတို့အားလည်း ကိလေသာပရိနိဗ္ဗာန်ဝင်စံ အောင်ငြိမ်ကြစေရန် တရားကို ဟောကြားတော်မူ၏"

ဟု မြတ်စွာဘုရားကိုသာလျှင် ရှိခိုးလေးနက် မြတ်နိုးပူဇော်မှုကို ပြုလေ၏" ဟု မိန့်တော်မူ၏။

ဗုဒ္ဓေါ ဗောဓာယ ဒေသေတိ၊
ဒန္တော ဒမထာယစ။
သမထာယ သန္တော စ၊
တိဏ္ဏော တရဏာယ စ။
နိဗ္ဗုတော နိဗ္ဗာနတ္တာယ၊
တံ လောကသရဏံ နမေ။

ဗုဒ္ဓေါ=သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်သား ငါတို့ မြတ်စွာဘုရားသည်၊ ဗုဒ္ဓေါ = သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူပြီးသည်ဖြစ်၍။ ဗောဓာယစ= ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း သိကြစေခြင်းငှာ လည်းကောင်း။ ဒန္တော=ကိုယ်တိုင်ကပင် ယဉ်ကျေးတော်မူပြီးဖြစ်၍၊ ဒမထာယစ = ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း ယဉ်ကျေးကြစေခြင်းငှာ လည်းကောင်း။ သန္တော = ကိလေသာခပ်သိမ်း ကိုယ်တော်တိုင် ငြိမ်းတော်မူပြီးဖြစ်၍။ သမထာယ စ = ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း ငြိမ်းကြစေခြင်းငှာ လည်းကောင်း။ တိဏ္ဏော = ဩဃ

လေးခဏ်း ရေပြင်ကြမ်းကို ကူးသန်းထုတ်ချောက် ကိုယ်တော်တိုင် လွန်မြောက်ပြီးဖြစ်၍သာလျှင်၊ သရဏာယစ = ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း ကူးမြောက်နိုင်ကြစေခြင်း လည်းကောင်း။ နိဗ္ဗုတော = ကိလေသပရိနိဗ္ဗာန် ဝင်စံ အေးငြိမ်းတော်မူပြီးဖြစ်၍၊ နိဗ္ဗာနတ္တာယ စ = ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း အေးငြိမ်းကြစေခြင်းငှာ လည်းကောင်း။ ဓမ္မံ = သစ္စာလေးချက် တရားနက်ကို။ ဒေသေသိ = ကရုဏာရှေးရှု ဟောကြားတော်မူခဲ့လေပြီ။ လောကသရဏံ = လောကသုံးပါး၏ ကိုးစားမှီခိုရာ စစ်ဆူ ဖြစ်တော်မူထသော။ တံဗုဒ္ဓံ – သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား ထိုမြတ်စွာဘုရားကို။ နမေ – နမာမိ ကိုယ်နှုတ်၊ နှလုံး–သုံးပါး ပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့ မြတ်နိုး လက်စုံမိုးလျက် ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား။

**မြတ်စွာဘုရားကို ဆွမ်းစားပင့်ခြင်း**

ဤသို့ မြတ်စွာဘုရားရှင်က အရဟတ္တဖိုလ်အတွက် ထပ်၍ ဟောကြား မိန့်ဆိုတော်မူအပ်လေသော် သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရားကို-

"အို အရှင်ဂေါတမ....အကျွန်ုပ်တို့သည် အရှင်ဂေါတမကို ဝါဒလမ်းစဉ်ဖြင့် အပြစ်တင်ဆို ပုတ်ခတ်ထိုက်၏ဟု ထင်မိမှားခဲ့ပါကုန်ပြီ။ (သို့ရကား)အကျွန်ုပ်တို့သည်သာလျှင် ဂုဏ်ကိုချေဖျက်သူများ ဖြစ်ကြပါကုန်၏။ အကျွန်ုပ်တို့သည် နှုတ်ထွက်ကြမ်းကာ စကားမောက်မာသူများ ဖြစ်ကြပါကုန်၏။

အို အရှင်ဂေါတမ ... ဥပမာ ဆောင်တင်အောင် ဖော်ပြရပါမူ အမုန်ယစ်သောဆင်ကို ပုတ်ခတ်ထိပါ၍ ယောကျ်ားမှာ ချမ်းသာခြင်း ဖြစ်သော်မူ ဖြစ်ရပါသေး၏။ အရှင်ဂေါတမကို ပုတ်ခတ်ထိပါ၍ကား ယောကျ်ားမှာ ချမ်းသာခြင်းသည် အလျဉ်းပင် မဖြစ်နိုင်သာတည်း။ (၁)

အရှင်ဂေါတမကို ပုတ်ခတ်ထိပါ၍ကား ယောကျ်ားမှာ ချမ်းသာခြင်းသည် အလျဉ်ပင် မဖြစ်နိုင်သည်သာတည်း။ (၂)

အို အရှင်ဂေါတမ .... လျှပ်သောအဆိပ်ရှိသောမြွေ ကြမ်းသောအဆိပ်ရှိသော မြွေကို ပုတ်ခတ်ထိပါ၍ ယောကျ်ားမှာ ချမ်းသာခြင်း ဖြစ်သော်မူ ဖြစ်ရပါသေး၏၊ အရှင်ဂေါတမကို ပုတ်ခတ်ထိပါ၍ကား ယောကျ်ားမှာ ချမ်းသာခြင်းသည် အလျဉ်းပင် မဖြစ်နိုင်သည်သာတည်း။ (၃)

"အို အရှင်ဂေါတမ– အကျွန်ုပ်တို့သည် အရှင်ဂေါတမကို ဝါဒလမ်းစဉ်ဖြင့် အပြစ်တင်ဆို ပုတ်ခတ်ထိုက်၏ဟု ထင်မှားမိခဲ့ပါကုန်ပြီ (သို့ရကား) အကျွန်ုပ်သည်သာလျှင် ဂုဏ်ကို ချေဖျက်သူများ ဖြစ်ကြပါကုန်

၏။ အကျွန်ုပ်တို့သည် နှုတ်ထွက်ကြမ်းကာ စကားမှောက်မှားသူများ ဖြစ်ကြပါကုန်၏''ဟူ၍ လျှောက်ထားလေသည်။

မှတ်ချက်။ ။ ဤ၌ (အရှင်ဂေါတမကို ပုတ်ခတ်ထိပါး၍ကား ယောကျာ်းမှာ ချမ်းသာခြင်းသည် အလျဉ်းပင်မဖြစ်နိုင်သည်သာတည်း) ဟူသော စကားရပ်ဖြင့် 'အရှင်ဂေါတမကို ဝါဒပြိုင်ဆိုင် ပုတ်ခတ်ထိပါး၍ တစ်ဦးတစ်ယောက်သောသူမှုမှ ဖရိုဖရဲ မကြဲသော မိမိ၏ဝါဒကို မူလ ရင်းအတိုင်း အပြည့်အစုံပူ၍ ဖဲသွားနိုင်စွမ် မည်သည်မရှိ။ မိမိ၏ ဝါဒ ဖရိုဖရဲ ကြဲပြန့်ပျက်စီး၍သာ ပြန်သွားကြရသည်''ဟူသော အဓိပ္ပာယ်ကို ဖော်ပြသည်မှန်၏။ မြတ်စွာဘုရားသည် ဆင်ပြောင်ကြီး၊ မီးပုံကြီး၊ မြွေဆိုးကြီးများကဲ့သို့ တစ်ဦးတစ်ယောက်သောသူ၏ အသက်အန္တရာယ်ကို ပြုတော်မမူ။

အထူးအားဖြင့် ဤသစ္စကပရိဗိုဇ်သည် မြတ်စွာဘုရားကို ချီးပင့်လို၍ ဤဥပမာသုံးပါးကို ဆောင်သည်မဟုတ်၊ စင်စစ်သော်ကား မိမိကိုယ်ကို ချီးပင့်လို၍သာလျှင် ထုတ်ဆောင်လေသည်။ (ဥပမာအားဖြင့်) မင်းသည် ရန်သူတစ်ဦးတစ်ယောက်ကို ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ပြီးလျှင် ထိုသတ်ဖြတ်အပ်သော ရန်သူကို ''ထိုယောကျာ်းကား ဤသို့စဉ် ရဲရင့်သူ ဤသို့စဉ် အစွမ်းသတ္တိနှင့် ပြည့်စုံသူဖြစ်ပါတကား''ဟူ၍ ရန်သူကို ချီးမွမ်းသော်လည်း တစ်ဖက်လှည့်အားဖြင့် မိမိမိကိုယ်ကိုသာလျှင် ချီးမွမ်းသကဲ့သို့၊ ဤအတူ ပင်လျှင် သစ္စကပရိဗိုဇ်သည်လည်း ဥပမာသုံးရပ်ဖြင့် မြတ်စွာဘုရားကို ချီးမြှင့်သော်လည်း ''ဤသို့စဉ် အမှန်ယစ်သော ဆင်ပြောင်ကြီးကဲ့သို့ လည်းကောင်း၊ ရဲရဲပြောင်ပြောင် တောက်လောင်သော မီးပုံကြီးကဲ့သို့ လည်းကောင်း၊ ပါးပျဉ်းထောင်လျက်ရှိသော အဆိပ်ထန်သည့် မြွေကြီး ကဲ့သို့ လည်းကောင်း၊ လူသားမန်တို့ချဉ်းကပ်ရန် ခဲယဉ်းစွာသော မြတ်စွာ ဘုရားရှင်ကို ငါတို့သည် အယူဝါဒပြိုင်ဆိုင်ကြသည်ဖြစ်၍ ချဉ်းကပ်ခဲ့ကြ ကုန်ပြီ။ (သို့ရကား) လောက၌ ငါတို့သာလျှင် ရဲရင့်သူများ ပညာ ရှိသူများ အကြားအမြင်များသူများ ဖြစ်ကြကုန်၏''ဟူ၍ တစ်ဖက်လှည့် အားဖြင့် မိမိကိုယ်ကိုသာလျှင် ချီးပင့်ခြင်းဖြစ်လေသည်။ ဤကား အထူး မှတ်ဖွယ်တည်း)။

### သစ္စက၏ လှည့်ကွက်တစ်မျိုး

ဤသို့ သစ္စကပရိဗိုဇ်သည် တစ်ဖက်လှည့်အားဖြင့် မိမိကိုယ်ကိုပင့် ပြီးလျှင် မြတ်စွာဘုရားရှင်ကို ''အရှင်ဂေါတမသည် နက်ဖြန် ကောင်းမှု ကုသိုလ်အလို့ငှာ အကျွန်ုပ်၏ (ပင့်ဖိတ်အပ်သော)ဆွမ်းကို ရဟန်းသံဃာ

နှင့်အတူ ခံယူတော်မူပါ''ဟူ၍ ပင့်ဖိတ်လျှောက်ထားလေသော် မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် သစ္စကပရိဗိုဇ်၏ပင့်ဖိတ်လျှောက်ထားချက်ကို လက်ခံတော်မူလေ၏။

ထိုအခါ သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိ၍ လိစ္ဆဝီမင်းတို့ကို....

''အမောင်လိစ္ဆဝီမင်းတို့၊ ငါ၏စကားကို နားထောင်ကြကုန်လော့၊ ငါသည် ရဟန်းဂေါတမကို ရဟန်းသံဃာနှင့်အတူ နက်ဖြန်ကောင်းမှုကုသိုလ်အလို့ငှာ ပင့်ဖိတ်အပ်ပြီးပြီ၊ ရဟန်းဂေါတမအား လျှောက်ပတ်၏ဟု (အမောင်တို့) ထင်မှတ်ကြသောဝတ္ထုကို ငါ့ထံသို့ ရှေးရှုဆောင်ယူခဲ့ကြကုန်လော့''

ဟူ၍ ပြောဆိုလေ၏။

ထိုအခါ လိစ္ဆဝီမင်းတို့သည် ထိုညဥ့် ကုန်လွန်လတ်သော် သစ္စကပရိဗိုဇ်၏အထံသို့ ပွဲဆွမ်း ဆွမ်းအိုးငါးရာမျှကို ပို့သကြလေကုန်၏။

ထိုအခါ သစ္စကပရိဗိုဇ်သည် မိမိ၏အရံ၌ မွန်မြတ်သော ခဲဖွယ်စားဖွယ်များကိုစီရင်စေ၍ မြတ်စွာဘုရားအား...

''အရှင်ဂေါတမ ဆွမ်းစားချိန်တန်ပါပြီ၊ ဆွမ်းပြင်၍ပြီးပါပြီ''

ဟု အချိန်တန်ကြောင်းကို ကြားလျှောက်စေ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်ချိန်၌ သင်္ကန်းတို့ကိုပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူဆောင်တော်မူကာ သစ္စကပရိဗိုဇ်၏အရံရှိ အရပ်သို့ ချဥ်းကပ်တော်မူပြီးလျှင် ခင်းထားအပ်သောနေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏။ ထိုအခါ သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာကို အမွန်မြတ်သော ခဲဖွယ်စားဖွယ်ဖြင့်ရောင့်ရဲသည်တိုင်အောင်၊ တားမြစ်သည်တိုင်အောင် ကိုယ်တိုင် ပြုစုလုပ်ကျွေးလေ၏။

ထိုအခါ သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရား ဆွမ်းစားတော်မူပြီးသည်ကိုသိ၍ သင့်တင့်လျောက်ပတ်သောအရပ်၌ ထိုင်နေပြီးလျှင် မြတ်စွာဘုရားကို....

''အို....အရှင်ဂေါတမ၊ ဤအလှူဒါန၌ ကောင်းမှု၏ အကျိုးရင်း (အနာဂတ်ဝိပါက်ခန္ဓာများ)နှင့် ကြီးမြတ်သောကောင်းမှု၏ အကျိုးဆက်များ (မင်းမြောက်တန်ဆာငါးပါးသည်)များသည်အလှူဒါယကာ(လိစ္ဆဝီမင်း)တို့၏ ချမ်းသာခြင်းငှာဖြစ်ပါစေ''ဟူ၍ လျှောက်ထား၏။

(ဤစကားရပ်ကို သစ္စကပရိဗိုဇ်သည် ''ငါကား လိစ္ဆဝီမင်းများ ပို့သအပ်သော ခဲဖွယ် စားဖွယ်ဖြင့် ရဟန်းဂေါတမကို တပည့် သံဃာနှင့် တကွ ပြုစုလုပ်ကျွေးအပ်လေပြီ၊ ထို့ကြောင့် ထိုကောင်းမှုသည် လိစ္ဆဝီမင်းတို့၏ကောင်းမှုသာလျှင်ဖြစ်၏ဟုစဉ်းစားဆင်ခြင်ကာ လျှောက်ဆိုခြင်း ဖြစ်သည်။)

သို့သော်လည်း မြတ်စွာဘုရားအားလည်းကောင်း၊ ရဟန်းသံဃာတော်အားလည်းကောင်း သစ္စကပရိဗိုဇ်က ဆွမ်းအလှူကိုပေးအပ်ခဲ့သည်။ လိစ္ဆဝီမင်းတို့က ပေးလှူအပ်သည်မဟုတ်။ (လိစ္ဆဝီမင်းတို့ကား သစ္စကအား ပေးအပ်သောဆွမ်းဖြစ်သည်။ သစ္စကကမူ တဆင့် ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူအပ်သော ဆွမ်းဖြစ်သည်။) ထို့ကြောင့် မြတ်စွာဘုရားသည် သစ္စက၏အယူအဆ စဉ်းစားဆင်ခြင်ချက်ကို အမှန်သို့ရောက် အောင် ပြောင်းလဲစေတော်မူပြီးလျှင်....

'သစ္စကပရိဗိုဇ်၊ သင်ကဲ့သို့ ရာဂ၊ ဒေါသ၊ မောဟ မကင်းသေးသူ အလှူခံပုဂ္ဂိုလ်ကိုစွဲ၍ (လိစ္ဆဝီမင်းတို့)' ပေးလှူသော ဒါနမှုသည် ပေးလှူသူ (လိစ္ဆဝီမင်း)တို့အတွက်ဖြစ်ပေလိမ့်မည်။

သစ္စကပရိဗိုဇ်....ငါကဲ့သို့ ရာဂ၊ ဒေါသ၊ မောဟ ကင်းပြီးသူ အလှူခံ ပုဂ္ဂိုလ်ကိုစွဲ၍ (သင်က) ပေးလှူသော ဒါနသည်ကား ပေးလှူသူ(သင်)၏ အတွက် ဖြစ်ပေလိမ့်မည်''

ဟု (သစ္စက အဖို့ရာ အနာဂါတ်၌ ကောင်းမှုကုသိုလ် ဝါသနာ အထုံ ရစေရန်) မိန့်ဆိုတော်မူလေ၏။

### မဟာသစ္စကသုတ္တန်ကို ဟောကြားတော်မူခြင်း

ဤ ဆိုအပ်ခဲ့ပြီးသည်ကား စူဠသစ္စကသုတ္တန်ဖြစ်သည်။ မဟာသစ္စက သုတ္တန်ကိုလည်း ဟောကြားတော်မူသည်။ ဤသို့လျှင် ကြားနာရ၍သည်း ဤသစ္စကသည် မဂ်ဖိုလ်သို့လည်း မရောက်၊ ရဟန်းလည်းမပြု၊ (အယုတ်သဖြင့်) သရဏဂုံတို့၌သော်မှလည်း မတည်ချေ။ ထိုသို့ဖြစ်ပါလျက် ဤမျှများပြား သောတရားတို့ကို ဟောကြားတော်မူပါသနည်းဟူ၍ မေးဖွယ်ရှိ၏။


နှစ်ပေါင်း ၂၀၀ ကျော် လွန်သောအခါ၌ သီဟိုဠ်ကျွန်းဝယ် ကာဠ ဗုဒ္ဓရက္ခိတရဟန္တာမထေရ်မြတ်ကြီး ဖြစ်လိမ့်မည်''ဟူ၍ အနာဂတံသဉာဏ် တော်ဖြင့် သိမြင်တော်မူ၍ နောင်အခါ၌ တရား အထုံဝါသနာ ပါစိမ့် သောငှာ သစ္စကပရိဗိုဇ်အား ကျယ်ဝန်းစွာသော တရားကို ဟောကြား တော်မူလေသည်။

(ဤတွင် သစ္စကပရိဗိုဇ်အား အောင်တော်မူခန်းပြီး၏။)

## နန္ဒောပနန္ဒနဂါးမင်းကို အောင်မြင်တော်မူပုံ (အကျဉ်း)

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စံပယ်တော်မူစဉ်၊ နံနက်အခါ ကရုဏာသမာပတ်ဖြင့် ဆင်ခြင်တော်မူရာ၊ နန္ဒောပနန္ဒနဂါးမင်းသည် အမျက်စောင်မာန်ကြီးသဖြင့် မိစ္ဆာဒိဋ္ဌိအဖြစ်ရောက်ရှေ့သည်။ ငါကြွသွား၍ ချစ်သားမောဂ္ဂလာန်ကို နှိပ်နှိပ် ဆုံးမစေရမူ၊ သမ္မာဒိဋ္ဌိမျိုးသည် ဖွံ့ဖြိုးစွာ ပေါက်လတ္တံ့ ဟု မြင်တော်မူသဖြင့် သံဃာတော်ငါးရာနှင့် မြင်းမိုရ်တောင်ထိပ်သို့ခေတ်စာခရီးကြွချီတော်မူရာ နန္ဒောပနန္ဒနဂါးမင်း၏နေရာဗိမာန်ပေါ်သို့ကျော်၍ကြွတော်မူ၏။

နန္ဒောပနန္ဒနဂါးမင်းသည် မိမိစည်းစိမ်ခံစားနေရာ အပေါ်သို့ သံဃာတော်များ ကြွသွားသည်ကိုမြင်လျှင် လွန်စွာ ဒေါသထွက်၍ ကြီးစွာသောကိုယ်ကိုဖန်ဆင်းပြီး ယူဇနာရှစ်သောင်းလေးထောင် လုံးရပ်ဆောင်သောမြင်းမိုရ်တောင်မင်းကို အရင်းမှအဖျားတိုင်အောင် ကိုယ်အခွေဖြင့် ခုနစ်ဆင့်ရစ်ပတ်လျက် တာဝတိံသာနတ်ပြည်အလုံးကို ပါးပျဉ်းဖြင့်အုပ်ဖုံ ကာ နေလေ၏။ ဤအခြင်းအရာကိုမြင်သဖြင့် အရှင်ရာဟုလာ၊ အရှင်အာနန္ဒာ စသော မထေရ်များက ခွင့်တောင်းကြသော်လည်း ခွင့်ပြုတော်မမူဘဲ အရှင်မောဂ္ဂလာန်အား ခွင့်ပေးတော်မူသဖြင့် ရှင်မဟာမောဂ္ဂလာန်လည်း စတုတ္ထဈာန်ကို ဝင်စားတော်မူပြီးလျှင် နန္ဒောပနန္ဒနဂါးမင်းထက် အလွန်ကြီးစွာသော နဂါးကြီးသဏ္ဌာန်ကို ဖန်ဆင်းလျက်၊ နန္ဒောပနန္ဒ နဂါးမင်း၏ အပေါ်မှ တစ်ဆယ့်လေးပတ်ရစ်ပတ်ပြီးသော် နန္ဒောပနန္ဒနဂါး၏ ခေါင်းပေါ်၌ မိမိ၏ ပါးပျဉ်းကိုအုပ်လျက် မလှုပ်မလှုပ်နိုင်အောင် မြင်းမိုရ်တောင်ဖြင့် ညှစ်၍ကြိတ်၏။ နဂါးမင်းသည် မြန်လည် တိုက်ခိုက်၏။ မြတ်စွာဘုရားသည် "ချစ်သား မောဂ္ဂလာန် ဤနန္ဒောပနန္ဒနဂါးကား တန်ခိုးကြီးလှ၏။ စတုတ္ထဈာန်သမာပတ်ကို ကြပ်ကြပ်နှလုံးသွင်းဘိလော့" ဟု သတိပေးတော်မူ၏။ နဂါးသည် ပြင်းစွာသောဒေါသဖြင့် အစွမ်းကုန် တိုက်ခိုက်ပါသော်လည်း အရာမထင်သဖြင့်ပြေး၏။ အရှင်မောဂ္ဂလာန်သည် အလွတ်မပေး၍ လုလင်အသွင် ဖန်ဆင်းပြီး ခြေအစုံကို ရှိခိုးတောင်းပန်၏။ အရှင်မောဂ္ဂလာန်သည် ဘုရားသခင်ရှေ့တော်သို့ ခေါ်ဆောင်လာ၏။ မြတ်စွာဘုရား ဆုံးမတော်မူ၍ ဥပါသကာအဖြစ် ယူစေ၏။



မြတ်ဗုဒ္ဓ၏
အောင်ခြင်း ရှစ်ပါး
ဇာတ်တော်များ

# (၇)

# နန္ဒောပနန္ဒ နဂါးမင်းကို
# အောင်မြင်တော်မူခြင်း

## (၇) နန္ဒောပနန္ဒ နဂါးမင်းကို အောင်မြင်တော်မူခြင်း

ဇမ္ဗူကျွန်း မြင့်မိုရ်ရွှေတောင်ခါးပန်းမှာ ကြမ်းတမ်းတဲ့ နဂါးပါ မှတ်သားလောက်စရာ နန္ဒောပနန္ဒ လျှပ်တပြက် အသက်ရာကုဋေ ခြွေခွင်းမြွေမင်းရာဇာ မြတ်ဘုရားရဲ့သားတော် ရှင်မောဂ္ဂလာန်၊ နှိမ်နင်းဖို့လွှတ်လို့သာ စိတ်နှလုံးသိမ်မွေ့ကာ နဂါးကြီးခေါင်းငိုက် ဦးနိုက်ပါလို့ ခစားဖို့ရောက်လို့လာ မေတ္တာခေတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့အောင်ခြင်းသတ္တမပါ။

# နာဂဒမေဇ္ဇ

၇။ နာဂဒမေဇ္ဇ၊ အခိုးအလျှံလွန်ပြင်းထန်သည့် နန္ဒောပနန္ဒ၊ တေဇဖောက်ထွင်းနဂါးမင်းကိုလည်းကောင်း၊ ဝါကြီးသော အဆိပ်အတောက် ကဲမောက်သော စည်းစိမ်၊ ဂုဏ်အရှိန်သတ္တိ နာဂိဒ္ဓိ ဖြုပ်ကြေစေ့ မြတ်စွာဘုရားကိုပင် သေးသေးထင်၍ ရွှေစင်ဗဟိုမြင်းမိုရ်တောင်လုံး ပါးပျဉ်းဖုံး၍ ကိုယ်လုံးခုနစ်ထပ် ရစ်ပတ်သဖြင့် မပြုအပ်မပြုရာ ကြံစည်ကာပြုမူခဲ့မိသော နဂါးမင်း နန္ဒောပနန္ဒကိုလည်းကောင်း။

အဇိနိ၊ တန်ခိုးစက်ရှိန် ဂုဏ်မဟိမ်ဖြင့် ချိုးနှိမ် ပယ် နှင်းရှင်းလင်းစေ၍ အောင်မြင်တော်မူလေပြီ။ တေဇသာ၊ ရှစ်ခါရှစ်တန် အောင်ပွဲခံ၍ အောင်လုံထူပြီး မြတ်စောထီး၏ ကြီးသော ရွှေစက် ထက်သောအာဏာ ဂုဏ်တေဇာ အစွမ်းအားဖြင့်။ မေမေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ ကိုယ်တွင်းကိုယ်ပ ရှိသမျှဘေးဒဏ် ခပ်သိမ်းရန်ကို မကျန်မကြွင်း၊ အောင်မြင်ခြင်း မင်္ဂလာသည် ဘဝတု၊ ဖြစ်ပါစေသတည်း။

# (၇)

## နန္ဒောပနန္ဒ- နဂါးမင်းကို ဆုံးမတော်မူခြင်း

မြတ်စွာဘုရားသည်း သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်း စံနေတော်မူ၏ တစ်နေ့သောအခါ အနာထပိဏ်သူဌေးသည် ညချမ်းသောအခါ ကျောင်းတော်သို့လာ၍ တရားနာပြီးသော် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား... ကိုယ်တော်မြတ်နှင့်တကွ ငါးရာမျှသော သံဃာတော်တို့သည် နက်ဖြန် အကျွန်ုပ်အိမ်သို့ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူပါ" ဟု လျှောက်၍ ပြန်ခဲ့၏၊

ဘုရားသခင်သည်း ဆိတ်ဆိတ် သည်းခံတော်မူလျက် ထိုညဉ့်ထွက်၍ နံနက်သောအခါ ဝယ် မဟာကရုဏာသမာပတ်ဖြင့် တစ်ခသောင်းသော လောကဓာတ်၌ ချွတ်အပ်ကောင်းသော ဝေနေယျကို နိစ္စရှုမြဲတိုင်း ရှုတော်မူလျှင် နန္ဒောပနန္ဒ နဂါးမင်းသည် ဉာဏ်ကွန်ရက်အတွင်းသို့ ဝင်လာ၍ စာနာဆင်ခြင်တော်မူသည်ကား....'ဤ နန္ဒောပနန္ဒ နဂါးသည် ရှည်လျားသော ဘဝကုသိုလ်ဟူသော ဥပနိဿယ ရှိသူဖြစ်လျက် ဒုဂ္ဂတိဘဝသို့ ရောက်သောကြောင့် အမျက်ဒေါသမာန်ကြီးသဖြင့် ရေခနီးသောမျိုးစေ့သည် အစို့မထိုးနိုင်ဘိသကဲ့သို့ တဏှာအိုင်၌ နစ်ဘိ၍ မိစ္ဆာဒိဋ္ဌိအဖြစ်သို့ ရောက်ချေသည်။ ငါ ကြွသွား၍ ချစ်သားမောဂ္ဂလာန်ကို နှိပ်နင်းဆုံးမစေရမူ အစလသဒ္ဓါဖြင့် သမ္မာဒိဋ္ဌိ တည်းဟူသော မျိုးသည် ဖွံ့ဖြိုးစွာ ပေါက်လတ္တံ့" ဟု မြင်တော်မူသဖြင့် ထိုညဉ့် မိုးမသောက်လတ်သော် ကိုယ်တော်ကို သုတ်သင်ပြီးလျှင် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "ချစ်သား အာနန္ဒာ၊ ငါးရာသော သံဃာတော်တို့သို့ နှိုးဆော်ဘိလော့....၊ ယနေ့ ငါဘုရားသည် တာဝတိံသာနတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူအံ့" ဟု မိန့်တော်မူ၏။

ရှင်အာနန္ဒာသည်း ဆဋ္ဌာဘိညာ ဝသီပတ္တ ဖြစ်ကုန်သော ရဟန္တာငါးရာတို့အား အကြောင်းကိုကြား၍ ဘုရားရှေ့မှောက်သို့ လာရောက်စည်းဝေးမိသော်၊ ရှင်တော်ဘုရားသည်း ထိုငါးရာသော သံဃာနှင့်တကွ အာကာသခရီးဖြင့် ပျံလျက် နန္ဒောပနန္ဒ နဂါးမင်း၏ နေရာဗိမာန် ပေါ်သို့ကျော်၍ တာဝတိံသာနတ်ပြည်သို့ ရှေးရှု ကြွတော်မူ၏။

### နဂါးမင်း စည်းစိမ်ခံနေစဉ်

ထိုနေ့နံနက်၌ နန္ဒောပနန္ဒ နဂါးမင်းလည်း များစွာသော မူးမတ်ပရိသတ် ခြံရံလျက် အဖျော်(သောရည်)သောက်သဘင် ခံအံ့သောအခါနှင့်

ကြုံ၍ ဣန္ဒနီလာ မဿာရဂလ်ဝင် သင်္ကေတ်ရွဲ ပုလဲပတ္တမြား ခုနစ်ပါးသော ရတနာ့မျက်မြတ်တို့ဖြင့် ခြယ်အပ် စီရင်သော နတ်ကွန်းဥကင် ပလ္လင် ရတနာဝယ် မင်္ဂလာရှိသော ထီးဖြူစိုက်ဆောက်လျက် ခြောက်ထောင် ခြောက်ထောင်မျှလောက်သော စည်စောင်းပတ်သာ တူရိယာတို့ကို နဂါးကညာတို့သည် လက်ဝဲ-လက်ျာမှ သာယာစွာ တီးမှုတ်လျက် မကြီးသက်ရွယ် နုနယ်ချောမြ ချစ်ဖွယ်လှသော အကြီးအငယ်အလတ် နယ်နဂါးမကလေးပျို ဝန်းရံ၍ နတ်၌ဖြစ်သော နှစ်သက်စဖွယ် ဆန်းကြယ်ထူးမြတ်သော ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာတို့ကို ရွှေခွက်ငွေခွက်တို့၌ ထည့်ထားကာ သုံးဆောင်ရန် ထိုင်နေဆဲဖြစ်၏။

တန်နိုးဖြင့် နတ်ပြည်ကို ကွယ်ထားပြီ

ယင်းသို့ စံနေရာအပေါ်သို့ သံဃာတော်များတို့ ကြွသွားသည်ကို နဂါးမင်းမြင်လျှင် အမှင်ရဲရဲတောက်ဆဲသော မီးပုံကို လေဟုန်ခတ်သကဲ့သို့ မတန်ရပ်နိုင်အောင် မျက်မာန်ပေါက်၍ စိုက်ထောက်အပ်သော ထီးဖြူကို လှည်းပြီးလျှင် "ဤဦးပြည်းယုတ် ရဟန်းယုတ်တို့သည် အခန်းခန်း အပြတ်ပြတ် အစပ်စပ်သော အဝတ်ကို ဆီးလျက်၊ ကြီးသူ၊ မြတ်သူဟူ၍ မချင့်တွက်၊ ငါဦးခေါင်းထက်သို့ကျော်၍ အပေါ်၌ ဖဝါးမြေမှုန် (ခြေမှုန့်)ကို ကြဲဖြူးကာ.... မကြာမကြာ တာဝတိံသာသို့ လူးလာခတ်ကူးသန်းကြသည်။ ယနေ့မှစ၍ ထိုသူတို့၏ အသွားအလာကို ငါခွင့်မပေးတော့အံ့၊ အဂယ်၍ မရှောင်ကွင်းမူ ငါ့ခံတွင်း၌ သေစေအံ့" ဟု ယုတ်မာသော မိစ္ဆာအယူ ပေါ်ပေါက်ပြီး မိမိစံရာ ရတနာပလ္လင်မှ သက်ပြီးလျှင် ကြီးစွာသောကိုယ်ကို ဖန်ဆင်း၍ ယုဇနာရှစ်သောင်း မားမားထောင်လုံးရပ်ဆောင်သော မြင်းမိုရ်တောင်မင်းကို အရင်းမှ အဖျားတိုင်အောင် ကိုယ်အခွေဖြင့် ခုနစ်ဆင့်ပတ်ရစ်လျက် ဘောင်ထိပ်၌တည်သော တာဝတိံသာပြည်အလုံးကို ပါးပျဉ်ဖြင့်အုပ်ဖုံး (ဖျောက်ဖျက်)ကာ နေလေ၏။

ဆုံးမခွင့် တောင်းကြဖုံ

သံဃာတော်မြတ်တို့သည်လည်း ယုဂန္ဓိုရ်တောင်ထွတ်နှင့်မျှသော မိုးလတ်သို့ရောက်၍ ပြ သာဒ် ဝေဇယန္တဗိမာန်ဘုံဆောင်တို့ကို မမြင်လျှင် အရှင်ရဋ္ဌပါလ-က ဘုရားသခင်အား ဤသို့ နားတော်လျှောက်၏ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား- တစ်ပါးသောအခါ အကျွန်ုပ်တို့လာ၍ ဤဌာနသို့ရောက်လျှင် မြင်းမိုရ်တောင်ကိုလည်းမြင်ရပါသည်။ နတ်တို့၏နေရာ တာဝတိံသာနတ်ပြည်ကို လည်းကောင်း၊ ဝေဇယန္တာပြာသာဒ်ကို လည်းကောင်း၊ စိုက်အပ်သောတံခွန်တို့ကို လည်းကောင်း မြင်ရပါသည်။

ယခုအခါ ဘယ်နေရာကိုမျှ မမြင်ရပါ။ စိမ်းမြည့်မှောင် မျက်စဉ်းတောင်ကဲ့သို့သာ ထင်ပါသည်။ အဘယ်ကြောင့်ကို အာရုံကို မမြင်ရလေသနည်း" ဟု နားတော်လျှောက်တင်သော်- ဘုရားသခင်လည်း....

"ချစ်သား ရဋ္ဌပါလ.... နန္ဒောပနန္ဒ နဂါးသည် သင်တို့ အား အမျက်ရှိသောကြောင့် မိမိကိုယ်ဖြင့် မြင်းမိုရ်တောင်ကို ခုနစ်ပတ်ရစ်လျက် နက်ပြည့်လုံးကို ဖုံးလွှမ်းနေသောကြောင့် မမြင်ရလေသတည်း" ဟု မိန့်တော်မူလျှင်....

"အရှင်မြတ်ဘုရား–ထိုနဂါးကို အကျွန်ုပ် ဆုံးမပါမည်" ဟု လျှောက်၏။ ဘုရားသခင်လည်း ခွင့်မပေးတော်မမူ။

ထို့နောက် ရှင်ဘဒ္ဒိယ၊ ရှင်ရာဟုလာ၊ ရှင်ဘဒ္ဒိယစသော မထေရ်တို့သည် အသီးအသီး ခွင့်တောင်းကြသော်လည်း ခွင့်ပေးတော်မမူသောလျှင် အရှင်မောဂ္ဂလာန်သည် ထ၍ "လောကမှန်ကူ ဖြစ်တော်မူသော အရှင်ဘုရား သားကြီးဟူသမျှသည် မိဘတို့ဝန်ကို ကျူးလွန်၍ ဆောင်ထိုက်သကဲ့သို့ တပည့်ကြီး ဟူသမျှသည် ဆရာ့ဝန်ကို အလွန်ဆောင်ထိုက်လှပါသည်။ တိရစ္ဆာန်သာဖြစ်သော ဤနန္ဒောပနန္ဒ နဂါးကို အရှင်ဘုရား ကိုယ်တိုင် မဆုံးမသင့်ပါ၊ အကျွန်ုပ် ဆုံးမပါမည်" ဟု လျှောက်၏။

## အရှင်မောဂ္ဂလာန် တန်ခိုးပြိုင်ပုံ

ဘုရားသခင်လည်း "သင်ပင် ဆုံးမလော့" ဟု ခွင့်ပေးတော်မူ၍ သံဃာတော်အစုံနှင့် ယုဂန္ဓိုရ်တောင်ထိပ်ပေါ်တက်၍ ရပ်တန့်တော်မူ၏။ အရှင်မောဂ္ဂလာန်လည်း စတုတ္ထဈာန်ကို ဝင်စားတော်မူပြီးလျှင် ဣဒ္ဓိဝိဓ အဘိညာဉ်ကို ပွား၍ မိမိ၏ မူလကိုယ်ခန္ဓာကိုစွန့်၍ အလွန်ကြီးစွာသော နဂါးကြီး၏သဏ္ဌာန်ကို ဖန်ဆင်းပြီးလျှင် နန္ဒောပနန္ဒနဂါးမင်း၏ အထက်၌ တစ်ဆယ့်လေးထပ် ရစ်ပတ်ပြီးသော် နန္ဒောပနန္ဒ နဂါး၏ ခေါင်းပေါ်၌ မိမိ၏ပါးပျဉ်းကို အုပ်လျက် မလှုပ်မလွန့်နိုင်အောင် မြင်းမိုရ်တောင်ဖြင့် ညှစ်၍ကြိတ်၏။

နန္ဒောပနန္ဒနဂါးလည်း အမျက်ပြင်းစွာထ၍ ကိုယ်မှအခိုးအလျှံကို လွှတ်၏။ မထေရ်မြတ် နဂါးလည်း "သင်သာ အခိုးလွှတ်နိုင်သည်မဟုတ်၊ ငါလည်း လွှတ်နိုင်သည်သာတည်း၊ ငါ၏ အခိုးအလျှံကိုလည်း ခံဦးလော့" ဟု ဆို၍ ထိုထက်သာလွန်သော "မီးလျှံတို့ကိုလွှတ်ပြန်၏။ ထိုအခါ နဂါး၏ အလျှံသည် အရှင် မောဂ္ဂလာန်ကို မနှိပ်စက်နိုင်၊ အရှင်မြတ်၏ အလျှံသာလျှင် နဂါးမင်း၏ အနေရအသားကိုဖောက်ခွဲ၍ ညှဉ်းဆဲနှိပ်စက်လေ၏။

နဂါးနှစ်ဦးတို့၏ အခိုးအလျှံကြောင့် ရွှေဆိုင်းသဏ္ဍာန်ရှိသော မြင်းမိုရ်တောင်မင်းသည် တဝင်းဝင်း တထိန်ထိန် အရှိန် ပြောင်ပြောင် လောင်ဘိသကဲ့သို့ဖြစ်၏။ နန္ဒောပနန္ဒနဂါးမင်းလည်း 'ငါ့အား မြင်းမိုရ်တောင်ဖြင့်ကြိတ်၍ နှိပ်စက်လာသည်ကား အသူနည်း''ဟု မေး၏။ ''ငါကား ဘုရားသခင်၏လက်ဝဲတော်ရံဖြစ်သော အရှင်မောဂ္ဂလာန်မထေရ်တည်း'' ဟုဆိုသော်၊ ''ထိုသို့ဖြစ်လျှင် ရဟန်းအသွင်ကို သင်ပြပြီးမှ ကျွန်ုပ်ယုံကြည်အံ့''ဟု ဆိုလျှင် အရှင်မောဂ္ဂလန်လည်း ဖန်ဆင်းသော နဂါးအသွင်ကို ဖျောက်၍ ရဟန်းအသွင်ကိုပြ၏။

နဂါးမင်းကလည်း လူသားဖြစ်လျက် ငါ့အမျက်ကို ဤသူခံနိုင်အံ့လောဟု အံ့သွားကြိတ်လျက် အဆိပ်နှင့် တကွသော နှာခေါင်းလေကို မှုတ်၏။ အရှင်မြတ်လည်း မဘုန်မလှုပ်တည်သည်ကိုမြင်လျှင် ''ခံတွင်းထွင်ကြေစေအံ့''ဟု ကြံ၍ တစ်ဖန်ခံတွင်းဖြင့် ဟပ်မျို၏။

**မြတ်စွာဘုရား သတိပေးခြင်း**

ထိုအခါ မြတ်စွာဘုရားကလည်း ''ချစ်သားမောဂ္ဂလာန်၊ ဤနန္ဒောပနန္ဒကား တန်ခိုးကြီးလှ၏။ စတုတ္ထဈာန်သမာပတ်ကို ကြပ်ကြပ် နှလုံးသွင်းလော့''ဟု သတိပေးတော်မူ၏။ အရှင်မောဂ္ဂလာန်ကလည်း ''အရှင်ဘုရား၊ စိုးရိမ်တော်မမူပါလင့်၊ အကျွန်ုပ်ကား လေးပါးသော ဣဒ္ဓိပါဒ်တို့ကို မပြတ်လေ့လာပြီးပါတည်း။ ဤနဂါးထက် တန်ခိုးသာသော နဂါးအရာ နဂါးအတောင်ပင် ဖြစ်သော်လည်း အကျွန်ုပ် ဆုံးမနိုင်ပေ၏''ဟု လျှောက်၏။

အရှင်မောဂ္ဂလာန်လည်း ခံတွင်းမှ ဝင်လျက် လက်ယာ နားဖက်မှလည်းထွက်၏။ လက်ဝဲနားဖက်မှ လည်းထွက်၏။ လက်ယာ နားဖက်မှ ဝင်လျက် လက်ဝဲ နားဖက်မှ လည်းကောင်း၊ နှာခေါင်းနှစ်ပေါက်မှလည်းကောင်းထွက်၏။ ခံတွင်းကို ဟလျှင် ထိုခံတွင်းမှဝင်လျက် ဝမ်းတွင်းအူအစဉ်ဖြင့် စင်္ကြံန်ကြွ၏။

နဂါးမင်းလည်း''ဝင်စဉ်က ငါမမြင်လိုက်၍သာ သင်ရဟန်းချမ်းသာသည်။ ထွက်သောအခါ ငါ၏အစွယ်ဖျားဌ် ကြေစေအံ့''ဟုကြံ၍ ''အရှင်မောဂ္ဂလာန် ပြန်၍ထွက်လှည့်ဦး၊ အံ့မူးဖွယ်လိ ရွံရှာရှိသော ဝမ်းတွင်းဌ်သာ မနေပါလင့်''ဟု ဆိုလျှင်၊ အရှင်မြတ်လည်း ထွက်လာ၍ အစွယ်နှစ်မြွှာကို ပုတ်ခတ်လျက် အပြင်သို့ထွက်၏။ နဂါးမင်းလည်း ပြင်းစွာသော နှာခေါင်းလေကို မှုတ်၍ တမုဟုတ်ချင်း တိုက်ပြန်လျှင် အရှင်မောဂ္ဂလာန်လည်း ခံတွင်းသို့ဝင်၍ လျှာပေါ်ဘွင် စင်္ကြံန်ကြွပြီးမှ သွားကိုပုတ်ခတ်လျက် ထွက်၏။

**နဂါးမင်းရှုံး၍ ဥပါသကာအဖြစ် ခံယူပုံ**

နဂါးမင်းသည် ပြင်းစွာသောဒေါသဖြင့် အစွမ်းရှိသမျှ ညှဉ်းဆဲပါ သော်လည်း အရာမထင်၊ မွေးညင်းတစ်ပင်မျှ မတုန်လှုပ်သည်ကိုမြင်လျှင် ''ဤအရှင်ကား တန်ခိုးကြီးပေးလှ၏။ ငါပြုသမျှသည် မောဃဘာဂီသာ ဖြစ်ချေသည်။ ဤရဟန်းနှင့် တန်ခိုးပြိုင်၍ မနိုင်ရော ပြေးမှသာ ဖြစ်မည်''ဟု ကြံ၍ နဂါးကြီးသဏ္ဌာန်ပယ်လျက် နဂါးငယ်အသွင်ဖြင့် သိတာ ရေပြင်သို့ သက်၏။

အရှင်မောဂ္ဂလာန်လည်း ဂဠုန်အဟန် ဖန်ဆင်း၍လိုက်၏။ နဂါး က လူသားအဟန် ဖန်ဆင်း၍နေလျှင် အရှင်မြတ်လည်း နတ်တီလူးကြီး သဏ္ဌာန်ဖြင့် ကိုက်စားဟန်ကို ပြ၏။ ထိုအခါမှ နန္ဒောပနန္ဒနဂါးလည်း အလွန် ကြောက်လန့်ရကား၊ လူလင်အဟန် ဖန်ဆင်းပြီးလျှင် .... ''အရှင် ဘုရား....အကျွန်ုပ်ကား မှားခြင်းကြီး မှားချေပြီ၊ ဤနေ့မှစ၍ အရှင်မြတ် တို့အား လေးမြတ်ရိုကျိုး ကိုးကွယ်ပါတော့မည်''ဟု ဝန်ခံလျက် အရှင် မောဂ္ဂလာန်၏ ခြေရင်း၌ ဦးဖြင့်တိုက်၍ မထေရ်မြတ်၏ ခြေတော်အစုံ တို့ကို ရှိခိုးသေစွာ ရှိခိုး၍နေ၏။

**မြတ်စွာဘုရား ရှေ့တော်သို့ ဝင်စေခြင်း**

အရှင်မြတ်ကလည်း ''အချင်း နန္ဒောပနန္ဒ....ထလော့ထလော့၊ လူ သုံးပါးတို့၏စီးပွားချမ်းသာကို လွန်စွာဆောင်တော်မူတတ်သော မြတ်စွာ ဘုရားသည် သင့်အား သနားကရုဏာဖြင့် ကြွတော်မူလာ၍ ယုဂန္ဓိုရ်၏ တောင်ထိပ်ဝယ် စံပယ်တော်မူသည်၊ သင် လိုက်ခဲ့လော့''ဟု ခေါ်၍ ရှေ့ တော်သို့ ဆောင်လာ၏။

မြတ်စွာဘုရားလည်း နဂါးနှင့် လျော်ကပ်သော ဓမ္မကထာဖြင့် ကောင်းစွာ ဆုံးမတော်မူ၍ ဥပါသကာ၏အဖြစ်ကို ယူစေ၏။ ယင်းသို့ နဂါးမင်းကို နှိမ်နင်းချေချွတ်တော်မူပြီးသော်၊ သံဃာတော်ငါးရာနှင့်တကွ ကြွတော်မူလေ၍ အနာထပိဏ်သူဌေးအိမ်သို့ ဝင်တော်မူ၏။

သူဌေးကြီးလည်း ခရီးဦးကြိုဆိုလျက် ''ကိုယ်တော်မြတ်သည်အဘယ် အကြောင်းဖြင့် နေမြင့်မှ ကြွတော်မူပါသနည်း''ဟု လျှောက်ပြန်လေသော် ''နန္ဒောပနန္ဒ နဂါးအား သွား၍ ချေချွတ်တော်မူရသောကြောင့် နေမြင့် သတည်း''ဟု အတ္ထုပ္ပတ္တိကိုဖော်၍ ဟောကြားတော်မူ၏။ ထိုအခါ အနာ ထပိဏ် သူဌေးကလည်း ''ခုနစ်ရက်တိုင်တိုင် အကျွန်ုပ်အိမ်၌ ကိုယ်တော် မြတ်ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူပါ''ဟု လျှောက်၍ လုပ်ကျွေးပြုစု၏။

(ဤကား နန္ဒောပနန္ဒ နဂါးကို ဆုံးမတော်မူသောအကြောင်းပြီး၏။)

—*:*:*—

## (၈) ဗကဗြဟ္မာကြီးကို အောင်မြင်တော်မူခြင်း

ဗြဟ္မာ့ဘုံမှာ တန်ခိုးဂုဏ်မာန်သတင်း နေဆယ်စင်းသို့ ပွံ့ပမာ ဗကဗြဟ္မာကြီးဟာ အမှားကြီးမှားလို့ အယူသည်း နေရှာ ငါသာမြဲတယ်မိတ်မှာစွဲကာ ဘုရားကိုပင် ကန့်လန့်တိုက်၍ မိုက်နေပုံကို အိုးနေပုံကို ဘဂဝါ ဘုရားက သာဒေသနာတရားပြကာ အဲဒီတော့ ဗကဗြဟ္မာ မာန်ငွယ်ချလို့ ရှုံးရတာ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း အဋ္ဌမပါ။

## ဗကာံ

၈။ ဗကာံ မှားယွင်းဖောက်ပြန်၊ မိစ္ဆာ ဉာဏ် နှင့်၊ အမှန်စွဲသာ၊ အယူခွသည့် ဗကအမည်ရှိသော မိုးဗြဟ္မာကို ည်လောင်း၍ ဝါ၊ မှားယွင်းသော မိစ္ဆာဉာဏ်နှင့် ဖောက်ပြန်ကာ စွဲယူလျက်၊ ပြောင်းလဲစုတေခြင်း လွတ်ကင်းသော နိစ္စ၊ ဓုဝ ကေန်ဟု သန်မာသော နလုံးသားဖြင့်၊ သူတစ်ပါး ဟောပြောခြင်းငှာ၊ ခက်ခဲလှစွာသော၊ ဗကဗြဟ္မာကြီးကို လည်းကောင်း။

အစီနိ၊ တန်ခိုးစက်ရိန် ဂုဏ်မဟိန်ဖြင့် ချိုးနှိမ်ပယ်နှင် ရှင်းလင်းစင်၍ အောင်မြင်တော်မူလေပြီ။

တေဇသာ၊ ရှစ်ခါရှစ်တန် အောင်ပွဲခံ၍ အောင်လံထူ ပြီး မြတ်စောထီး၏၊ ကြီးသောရှေ့စက် ထက်သော အာဏာ ဂုဏ်တော်အစွမ်းအားဖြင့်၊ မေ—မြ၊ အကျွန်ုပ် အား ဇယမင်္ဂလာ၊ ကိုယ်တွင်းကိုယ်ပ ရှိသမျှဘေးဒဏ် ခပ်သိမ်းရန်ကို မကျန်မကြွင်း အောင်မြင်ခြင်း မင်္ဂလာသည်၊ ဘဝတု ဖြစ်စေပါသတည်း။

မြတ်ဗုဒ္ဓ၏

အောင်ခြင်းရှစ်ပါး

ဇာတ်တော်များ

(၈)

# ဗကဗြဟ္မာကြီးကို
# အောင်မြင်တော်မူခြင်း

## ဗကဗြဟ္မာကြီးအား ဆုံးမတော်မူပုံ (အကျဉ်း)

ဘုရားသခင်သည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အာဘဿရဗြဟ္မာ့ဘုံ၌ အယူလွဲနေသော ဗကဗြဟ္မာ ကို မြင်တော်မူ၏။ ထိုဗကဗြဟ္မာသည် ရှေးလူ့ဘဝ၌ အနှစ်တစ်သိန်းမျှလောက် ရသေ့ရဟန်းပြု၍ လောကီဈာန် သမာပတ်တို့ကို မပြတ်လေ့လာသဖြင့် ခန္ဓာကြွေလတ်သော် ဝေဟပ္ဖိုလ်ဘုံ၌ဖြစ်၏။


ထိုဝေဟပ္ဖိုလ်ဘုံ၌ နှစ်ပေါင်း မဟာကပ်ငါးရာပတ်လုံး ဗြဟ္မာတို့၏ချမ်းသာကို ခံစားပြီး စုတေခဲ့၏။

ထိုမှစုတေ၍ ခြောက်ဆယ့်လေးကမ္ဘာအသက်ရှည်သည့် သုဘကိဏှဘုံ၌ဖြစ်၏။

ထိုဘုံမှစုတေပြန်၍ ရှစ်ကမ္ဘာအသက်ရှည်သော အာဘဿရဘုံ၌ဖြစ်၏။

ထိုသို့စုတေ၍ ဘုံတစ်ဆင့်မှတစ်ဆင့် လျောကျသွားသော်လည်း ဗြဟ္မာ့ဘုံမှ စုတေရခြင်းသည် နာမ်ရုပ် အစဉ်လည်း မမှတ်မိ၊ ပဋိသန္ဓေလည်း မထင်သဖြင့် မူလဝေဟပ္ဖိုလ်ဘုံ၌ပင်တည်နေသည်ဟု မှတ်ထင်နေသဖြင့် ဗြဟ္မာ၏အဖြစ်သည် မအို မနာ မသေ မြဲသောနိစ္စဓုဝ ချမ်းသာနိဗ္ဗာန်ဘုံဟု ထင်နေ၏။

ထိုအကြောင်းကို ဘုရားသခင်မြင်တော်မူ၍ အယူသည်းသော ဗကဗြဟ္မာကြီးကို ပုဗ္ဗေနိဝါသဉာဏ်တော်ဖြင့် ဟော ကြားလေသည့်အခါမှ ဗကဗြဟ္မာကြီးသည် မြတ်စွာဘုရားအား ချီးမွမ်း ထောပနာပြုကာ မိမိစွဲလန်းသောအယူကို ပယ် ပါမည်ဟု လျှောက်ထားသဖြင့် သစ္စာလေးပါး တရားတော်ကို ဟောကြားပြီး ဗကဗြဟ္မာကြီးအား ချေချွတ် ဆုံးမတော် မူလေ၏။



# (၇)

## မကာဗြဟ္မာကို ချေခြင်တော်မူခြင်း

ဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူ၍ တစ်နေ့သောအခါ အာဘဿရဘုံ၌ အယူလွဲနေသော ဗကဗြဟ္မာအားရှေ့လူဘဝ၌ အနှစ်တစ်သိန်းမျှလောက် ရသေ့ရဟန်းပြု၍ လောကီစျာန်သမာပတ်တို့ ကို မပြတ် လေ့လာသဖြင့် ခန္ဓာကြွေလတ်သော် ဝေဟပ္ဖိုလ်ဘုံ၌ဖြစ်၏။ ထိုဘုံ၌ မဟာကပ်ငါးရာပတ်လုံး ဗြဟ္မာတို့၏ ချမ်းသာကို ခံစားပြီး၍ စုတေခဲ့သော် ခြောက်ဆယ့်လေးကမ္ဘာ အသက်ရှည်သော သုဘကိဏှာဘုံ၌ဖြစ်၏။ ထိုမှ စုတေပြန်သော် ရှစ်ကမ္ဘာ အသက်ရှည်သော အာဘဿရဘုံ၌ဖြစ်၏။

### ဗြဟ္မာကြီး အယူလွဲနေပုံ

ယင်းသို့ အောက်တစ်ဆင့်ယက်တစ်ဆင့် နိမ့်ကျ ခဲ့ရသော်လည်း အထက်အထက်ဘုံမှစုတေရသော နာမ်ရုပ်အစဉ်ကိုလည်းမမှတ်မိ၊ ပဋိသန္ဓေကိုလည်းမထင်၊ မူလအတိုင်းပင် တည်သည်ဟု ထင်မှတ်ရကား "ငါတို့၏ ဗြဟ္မာ့လောကသည် မြတ်သော မြဲသော နိစ္စဓူဝ ချမ်းသာပင်တည်း၊ ဤ အဖြစ်ထက် လွန်၍ရှာရန် နိဗ္ဗာန်မည်သည် မရှိပြီ၊ ဤဗြဟ္မာ့ကိုယ်လည်း အိုခြင်း နာခြင်း စသော ဆင်းရဲမရှိ၊ အတိသုခဖြစ်သော နိဗ္ဗာန်ပင်တည်း" ဟု အယူရှိ၏။

မိမိ၏ အနီးအပါးဖြစ်သော ခုနစ်ကျိပ်နှစ်ယောက်သော ဗြဟ္မာတို့လည်း ဤသို့ပင် အယူရှိကုန်၏။ အလွန်အားကောင်းသည့် သဿတမိစ္ဆာဒိဋ္ဌိအယူ ဖြစ်နေကြ၏။

မြတ်စွာဘုရားသည် ဥက္ကဋ္ဌမြို့ သုဘဂတောအုပ်အတွင်း အင်ကြင်းပင်မင်း၏ အရင်း၌နေစဉ်၊ ထိုအကြောင်းကို ဘုရားသခင် မြင်တော်မူ၍ ထိုအယူကို ပျောက်ခြင်းငှာ ပဉ္စာဘတ္တ(ဆွမ်းစားပြီး)အခါ၌ ကွေးထားသောလက်ကို ရုတ်ချင်း ဆန့်သကဲ့သို့ တစ်မုဟုတ်ချင်းကြွ၍ ပထမစျာန်ဗြဟ္မာ့ပြည်၌ ထင်ရှား ရပ်တော်မူ၏။

ဗကဗြဟ္မာ မြင်လျှင် "အရှင်ဘုရား၊ အကျွန်ုပ်တို့ ဗြဟ္မာ့ရွာသို့ ကြွလာတော်မူသလော။ အရှင်၏ လာခြင်းကား အလွန်ကောင်းသောလာခြင်းတည်း။ ဤဗြဟ္မာ့ရွာသို့ ကြွလာသောအလှည့်သည် ကြာမြင့်မှ ဖြစ်၏တကား" ဟု ဆို၍ ကိုယ်တော်၏အနီး၌နေ၏။

ဟိုသို့နေပြီးလျှင် "အရှင်ဂေါတမ.... လို့လပြု၍ ကျင့်တော်မူပါ။ ကျွန်ုပ်တို့ ဗြဟ္မာ့ရွာ၌ဖြစ်လျှင် စင်စစ် ဆင်းရဲခြင်း ကင်းပါတော့သည်၊ မအိုမသေ အမြဲနေသော ရွှေပြည်နိဗ္ဗာန် မှန်ပါတော့သည်၊ ဤကိုယ်နှင့်

တကူသော ဗြဟ္မာ့လောကမှတစ်ပါး အခြား လွန်မြတ်သော လွတ်မြောက်ရာလည်း မရှိ' ဟု လျှောက်၏။

**ဘုရားမြတ်စွာ တရားဟောပုံ**

ထိုစကားကိုကြား လျှင် ဘုရားသခင်ကလည်း ထက် ဝန်းကျင်မှ လာကြကုန်သော ဗြဟ္မာတို့အား ယှက်သေထား၍ တရားအမြိုက် တိုက်ကျွေးတော်မူခြင်းငှာ....

''အို....များစွာသော ဗြဟ္မာအပေါင်းတို့၊ ဤဗကဗြဟ္မာသည် မိုက်မဲလေစွတကား၊ မိုက်မဲလေစွတကား၊ အဝိဇ္ဇာတည်းဟူသော အမှောင်တိုက်သို့ ဝင်ဘိ၏တကား။ မြူနုံးကွင်း၌ရှိသော ငှက်သည် လွတ်ထွက်ပြီးသော သတ္တဝါကို ချမ်းသာလိုကြလျှင် ငါ့ထံသို့လာလှည့်ဟု ခေါ်ဘိသကဲ့သို့ ချော်ချွတ်သော မိစ္ဆာဉာဏ်ဖြင့် ဗြဟ္မာ့သဏ္ဌာန်ကို နိဗ္ဗာန်ဟု မှတ်ဘိ၏တကား။ မိမိအား ဖြစ်လတ္တံ့သောဘေးကို မမြင်၊ အနိစ္စကိုပင် နိစ္စ၊ မမြဲသော တရားကိုပင် မြဲ၏ဟု ဆိုတုံဘိ၏။ မခိုင်ခံ့သည်၊ မတည်တံ့သည်၊ သီးသန့်မဟုတ်သည်၊ ရွေ့လျားခြင်းသဘော ရှိသည်သာလျှင် ဖြစ်သော တရားကို ခိုင်ခံ့ဘိသည်ဖြစ်၏။ ရွေ့လျားခြင်းမရှိ၊ အသုခကိုပင် သုခဟု ပြောပရှာဘိ၏တကား၊ ဝဋ်ကရား၏ကင်းရာဖြစ်သော နိဗ္ဗာန်သည် ဧကန်ရှိလျက် မသိရှိရှာတကား''ဟု မိန့်တော်မူ၏။

**အလုပ်အကျွေး ဗြဟ္မာတစ်ဦးကို မာရ်နတ်ပူးဝင်ခြင်း**

ရဟန်းတို့... ထိုအခါ မာရ်နတ်ယုတ်သည် အလုပ်အကျွေး ဗြဟ္မပါရိသဇ္ဇဗြဟ္မာငယ်တစ်ပါးကို ပူးဝင်ပြီး သော်....

ရဟန်း....ရဟန်း ဤဗကဗြဟ္မာကို မထိခိုက်လင့်၊ ဤဗကဗြဟ္မာကို မထိခိုက်လင့်၊ ရဟန်း.... ဤဗကဗြဟ္မာသည် ဗြဟ္မာကြီးလည်းဖြစ်သည်၊ လွှမ်းမိုးနိုင်သူလည်း ဖြစ်သည်။ မည်သူကမျှ မလွှမ်းမိုးနိုင်သူလည်းဖြစ်သည်။ စင်စစ်ဧကန်ပင် အလုံးစုံကို မြင်တတ်သူလည်း ဖြစ်သည်။ သတ္တဝါအားလုံးကိုမိမိအလိုသို့ လိုက်ပါစေနိုင်သူလည်း ဖြစ်သည်။ လောက၌ အစိုးရသူလည်း ဖြစ်သည်။ လောကကို ပြုလုပ်ဖန်ဆင်းတတ်သူလည်းဖြစ်သည်။ လောက၏ အကြီးအမြတ်လည်းဖြစ်သည်။ (သင်သည် မင်းဖြစ်ရမည်၊ ပုဏ္ဏားဖြစ်ရမည်၊ ကုန်သည်လယ်လုပ်ဖြစ်ရမည်၊ သူဆင်းရဲဖြစ်ရမည်၊ သင်သည် လူဖြစ်ရမည်၊ ရဟန်းဖြစ်ရမည်။ (အယုတ်သဖြင့်) သင်သည် ကုလားအုပ်ဖြစ်ရမည်၊ သင်သည် နွားဖြစ်ရမည်ဟု) သတ္တဝါတို့ကို စီမံတတ်သူလည်း ဖြစ်သည်၊ ဈာန်၌ လေ့လာပြီးသူလည်း ဖြစ်သည်။ ဖြစ်ပြီးသော သတ္တဝါ၊ ဖြစ်ဆဲသော သတ္တဝါတို့၏ အဖလည်းဖြစ်သည်။

ရဟန်း.... လောက၌ ပထဝီဓာတ်ကို သင်ကဲ့သို့ပင် အနိစ္စ ဒုက္ခ အနတ္တဟူ၍, ကဲ့ရဲ့ဘတ် စက်ဆုပ်တတ်ကုန်သော အာပေါဓာတ်ကို တေဇောဓာတ်ကို ဝါယောဓာတ်ကို သတ္တဝါကို နတ်ကို မာရ်နတ်ကို ဗြဟ္မာကို (သင်ကဲ့သို့ပင် အနိစ္စ ဒုက္ခ အနတ္တဟူ၍) ကဲ့ရဲ့တတ် စက်ဆုပ်တတ်ကုန်သော သင့်ထက်ရှေးကျသည် သမဏဗြာဟ္မဏတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်အခါ၌ ယုတ်ညံ့သော (အပါယ်)ဘုံဘဝ၌ ဖြစ်ကြကုန်၏။

ရဟန်း.... လောက၌ ပထဝီဓာတ်ကို (မြဲ၏၊ ခိုင်ခံ့၏၊ တည်တံ့၏၊ မပြတ်နိုင်၊ မကွဲနိုင်၊ မကုန်ဟူ၍) ချီးမွမ်းတတ် အလွန်နှစ်သက်ဘတ်ကုန်သော အာပေါဓာတ်ကို တေဇောဓာတ်ကို ဝါယောဓာတ်ကို သတ္တဝါကို နတ်ကို မာရ်နတ်ကို ဗြဟ္မာကို (မြဲ၏၊ ခိုင်ခံ့၏၊ တည်တံ့၏၊ မပြတ်နိုင်၊ မကွဲနိုင်၊ မကုန်နိုင်ဟူ၍) ချီးမွမ်းတတ် အလွန်နှစ်သက်တတ်ကုန်သော သင့်ထက်ရှေးကျသည် သမဏဗြာဟ္မဏတို့သည်ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်အခါ၌ မြတ်သော (ဗြဟ္မာ့)ဘုံဘဝ၌ ဖြစ်ကြကုန်၏။

ရဟန်း.... ထို့ကြောင့် သင့်ကို ငါဤသို့ဆို၏၊ အချင်း.... သင့်ကို ငါတိုက်တွန်းလိုသည်မှာ- ဗြဟ္မာပြောဆိုသော စကားကိုသာလျှင် သင်လိုက်နာလော့၊ သင်သည် ဗြဟ္မာ၏စကားကို မလွန်ဆန်လင့်၊ ရဟန်း... သင်သည် ဗြဟ္မာ၏စကားကို အကယ်၍ လွန်ဆန်ပါမူ ယောကျ်ားသည် မိမိထံမှောက် ရောက်လာသော ကျက်သရေကို (လေးတောင်ရှိသော) တုတ်ရှည်ကြီးဖြင့် ရိုက်နှက် ပုတ်ခတ် ကာ မောင်းနှင်ထုတ် သကဲ့သို့ လည်းကောင်း ယောကျ်ားသည်ချောက်ကမ်းပါးပျက်၌ ကျသည်ရှိသော် မြေကို လက်တို့ဖြင့်လည်းကောင်း၊ ခြေတို့ဖြင့်လည်းကောင်း မကိုင်စွဲမိ မထောက်တည်မိသကဲ့သို့ လည်းကောင်း၊ ဤအတူပင် သင့်အတွက် ဤဥပမာနှင့် ပြည့်စုံခြင်းသည် ဖြစ်ပါလိမ့်မည်။ အချင်း.... (ထို့ကြောင့်) သင့်ကို ငါတိုက်တွန်းလိုသည်မှာ.... ဗြဟ္မာ၏ပြောဆိုသောစကားကိုသာလျှင်သင်လိုက်နာလော့၊ သင်သည် ဗြဟ္မာ၏စကားကိုမလွန်ဆန်လင့်၊ ရဟန်း....သင်စုဝေးနေသော ဗြဟ္မာပရိသတ်ကို မြင်သည်မဟုတ်လောဟု ထိုပါး ပြောဆိုလာလေသည်။

ထိုအခါ မြတ်စွာဘုရားသည် မာရ်နတ်ယုတ်ကို....

ဟယ်....မာရ်နတ်ယုတ်၊ သင့်ကို ငါဘုရားသိ၏။ ငါ့ကို ရဟန်းဂေါတမသည် မသိဟူ၍မျှား သင်အထင်မမှားလင့်၊ ဟယ်....မာရ်နတ်ယုတ်၊ သင်ကား မာရ်နတ်ဖြစ်၏။ ဟယ်....မာရ်နတ်ယုတ်၊ မဟာဗြဟ္မာကြီးသည်

လည်းကောင်း၊ ဗြဟ္မာပရိသတ်သည်လည်းကောင်း အလုပ်အကျွေး ဗြဟ္မာ အပေါင်းသည်လည်းကောင်း၊ အလုံးစုံသောသူတို့ပင် သင့်လက်တွင်းသို့ သက်ဆင်းကျရောက်ရကုန်၏။ အလုံးစုံသောသူတို့ပင် သင့်အလိုသို့လိုက်ပါကြရကုန်၏။ ဟယ်...မာရ်နတ်ယုတ်၊ သင်၏စိတ်သန္တာန်ဝယ် ဤရဟန်းလည်း ငါ့လက်တွင်းသို့ သက်ဆင်းကျရောက်သူ ဖြစ်လေရာ၊ ဤရဟန်းသည်လည်း ငါ့အလိုသို့လိုက်ပါရသူဖြစ်လေရာ၏ဟု အကြံမှားအစည်မှား ဖြစ်ဘိ၏။ ဟယ်...မာရ်နတ်ယုတ်၊ စင်စစ်သော်ကား ငါဘုရားသည် သင့်လက်တွင်းသို့ သက်ဆင်းကျရောက်သူလည်းမဟုတ်၊ သင့်အလိုသို့လိုက်ပါရသူလည်းမဟုတ်ချေ”ဟု ပြန်လည်ချေပပြောဆိုခဲ့လေပြီ။

ရဟန်းတို့၊ ဤသို့ ငါဘုရားက မာရ်နတ်ကို ပြောဆိုအပ်ပြီးလတ်သော်၊ ဗကဗြဟ္မာကြီးသည် ငါဘုရားကို ဤသို့ပြောဆို၏။ ပြောဆိုပုံမှာ....

အရှင်မြတ်၊ ငါသည် မြဲသောတရားကိုသာလျှင်“မြဲ၏”ဟု ဆို၏။ ခိုင်ခံ့သောတရား တည်တံ့သောတရား၊ သီးသန့်ဖြစ်သောတရား၊ ရွေ့လျောခြင်းသဘောမရှိသောတရားကိုသာလျှင် “ခိုင်ခံ့၏” “တည်တံ့၏” သီးသန့်ဖြစ်၏။ “ရွေ့လျောခြင်းသဘောမရှိ”ဟုဆို၏။ အကြင်ဗြဟ္မာ့ဘုံ၌ ပဋိသန္ဓေနေသူ၊ အိုသူ၊ သေသူ၊ ရွေ့လျောသူ၊ တစ်ဖန် ကပ်ရောက်သောသူမရှိ၊ ထိုဗြဟ္မာ့ဘုံကိုပင် “ဤဗြဟ္မာ့လောက၌ ပဋိသန္ဓေနေသူ၊ အိုသူ၊ သေသူ၊ ရွေ့လျောသူ၊ တစ်ဖန် ကပ်ရောက်သူ မရှိဟူ၍ ငါသည်ပြောဆို၏။ ဤကိုယ်နှင့် တကွသော ဗြဟ္မာလောကမှတစ်ပါး အခြား လွန်မြတ်သော ထွက်မြောက်ရာတရား မရှိသည်ကိုပင် (မရှိ၍ပင်) ဤကိုယ်နှင့်တကွသော ဗြဟ္မာ့လောကမှတစ်ပါး အခြားလွန်မြတ်သောတရားလည်းမရှိဟုငါဆို၏။

ရဟန်း၊ လောက၌ သင့်ထက် ရှေ့ကျသည့် သမဏ ဗြာဟ္မဏတို့၏ ကျင့်ကြံမှုကား သင်၏အသက်နှင့်အမျှပင် ဖြစ်ပေ၏။ ထိုသမဏဗြာဟ္မဏတို့သည် (ဤကိုယ်နှင့် တကွသော ဗြဟ္မာ့လောကမှ)တပါး အခြား လွန်မြတ်သော ထွက်မြောက်ရာရှိသည်ကိုလည်း(ဤကိုယ်နှင့်တကွသော ဗြဟ္မာ့လောကမှ) တစ်ပါး အခြားလွန်မြတ်သော ထွက် မြောက် ရာ ရှိ၏ ဟူ၍လည်းကောင်း (ဤကိုယ်နှင့်တကွသော ဗြဟ္မာ့လောကမှ)တစ်ပါး အခြားလွန်မြတ်သော ထွက်မြောက်ရာ မရှိသည်လည်း (ဤကိုယ်နှင့် တကွသော ဗြဟ္မာ့လောကမှ)တစ်ပါး အခြားလွန်မြတ်သော ထွက်မြောက်ရာမရှိဟူ၍လည်းကောင်း သိကုန်ရာ၏။

ရဟန်း၊ ထို့ကြောင့် သင့်ကို ငါသည် ဤသို့ဆို၏။ (ဤဆိုလတ္တံ့သောအတိုင်း အခိုင်အမာ ရဲရဲကြီးပြောဆို၏ဟုဆိုလိုသည်)သင်သည် (ဤကိုယ်နှင့်တကွသောဗြဟ္မာ့လောကမှတစ်ပါး) အခြားလွန်မြတ်သော ထွက်

မြောက်ရာကိုလည်း တွေ့လိမ့်မည်မဟုတ်၊ ပင်ပန်းရုံ ဆင်းရဲရုံသာ သင် ဖြစ်ပေလိမ့်မည်။

ရဟန်း၊ သင်သည် အကယ်၍ ပထဝီဓာတ်ကို စွဲလမ်းမူ ငါ၏အနီး၌ နေရသူ၊ ငါ၏တည်ရာနေရသူ၊ ငါ့အလိုရှိတိုင်းပြုပိုင်သည့်ငါ့လက်အောက်က လူ ဖြစ်ပေလိမ့်မည်။ သင်သည် အကယ်၍ အာပေါဓာတ်ကို၊ ဝါယောဓာတ်ကို၊ သတ္တဝါတို့ကို၊ နတ်တို့ကို၊ မာရ်နတ်ကို၊ အကယ်၍ ဗြဟ္မာကို စွဲလမ်းမူ ငါ၏အနီး၌ နေရသူ၊ ငါ၏ တည်ရာ၌နေရသူ၊ ငါ့အလိုရှိတိုင်း ပြုပိုင်သည့် ငါ့လက်အောက်လူ ဖြစ်ပေလိမ့်မည်။

ဟု ဤကဲ့သို့ ပြောဆို၏။

(မြတ်စွာဘုရားရှင်က တုံ့ပြန်၍ မိန့်တော်မူသည်မှာ....)

'ဗက၊ ငါဘုရား သည်လည်း ဤသို့သိ၏။ အကယ်၍ ငါသည် ပထဝီဓာတ်ကို စွဲလမ်းမူ သင်၏အနီး၌နေရသူ၊ သင်၏တည်ရာ၌ နေရသူ သင့်အလိုရှိတိုင်း ပြုပိုင်သည့် သင့်လက်အောက်လူ ဖြစ်ပေလိမ့်မည်၊ အာပေါဓာတ်ကို၊ တေဇောဓာတ်၊ ဝါယောဓာတ်ကို သတ္တဝါတို့ကို နတ်တို့ကို မာရ်နတ်ကို၊ အကယ်၍ငါသည် ဗြဟ္မာကိုစွဲလမ်းမူ သင်၏အနီး၌နေရသူ၊ သင်၏တည်ရာ၌နေရသူ၊ သင်အလိုရှိတိုင်း ပြုပိုင်သည့် သင့်လက်အောက် လူ ဖြစ်ပေလိမ့်မည်'' ဟုငါဘုရားသည်လည်း သိပေ၏၊

ဗက၊ စင်စစ်သော်ကား ''ဗကဗြဟ္မာသည် ဤသို့ကြီးသော တန်ခိုး ရှိ၏၊ ဤသို့ကြီးသော အာနုဘော်ရှိ၏၊ ဤသို့များသော အကျော်အစော အခြံအရံရှိ၏ဟု သင်၏ဖြစ်ပုံကိုလည်း ငါဘုရားသိ၏၊အစွမ်းသတ္တိကိုလည်း ငါဘုရားသိ၏''

ဟူ၍ မိန့်တော်မူ၏။ ထိုအခါ ဗကဗြဟ္မာက တစ်ဖန် ပြန်ကြား လျှောက်ထား မေးမြန်းသည်မှာ....

''အရှင်မြတ်....ဗကဗြဟ္မာသည် ဤသို့ကြီးသောတန်ခိုးရှိ၏။ ဤသို့ ကြီးသော အာနုဘော်ရှိ၏။ ဤသို့များသော အကျော်အစော အခြံအရံ ရှိ၏ဟု အဘယ်သို့ ငါ၏ဖြစ်ပုံကို သင် သိသနည်း။ အစွမ်းသတ္တိကိုလည်း သင် သိသနည်း''

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က ဖြေကြား တော်မူသည်မှာ....

ဤလောကဓာတ် စကြဝဠာပေါင်း တစ်ထောင် အတွင်း၌သာ မြတ်သောသတ္တဝါ၊ ယုတ်သောသတ္တဝါ အပေါင်းကိုလည်းကောင်း၊ တပ် မက်မှုရှိသူ၊ တပ်မက်မှုကင်းသူကို လည်းကောင်း၊ ဤစကြဝဠာကို လည်း ကောင်း၊ ကျွန်သော (၉၉၉) ကိုးရာ ကိုးဆယ့်ကိုးခုကို လည်းကောင်း

ဤအဟောင်း၌ သတ္တဝါတို့၏ပဋိသန္ဓေ တည်နေမှု၊ သေမှုကို လည်းကောင်း အသင် ဗကဗြဟ္မာသည် သိ၏။

ဗကဗြဟ္မာ....ဤသို့လျှင် ဗြဟ္မာသည် တန်ခိုးကြီးသူ၊ အာနုဘော်ကြီးသူများသော၊ အခြံအရံ အကျော်အစောရှိသူ ဖြစ်သည်ဟု သင်၏ ဖြစ်ပုံကိုလည်း ငါဘုရား သိ၏။ အစွမ်းသတ္တိကိုလည်း ငါဘုရား သိ၏။

ချစ်သား ဗက....ဤဗြဟ္မာ့ရွာ၌ သင်ကြာသောကာလကား အန္တရကပ် အရေအတွက်အားဖြင့် တစ်သိန်းသုံးသောင်း ခြောက်ထောင်လေးရာ့ သုံးဆယ့် နှစ်ကပ်သာ ဖြစ်သည်။ နှစ်အရေအတွက်အားဖြင့် နိရဗ္ဗုဒ တစ် သိန်းမျှသာ ရှိသေးသည်။ ဇာတိ-ဇရာ မရဏကိုလည်း မလွန်ရသေး၊ စုတေရမည်မချွတ်ဟု ငါမြင်တော်မူ၏။ သင် ပညာကင်းသောကြောင့် အသက်ကြွင်းကိုမျှ မမြင်သတည်းဟု မိန့်တော်မူ၏။

ဗက ဗြဟ္မာ—ဤပဋ္ဌမဈာန်ဘုံမှ တစ်ပါးသော ဘုံဘဝသည် ရှိသေး သည်သာတည်း။ ထိုဘုံဘဝကို သင် မသိမမြင်၊ ငါဘုရား သိ၏၊ မြင်၏။ ဗကဗြဟ္မာ...အာဘဿရ မည်သော ဘုံဘဝသည် ရှိသေးသည်သာတည်း။ ယင်း အာဘဿရဘုံဘဝမှ စုတေခဲ့၍ ဤပဋ္ဌမဈာန်ဘုံ၌ သင်ဖြစ်လာရ၏။ သင်အဖို့ရာ ဤပဋ္ဌမဈာန်ဘုံ၌ အနေကြာသွားခြင်းကြောင့် သတိမေ့၍ နေ၏။ ထို့ကြောင့် ထို(အာဘဿရ)ဘုံဘဝကို သင် မသိ၊ မမြင်။ ထို (အာဘဿရ)ဘုံဘဝကို ငါဘုရား သိ၏၊ မြင်၏။ ဗကဗြဟ္မာ—ငါဘုရား သည် ဤသို့ (သင် မသိသည့် အာဘဿရ ဘုံဘဝကို) သိသောကြောင့် လည်း သင်နှင့် ဉာဏ်ပညာအားဖြင့် တူညီသူ မဟုတ်ချေ၊ အဘယ်မှာ သင့်အောက် နိမ့်ကျပေအံ့နည်း၊ စင်စစ်မှာမူ ငါသာလျှင် သင့်ထက် ဉာဏ်ပညာအားဖြင့် သာလွန်သူဖြစ်၏ဟု မိန့်ကြားတော်မူ၏။

**ဗကဗြဟ္မာ၏ ရှေးအာဝများ**

ယခီးသို့ဟောပြောသော် ဗကဗြဟ္မာလည်း "ရှည်မြင့်စွာ မြင်ပေ သော အရှင်ဘုရား၊ ဤဗြဟ္မာ့ရွာ၌ ရှည်မြင့်စွာနေရသော ကျွန်ုပ်တို့ အကြောင်း ရှေးကောင်းမှုကို မိန့်ဆိုတော်မူပါ။ ထိုအကြောင်းကို အမှန် ဟောနိုင်လျှင် ဘုရားဟု ယုံကြည်ပါမည်"ဟု လျှောက်၏။ ကိုယ်တော် မြတ်လည်း တပ်အပ်ပြတော်မူခြင်းငှာ-

ယံ တွံ အပါယေသိ ဗဟူ မနုဿေ—

အစရှိသော ဂါထာကို ဟောတော်မူ၏။

**သတ္တဝါတို့၏ အသက်ပေါင်းများစွာ အနိဋ္ဌာန်ဖြင့် ကယ်တင်ပုံ**

အချင်းဗက....သင်သည် ဤမည်သောကမ္ဘာဝယ် ဗာရာဏသီပြည် ၌ ကေသဝမည်သော ပုဏ္ဏားသူကြွယ်ဖြစ်၍၊ ရသေ့ပြုပြီးသော် စတုက္က

ကသိုဏ်းဝန်းကိုမှီလျက် လောကီဖြစ်သော ဈာန်သမာပတ်တို့ကို မပြတ် လေ့လာသတည်း။ ထိုရသေ့သည် သိမ်မွေ့ညံ့နူ သဲအစုရှိသော မရုကန္တာရ၏အနီး တောအုပ်ကြီးတစ်ခု၌ နေသောအခါ ငါးရာမျှလောက်သော လှည်းကုန်သည် အပေါင်းတို့သည် ထိုသဲကြောင်း ကန္တာရကို ကူးခတ်သော် မျက်စိလည်ကုန်လျက် ခုနစ်ရက်ပတ်လုံး မထွက်နိုင်ကြသဖြင့် ပါသမျှသော ရိက္ခာဆန်ရေတို့ကုန်၍ အလုံးစုံသော လှည်းသားတို့သည် "ငါတို့အား သေရအံ့သည်မချွတ်ပြီ" ဟု လှည်းမှနွားကို ချွတ်၍ မှတ်သိပ်ပူပင်လျှသောကိုယ်ဖြင့် ထိုထိုသောလှည်းအောက်၌ အခွေခွေ အိပ်နေကြသည်ကို ကောသဝရသေ့မြင်သော် ကြင်နာသနားလှသဖြင့် ဤသတ္တဝါများတို့သည် ငါ၏အပေါ်၌ မပျက်ပြားစေသတည်းဟု ကြံ၍အဘိညာဉ် တန်ခိုးဖြင့် သောက်ချိုး၍ မကုန်နိုင်ရာသော ဂင်္ဂါမြစ်ရေကို ရေစီးစေ၍ အသီးအပွင့်နှင့်ပြည့်စုံသော တောအုပ်ကိုလည်း အပေါ်တွင် ဖန်ဆင်း၏။ ထိုအခါမှ များစွာသောလူတို့သည် ရေကိုသောက်ချိုး၍ အမျိုးမျိုးသော သစ်သီးတို့ကိုစားလျက် နွားတို့ကို အားပြည့်စေပြီးမှ အသီးသီးလိုအပ်သော မြို့ရွာသို့ ချမ်းသာစွာ သွားကြ၏။ ဤကား ရှေးဦးစွာသော သ၏ ကုကိုလ်ဟောင်းတည်း။

**အသက်ပေါင်းများစွာ အဓိဋ္ဌာန်ဖြင့် ကယ်တင်ပြန်ခြင်း**

တရံသောကာလ ထိုကောသဝရသေ့သည် တစ်ခုသော ပစ္စန္တရွာကို မှီ၍ ကျော်ညည်သောမြစ်၏ ကမ်းအနီး၌ နေသောအခါ မြို့ရွာကိုဖျက်ယူတတ်သော ခိုးသူငါးရာတို့သည် ထိုပစ္စန္တရွာကို တိုက်ဖျက်၍ ဥစ္စာစီးပွား ကျွဲနွားလူသူကို သိမ်းယူပြီးလျှင် တောင်ကြီးအထက်သို့ တင်၍ ထက်ဝန်းကျင်မှ ကင်းစောင့်ထားလျက် ခိုးသားတို့ ထမင်းချက်၍နေကြသော် ခေါ်ဆောင်လေသော မိန်းမ ယောကျ်ား ကလေးသူငယ်တို့သည် ငိုယိုသဖြင့် ထိုအသံကို ရှင်ရသေ့ကြားသော် "ငါ့အပေါ်တွင် သို့စင်သောသတ္တဝါတို့ မပျက်ပါစေသတည်းဟု အကြံပြု၍ မိမိသဏ္ဌာန်ကို ဖျောက်ပြီး လျှင် မြင်း၊ ဆင်၊ ရဲမက်၊ လက်နက်ကိုင်ကာ ပိုလ်ပါအရံနှင့်တကွသော မင်း၏သဏ္ဌာန်ကို ဖန်ဆင်း၍ ချင်းတို့အနီးသို့ တိုက်စည်တီးကာ ကြွေးကြော်ဟစ်ကြွေးလျက် သွားကြ၏။ ကင်းထားသောသူတို့မြင်လျှင် ပြည့်ရှင်မင်းသည် ငါတို့ကို ဖမ်းခြင်းငှာလိုက်လာချေပြီထင်၍ လျင်စွာသွား၍ ခိုးသားတို့ကိုပြောသော် "ဤလောကတွင် ပြည့်ရှင်မင်းနှင့် စစ်ဖက်၍ မပျက်စီးသော ခိုးသူမည်သည်မရှိ" ဟု မိမိတို့ထမင်းကိုမျှ ခံတွင်းသို့မကျပဲ ထ၍ပြေးလေကုန်၏။ ရသေ့လည်း ကျန်ရစ်သော ကျွဲနွားလူသူတို့ကို ဆောင်ယူခဲ့ပြီးမှ

မိမိဌာနၐ္၌ ချမ်းမြေ့စွာ နေစေကုန်၏။ ဤကား နှစ်ကြိမ်မြောက်သော သင်၏ ကုသိုလ်ဟောင်းတည်း။

**တတိယအကြိမ်မြောက် ကယ်တင်ပြန်ခြင်း**

တစ်ရံရောအခါ ထိုမြစ်ကမ်းအနီး နေရာဝယ် ဗာရာဏသီပြည်မှ ငါးရာသော အမက် မှူးချင်းတို့သည် မြင်းကောင်း ဆင်ကောင်းကို ဆောင်ယူခြင်းငှာ များစွာသော လှေတို့ကို ဖောင်ဖွဲ့၍ အထက်၌ မဏ္ဍပ်ကြီးကို ပြု၍တစ်စုတည်းမျှောခဲ့ကြသဖြင့်၊ ထိုကာသရေသေ့၏နေရာအနီး၌ဆိုက်ပြီးသော်၊ အသီးအသီး ပေါ်စားဖွယ်ဘိုကိုစားသောက်၍ ကြွင်းသောစားဖတ် အညစ်အကြေးတို့ကို မြစ်ထဲသို့ ချကုန်၏။ ထိုအခါ မြစ်တွင်း၌နေသော ဂင်္ဂေယျနဂါးမင်းသည် ''ချင် တို့စားဖတ် အညစ်အကြေးကို ငါ့ဦးခေါင်းထက် ပစ်ရာသလော'' ဟုဒေါသထွက်၍ ဖောင်ထက်၌ပါသော လူအပေါင်းတို့ကို သတ်ခြင်းငှာ ကြီးစွာသော ကိုယ်ကို ဖန်ဆင်းလျက် ပါးပျဉ်းဖြန့်၍ ရှေးရှု လာလတ်သော်၊ ဖောင်ပေါ်၌ရှိသော လူအပေါင်း တို့သည် သောင်းသောင်းရုတ်ရုတ် အုတ်အုတ်ကျက်ကျက် ကြောက်မက်စွာသော အသံကိုပြုကုန်၏။ ထိုအကြောင်းကို ရှင်ရသေ့မြင်လျှင် ''ငါ၏အပါးတွင် ဤသူများမပျက်စီးပါစေလင့်'' ဟု ကြံ၍ ဂဠုန်ငှက်ဟန် ဖန်ဆင်းပြီးလျှင် နဂါးကြီးအား ခြိမ်းခြောက်၍ ပြေးစေ၏။ ထိုအခါမှ ငါးရာသော လူအပေါင်းတို့သည်ဘေးဘျမ်းကင်းကွာ၍ ချမ်းသာစွာသွားရကုန်သတည်း။ ဤကား သုံးကြိမ် မြောက်သော သင်၏ ကုသိုလ်ဟောင်းတည်း။

**ကေသဝနှင့် ကပ္ပရ ရသေ့ဘဝ**

အချင်းဗကာ၊ သင်သည် ကေသဝရသေ့ ဖြစ်သောအခါ ငါသည် သင်၏ အန္တေဝါသိကတပည့်ဖြစ်သော ကပ္ပရ ရသေ့ဖြစ်ဖူး၏။ တစ်ရံသော အခါ ဟိမဝန္တာ၏ အနီးဖြစ်သော တောအုပ်ကြီး၌ငါနေသော်၊ သင့်အား ဗာရာဏသီမင်းသည် ပင့်၍ ခြီးမြှင့် ပူဇော်ပါသော်လည်း မြို့ရွာ၏အနီး၌ သင်မပျော်ပိုက်ခြင်းကြောင့် တောအုပ်၌နေသော တပည့်ရသေ့ထံသို့သာ လာ၍နေလေသည်။ သင့်အား ပင့်လျှောက်ခြင်းငှာ နာရဒအမတ်လာ၍ ''မင်း၏ဆရာဖြစ်တော်မူသောအရှင်ကေသဝ၊ ကျွန်ုပ်တို့ဗာရာဏသီမင်းသည် လွန်မင်းစွာ ခြီးမြှောက်ပါလျက် မြို့ရွာ၏အနီး၌ မပျော်ပိုက်ဘဲ တောကြီး ထဲ၌သာ အဘယ့်ကြောင့် နေလာပါသနည်း။ ပြည်သူပြည်သား အများ တပည့်တို့၏ လုပ်ကျွေးခြင်းကို မခံ၊ တစ်ဦးတည်း ထံ၌ အဘယ့်ကြောင့် စံလိုသနည်း၊ ပြည်သို့သာ ကြွတော်မူပါ'' ဟု လျှောက်လေသော်၊ ကေသဝ ရသေ့ကလည်း အမောင် နာရဒ၊ ရဟန်း ဟူသမျှသည် တောဌာနၐ္၌သာ ထူးမြတ်သော ကျန်းသမာပတ်စည်းစိမ်မြတ်ကို ရအပ်သတည်း။ တောရပ်

သမီး ဇနီးဒါသဝင် သစ်ပင်တို့က လုပ်ကျွေးကြသော အာဟာရသာလျှင် ဖြစ်ဆာကင်းဘိ သေးမရှိ၍ အဟိရမတ္တိယဖြစ်သတည်း။ မိန်းမ ယောကျ်ား ရှာသူများတို့၏ လှည့်ဖျားသော ကာမဂုဏ် အာရုံခြောက်ဖြာမှ ဝေးကွာလှဘိ၍ ဝိတက်သုံးပါး ယင်ဂဲ့များတို့သည် ငါ့အား မခဲနိုင်သတည်း။ တူသောအကျင့် အခွင့်သိကြားငါ့အား ကြည်ညို့ငါ့လိုလိုက်လှ ပီယဝါစာ ဆိုတတ်စွာ၍ လိမ္မာလှသော ကပ္ပိယ ရမည်ရှောင်း တပည့်ကောင်းနှင့် ပေါင်းရခြင်းကြောင့်လည်း တောတွင်း၌သာ ငါ့မွေ့လျော်သတည်း''ဟု ဆိုပေသော်၊ ထိုနာရဒအမတ်လည်း ''အရှင်မြတ်၏တရားသည် ဖြောင့်သား ဟုတ်မှန်လေစွ''ဟု ချီးပ ပူဇော်၍ ပြန်လေ၏။

အချင်းဗကာ....သင်သည် လူ့ပြည်ကကြီးကျယ်လှသော ဇိဝိဟာဒါနနှင့် အများချမ်းသာကို အခါခါပြုခဲ့ဖူးသော ကံထူးပုညကြောင့် ဤဗြဟ္မာ့ ပြည်၌ မြင့်ရှည်စွာ သင်နေရသကည်း။ ထိုမျှကောင်းမှုပြုသောအခါ ငါ ဘုရားသည် သင်၏တပည့်ဖြစ်၍ နှစ်သက်စွာ ညီညာယှိုင်းပင်ခဲ့သတည်း။ သင်အောက်မေ့လော့''ဟု ရှေးအကြောင်းကို ထုတ်ဖော်ကာ ဗြဟ္မာအများ အား ကြားစေလို၍ ပြဆိုတော်မူ၏။

ဤသို့ဆိုလျှင် မြတ်စွာဘုရား ရှင်သည် ဗကဗြဟ္မာကြီး၏ အမျိုးမျိုး သော ကိုယ်အဖြစ်တို့က ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ကံကို ဟောကြား ညွှန်ပြတော်မူ၏။ မြတ်စွာဘုရား ဟောကြားတော်မူစဉ်ပင် ဗကဗြဟ္မာကြီး သည် မိမိ၏ အတိတ်ဖြစ်ရပ် ဇာတ်များကို ပြန်၍ အမှတ်ရရှိလေသည်။ ထိုဗကဗြဟ္မာကြီး၏ ဉာဏ်ဝ၌ဆီမီးဟစ်ထောင်ထွန်းညှိသောအခါ အဆင်း အမျိုးမျိုး ထင်ရှား သကဲ့သို့ အလုံးစုံသောအတိတ်ကံများ ထင်ရှား၍ လာ လေကုန်၏။ ဗကဗြဟ္မာကြီးသည် သာဓုခေါ်ရှန်းစိုကြည်ညိုသောစိတ် တစ်ရိပ် ရိပ်ဖြစ် ရှိလတ်ရကား....

အဒ္ဓါ ပဇာနာသိ မမေတာသာယုံ၊
အညမ္ပိ ဇာနာသိတထာဂတော ဗုဒ္ဓေါ။
တထာဟိ တျာယံ ဇလိတာ နုဘာဝေါ၊
ဩဘာသယံ တိဋ္ဌတိ ဗြဟ္မလောကံ။

(မာရိ—ဒုက္ခခပ်သိမ်း ငြိမ်းတော်မူပြီးသော မြတ်စွာဘုရား....။ တွံ— အရှင်ဘုရားသည်)။ အဒ္ဓါ-မချွတ်ကေန်အမှန်ပင်။ မမ—အကျွန်ုပ်၏ တေံ အာယုံ— ထိုအတိတ်ဘဝကဖြစ်ခဲ့သမျှ အသက်တမ်းကို၊ ပဇာနာသိ-ပိုင်း ခြားထင်ထင် သိမြင်တော်မူပါပေ၏။ အညမ္ပိ- (အကျွန်ုပ်၏အသက်မှ တစ်ပါး) ဥဒေယျများ အားလုံးကိုလည်း။ ဇာနာသိ- ပိုင်းခြားထင်ထင် သိမြင်တော်မူပါပေ၏။ တထာဟိ- ထို့ကြောင့်ပင်လျှင်။ ဗုဒ္ဓေါ- သဗ္ဗညု

ဗုဒ္ဓ မှန်လှပါပေ၏။ တတ်ပါ ဟိ ထိုသို့ သဗ္ဗညုဗုဒ္ဓ မှန်လှသောကြောင့်ပင် လျှင်။ တော–အရှင်ဘုရား၏ အယံ္ဃလိဘာသနဘာသ၀ါ ဤထွန်းလင်းတောက် ပြောင် ကိုယ်တော်ရောင် အာနုဘော်သည်။ ဗြဟ္မာလောကံ- ဗြဟ္မာ့ပြည် အလုံးကို၊ ဩဘာသယံ- ဩဘာသယန္တာ- နေ- လရောင်ထောင်မက အောင်ပင် တောက်ပြောင် ထွန်းပလျက်။ တိဋ္ဌတိ- တည် ပါ ပေ ၏။

ဟူသော ဤဂါထာကို လျှောက်ဆိုလေသည်။)

ဗကဗြဟ္မာကြီးသည် မိမိ၏ ၀ါဒစွဲကို ရုတ်တရက် အလျှော့မပေး လို မြတ်စွာဘုရားအား ၀ါဒစကား ယှဉ်ပြိုင်အနိုင်ယူလို၍ ငြင်းဆန်နေ သေးလေရာ၊ ကိုယ်တော်မြတ်သည် မိမိ၏ ၀ါဒကို ကြံ့ကြံ့ခိုင်ကြည် တည် စေတော်မူ၏။

## မြတ်စွာဘုရားနှင့် ဗကဗြဟ္မာတို့ တန်ခိုးပြိုင်ကြခြင်း

ထိုနောင်မှ ဗကဗြဟ္မာသည် မိမိ ယူတိုင်းယူ၀ိုင်း- ပြောတိုင်း ပြောတိုင်းသော ဤကိုယ်နှင့်တကွသော ဗြဟ္မာ့ဘုံဌာနသည် မြဲ၏၊ ခိုင် ခံ့၏၊ တည်တံ့၏။ အစရှိသော စွဲယူချက်အားလုံးကို ထိုထိုအချက်တိုင်း မှာပင် မြတ်စွာဘုရားရှင်က အပြစ်ကိုပြ၍ နှိပ်ကွပ်အံ့၊ စွန့်ပယ်စေအပ် ရာသား အခြားတစ်စုံတစ်ရာ ယူဖွယ်ပြောဖွယ်၊ ကိုးစားဖွယ်ကို မတွေ့မမြင် ၍ မိမိ၏အရှုံးကို ဖုံးလွှမ်းစေခြင်းငှာ ၀ါဒစကား ယှဉ်ပြိုင်ပြောကြား ခြင်းကို ပယ်ရှား၍ ပုန်းကွယ်ပျောက်လျှိုး တန်ခိုးပြ ငှဟာချင်း ပြိုင်ဆိုင် လိုရကား....

''အရှင်မြတ်....ထိုသို့ဖြစ်လျှင် ငါသည် သင်၏ မျက်မှောက်၌ ယခု ပင် ကွယ်လိုက်မယ် ရှုလော့''

ဟု ပြောဆိုလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က ဗကဗြဟ္မာကို-

'ဗကဗြဟ္မာ....အကယ်၍ သင် စွမ်းနိုင်ခဲ့လျှင် ယခုပင် ကွယ်လိုက် လော့'

ဟူ၍ ခွင့်ပြုစကား မိန့်ကြားတော်မူလေ၏၊

ဗြဟ္မာဘုံမှာ... (၁)ပကတိအတ္တဘော၊ (၂) ပြုပြင်ဖန်ဆင်းထား သော အတ္တဘော ဟူ၍ အတ္တဘောနှစ်မျိုး ရှိသည်။ ထိုနှစ်မျိုးတို့တွင်.... (၁)ပကတိအတ္တဘော - အဦးအစ ပဋိသန္ဓေ တည် နေ စဉ် က ဖြစ်သော အတ္တဘောသည် သိမ်မွေ့၏။ အခြားဗြဟ္မာ တို့အဖို့ (သိမ်မွေ့လွန်းသော ကြောင့်) ခဲဆင်မမြင်နိုင်။ ထို့ကြောင့် အခြားသူများ မြင်နိုင်ရန (၂) ပြုပြင် ဖန်ဆင်းထားသော အတ္တဘော - ကြမ်းတမ်းသော ကိုယ်ဖြင့်သာလျှင် တည် နေကြလေသည်။ ထို့ကြောင့် ဗကဗြဟ္မာကြီးသည် မြတ်စွာဘုရားရှင်က ခွင့်ပြုစကား မိန့်ကြားတော်မူလိုက်သောအခါ...

## ဗကပြဟ္မာ ရုပ်မပြောင်းနိုင်

လက်ရှိ ပြုပြင်ဖန်ဆင်းထားသော ရုပ်ကြမ်းခန္ဓာကိုယ် ရုပ်သိမ်း၍ သိမ်မွေ့နူးညံ့သော ပကတိအတ္တဘောသို့ ပြောင်းလိုက်ရန် စိတ်ညွတ်လေ၏၊ ထိုအကြောင်းကို သိတော်မူသဖြင့် မြတ်စွာဘုရားရှင်က ''ဤ ဗကပြဟ္မာသည် သိမ်မွေ့သောပကတိအတ္တဘောဖြင့် မတည်ပဲ၊ ယခု လက်ရှိ ပြုပြင် ဖန်ဆင်းထားသည့် ရုန့်ရင်းကြမ်းတမ်းသော အတ္တဘောဖြင့်သာ တည်စေသတည်း''ဟု အဓိဋ္ဌာန်တော်မူ၏၊ ထို့ကြောင့် သူ၏ ကိုယ်ကာယကား မပျောက်ကွယ်ပဲ ရှိလေသည်။

## အမိုက်မှောင်ကို ဖန်ဆင်းကြည့်၏

တစ်ဖန် ဗကပြဟ္မာကြီးသည် ပကတိအတ္တဘောသို့ မပြောင်းနိုင်ဘဲ သဖြင့် လက်ရှိအတ္တဘောကို ဖုံးလွှမ်းမည့် အမိုက်မှောင်ကြီးကို ဖန်ဆင်းရန် အားထုတ်ပြန်လေသည်။ မြတ်စွာဘုရားရှင်ကလည်း ကိုယ်တော်၏ တန်ခိုးဖြင့် ဗကပြဟ္မာကြီး ဖန်ဆင်းသည့် အမိုက်မှောင်ကို ပယ်ဖျောက်ပစ်လိုက်ပြန်လေသည်၊ ထို့ကြောင့် ပုန်းကွယ်ခြင်းငှာ မတတ်နိုင်ပဲ ရှိပြန်လေသည်။

## ဗြဟ္မာလောက ပျက်ရယ်ပြုကြ

ဗကပြဟ္မာကြီးသည် ပကတိအတ္တဘောသို့လည်း မပြောင်းနိုင်၊ အမိုက်မှောင်ကိုလည်း မဖန်ဆင်းနိုင်သဖြင့် ပုန်းကွယ်ခြင်းငှာ မတတ်နိုင်ရကား၊ ပြုမိပြုရာလုပ်သောအားဖြင့် ဘုံဗိမာန်အတွင်းသို့ ဝင်၍ပုန်းပြန်၏၊ ပဒေသာပင်၌ ပုန်းပြန်၏။ ဆောင့်ကြောင့် ကုပ်ကုပ်ကလေး ထိုင်နေပြန်၏။ ထိုအခါ ပရိသတ်ပြဟ္မာအပေါင်းသည် ''ဤဗကပြဟ္မာကြီးသည် ဗိမာန်၌ ပုန်းအောင်းနေ၏၊ ပဒေသာပင်၌ ပုန်းအောင်းနေ၏။ ဆောင့်ကြောင့် ကုပ်ကုပ်ကလေး ထိုင်နေ၏။ အို....ဗကပြဟ္မာ....သင်သည် ''ငါ ပုန်းလျှိုးကွယ်ပျောက်နေ၏''ဟူသော အမှတ်သညာကို ဖြစ်မှ ဖြစ်စေဘိ ပလေ''ဟူ၍ ပြက်ရယ်ပြောင်လှောင်မှုကို ပြုကြလေသည်။

ဤကဲ့သို့ ဗကပြဟ္မာကြီး မပုန်းကွယ်နိုင်သောအခါ မြတ်စွာဘုရားရှင်သည် ဗကပြဟ္မာကြီးကို....

''ဗကပြဟ္မာ — ထိုသို့ သင် မပုန်းကွယ်နိုင်လျှင် ငါသည် သင်၏ မျက်မှောက်၌ ယခုပင် ပုန်းကွယ်လိုက်မည်၊ သင် ငါ့ကို မမြင်နိုင်သည့် တန်ခိုးပြာဋိဟာကို ငါပြုတော့မည်''ဟု မိန့်ဒတော်မူ၏။

**မြတ်စွာဘုရား၏ အဓိဋ္ဌာန်**

ထိုအခါ ဗကဗြဟ္မာကြီးသည်လည်း မြတ်စွာဘုရားရှင်ကို....

"အရှင်မြတ်၊ ထိုသို့ဖြစ်လျှင် အကယ်၍ စွမ်းနိုင်ပါက အရှင်မြတ် ငါ၏မျက်မှောက်၌ ယခုပင် ကွယ်လိုက်လော့"

ဟူ၍ ကြုံးကြား၍ ပြောဆိုလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ရှေးဦးစွာ အဓိဋ္ဌာန်၏ အခြေပါဒဖြစ်သော ရူပါဝစရကိရိယာ စတုတ္ထဈာန်ကို ဝင်စားတော်မူလေ၏။ ထိုနောက်မှ ထိုဈာန်မှထ၍ "မဟာဗြဟ္မာကြီးသည်၊ ဗြဟ္မာပရိသတ်သည် လည်းကောင်း၊ အလုပ်အကျွေး ဗြဟ္မာငယ်များသည်လည်း ငါ ဘုရား၏ အသံကိုသာ ကြားကြ၍ ငါ ဘုရားကိုကား မမြင်ကြစေကုန်သတည်း" ဟူ မဟာကိရိယာ ဉာဏသမ္ပယုတ် ၈ ဝီထိဖြင့် အဓိဋ္ဌာန်တော်မူလေသည်။ အဓိဋ္ဌာန် ဝီထိ ဖြစ်လေသည် ဟု ဆိုလိုသည်။

ထိုနောက်မှ အဘိညာဏ်၏ အခြေပါဒဖြစ်သော ရူပါဝစရကိရိယာ စတုတ္ထဈာန်ကို ဝင်စားတော်မူလေ၏။

ထိုဈာန်မှ ထတော်မူပြီးသော မြတ်စွာဘုရားရှင်၏ စိတ်အစဉ်၌ ဣဒ္ဓိဝိဓအဘိညာဏ်ဝီထိ စိတ်အစဉ် ဖြစ်လာလေသည်။ ထိုဝီထိစိတ်အစဉ်ဝယ် ဣဒ္ဓိဝိဓအဘိညာဏ်ဈာန်ဇော တစ်ကြိမ်စောလိုက်သည်နှင့် တစ်ပြိုင်နက် ကိုယ်တော်မြတ်၏ ရူပကာယကြီး ပျောက်ကွယ်သွားလေတော့သည်။ တစ်ဦးတစ်ယောက်သော ဗြဟ္မာကမျှ မမြင်ရကော့။ ထိုအခါ မြတ်စွာဘုရားရှင်သည် ပျောက်ကွယ်တော်မူရင်းကပင် ကိုယ်တော်မြတ် ဤနေရာ၌ ရှိနေသည်ကို သိသာရန်....

ဘဝေဝါဟံ ဘယံဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိ ဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ န ဥပ ဒိယိံ။

(တောင်နွှေ့မစည်းဝေးညီညာ အိုဗြဟ္မာတို့.... ။

အဟံ၊ လူသုံးပါးတို့၏ဆရာ ဘုရားငါသည်၊ ဘဝေ- ကာမ၊ ရူပ၊ အရူပဟု- ဘဝသုံးပါး ဝဋ္ဋရထား၌။ ဘယဉ္စ—ပဋိသန္ဓေ အိုနာသေရေး ကြောက်ဖွယ်ဘေးကို လည်းကောင်း။ ဝိဘဝေသိနံ-ဘဝကင်းငြိမ်း နိဗ္ဗုတာကို ဖွေရှာလမ်းမှား (ဗကဗြဟ္မာကဲ့သို့သော) သတ္တဝါများ၏။ ဘဝဉ္စ— ဘဝသုံးထပ် တုံသုံးရပ်ငယ် မရပ်မနား ဖြစ်ပွားခြင်းကို လည်းကောင်း။ ဒိသွာဝေ- ဉာဏ်မျက်စိဖြင့် ဘိကျထင်ထင် တွေ့မြင်ရသောကြောင့်ပင်လျှင်။ ကိဉ္စိဘဝံ - တစ်စုံတစ်ခုသောဘဝကိုမျှ။ နာဘိဝဒိံ-ဘကျ ဒိဋ္ဌိတို့၏ အစွမ်းဖြင့် နှစ်ခြိုက် ဝဝ သဿတ-က စသည် ဖောက် ပြား အထင်မ မှား တော့ပြီ။ နန္ဒိဉ္စ-ဘဝတကျော့ကိုလည် ။ နဥပါဒိယိံ—လေးမဂ်လျှံရှိန် ဉာဏ်

ပုဆိန်ဖြစ်ရို့ လေးကြိမ်ဖြက်တောက် အမြန်ပါပျောက်သဖြင့် ပကပ်ရောက်မစွဲ ယူတော့ပြီ”

ဟူသော ဤဂါထာကို ရွတ်ဆိုဟောကြားတော်မူ၏။

**ဗြဟ္မာတစ်သောင်း အရိယာဖြစ်ခြင်း**

ဤဂါထာ၌။ ဘဝံ-ဟူသောပါဌ်ဖြင့် ဒုက္ခသစ္စာကို ပြတော်မူသည်။ နန္ဒိ-ဟူသောပါဌ်ဖြင့် သမုဒယသစ္စာကို ပြတော်မူသည်။ ဝိဘဝ—သဒ္ဒါဖြင့်နိရောဓသစ္စာကို ပြတော်မူသည်။ နန္ဒိဉ္စ နဥပါဒိယိံ- ဟူသော ပါဌ်ဖြင့် မဂ္ဂသစ္စာကို ပြတော်မူသည်၊

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် စည်းဝေး ရောက်ရှိလာကြသော ထိုဗြဟ္မာတို့၏အဇ္ဈာသယ အားလျော်စွာ သစ္စာလေးပါးတို့ကို အကျယ်တဝင့်ဖွင့်ပြတော်မူလျက် ဝိပဿနာ ဉာဏ်ညာသို့ ရောက်စေပြီးလျှင် အဆုံး၌ အရဟတ္တဖိုလ်ဖြင့် ဒေသနာ၏ အထွတ်တပ်တော်မူလေသည်။ ဒေသနာနိဂုံး ဆုံးလတ်သောအခါ တရားဒေသနာတော်၌ ဉာဏ်အစဉ်လျှောက်သဖြင့် ဝိပဿနာ ဉာဏ်တရားသားကို ယူစေကြ၍ ဗြဟ္မာပေါင်း တစ်သောင်းတို့သည် အချို့ကား သောတာပတ္တိဖိုလ်၌ အချို့ကား သကဒါဂါမိဖိုလ်၌ အချို့ကား အနာဂါမိဖိုလ်၌ အချို့ကား အရဟတ္တဖိုလ်၌ တည်ကြလေကုန်၏။ ထိုအခါ ဗြဟ္မာအပေါင်းသည် အလွန်နှစ်သက် အားရဝမ်းမြောက် အံ့သြချီးမွမ်းစကား ပြောကြားကြလေသည်။ ထိုကြောင့် ပါဠိ တော်၌-

‘ရဟန်းတို့... ထိုအခါ ဗြဟ္မာသည်လည်းကောင်း၊ ဗြဟ္မာပရိသတ်သည်လည်းကောင်း၊ ဗြဟ္မာ့အလုပ်အကျွေးတို့သည် လည်းကောင်း၊ အချင်းတို့ ရဟန်းဂေါတမ၏ ကြီးသော တန်ခိုးရှိသည့်အဖြစ်၊ ကြီးသောအာနုဘော်ရှိသည့်အဖြစ်သည် အံ့သြဖွယ်ဖြစ်ပေစွ၊ မဖြစ်စဖူး အထူးဖြစ်ပေစွ၊ သာကီဝင်မင်းသားဖြစ်၍ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော ဤရဟန်းဂေါတမကဲ့သို့ ဤသို့ ကြီးသောတန်ခိုးရှိသူ ဤသို့ ကြီးသောအာနုဘော်ရှိသူ အခြားတစ်ပါးသော သမဏကိုသော် လည်းကောင်း၊ ဗြဟ္မဏကိုသော် လည်းကောင်း ရှေးယခင်အခါက ငါတို့ မြင်လည်းမမြင်ခဲ့စဘူး၊ ကြား လည်းမကြားခဲ့စဘူး၊ အချင်းတို့.... သာကီဝင်မင်းသားဖြစ်၍ သာကီဝင် မင်းမျိုးမှ ရဟန်းပြုသော ဤရဟန်းဂေါတမသည် ဘဝ၌မွေ့လျော် ဘဝ၌ပျော်ပိုက် ဘဝ၌ဖြစ်ပွားသော သတ္တဝါအပေါင်း၏ဘဝကို (အဝိဇ္ဇာ တဏှာတည်းဟူသော) အမြစ်နှင့်တကွ နုတ်နိုင်ပါပေ့စွဟု အံ့သြခြင်းမဖြစ် စဘူးစိတ်ဖြစ်ခြင်း ရှိကြလေကုန်၏” ဟူ၍ ဟောတော်မူလေသည်။

အချင်းဗက၊ သင်သည် လူ့ပြည်က ကြီးကျယ်လှသော ဇီဝိတဒါနအများ ချမ်းသာကို အခါခါပြုခဲ့ဖူးသောကံထူးပုညကြောင့် ဤဗြဟ္မာ့ပြည်၌ မြင့်ရှည်စွာ သင်နေရသတည်း။ ထိုမျှ ကောင်းမှုပြုသော အခါငါဘုရားသည် သင်၏တပည့်ဖြစ်၍ နှစ်သက်စွာ ညီညာ့ယိုင်းပင်းခဲ့သတည်း။ သင်မအောက်မေ့လော့''ဟု ရှေးအကြောင်းကို ထုတ်ဖော်ကာ ဗြဟ္မာအများတို့အား ကြားသိစေလို၍ ပြဆိုတော်မူ၏။

## ဗကဗြဟ္မာကြီး အမြင်မှန်ရပြီ

ထိုအခါ ဗကဗြဟ္မာလည်း မိစ္ဆာဝါဒမှကင်းစင်ပ၍ ဘုရားသခင်ကို ချီးမွမ်းလိုရကား ''အဒ္ဓါပဇာနာတိ'' အစရှိသော ဂါထာကိုဆို၏။

မြန်မာဘာသာကား ''အို...ဗြဟ္မာ နတ်များတို့၊ လူသားဖြစ်သော ဤရှင်ဂေါတမသည် လောကသုံးရွာဝယ် နှိုင်းခိုင်းစရာမရှိသော တန်ခိုး၊ လူသုံးမျိုးကို အုပ်စိုးနိုင်သောဘုန်း၊ အလုံးစုံကို မြင်နိုင်သောပညာနှင့်ပြည့်စုံပေ၏။ ဘဝအများလွှမ်းထားဘိသော ငါ၏ခန္ဓာရုပ်နာမ်ကိုလည်း ကောန်သိမြင်တော်မူပေတတ်၏။ ကြာမြင့်စွာသော ငါ၏အသက်ကိုလည်း အမှန်ရေတွက်၍ မျက်မှောက် ဆိုနိုင်ပေ၏။ ထိုသို့ ပညာ ရှိလှစွာသောကြောင့် ခန္ဓာကိုယ်မှဖြစ်သောရောင်ခြည်သည် ကွန့်လည်တောက်ထွန်းပေသတည်း။ ဤသို့သောပညာရှိ၏တပည့် ပြုရခြင်းသည် ရတ်ချင်းကောဇီးမြတ်သည်သာတည်း''ဟု ချီးမွမ်းပြီးလျှင် ''အရှင်ဘုရား၊ ယနေ့မှစ၍ အကျွန်ုပ်တို့အယူကို ပယ်ပါတော့မည်၊ အရှင်ဟောသော တရားကို အားထုတ်ပါတော့မည်'' ဟု လျှောက်ဆို၏။ ထိုအခါ မြတ်စွာဘုရားလည်း ဗကဗြဟ္မာ သစ္စာလေးပါးမြိုက်တရားကို ဟောကြား၍ ပြန်လည်တော်မူခဲ့၏။

(ဗကဗြဟ္မာကို အောင်တော်မူခြင်း ပြီး၏။)

အောင်ခြင်းရှစ်ပါး ဇာတ်တော်များ ဤတွင်ပြီး၏။

# နောက်ဆက်တွဲ

## အောင်ခြင်းရှစ်ပါးနှင့် ပတ်သက်သော ဘုရားရှိခိုးများနှင့် ဂါထာတော် နိဿျများ


၁။ တောင်ဝိတွင်းဆရာတော် ခင်ကြီးဖျော် စီရင် ရေးသားသည့် မာန်လက်နက်ကို ဖြာအောင် ဇေယျပန္တနာ ဘုရားရှိခိုး။

၂။ မာန်လက်နက်ကိုးပါးအောင် ဘုရားရှိခိုး(အကျဉ်း)။

၃။ အပြင်အောင်ခြင်း(ရှေးသင်ရိုး ဘုရားရှိခိုးများ)။

၄။ ဘားမဲ့ဆရာတော်၏ အောင်ခြင်းရှစ်ပါး အချုပ်ဂါထာနှင့် သခင်ကိုယ်တော်မှိုင်း၏ တို့ဗမာဝတ်ရွတ်စဉ်မှ အောင်ခြင်းရှစ်ပါး ဘုရားရှိခိုး။

၅။ ကြာနီကန်ဆရာတော်–အောင်ခြင်းရှစ်ပါး ဘုရားရှိခိုး။

၆။ အောင်ခြင်းရှစ်ပါးဘုရားရှိခိုး အနက်ဖေယာဇနာတစ်မျိုး။

၇။ အောင်ခြင်းရှစ်ပါး ဘုရားရှိခိုး။

၈။ အင်္ဂုလိမာလ–အန္တရာယ်ကင်း သစ္စာမန္တန်ဂါထာ။

၉။ ရန်သူ့မျက်မှောက် ကိုယ်ပျောက်ဂါထာ။

၁၀။ အောင်ခြင်းရှစ်ပါးသီချင်းမှတ်တမ်း။

( ၁ )

တောင်တွင်းဆရာတော် ခင်ကြီးဖျော် စီရင်သည့်

## မာရ်လက်နက်ကိုးဖြာ

## အောင်ဇေယျဝဏ္ဏနာ ဂါထာ

သာသနာရေးဦးစီးဌာန၊ မဟာဗုဒ္ဓဝင်-ဒုတိယတွဲ။
(တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ မဟာရဋ္ဌဂုရု၊ ဦးဝိစိတ္တသာရာဘိဝံသ
အနက်ပြန်ဆို ရေးဖွဲ့သည်။)

ပါတံ ဝဿဉ္စ ပါသာဏံ၊
အာဝုဓံ ဝါဠုကံ တထာ။
ကုက္ကုဠံ ကလလင်္ဂါရံ၊
အန္ဓကာရန္တိ မေနဝ။
သတ္တေ မဝရေန ဝိဿဇ္ဇေ၊
ဝိဇိ ယန္တံ ဇိနံ န မေ။
အဟမ္ပိ တေန ပုညေန၊
ဝိဇေယျံ သဗ္ဗ မာယုဓေ။

ပါတံ =

လောကထွတ်ထား တို့ဘုရားလျှင် ငါးပါးမာရ်ခြေ ပလ္လင်မွေ့၌ စံနေခိုက်ခါ မာရ်နတ်လားလျက် စက္ကဝါတိုက် တောင်နှင့်ရိုက်၍ ပန်းမှိုက်မြူတိုက် သေးဖွဲ့နုန့်သို့ မှုန့်မှုန့်ညက်ကြေ ပျက်ပစေဟု စေတနာဆိုး ပြုဖန်ပျိုးသား မိုးရပ်သိမ့်ဟည်း မြေကြီးပဲ့တင် သစ်ပင်ကျောက်တုံး အိမ်အလုံးကို ချေမှုန်းဖြတ်ပိုင်း ရှစ်ရပ်တိုင်းမှ အုံ့မှိုင်းလေဆိုး မုန်တိုင်းလက်နက်မျိုးကို လည်းကောင်း။

ဝဿဉ္စ

အဟုန်ဒီးဒိုး စီးဖျူသွယ်သွယ် ရေပြင်ကျယ်၌ မိုးဖွယ်ကင်းဖည် သေစိမ့်ရည်၍ တမည်ပြုစား ထန်းလုံးဖျားနှင့် တောင်ဖျားမျှခေါင် အမြင့်ဆောင်သား ရှစ်ဆောင်ရပ်ခန်း ပြည့်မောက်လျှမ်းသည့် မိုးကြမ်းရေဆိုး လက်နက်မျိုးကို လည်းကောင်း။

ပါသာဏံ =

ကျောက်ဖြင့်ကြိတ်ဖျက် မုန့်မုန့်ညက်လျှင် နှိပ်စက်စေရန် တမည် ဖန်၍ နဘန်မိုးလုံး ထစ်ချုန်း ခြိမ့်ညံ့ တိုက်ခတ်သံနှင့် အလျှံဖြိုးဖြိုး ကျောက်ခဲကျောက်စိုင်မိုးကို လည်းကောင်း။

အာဝုဓံ =

အသွေးတစ်ခြား အသွားတစ်ထွေ အရေတစ်မျိုး အရိုးတစ်ဂိုဏ်း ထိုးခုတ်ပိုင်း၍ မဆိုင်းသေရန် ပြုစီမံသား အလျှံပြိုးပြက် မိုးလုံးလက်အောင် တစ်ဖက်အသွား နှစ်ဖက်သွားဟူ လှံဓားစသည် အမည်မည်လျှာ် စုံစီ ဖန်ပျိုး လက်နက်မိုးကို လည်းကောင်း။

ဝါဠုကံ တထာ =

ထွက်လေဝင်လေ နှစ်တွေမရှိ သဲဖြင့်ဖိ၍ မချိသေအောင် ပြုဆောင် ဖန်ပျိုး သဲထုမိုးကို လည်းကောင်း။

ကုက္ကုဠံ =

တစ်စိမ့်စိမ့်ပူ သေအောင်ဟူ၍ သူအကြံပျိုး ပြာပူမိုးကို လည်း ကောင်း။

ကလလံ =

ကျိုက်ကျိုက်ပွက်ဆူ အပူအခိုး ရွှံ့ညွန်မိုးကို လည်းကောင်း။

အင်္ဂါရံ =

တစ်ခဏချင်း အပြင်းပူလောင် သေအောင်ဖန်ပျိုး မီးကျီးမိုးကို လည်းကောင်း။

အန္ဓကာရံ =

ကြည့်သော်မစွမ်း စမ်းသော်မထင် ကြောက်စိတ်ဝင်၍ အလျင် သေရန် တစ်တန်ပြုဆောင် အမိုက်မှောင်ကို လည်းကောင်း။

ဣတိ = ဤသို့၊ မာရေန ဝိသဇ္ဇေ = မာရ်နတ်မိစ္ဆာ အယုတ် တမာလျှင် ကြိမ်းကာဆင့်ဆင့် ပစ်လွှင့်အပ်ကုန်သော။

ဣမေ နဝ သဗ္ဗေ = လေ၊ မိုး၊ ကျောက်၊ သဲ၊ ညွန်၊ မီးခဲ နှင့်ပြာဖွဲ့ မိုက်မှောင် ပြောင်ပြောင်လက်နက် ရောင်ပြိုးပျက်ဟူ ကိုးချက်ရန်စွယ်၊ လက်နက်မျိုးအန္တရာယ်တို့ကို။

ဝိဇယန္တံ = ဗိုလ်ပါအပေါင်း သောင်းကုဋေအား ဆောင်နိုင်ငြား လည်းရိုက်လားပုတ်လား အဖအားါးဝယ် ဆိုးဂါးမာန်မူ သွားငယ်တူသို့ သီတဂူနန်း ကြည်နူးလုံးဖြင့် မြေလုံးငြိမ်အောင် လက်သေးဆောင်၍ အောင် တော်မူကြီး အောင်တော်မူထသော (ဝါ) အောင်တော်မူသောကြောင့်။

ဇိနံ = ဇိနဟူသည် အနည်ကာံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခံနိုင်ပေါ်ထင် အောင်ပွဲရှင် မြတ်စွာဘုရားကို။ နမေ-နမာမိ = ကိုယ်နှုတ်နှလုံး သုံးပါး ပေါင်းပျော့ မာန်ကိုလျော့၍ ကန်တော့ရှိခိုးပါ၏ မြတ်စွာဘုရား။

အဟမ္ပိ- စတုသမုဋ္ဌာန် ပြုလုပ်ဖန်သည့် ရုပ်နာမ် ပေါင်း ချုပ် အကျွန်ုပ်သည်လည်း။

တေပုဗ္ဗေန— လက်နက်မျိုးကို ဖျက်ချိုးနှိမ်ချ ဂုဏ်ကျေးဇူးဖြင့် ချီးကျူးဝန္ဒနာ၊ စေတနာပဏာမ မြတ်ပုညကြောင့်။

သဗ္ဗဿယုဓေ—သေနတ်လေးမြား လှံဓားမီးပေါက် အမြောက်စိန် ဗုံး ချွန်မြှန်ခွင် ဖြတ် အကျဉ်းမှတ်သော လွှတ်အပ်- မလွှတ်အပ် နှစ်ရပ် ကျုံးခြုံ အလုံးစုံသော လက်နက်မျိုးတို့ကို။

ပိဇေယျံ-ယနေ့ကစ နိဗ္ဗာန်ရသည့် ကာလတခွင် သံသာပြင်ဝယ် မမြင်ရမကြားရ အဝေးကပင် အောင်ရနိုင်ရ အောင်နိုင်ရသည့်ကိုယ် ဖြစ် ပါလို၏ မြတ်စွာဘုရား။

( ၂ )

## တောင်တွင်းဆရာတော် ခင်ကြီးဖျော်ရေးသည့် မာရ်လက်နက်ကိုးပါးအောင် ဘုရားရှိခိုး (အကျဉ်း)

ဝါတံ ဝါဿဉ္စ ပါသာဏံ။ အာဝုဓံ ဝါဠုကံ တထာ။
ကုက္ကုဠံ ကလလင်္ဂါရံ၊ အန္ဓကာရန္တိ မေနဝ။
သတ္တေ မာရေန ဝိဿဋ္ဌေ၊ ဝိဇယန္တိ ဇိနံ နမေ။
အဟမ္ပိ တေန ပုညေန၊ ဝိဇေယျံ သဗ္ဗမာရယုဂေ။

ဝါတံ၊ မိုးရပ်သိမ့်ဟည်း၊ မြေကြီးပဲ့တင် သစ်ပင်ကျောက်တုံး အိမ်အလုံးကို၊ ချေမှုန်းဖြတ်ပိုင်း၊ ရှစ်ရပ်တိုင်းမှ၊ အုံ့မှိုင်းလေဆိုး၊ ''မုန်တိုင်းလက်နက်မျိုး''ကို လည်းကောင်း။

ဝဿဉ္စ၊ ထန်းလုံးဖျားနှင့် တောင်ဖျားမျှခေါင်၊ အမြင့်ဆောင်သား၊ ရှစ်တောင်ရပ်ဝန်း၊ ပြည့်မောက်လျှမ်းသည့် ''မိုးကြမ်းရေဆိုးလက်နက်မျိုး''ကို လည်းကောင်း။

ပါသာဏံ၊ ကျောက်ဖြင့်ဘြိတ်ဖျက်၊ မုန့်မုန့်ညက်လျှင်၊ နှိပ်စက်စေရန်၊ တမည်ဖန်၍၊ နဘန်မိုးလုံး၊ ထစ်ချုန်းခြိမ့်ညံ၊ တိုက်ခိုက်သံနှင့် အလျှံဖြိုးဖြိုး ''ကျောက်ခဲကျောက်စိုင်မိုး''ကို လည်းကောင်း။

အာဝုဓံ၊ လှံမြားစသည်၊ အမည်မည်လျှင်၊ စုံစီဖန်မျိုး ''လက်နက်မျိုး''ကို လည်းကောင်း။

ဝါဠုကံတထာ၊ သဲဖြင့်ပို၍ မချိသေအောင် ပူဆောင်ဖန်ပျိုး ''သဲထုမိုး''ကို လည်းကောင်း။

ကုက္ကုဠံ၊ တစိမ့်စိမ့်ပူ၊ သေအောင်ဟူ၍ သူအကြံမျိုး ''ပြာပူမိုး'' ကိုလည်းကောင်း။

ကလလံ၊ ကျိုက်ကျိုက်ပွက်ဆူ၊ အပူအခိုး ''ရွှံ့ညွှန်မိုး''ကို လည်းကောင်း။

အင်္ဂါရံ၊ တခဲခဲချင်း၊ အပြင်းပူလောင်၊ သေအောင်ဖန်ပျိုး ''မီးကျီးမိုး''ကို လည်းကောင်း။

အန္တရာယ်၊ ကြည့်သော်မစွမ်း၊ စမ်းသော်မထင်။ ကြောက်စိတ်ဝင်၍၊ အလျင်သေရန်၊ တစ်တန်ပြုဆောင် "အမိုက်မှောင်"ကို လည်းကောင်း။

ဤတိ၊ ဤသို့။ မာရေန ဝိဿဇ္ဇေ၊ မာရ်နတ်မိစ္ဆာ၊ ယုတ်တမာလျှင်၊ ကြိမ်းကာဆင့်ဆင့်ပစ်လွှင့်အပ်ကုန်သော၊ ဤဒမ နဝသတ္တေ၊ ဤသို့ ကိုးချက်ရန်စွယ်၊ လက်နက်မျိုးအန္တရာယ်တို့ကို။ ဝိဇယန္တံ၊ အောင်တော်မူသောကြောင့်။ ဇိနံ၊ ဇိနဟူသည့် အမည်တံဆိပ်၊ ဘွဲ့ပုံလိပ်ဖြင့် ခပ်နှိပ်ပေါ်ထင်၊ အောင်ပွဲရှင်မြတ်စွာဘုရားကို၊ နမာမိ၊ ကိုယ်နှုတ်နှလုံး၊ သုံးပါးပေါင်းပျော့၊ မာန်ကိုလျှော့၍ ကန်တော့ရှိခိုးပါ၏ မြတ်စွာဘုရား။

အဟမ္ပိ၊ အကျွန်ုပ်သည်လည်း၊ ဟေပုညေန၊ လက်နက်မျိုးကို ဖျက်ချိုးနှိမ်ခူး ဂုဏ်ကျေးဇူးဖြင့်၊ ချီးကျူးဝန္ဒနာစေတနာ ပဏာမ မြတ်ပုညကြောင့်။ သဗ္ဗေ မာ ယုဓေ၊ ကြီးမားသေးငယ် အလုံးစုံသော လက်နက်မျိုး အန္တရာယ်တို့ကို။ ဝိဇေယျံ မမြင်ရ၊ မကြားရ၊ အဝေးကပင် အောင်ရ၊ နိုင်ရ၊ အောင်နိုင်ရသည့်ကိုယ် ဖြစ်ရပါလို၏ မြတ်စွာဘုရား။

—*※*—

( ၃ )

ရှေးမြန်မာသင်ရိုးညွှန်းတန်းမှ မသင်မနေရ သင်ကြားကျက်မှတ်ရသော

## အပြင်အောင်ခြင်းရှစ်ပါး ပါဠိနိဿယ

(အပြင်အောင်ခြင်းရှစ်ပါး ပါဠိ)

(နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)

၁။ ဗာဟုံ သဟဿ မဘိနိမ္မိတ သာဝုဓန္တံ၊
ဂိရိမေခလံ ဥဒိတ ဃောရ သသေန မာရံ။
ဒါနာဒိ ဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ **ဇယမင်္ဂလဂ္ဂံ**။

၂။ မာရာတိရေက မဘိယုဇ္ဈိတ သဗ္ဗ ရတ္တိံ၊
ဃောရံ ပနာဠဝက မက္ခမ ထဒ္ဓ ယက္ခံ။
ခန္တီ သုဒန္တ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
**တံ တေဇသာ** ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၃။ နာဠာဂိရိံ ဂဇ ဝရံ အတိမတ္တ ဘူတံ၊
ဒါဝဂ္ဂိ စက္က မသနီဝ သုဒါရုဏန္တံ။
မေတ္တမ္ဗုသေက ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
**တံ တေဇသာ** ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၄။ ဥက္ခိတ္တ ခဂ္ဂ မတိဟတ္ထ သုဒါရုဏန္တံ၊
ဓာဝံတိ ယောဇန ပထ င်္ဂုလိ မာလဝန္တံ။
ဣဒ္ဓါဘိ သင်္ခတ မနော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၅။ ကတွာန ကဋ္ဌ မုဒရံ ဣဝ ဂဗ္ဘိနိယံ၊
စိဉ္စာယ ဒုဋ္ဌ ဝစနံ ဇန ကာယ မဇ္ဈေ။
သန္တေန သောမ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
**တံ တေဇသာ** ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၆။ သစ္စံ ဝိဟာယ အတိ သစ္စက ဝါဒ ကေတုံ၊
ဝါဒါဘိ ရောပိတ မနံ အတိအန္ဓ ဘူတံ၊
ပညာပဒီပ ဇလိတော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၇။ နန္ဒောပနန္ဒ ဘုဇဂံ ဝိဝိဓံ မဟိဒ္ဓိံ၊
ပုတ္တေန ထေရ ဘုဇဂေန ဒမာ ပယန္တော၊
ဣဒ္ဓူပဒေသ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၈။ ဒုဂ္ဂါဟ ဒိဋ္ဌိ ဘုဇဂေန သုဒဋ္ဌ ဟတ္ထံ၊
ဗြဟ္မံ ဝိသုဒ္ဓိ ဇုတိ မိဒ္ဓိ ဗကာဘိဓာနံ၊
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

## အပြင်အောင်ခြင်းရှစ်ပါး အနက်

၁။ ယောမုနိန္ဒော၊ အကြင် မြတ်စွာ ဘုရားသည်။ ဂိရိမေခလံ၊ ဂိရိမေခလာ အမည်ရှိသောဆင်ကို။ ဥဒိတံ၊ တက်စီးထသော။ အဘိနိမ္မိတ သာဝုဓန္တံ၊ အလွန်ဖန်ဆင်းအပ်သောစလက်နက်နှင့်တကွ ဖြစ်သော။ ဗာဟုသဟဿံ၊ တစ်ထောင်သော လက်ရုံးရှိထသော။ ဃောရံ၊ ကြမ်းတမ်းစွထသော။ သသေနမာရံ၊ စစ်သည်နှင့် တကွသော မာရ်နတ် သားကို။ ဒါနာဒိ ဓမ္မဝိဓိနာ၊ ဒါနပါရမီ အစရှိသော တရားတည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။

တံတေဇသာ၊ မာရ်နတ်သားကို အောင်တော်မူသော ထိုမြတ်စွာ ဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၂။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ မာရာတိရေကံ၊ မာရ်နတ်သားထက်အလွန်။ သဗ္ဗရတ္တိံ၊ ညဉ့်သုံးယံပတ်လုံး။ အဘိယုဇ္ဈိတံ၊ အလွန်စစ်ထိုးနိုင်ထသော။ ဃောရံ၊ ကြောက်မက်ဖွယ်ရှိထသော။ အက္ခမံ၊ သူတစ်ပါးတို့သည် သည်းခံနိုင်ခဲထသော။ ထဒ္ဓံ၊ ကြမ်းတမ်းခက်မာစွာထသော။ အာဠဝကံ၊ အာဠဝက အမည်ရှိသော။ ယက္ခံ၊ ဘီလူးကို။ ခန္တီသုဒန္တဝိဓိနာ၊ သည်းခံတော်မူခြင်း၊ ကောင်းစွာ ယဉ်ကျေးစေတော်မူခြင်းတည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။

**တံတေဇသာ**။ အာဠဝကဘီးလူးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား၊ အဂ္ဂ ံ၊ မြတ်သော၊ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၃။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဒါဝဂ္ဂိ စက္ကမသနိဝ၊ တောမီးမိုးကြိုးစက်ကဲ့သို့၊ သုဒါရုဏန္တံ၊ အလွန်ကြမ်းကြုတ်စွာထသော။ အတိမန္ဒ ဘူတံ၊ အလွန် မုန် ယစ် စွာ ထ သော။ နာဠာဂိရိံ၊ နာဠာဂိရိအမည် ရှိသော၊ ဂဇာရာဇ၊ မြတ်သောမင်း စီးဆင်ကို။ မေတ္တမ္ဗုသေကဝိဓိနာ၊ မေတ္တာတော် ရေကို သွန်းခြင်းတည်းဟူသော အစီအရင်ဖြင့်၊ ဇိတဝါ၊ အောင်တော်မူလေပြီ။

တံတေဇသာ ၊ နာဠာဂိရိဆင်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ၊ အကျွန်ုပ်အား။ အဂ္ဂ ံ၊ မြတ်သော၊ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု၊ ဖြစ်စေသတည်း။

၄။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဥက္ခိတ္တ၊ ခဂ္ဂမတိ ဟတ္ထသုဒါရုဏန္တံ၊ ချီအပ်သောသန်လျက်လက်၌ရှိသည်ဖြစ်၍ အလွန်ကြမ်းကြုတ်စွာထသော၊ တိယောဇနပထံ။ သုံးယူဇနာရှိသောခရီးကို၊ ဓာဝံ၊ တစ်ဟုန်တည်းပြေးစွမ်းနိုင်ထသော အင်္ဂုလိမာလဝန္တံ၊ လက်ညှိုးတည်းဟူသော ပန်းရှိသောခိုးသူကို။ ဣဒ္ဓါဘိသင်္ခတမနော၊ တန်ခိုးတော်အားဖြင့် ဖန်ဆင်းအပ်သော နှလုံးတော်ရှိသည်ဖြစ်၍၊ ဇိတဝါ၊ အောင်တော်မူလေပြီ။

တံတေဇသာ၊ အင်္ဂုလိမာလအမည်ရှိသော ခိုးသူကို။ အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂ ံ၊ မြတ်သော ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၅။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ကတ္ဝါ၊ သစ်သားကို၊ ဂဗ္ဘိနိယာ၊ ကိုယ်ဝန်ဆောင်သော၊ ဥဒရံဣဝ၊ ဝမ်းကဲ့သို့၊ ကတွာန၊ ပြုလုပ်၍၊ ဇနကာယမဇ္ဈေ၊ တရားနာပရိသတ်ဖြစ်သော လူရဟန်းအပေါင်းတို့ အလယ်၌ စိဉ္စာယ၊ စိဉ္စမာဏဝိကာအမည်ရှိသော မိန်းမညစ်၏။ ဒုဋ္ဌဝစနံ၊ စွပ်စွဲသောအားဖြင့် ဖျက်ဆီးသောစကားကို။ သန္တေန၊ ငြိမ်သက်စွာသော။ သောမဝိဓိနာ၊ ဖြူစင်စွာသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။

တံတေဇသာ၊ စိဥ္စမာဏဝိကာ အမည်ရှိသော၊ မိန်းမညစ်၏ စုပ်စွဲသောအားဖြင့် ဖျက်ဆီးသောစကားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား၊ အဂ္ဂံ၊ မြတ်သော ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၆။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ သစ္စံ၊ မှန်သောစကားကို၊ ဝိဟာယ၊ စွန့်၍၊ အတိသစ္စကဝါဒကေတုံ၊ မမှန်သည်ကို မှန်သည်ဟု ဆိုအပ်သော ဝါဒတည်းဟူသော မှန်ကင်း ရှိထသော။ ဝါဒါဘိရောပိတမနံ၊ မိမိဝါဒဖြင့် သူတစ်ပါးတို့အား နှိမ်နင်းလိုသော စိတ်ရှိထသော။ အတိအန္ဓဘူတံ၊ အလွန် မိုက်လှစွာသော၊ ကူဋ္ဌဒန္တ အမည်ရှိသော သစ္စကပရိဗိုဇ်ကို။ ပညာပ ဒီပဇလိတော၊ ပညာတော်တည်း ဟူသော ဆီမီးတန်ဆောင်ကို ထွန်းညှိတော်မူသည်ဖြစ်၍။ ဇိတဝါ အောင်တော်မူလေပြီ။

တံတေဇသာ၊ ကူဋ္ဌဒန္တ အမည်ရှိသော သစ္စကပရိဗိုဇ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား အဂ္ဂံ၊ မြတ်သော၊ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၇။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ဝိဝိဓံ၊ အထူးထူး အပြားပြားရှိသော။ မဟိဒ္ဓိံ၊ ကြီးသောတန်ခိုးရှိသော၊ နန္ဒောပနန္ဒ ဘုဇဂံ၊ နန္ဒောပနန္ဒ အမည်ရှိသော နဂါးမင်းကို။ ထေရဘုဇဂေန၊ ကြီးမြတ်သော နဂါးမင်း ဖြစ်တော်မူသော။ ပုတ္တေန၊ သားတော် အရှင်မောဂ္ဂလာန်ကို၊ ဥပယ၍၊ အခိုးအလျှံကို ထွက်စေလျက်။ ဣဒ္ဓူပဒေသ ဝိဓိနာ၊ တန်ခိုးတော်ဖန်ဆင်းခြင်း၌ နည်းညွှန်ဥပဒေကိုပေးသော အစီအရင်ဖြင့်၊ ဇိတဝါ၊ အောင်တော်မူလေပြီး

တံတေဇသာ၊ နန္ဒောပနန္ဒ အမည်ရှိသော နဂါးမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား၊ အဂ္ဂံ၊ မြတ်သော၊ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု ဖြစ်စေသတည်း။

၈။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ဒုဂ္ဂါဟဒိဋ္ဌိဘုဇဂေန၊ မကောင်းသော အယူမှားတည်းဟူသော မြွေသည်။ သုဒဋ္ဌဟတ္ထံ၊ ပြွမ်းစွာကိုက်အပ်သော လက်ရှိထသော။ ဝိဘူတိ အတိ မဟိဒ္ဓိံ၊ စိုးရတင့်

တယ်။ လွန်ကြီးကျယ်သော တန်ခိုးရှိထသော။ ဗကာဘိဓာနံ၊ ဗက အမည်ရှိသော၊ ဗြဟ္မံ၊ ဗြဟ္မာမင်းကို။ ဉာဏာဂဒေန၊ ဉာဏ်တော်တည်း ဟူသော အဆိပ်ကို ဖျောက်တတ်သောဆေးဟု ဆိုအပ်သော၊ ဝိဓိနာ၊ အစီအရင်ဖြင့်၊ ဇိတဝါ၊ အောင်တော်မူလေပြီ။

တံ တေဇသာ၊ ဗကအမည်ရှိသော ဗြဟ္မာမင်းကို အောင်တော်မူ သော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော၊ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ် စေသတည်း။

(အပြင်အောင်ခြင်းရှစ်ပါး အနက် ပြီး၏။)

# ( ၄ )

# ဘားမဲ့ဆရာတော်၏
# အောင်ခြင်းရှစ်ပါး အချုပ်ဂါထာ
# နှင့်

(သခင်ကိုယ်တော်မှိုင်း၏ တို့ဗမာဝတ်ရွတ်စဥ်မှ အနက်ယောဇနာ)

မာရံ ယက္ခံ ဂဇံ စောရံ၊ စိဥ္စမာနဥ္စ သစ္စကံ။
နာဂံ ဗကံ ဇိဝိဇိနော၊ ဟောတု မေ ဇယမင်္ဂလံ။

ယောဇနာ၊ အကြင်ငါးမာရ်ပယ်ဘို့ ဂုဏ်သတ္တိကြောင့် ဇိနအမည် ရှေဘွဲ့တော်ခံ၍ အပ်သော မြတ်စွာဘုရားသည်....

၁။ မာရံ ယူဇနာ ၁၅၀ အံ့ဖွယ်ကြီးဘိ ဂီရိမေခလာ မည်သာ တင်ခြင်း နတ်ဆင်မင်းထက် စီးနင်းတက်၍ ကြောက်မက်ဖွယ်သာ စစ်ဗိုလ်ပါနှင့် ဝဲယာစီယှက် လက်ရုံးတစ်ထောင် ဖန်ဆင်းဆောင်၍ နိုင်အောင် စစ်ထိုး ကျော်ဟိုးဟိုးသား တန်ခိုးတောက်ပ တေဇထန်ပြင်း မာရ်နတ်မင်းကိုလည်းကောင်း။

၂။ ယက္ခံ၊ စွယ်ရှည်ငေါငေါ မြင်သူမောမျှ နတ်ကျောနီကျင် မွေးမှင်မုတ်ဆိတ် ဖွားရမြိတ်သား လန့်ထိတ်ဖွယ်သာ ကြီးရောနှင့် သင်္ချာများမြောင် လေးထောင်သုံးရာ နှစ်ဆယ်သာအောင် များစွာလူသား နေ့တိုင်းစားသည့် စွမ်းအားကြီးလှ အာဠဝကတွင်ခြင်း ဘီလူးမင်းကိုလည်းကောင်း။

၃။ ဂဇံ၊ ဆယ့်ခြောက်မောင်းအိုး ဖြိုးဖြိုးပြည့်နက် သေအရက်ကို တိုက်လျက်ထန်ပြင်း နင်းစိမ့်ရည်မှတ် ဒေဝဒတ်တို့ တိုက်လွှတ်သောအား ဘုရားမြတ်စွာ ဆွမ်းခံရာ၌ ပက်ပါဦးတည် စူးစူးရည်၍ သတ်မည်ကြံ အမြန်ပြေးလာ သံကြိုးလျှနှင့် နာဠာဂီရိ မည်ရှိခေါ်တွင် မင်းစီးဆင်ကိုလည်းကောင်း။

၄။ စောရ၊ သုံးယူဇနာ ရှည်စွာချင့်မှန်း ခရီးလမ်းကို မပန်းမဟိုက် မရှိုက်လျှင်ပြင်း တစ်ဟုန်ခြင်းဖြင့် ပြေးနင်းစွမ်းနိုင် ပြိုင်သူဘက်ရှား လူအများကို လုံ့ခြားစွဲကာ ဖမ်းသတ်ခါလျှင် ယူကာလက်ညှိုး ကြိုးဖြင့်သီရုံး ပန်းကုံးအသွင် လည်ဝယ်ဆင်သောကြောင့် အင်္ဂုလိမာလ မည်ရတွင်ပြီး ခိုးသူကြီးကို လည်းကောင်း။

၅။ စိဉ္စမာနဒ္ဓ ပရိသတ်အား မြတ်ဘုရားလျှင် တရားဟောကာ စေစဉ်ခါ၌ သေချာပြေပြစ် ပတ်ရစ်ဖွဲ့နှောင် ကိုယ်ဝန်ဆောင်၍ ဘုန်းခေါင်လူဖျား ကျွန်ုပ်အားကို ပြစ်မှားပြီးခါ ဘယ့်ကြောင့်သာလျှင် အိမ်ရာမပြင် သူတော်စဉ်တို့ မြင်သောတွေ ကြာခြင်းနှင့် နေသနည်းဟု အမှုဖွဲ့ရှာ စွင်စွဲလာသော စိဉ္စမာမည်ထုံ မိန်းမယုတ်ကို လည်းကောင်း။

၆။ သစ္စကံ- ဝါဒတစ်ထောင် အာဂုံဆောင်၍ ဂုဏ်ထောင်လွှားပ မိုက်မှာနကြောင့် အနိစ္စ အနတ္တ သင်္ခါရကို နိစ္စနတ္တာထင်၍သာလျှင် မြတ်စွာ ရှင်စော တရားဟောလည်း သဘောမကျ မှားလေစွဟု ရှုတ်ချခါသာ ပြစ်တင်လာသော မိစ္ဆာယူကြိုက် ပရိဗိုဇ် သစ္စက ကုဏ္ဍနွ ကိုလည်းကောင်း။

၇။ နာဂံ- လေးလျှံရောင်စို တောင်မြင်းမိုရ်ကို ကိုယ်ဖြင့်ခုနစ်ထပ် ရစ်ပတ်ကာလွှမ်း တတ်နိုင်စွမ်းသား ကြမ်းတမ်းခက်ထန် မျက်စောင်းမာန်နှင့် ပဌနအာလိန္ဒ နေသမျှတစ်လွှား နတ်နဂါးကို ပိုင်ကားစိုးရ တန်ခိုးပသည် ပနန္ဒတွင်ခြမ်း နဂါးမင်းကိုလည်းကောင်း။

၈။ ဗကံ-သဿတဒိဋ္ဌိ မျှားအယူ မိစ္ဆာဟူသား ဘုဇဂါမြွေတိုက်လေသုံလတ် အစဘသဲရာ ဗြဟ္မာရှာ၌ ဟွာခမင်း တုံ့ဝပ်ခြင်းနှင့်ကြီးမင်းတေဇ တန်ခိုးပသား ဗကမည်သာ ထိုဗြဟ္မာကို လည်းကောင်း။

အဇိနို- တန်ခိုးညာဏ်ရှိန် ဝရဇိန်စက်မြတ် အတုလွှတ်ဖြင့် မချွတ်အောင်တော်မူလေပြီ၊ တံတေဇသာ ထိုသို့အောင်ခြင်းတရားမင်း၏ ထွန်းလင်းတေဇော် အာနုဘော်ဖြင့်၊ မေ၊ အကျွန်ုပ်အား ဇယ်မင်္ဂလံ ရောဂါဘေးဒဏ် ရန်မာန်ခပင်း စိုးရိမ်းခြင်းကို နှိမ်နင်းအောင်တတ် ကောင်းမြတ်လှစွာ မင်္ဂလာသည်။ ဟောတု- ဖြစ်ပါစေသတည်း။

(ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ တို့ဗမာဝဘ်ရွတ်စဉ်၊ ၁၉၃၆-ကြီးပွားရေးစာအုပ်တိုက်)

—*:*:*—

# (၇)

## အောင်ခြင်းရှစ်ပါး အချုပ်ဂါထာ
## အသံသွင်းခွေဖြင့်
## ကြာနီကန် ဆရာတော် ရွတ်ဆိုပူဇော်ခဲ့သော
## အနက်ယောဇနာ။

မာရံ ယက္ခံ ဂဇံ စောရံ၊ စိဉ္စမာနဝ သစ္စကံ။
နာဂံ ဗကံ ဇိနော ဇိနိ၊ ဟောတု မေ ဇယမင်္ဂလံ။

ဇိနော- အောင်သူတကာတို့၏အထွဋ် တမွတ်ဥသျှောင် အခေါင်ဖုန်းဖျား မြတ်ဘုရားသည်၊ မာရဉ္စ- ဂိရိမေခလာ ဆင်ရတနာကို လျှင်စွာတက်စီး ပလ္လင်နီးဝယ် လေကြီးမိုးကြီး ပြာပူမီးနှင့် မှောင်ကြီးတစ်တန် ဓားလုံမကြွင်း ပြစ်ခတ်ခွင်းလျက် အချင်းသိဒ္ဓတ် ပလ္လင်မြတ်မှ အမြန်ထလော့။ စိမ်းမြည်ိုလွင် ဗောဓိပင်နှင့် ပလ္လင်တော်ကား ထင်အရှားပင် သင်ကား မဆိုင် ငါသာပိုင်ဟု စွဲကိုင်လက်နက် ရဲဆင်မက်ဖြင့် အောက်ထက် ဝန်းရံ သောသောညံအောင် အသံဟစ်ကြွေး မယဉ်ကျေးသည့် ရန်ဘေးသစ်သင်း မာရ်နတ်မင်းကို လည်းကောင်း။

ယက္ခဉ္စ- ဓားမိုး လှံမိုး မီးကျီးမိုးကို ရွာဖြိုးသွန်းချ ယမ်းမီးကျသို့ ဒေါသပြင်းထန် ငါ့ဗိမာန်မှ အမြန်ထွက်သွား နှင့်ရက်အားဟိ တရားကင်းကွာ အာဠဝက တေဇထန်ပြင်း ဘီလူးမင်းကို လည်းကောင်း၊

ဂဇဉ္စ- အစွယ်ထက်ထက် ချွန်လျက် မွန်လျက် အလွန်ဆိုးညစ် အမုန်ရစ်၍ ရှိချိပ်သွင်း သုံးလူ့မင်းကို အတင်းအကြပ် ဝိညာဉ်ပြတ်အောင် ထိုးသတ်လာသည့် နာဠာဂိရိ တောင်ရှိနီးနီး ဆင်ပြောင်ကြီးကို လည်းကောင်း။

စောရဉ္စ- တစ်ဟုန်တည်း ခရီးဝေးကွာ သုံးယူဇနာကို လျှင်စွာ ပြေးစွမ်း တောမြိုင်နန်းက လူဖမ်းလက်ဖြတ် သေအောင်သတ်၍ နန်းရပ်ကကျော် မွေးမယ်တော်ကို မြင်သော်စိုက်စိုက် ဓားဖြင့်လိုက်၍ မကိုင်မှီ ယုတ်တင် သုံးလူ့ရှင်ကို အသင်ရပ်ပေး ဘယ့်ကြောင့်ပြေးဟု ဓားရေးပြကာ သတ်မည်လာသည့် လွန်စွာဆိုးဘိ အင်္ဂုလိမော သူခိုးကျော်ကို လည်းကောင်း။

စိဋ္ဌမာနဥ္စ၊ အလှန်ကောက်ကျစ် ဒိဋ္ဌိညစ်သို အပြစ်ရှာကြံ မကောင်းဉာဏ်ဖြင့် စိမ်ဆုံးဖြတ် စေလွှတ်ပတ်၍ ပရိသတ်ထဲ အရှက်ကွဲအောင် စွပ်စွဲတတ်စွာ စိဉ္စမာ ဟု သည်ညာခေါ်ထုတ် မိန်းမယုတ်ကို လည်းကောင်း။

သစ္စကဥ္စ၊ မစင်မဖြူ ဒိဋ္ဌိယူဖြင့် မည်သူ့ကိုမျှ မာန်မချပဲ ဝါဒချဲ့ပြိုင် သူကနိုင်အောင် အနိုင်လွှမ်းမိုး အယူဆိုးသည့် ဒိဋ္ဌိမျိုးမိုက် သစ္စကပရိဗိုဇ်ကို လည်းကောင်း။

နာဂဥ္စ ဒေါသလွှမ်းမိုး မျက်စောင်းထိုးက အရိုးကျေမှ မွဲပြာကျအောင် တေဇထန်ပြင်း နန္ဒောပနန္ဒ နဂါးမင်းကို လည်းကောင်း။

ဗကဥ္စ၊ ဉာဏ်မြင်ကင်းကွာ အတ္တသာဟု မိစ္ဆာလွှမ်းမိုး အယူဆိုးသည့် တန်ခိုးအရောင် ထိန်ပြောင်ငြီးငြီး ဗကအမည်ရှိတဲ့ ဗြဟ္မာကြီးကို လည်းကောင်း။

အဇိနို၊ ဒိဋ္ဌိကိုချ ဒေါသကိုပယ် မာန်ရှုယ်ကိုချိုး သဒ္ဓါဖြိုးလျက် ရှိခိုးတုပ်ကွ ပြားပြားကျအောင် ဆုံးမသွန်သင် အောင်ပွဲဝင်တော်မူလေပြီ။

ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့ ဘုရားရှင်၏ မျှားဖျင်ဘုန်းဟုန် ကျေးဇူး ဂုဏ်ကို ကြည်ယုံမွယွင်း နှလုံးသွင်းလျက် အောင်ခြင်းရှစ်ချက် ဂုဏ်တော်နက်ကို နှုတ်မြွက်ဖော်ကြား ဆိုလိုက်ရတဲ့ သစ္စာစကားကြောင့်၊ မေ.... တပည့်တော်အား၊ ဇယမင်္ဂလံ....နှစ်မြှောတွင်းပြင် ဘေးရန်စင်လျက် လိုအင်ဆန္ဒ ဟူသမျှသည် ပြည့်ဝစုံစွာ မေ်းသော်တာသို့ အောင်ရာအောင်မှု အောင်ကြောင်းပြုသည့် အောင်ဆုရတနာ အောင်မြင်ခြင်း ကဖြာဖြာ သည်။ ဟောတု....စင်စစ်မသွေ အဖြစ်ကြီး ဖြစ်ပါစေသတည်း။

## အောင်ခြင်းရှစ်ပါး ဘုရားရှိခိုး

(အနက်ယောဇနတစ်မျိုး)

မာရံ၊ ယက္ခံ၊ ဂဇံ၊ စောရံ။
စိဉ္စမာနဉ္စ၊ သစ္စကံ၊
နာဂံ၊ ဗြဟ္မံ၊ ဇိနောဇယံ။
သောမေ ဒေတု၊ ဇယမင်္ဂလံ။

၁။ မာရံ၊ ပရမေသခင်၊ အသရေရှင်ကို၊ ရွှေပလ္လင်ကတွန်းချရန် မာရ်နတ်၏ အကြံအစည်ကို။ ဇိနောဇယံ၊ ဒါနပါရမီတည်းဟူသောတရား ဓမ္မဖြင့် ဘုရားကပင် နိုင်လိုက်ပါပေသည်။

၂။ ယက္ခံ၊ ငါ့ဗိမာန်၊ မှန်ရဝေဝယ် စံနေရမလားဟု ဘုရားရှင် ပရမေဘာဂဝါ၏ ခြေနှစ်ဖြာစက်ပွန်းတို့ကို တစ်ဖက်ကမ်း သမုဒ္ဒရာသို့ ထွက်ရမ်း၍ပစ်ရန်၊ ဆန်းသစ်သည့် မနောကံဖြင့် ဒေါသမာန်သွင်းသည့် "အာဠဝက" ဘီလူးမင်းကို၊ ဇိနောဇယံ၊ ဘဝအတန်တန်က မွေးခဲ့သည့် ခန္တီပါရမီ တည်းဟူသော တရားဓမ္မဖြင့် ဘုရားကပင် နိုင်လိုက်ပါပေသည်။

၃။ ဂဇံ၊ တောင်ငါးလုံးကာ ရာဇဂြိုဟ်လမ်းမသို့ ဆွမ်းရဖို့မြန်းကြွ တော်မူစဉ် သုံးလူ့ရှင်ကို အသေသတ်ရန် ဒေဝဒတ်ဆရာနှင့် အဇာတသတ် ဒကာတို့ အကြံဆိုးစရိုက်ဖြင့် အရက်ကိုးမှောဖီးတိုက်ကာ စေလိုက်သည့် နာဠာဂီရိဆင်မင်းကို ဇိနောဇယံ၊ ခေတ်ကမ္ဘာအလီလီ ဆည်းပူးခဲ့သည့် မေတ္တာပါရမီ တည်းဟူသော တရားဓမ္မဖြင့် ဘုရားကပင် နိုင်လိုက်ပါပေသည်။

၄။ စောရံ၊ သုံးဆယ့်ကိုးမိုင် အဝေးခရီးကို အပြေးကြီး မနားတမ်း လှမ်းနိုင်တဲ့ အားအစွမ်းနှင့် တရကြမ်းလိုက်သည့် အင်္ဂုလိမာလ အမည်ရသည့် ခိုးသူလူမိုက်ကြီးကို ဇိနောဇယံ၊ တန်ခိုးတော် အနန္တ တည်းဟူသော တရားဓမ္မဖြင့် ဘုရားကပင် နိုင်လိုက်ပါပေသည်။

၅။ စိဉ္စမာနဥ္စ၊ သန္ဓေသူ ကိုယ်ဝန်ဆောင်ကဲ့သို့ အမှုကိန်းပြုကာ သူ့ ဗိုက်တွင် သန္ဓေသလို သစ်သားကိုပုံစံပြု၍ ပရိသတ်အလယ်အောင် စွပ်စွဲသမှတ်သည့် စိဉ္စမာန မိန်းမယုတ်ကို၊ ဇိနေ့ာဇယံ၊ ဘုရားမြတ် စိန္တေယျာက၊ ဣန္ဒြေမှု မပျက် ရှေ့နတ်တော်မှ မပြက်ဘဲ ငြိမ်သက် တော်မူသည့် တရားဓမ္မဖြင့် ဘုရားကပင် နိုင်လိုက်ပါပေသည်။

၆။ သစ္စကံ၊ အနိစ္စကို အငြင်းရှိသည်ဟု အလွဲကို အမှန်ယူကာ တရားကိုပြိုင်ရသည့် ကူဋကဏ္ဍ အမည်ရသည့် သစ္စက ပရိဗိုဇ်ကြီးကို၊ ဇိနေ့ာဇယံ၊ ဘဝါဘာဝဗလိလိ ဆည်းပူးခဲ့သည့် ပညာပါရမီ တည်း ဟူသော တရားဓမ္မဖြင့် ဘုရားကပင် နိုင်လိုက်ပါပေသည်။

၇။ နာဂံ မြင်းမိုရ်တောင်ခါပန်းမှာ အခိုးအလျှံ အမျိုးမျိုး ဖန်ကာ တအားပြင်းသည့် နန္ဒောပနန္ဒ နဂါးမင်းကို၊ ဇိနေ့ာဇယံ၊ သြဘာစသ အရောင်အလျှံတော်ဖြင့် အောင်လံတံခွန်စိုက်ရန် ညွှန်လိုက်သည့် တရား ဓမ္မဖြင့် ဘုရားကပင် နိုင်လိုက်ပါပေသည်။

၈။ ဗြဟ္မံ၊ အဝိဇ္ဇာပိတ်မိ၍ မိစ္ဆာဒိဋ္ဌိ အယူဝါဒများဖြင့် လာ စ ကာ ဓမ္မနည်း မဟုတ်သည့် ပုစ္ဆာကို ထုတ်ကာငြင်းလျက် အတွင်းစက် အဆိုးဉာဏ်ဖြင့် မိုးနဘန်ဝဠာအတွင်းမှာ သမ္ဘာလင်းနေသည့် ဗကဗြဟ္မာ မင်းကို၊ ဇိနေ့ာဇယံ၊ လယ်ပြင်မှာ ဆင်သွားသကဲ့သို့ ထင်ရှားစွာ အဖြေ မှန်ဖော်သည့် ရှေ့ဉာဏ်တော် တည်းဟူသော တရားဓမ္မဖြင့် ဘုရားကပင် နိုင်လိုက်ပါပေသည်။

၉။ သော၊ ထိုရှစ်ယောက်သော အမိုက်မှောင် တသင်းတို့ကိုစရိုက် အမှောင်ခွင်းကာ အောင်ခြင်းသို့ရောက်တော်မူပြီး ထိုရှင်တော်မြတ်ဘုရား ကြီးသည်။ မေ၊ ရုပ်နာမ်နှစ်ခု ပေါင်းစပ်မှုကို မေဟုခေါ်ပေ၏ တပည့် တော်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာ အဖြာဖြာကို။ ဒေတု၊ သနားကြီး ရာဟု ပမာပြုလျက် ပေးသနားတော်မူပါ အရှင်မြတ်ကြီး ဘုရား။

## ( ၇ )

## အောင်ခြင်းရှစ်ပါး ဘုရားရှိခိုး

မာရံ အာဠဝကံ ဟတ္ထိံ၊ အင်္ဂုလိမာလဉ္စ စိဉ္စမာနံ။
ကူဋန္တံ နာဂရာဇဉ္စ၊ ဗကံ အဇိနိ တေဇသာ။

ယော၊-ယာဒိသော၊ အကြင်သို့ သဘောရှိတော်မူသော။ ဇိနော၊ ဒေဝပုတ္တ စသည်အပြား မာရ်ငါးပါးကို တု၊ ခေး မဆောင် ကြိုး မနှောင်ဘဲ အောင်ပွဲသခင် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။

၁။ မာရံ၊ ဂိရိမေခလ မည်သောခါတွင် နတ်ဆင်ပြောင်ကြီး တက်ခါစီးလျက် မြည်ဟီးရိုက်ကုန် မြေကြီးဟုန်မျှ ဗိုလ်ပုံအုပ်ကျက် နတ်ရဲမက်နှင့် ဝှမ်းတက်ခြိမ့်ခြိမ့် သဲသိမ့်ကျော်ညာ ချဉ်းကပ်လာ၍ ရတနာ ရောင်ရှင် ရွှေပလ္လင်ကို လိုချင်သောအား လုဖြားလာတုံ မာန်ဟုန်တက်ပွား မာရ်နတ်သားကို လည်းကောင်း။ ငါး လက်ရုံးပေါင်း တစ်ထောင်ကို ပြည့်စုံအောင်ဖန်ဆင်း၍ မုန်ယစ်ခြင်းလွန်စွာနှင့် ဂိရိမေခလာ နတ်ဆင်ကို ကိုယ်တိုင်ပင်တက်စီး၍ အသီးသီးသောဗိုလ်ပါ အဖြာဖြာသော လက်နက်ဖြင့် ဟစ်ကြွေးလျက် လာပြီးလျှင် မျက်မာန်ကြီးဒေါသဇောနှင့် ရွှေဗောဓိ ရိပ်ခွင် နန်းပလ္လင်ရိပ်သာကို ရသာမည်အင်မှတ်၍ ချဉ်းကပ်ခါစစ်ပြုမှားသော မိုးနတ်သား မာရ်နတ်မင်းကို လည်းကောင်း။

၂။ အာဠဝကံ၊ မျက်မာန်ဒေါသထောင်းထောင်းထလျက်ညဉ့်သုံးယံလုံး ဟစ်ကြုံးဝါးကာ ကိုးဖြာကိုးချက် ကိုးလက်နက်နှင့် စစ်ဖက်နိုင်စွာ နတ်အာဠဝက အမည်ရသည့် ယက္ခစွယ်ပြူး ထိုဘီလူးကိုလည်းကောင်း။ (ဝါ) ကြမ်းတမ်းသော စိတ်မာန်ဖြင့် ငါ့ဘုံပျံ့ ဆောင်ရဲကို သင်စံနေလင့်သလောဟု ဒေါသဇော တက်လျှံ၍ ညဉ့်သုံးယံ ကုန်ခန်းမအောင် ကိုယ်စွမ်းကိုအားကိုး၍ အမျိုးမျိုးသောလက်နက်နှင့် အချက်ချက်ပစ်လွှတ်ကာ အထပ်ထပ် စစ်ထိုးသော ဘီလူးဆိုး အာဠဝကကိုလည်းကောင်း။

၃။ ဟတ္ထိံ၊ ကြုကြု မာန်ဟုန် ယစ်သည့်မုန်နှင့် သံစုံ ရိုက်ထစ် ကြုံးမည်ဟစ်၍ နတ်စစ်မိုးကြိုး လောင်မီး မျိုးကဲ့သို့ ဆိုးသွမ်း ရှန့်ကြမ်း ညစ်ညမ်းလှစွာ နာဠာဂိရိ ဟတ္ထိမာတင် မင်းစီး ဆင်ကိုလည်းကောင်း။ (ဝါ) မုန်ရစ်သည့် အရှိန်နှင့် ပရဇိန် လက်နက်ကြီး နတ်လောင်မီးတမျှ ကြမ်းကြုတ်လှသော အမူအရာ ရှုန့်ရင်းစွာသော အသွင်အပြင်ဖြင့် တော်

ပွဲတင်သံလည်းအောင် ပြင်းထန်စွာမြည်ဟီးလျက် တစ်ဟုန်တည်းရှေးရှုကာ ကြောက်စရာ ပုံပြ၍ ရှေ့တော်ဝ မျက်မှောက် သို့ ဝင်ရောက်လာ တုံ မာန်ဟုန်ကြီးစွာ နာဠာဂိရိဆင်ပြောင်မာတင်ကို လည်းကောင်း။

၄။ အင်္ဂုလိမာလဥ္စ၊ မြို့င်ခွင်တောရိုး ခိုပုန်းလျှိုး၍ လက်ညှိုးပေါင်း တစ်ထောင် ယူဆောင်အံ့ငှာ လူတကာကို လာတိုင်းမလပ် ဖမ်း၍သတ် သည့် မည်မှတ်ခေါ်သာ အင်္ဂုလိမာလ စောရမည်မှန်း ခိုးသူကြမ်းကိုလည်း ကောင်း။ ဝါ၊ လက်ညှိုးပေါင်းတစ်ထောင်ကို ပြည့်အောင်ယူမည်ဟု မှတ် ယူကာ ရှယ်ဘိုးလျက် မြိုင်ရိုးတောခေါင်း ခိုဝင်အောင်း၍ လူပေါင်းတွေ့ သမျှ လက်လှမ်းသာ သန်လျက်ဓားနှင့် လက်ဖျားကိုဖြတ်ယူကာ ပန်းပမာ သီကုံးလျက် တစီတလျှဉ် လည်တွင်ဆင်သောကြောင့် အင်္ဂုလိမာလ နာမ တွင်ပြီး ခိုးသူကြီးကို လည်းကောင်း။

၅။ စိဉ္စမာနဉ္စ-သဒ္ဓေရင့်လှ မိန်းမအသွင် ယူဆောင်ဆင်၍ ချစ် ရှင်ထွတ်ထား တရားဟောရာ ဝင်ခဲ့လေ၍ ယုတ်မာညစ်ညမ်း စကားကြမ်း နှင့် နှုတ်စွမ်းရဲရဲ စွပ်စွဲဆိုလာ စိဉ္စမာနကိုလည်းကောင်း။ ဝါ၊ ပရိသတ် လေးဖော်ကို တရားတော်ဟောမိန့်၍ ရှင်နှစ်သိမ့်ကြည်ညိုဖွယ် စမ္ပာယ်စဉ် ကာလကို သဒ္ဓေရကိုယ်ဝန်ဆောင် ဖွားနီးယောင်သဏ္ဌာန်လို စီမံကာပြု လုပ်၍ စုပ်စုပ်ကြီးရဲရင့်စွာနှင့် နှုတ်ဖွာဖွာ ဝေါတော်တော် မလျော် မကြား မကောင်းသောအသံ မခံချင်အောင်စွပ်စွဲခြင်းဖြင့် သတင်းတော် ပုပ် လာဘ်ကြီးယုတ်အောင် ဟုတ်လေယောင်ဆိုမည်လာသော စိဉ္စမာန မိန်းမကို လည်းကောင်း။

၆။ ကူဋ္ဌနဉ္စ၊ ဝါဒတစ်ထောင်နှုတ်ရဆောင်၍ မာန်ထောင်ကြွား ကြွား တစ်ဖက်သားကို စကားချုပ်ချယ် နှိပ်နယ်ချင်လှ စိတ်နေကြွသည့် သစ္စကပရိဗိုဇ်ကို လည်းကောင်း၊ ဝါ၊ တစ်ထောင်သောဂါဒဖြင့် နှိမ်နင်း ၍ ညှဉ်းဆဲလိုသောဆန္ဒဖြင့် ထောင်လွှားကြိမ်းပ ဝါကြွားလှသော သစ္စက ပရိဗိုဇ်ကို လည်းကောင်း။

၇။ နာဂရာဇဥ္စ၊ အခိုးအလျှံ၊ လွန်ပြင်းထန်သည့် နန္ဒောပနန္ဒ တေဇဖောက်သင်း နဂါးမင်းကိုလည်းကောင်း၊ ဝါ၊ ကြီးမားသော အဆိပ် အတောက် ကဲလောက်သောစည်းစိမ် ဂုဏ်ရှိန်သတ္တိ နာ ဝိဒ္ဓိ ဒြပ်ကြောင့် မြတ်စွာဘုရားကိုပင် သေးသေးထင်၍ ရှေစင်ဗျဟို မြင်းမိုရ်တောင်လုံး ပါး ပျဉ်းဖုံး၍ ကိုယ်လုံးခုနစ်ထပ် ရစ်ပတ်သဖြင့် မပြုအပ်မပြုရာ ကြံစည်ကာ ပြုမိ မှားသော နဂါးမင်း နန္ဒောပနန္ဒကို လည်းကောင်း။

ဂ။ ဗကာံ၊ မှားယွင်းဖောက်ပြန် မိစ္ဆာဉာဏ်နှင့် အမှန်စွဲထ အယူခွသည့် ဗကအမည်ရှိသော မိုးဗြဟ္မာမင်းကိုလည်းကောင်း။ ဝါ၊ မှားယွင်းမိစ္ဆာဉာဏ်နှင့် ဖောက်ပြန်ကားယူ စွဲလျက် ပြောင်းလဲ စုတေခြင်းလွတ်ကင်းသော နိစ္စဓုဝကေန်ဟု သာမန်သောနှလုံးသားဖြင့် သူတစ်ပါးဟောပြောခြင်းမှ ခက်ခဲလှစွာသော ဗကဗြဟ္မာမင်းကို လည်းကောင်း။

အဇိနို၊ တန်ခိုးစက်ရှိန် ဂုဏ်မဟိန်ဖြင့် ချိုးနှိမ် ပယ် နှင်း ရှင်းလင်းစင်၍ အောင်မြင်တော်မူလေပြီ။ သောဇသာ၊ ရှစ်ခါရှစ်တန် အောင်ပွဲခံ၍ အောင်လုံထူပြီး မြတ်စေတာယီး၏ ကြီးသောမွေစက် ထက်သောအာဏာဂုဏ်တေဇာ အစွမ်းအားဖြင့်။ မေ—မမ၊ အကျွန်ုပ်အား။ ဇ ယ မ င် လံကိုယ်တွင်းကိုယ်ပ ရှိသမျှသောဒဏ် ခပ်သိမ်းရန်ကို မကျန်မကြွင်း အောင်မြင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။

## (၈)

## အရှင်အင်္ဂုလိမာလ၏

## အန္တရာယ်ကင်း၊ သန္တာမနှန်ဂါထာတော်

(အမြဲဆောင်ထားပါ၊ အမြဲရွတ်ဆိုပါ)

ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ။
ဇာတော နာဘိ ဇာနာမိ
သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ။
တေန သစ္စေန သောတ္ထိတေ ဟောတိ၊
သောတ္ထိ ဂဗ္ဘဿ။

- မြတ်စွာဘုရားသခင် ချီးမြှင့်တော်မူသော ဤပရိတ်တော်ကိုရွတ်သော ထေရ်၏ နေရာအရပ်ကို ဆေးဆောရေမျှသည်လည်း၊ (ခပ်သိမ်းသော ဘေးရန်ကို) ပျောက်စေတတ်၏။
- ဤအင်္ဂုလိမာလ ပရိတ်တော်သည် ချမ်းသာသဖြင့် ကိုယ်ဝန်ဖွားခြင်းကိုလည်း ထိုခဏ၌ပြီးစေတတ်၏။
- ဤပရိတ်တော်သည် အာယုကပ်ပတ်လုံးတည်၍ အလွန်တန်ခိုးကြီးသော ပရိတ်တော်ဖြစ်၏။

## (၉)

## ရန်သူ့မျက်မှောက် ကိုယ်ပျောက်ဂါထာ

ဘဝေ ဝါဟံ မယံဒိသွာ၊
ဘဝဥ္စ ဝိဘဝေသိနံ။
တာဝံ နာဘိဝဒ္ဒိံ ကိဥ္စိ၊
နန္ဒိဥ္စ န ဥပါဒိယံ။

ဤဂါထာတော်မှာ ဗကဗြဟ္မာနှင့် ဘုရား၊ တသည့်စီးရန်းရာတွင် ဗကဗြဟ္မာမမြင်စေရန် တန်ခိုးတော်ဖြင့် ဖန်ဆင်းပြီး မြတ်စွာဘုရား ရွတ်ဆိုသော ဂါထာဖြစ်သည်။

မိမိလက်မကိုဝှက်၍ လက်သီးဆုပ်ကိုင်ပြီး ခုနစ်အုပ်ရွတ်လျှင်၊ မိမိအသက် ရန်ရှာရန် လာသူများပင် မိမိကို မမြင်နိုင်ဟု အဆိုရှိသည်။

# အောင်ခြင်းရှစ်ပါး သီချင်းမှတ်တမ်း

ဆို-မေရှင်

စာသား-လယ်တီ ဦးကောဝိဒ
အသံသွင်း-သဟာယ ဆရာတင်

အောင်ခြင်းရှစ်ပါး အသံကြားတဲ့အခါ... စိုးပွားဉစ္စာ အဟုတ် မကျန် အောင်မြင်မှာ...ကျန်မာချမ်းသာပါလို့ ဘေးဘယာမဝိုင်း ကြံ့တိုင်းအောင် ဆောင်ကိုင်းဖြောက်မှာ ခုနှစ်ရက်သားသမီးများနဲ့ နတ်လူ ပြဟ္မာ...။

သက္ကရာဇ်ကောဇာ တရာ့သုံးခုမှာ... လပြည့်နေ့ကဆုန် ရွှေဘုန်းတော် ခြောက်ဖြာတောက်ကာ မဟာဗောဓိညောင်ပင်အောက်မှာ...ဘုရားအဖြစ် တရားအစစ်နဲ့ ရွှေပလ္လင်ထက်မှာ စံပယ်ချိန်ခါ... ပြောင်မစတင် မေခလာ ဆင်ဂိရတနှာစီ လို့ မာရ်နတ်မင်းရယ် အားမာန်တင်းခါ ဝဿဝတီနတ်ပြည်ကလာ... စစ်ချီကာ ရန်ဖော်မှုလို့ ဘုရားကိုယှဉ်တု ပလ္လင်လုပြန်တာ...သည်းခံပါ၍ အချက်မထား ပါရမီဆယ်ပါးနဲ့ မာရ်နတ်ရန် နှင်းနှိမ်ပေတာ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း ပထမပါ...။

အာဠဝီပြည်အနီး ညောင်ပင်ကြီးမှာ ဘီလူးကြီး အာဠဝကစံရာ တစ်နေ့သော် မြတ်စွာဘဂဝါ သူ့စံနန်း မြန်းတော်မူလာ... ဘီလူးကြီး အာဠဝက ယမ်းပုံမီးကျ တားမရဆီးမနိုင် ဒေါသလှိုင်ကာ ဘုရားကို ပြိုင်ဆိုင် မနိုင်ကြွား မာန်စွယ်များလဲ ကျိုးရရှာ...မေတ္တာဓာတ်နဲ့ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်းဒုတိယပါ...။

အခါတစ်ပါး...မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်လမ်းမှာ ဆွမ်းခံကြွလာခိုက် သတ်လိုက်မယ်တဲ့ ဒေဝဒတ်အမိုက်ရယ် ကြံစည်ပြန်တယ်... နာဠာဂီရိ အမည်ရှိတဲ့ဆင်ကို အရက်အမျိုးမျိုးတွေ အဘင်းတိုက်လို့သာ ဘုရားမြတ်စွာကိုပင် အနှင်းခိုင်းလိုက်တာ၊ သို့ပါသော်တို ဆင်မိုက်ကြီးမှာ ဒူးတုပ်ရရှာ...မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း တတိယပါ...။

(ရှေးသရောခါ သာဝတ္ထိပြည်ဌာနမှာ... လူဆိုးဗိုလ် အင်္ဂုလိမာလဟာ သန်လျက်ဓားကို သူ့လက်ဖျားက အအားမချပါ)၊ ဓားပြကြီး လုပ်လို့ ဆိုးယုတ်ပုံမှာ လက်ညှိုးတွေခုတ်လို့သာ... ထိုအခါ ဘုရားကြွလို့ မမှားရဖို့ တရားပြတော်မူရှာ မေတ္တာဓာတ် ဗုဒ္ဓါမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်းစတုတ္ထပါ...။

မြတ်တရားတော် မြွက်ရှာ၍ သိကြားပြတ်မှာ အများသတ္တဝါ ဗိုလ်ပုံ ပရိသတ်စုံတဲ့ မင်္ဂလာပွဲမှာ.... စိဉ္စမာနမိန်းမယုတ်မာ သစ်ပိုက်ကို ပျဉ်ချပ်ဖုံးခါ.... ဘုရားဂေါတမနဲ့ ကမ္မဋ္ဌာန်ဇောကျခါ ငိုကြွေးမျက်မှန် ကိုယ်လေးလက်ဝန် ရှိတဲ့ပုံဟန်ဆောင်လို့ သူစွပ်စွဲလာ....အပြစ်တော်မယူပဲ လူပုံထဲမှာ မေတ္တာခေါတ်နဲ့ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်းပဥ္စမပါ....။

သုံးလူ့ထွတ်ထား မြတ်ဘုရားဒေသနာ မှတ်သားဖွယ်ဝေနေယျာ အနိစ္စံရယ် ဒုက္ခံရယ် အနတ္တတရားကို မှားတယ်ဆို၍ မကြည်ညိုပြန်တာ အယူလွဲတဲ့ ငရဲမိတ္ထာ သစ္စကပရိဗိုဇ်မလိမ်မာ.... ဒေသနာတော်အနန္တကို မြတ်ဘုရားက နောင်မမှားအောင် သစ္စကကို တရားပြရှာ မေတ္တာခေါတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်းနှင်းခဲ့ အောင်ခြင်းဆဋ္ဌမပါ....။

ဇမ္ဗူကျွန်း မြင့်မိုရ်ရွှေတောင်ခါးပန်းမှာ ကြမ်းတမ်းတဲ့ နဂါး နန္ဒောပနန္ဒ နဂါးပါ မှာသားလေးကိုက်စရာ လျှပ်တပြက်အောက်ရာကခွေ ခြေခွင်း မြွေမင်းရာဇာ....မြတ်ဘုရားရဲ့သားတော်ရှင်မောဂ္ဂလာန် နှိမ်နင်းဘို့ လွှတ်လိုက်သာ စိတ်နှလုံး သိမ်မွေ့ကာ နဂါးကြီး ခေါင်းငိုက် ဦးခိုက်ပါလို့ ခစားဘို့ရောက်လို့လာ မေတ္တာခေါတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင် နှင်းခဲ့ အောင်ခြင်းသတ္တမပါ....။

ဗြဟ္မာ့ဘုံမှာ တန်ခိုးဂုဏ်မာန်သတင်း နေဆယ်စင်းသို့ပုံပမာ ဗကဗြဟ္မာကြီးဟာ အမှားကြီးမှားလို့ အယူသည်းနေရှာ— ငါသာမြဲတယ် စိတ်မှာစွဲကာ ဘုရားကိုပင် ကန့်လန့်တိုက်၍ မိုက်နေပုံကို ဆုံးနေပုံကို ဘဂဝါဘုရားကသာ ဒေသနာတရားပြကာ....အဲဒီတော့ဗကဗြဟ္မာ မာန်စွယ်ချလို့ ရှိခိုးရတာ မေတ္တာခေါတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင် နှင်းခဲ့ အောင်ခြင်း အဋ္ဌမပါ။

(မှက်တမ်းအဖြစ် ထည့်သွင်းပါသည်)

☆

# နိဂုံးဆုတောင်း

ဤသို့လျှင် အကျွန်ုပ်တို့သည် သမာသက်ပွေကောင်းမြတ်သော မနုဿ ဖြင့် ကြံစည်စိတ်ကူးကြ၍၊ ရေတွက်မကုန် အလုံးစုံသော၊ အကွင်းရန် အပြင်ရန်ဟူသမျှ ဆို စမ သင် အောင်မြင်တော်မူတော အနန္တဇိန ဘွဲ့မည်ရသည့်၊ သုံးလောကတွင်ထား ရှင်တော်မြတ်ဘုရား၏၊ ထင်ရှားမြင့်မြတ်၊ ရှစ်ဖုံ **အောင်ခြင်း အကြောင်းခြင်းရာ** စုံလင်စွာ**ကို** မှတ်သား**ကြည်ညို**နိုင်ကြစေခြင်းငှာ ပြုစုရေးသားရသော **အကျိုး**အားကြောင့်၊ မေ၊ **တပည့်တော်**အား၊ **ဇေယျ**မင်္ဂလာ၊ နှစ်ဖြာတွင်ပြင် သောရန် စင်လျက်၊ လိုအင်ဆန္ဒဟူသမျှသည် ပြည့်စုံစွာ မမ်းမောင်တာသို့ အောင်ရာအောင်မှု အောင်ကြောင်းပြုသည့် **အောင်ဆု**ရတနာ၊ အောင်မြင်ခြင်း အဖြာဖြာသည်၊ ဟောဟုတ်၊ **စင်စစ်** **မ**သွေ ဖြစ်ပါသ**တည်း**။

ဘဝ ဘဝ၊ **ဘဝ**ကြီးငယ်၌ ကျင်လည်ခဲ့ရသည့်**ရှိ**သော်၊ **ကြီးမြင့်**မြတ်သော အမျိုး၌ဖြစ်၍ လျင်မြန်စွာသိနိုင်သော ပညာပါ**ရမီကို ရရှိပြီး** ဆင်းရဲခြင်းကင်းရာ **နိဗ္ဗာန်ရွှေပြည်သို့** ဘဝတိုတိုနှင့် ရော**က်**ရပါ**လို**၏ အရှင်ဘုရား။

ဓမ္မရတနာ
စာပေ

- ဤအောင်ခြင်းရှစ်ပါး ဇာတ်တော်များသည် သာသနာရေး ဦးစီးဌာနမှ ထုတ်ဝေသည့် ဇိနတ္ထပကာသနီကို မဏ္ဍိုင်ထား၍ မဟာဗုဒ္ဓဝင်ကျမ်းတွဲများ၊ အင်္ဂုတ္တိုရ် မြန်မာပြန်ကျမ်းတို့မှ အောင်ခြင်းရှစ်ပါး၏ အဆီအနှစ်များကို ထုတ်နုတ်၍၊ ထိုထိုသော ပုဂ္ဂိုလ်ကြီးများ၏ အရေးအသား အာဘော်များ အတိုင်း မပြုမပြင်ဘဲ ဆက်စပ်တင်ပြခြင်းဖြင့် ဤကျမ်းတစ်စောင်ဖြစ်မြောက် လာခဲ့ရပါသည်။

- အောင်ခြင်းရှစ်ပါးတွင် အောင်မြင်ခြင်းသို့ ရောက်ခဲ့ပုံများကို အသေးစိပ် ဖော်ပြခြင်း၊ သိသင့်သိထိုက်သမျှ ဗဟုသုတများကို မသိသေးသူများ သိရှိ မှတ်သားနိုင်ရန် ရှာဖွေစုဆောင်း ဖော်ပြခြင်းဖြစ်ပါသည်။

- မာရ်နတ်ကို အောင်ခြင်း၌ လက်နက်ကြီး ၉-ပါး၊ အသံကြီး လေးမျိုး၊ ဘွဲ့ဖြူလက်နက်အကြောင်း၊ လက်နက်ကြီ များ၏ ဘေးအန္တရာယ်ကို ရှောင် ကွင်းနိုင်သော မာရ်လက်နက် ၉-ပါးအောင် ဘုရားရှိခိုး စသည်များကို ဖော်ပြထားပါသည်။ အာဠာဝက အောင်မြင်ခန်းတွင် အာဠာဝကဗိမာန် ဘယ်သို့ရှိသည်ကို ထင်ရှားအောင် ဖော်ပြထားပါသည်။ နာဠာဂိရိဆင်ကို အောင်မြင်တော်မူခန်းတွင် ဒေဝဒတ်သင်းခွဲပုံမှအစ၊ အဇာတသတ်နှင့် ဗိမ္ဗိသာရဇာတ်တော်အစုံ သီချင်းမှတ်တမ်း စသည်များပါမကျန် ဖော်ပြထား ရှိပြီး၊ အင်္ဂုလိမာလတွင် အင်္ဂုလိမာလသုတ်၊ အင်္ဂုလိမာလနှင့် ဆင်ကြမ်းတို့ အထိ ဗဟုသုတအရာ တိုးပွားစေရန် ဖော်ပြထားရှိပါသည်။

- ဤကျမ်းကိုဖတ်ရှုပြီး သားစဉ်မြေးဆက် ဖတ်ရှုနိုင်စေရန် ရှိသေစွာ သိမ်းဆည်းထားနိုင်ကြပါစေ။ သား သမီး မြေး မြစ်နှင့် ဓမ္မမိတ်ဆွေများအား တစ်ဆင့်ကမ်းလှမ်း၍ ဓမ္မဒါန ပြုနိုင်ကြပါစေသတည်း။